
www.burmeseclassic.com



# အဏ္ဏဝါစိုးမိုး

## ဝတ္ထုတိုများ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်
[ ၂၀/၂၀၀၂ (၁) ]
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၂၂/၂၀၀၄ (၁) ]

●

မျက်နှာဖုံး
ဇော်အောင်

---

အတွင်းသရုပ်ဖော်
ဖေသစ်တည်

---

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၁၀၀၀)

---

ထုတ်ဝေခြင်း၊
ဇန်နဝါရီ၊ ၂၀၀၄

---

စာအုပ်ချုပ်
ဖိုးမှင့်မွေး

●

ဦးတင်လွင် (၃၅၂၃)၊ သော်က စာပေ
အမှတ် ၆၀၅၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာ
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့်အတွင်းစာသားများ ပုံနှိပ်သည်။

## မာတိကာ

၁။ ဖိုးပေါက်ကြီး၏ ပန်းဝင်ပွဲ
၂။ တိမ်ဖုံးသော်လည်း 'လ'သာပါမည်
၃။ မေတ္တာစာချုပ် ဆွဲဆုတ်ချင်သည်
၄။ စေတနာ ပိုမိပေလို့
၅။ သဘော်သားမို့ ကြွားလိုက်ချင်
၆။ ကျားကိုက်ခံရသော သားလိုက်မုဆိုး
၇။ အမြစ်မပြတ်သည့် သားတော်ရောဂါ
၈။ ဂွပ်ဂွပ်ဖိနပ်ပိုင်ရှင်၏ စင်ဒရဲလားအိပ်မက်
၉။ သင်ရိုးမပြတ် သင်တန်းရပ်
၁၀။ ကရုဏာပိ အနိစ္စ
၁၁။ ဟိုတုန်းက မိဂဒါဝုန်
၁၂။ ဆုံလည်နွားကြီး ရထားစီးသော်
၁၃။ ရွှေ နှင့် မြ
၁၄။ မေ့မရသည်သာ
၁၅။ အမတော်ရိုးဥ အကျိုးပြုသည်
—။ စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စို့ပေါက်ကြီး၏ ပန်းဝင်ပွဲ

'ဗျို့ ဒေါ်တူးရေ၊ ဒေါ်တူး၊ ဟ တစ်ယောက်မှ မရှိကြဘူးလား'

အိမ်ရှေ့မှ ခေါ်သံကြား၍ ဒေါ်တူး၏သမီး ရှစ်တန်းကျောင်းသူ ကုလားမသည် ထမင်းချက်နေရာမှ အိမ်ရှေ့ပြေးထွက်လာခဲ့သည်။ အိမ်ရှေ့ ဖိနပ်ချွတ်အနီးတွင် ရပ်ကွက်ထဲမှလူကြီးများ ရပ်နေသည်ကို တွေ့ရသည်။ ရေးမှတ်စရာ စာရွက်စာတမ်းများ ကိုင်ထားကြသည်။ ရပ်ကွက်ပါတီစိတ်မှူး ကိုလှရီ၊ ရပ်ကွက်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် ကောင်စီဝင် လူကြီးများ၊ ရပ်ကွက်သမဝါယမအဖွဲ့ဝင် လူကြီးများဖြစ်သည်။

'ကုလားမ၊ နင့်အမေ ဘယ်သွားလဲ'


ပါတီစိတ်မှူးလည်းဖြစ်၊ ရပ်ကွက်အားကစား ကော်မတီဥက္ကဋ္ဌလည်း ဖြစ်သော ကိုလှရီက ဒေါ်တူးကို မတွေ့သဖြင့် မေးလိုက်သည်။

'သမဝါယမဆိုင်မှာ ဆန်သွားထုတ်နေတယ် ဦးလေး'

'လွတ်လပ်ရေးနေ့ ကလေးပြပွဲ ပြိုင်ပွဲအတွက် နင့်မောင်လေး နာမည် စာရင်းပေးမလား၊ နင့်အမေလာရင်မေးကြည့်၊ စာရင်းပေးမယ်ဆိုရင် မွေးစာရင်းပါယူပြီး ကောင်စီရုံးကိုလာခဲ့၊ ဒီနေ့ညနေ လေးနာရီနောက်ဆုံးနော်'

www.burmeseclassic.com

www.burmeseclassic.com





'ဟုတ်ကဲ့ ဦးလေး၊ အမေလာရင် ပြောလိုက်ပါမယ်'

လူကြီးများ ပြန်ထွက်သွားကြသည်။ ရပ်ကွက်အတွင်းရှိ ကလေးရှိသော အိမ်တိုင်းကိုဝင်ပြီး တစ်နှစ်အောက်ကလေးများအား တစ်အိမ်တက်ဆင်း စာရင်းယူနေကြသည်။ ဒေါ်တူး ဆန်ထုပ်ကြီးရွက်ပြီး ပြန်ရောက်လာသည်။ ကုလားမက လူကြီးများလာပြောသည့်ကိစ္စ ပြောပြလိုက်သည်။ ဒေါ်တူး မောမောပန်းပန်းဖြင့် ဆန်ထုပ်ကို ပစ်ချလိုက်ပြီး

'ရှုပ်ရှုပ်ယှက်ယှက်တော့ မပြိုင်ချင်ပါဘူး၊ အလုပ်ရှုပ်ပါတယ်'

ကုလားမ စိတ်ပျက်သွားသည်။ စောင်ပုခက်ထဲတွင် အိပ်ပျော်နေသော သူ့မောင်လေးကို လှမ်းကြည့်လိုက်သည်။ ရွှရွှပေါက်ချထားတာတွေ့ရသည်။ သူ့မောင်လေး တစ်နှစ်မပြည့်သေး။ ဝင်ပြိုင်လျှင် ဆုတစ်ခုခုတော့ ရမည်ဟုထင်နေသည်။ ဒေါ်တူးကတော့ ကုန်ဝယ်စာအုပ်ကို အိမ်ပေါ် ပစ်တင်ခဲ့ပြီး သောက်ရေကန်ကြီးတွင် ရေလှည်းကို ရေပြည့်နေသောသားကြီး အပ္ပမားခေါ် ငထွန်းကို ကူညီရန် ထွက်သွားတော့သည်။

ဒေါ်တူးတို့ အိမ်ထောင်စုတွင် ဒေါ်တူး၏ယောကျ်ား ဦးကုလားက ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်သား၊ ညနေတိုင်း တစ်ခွက်တစ်ဖလားသောက်စားတတ်သည်ကလွဲ၍ ဒေါ်တူး၏ ဩဇာကို လွန်ဆန်ရဲသူ မဟုတ်။ ကုန်ဝယ်စာအုပ်တွင် အိမ်ထောင်ဦးစီးဟု ဖော်ပြခြင်း ခံရပါသော်လည်း (အွန် ပေပါ လီဒါ) အမည်ခံ ခေါင်းဆောင်မျှသာ ဖြစ်သည်။ ဘယ်နေရာမှာမှ ဒေါ်တူးကို လှန်ရဲသူမဟုတ်၊ အစစ ဒေါ်တူးက ဦးဆောင်သည်။ ဒေါ်တူးပြီးလျှင် ပြီးရော။

သာကေတ၏ ခါနွေသမယတွင် ဒေါ်တူးတို့မိသားစု နှတ်ခမ်းမှာအဆီရွှဲနေသည်။ ရေတစ်လှည်းကို တစ်ကျပ်ခွဲမှ နှစ်ကျပ်အထိ ဖြစ်သည်။ ဘွတ်ကင်တွေ၊ အော်ဒါတွေများလွန်း၍ သားအမိ မနိုင်မနင်းဖြစ်နေသည်။ ခေါက်ရေနှစ်ဆယ် အစိတ်ထိအောင် တွန်းပို့ရသဖြင့် ပင်ပန်းလှသည်။ ကုလားမက ထမင်းချက် ကလေးထိန်းရင်း သကျက်ရသည်။

www.burmeseclassic.com



သားကြီးအပွနားက ခုနစ်တန်းနှစ်ခါကျသဖြင့် ကျောင်းထွက်လိုက်သည်။ ဆင်းရဲလို့ အလုမဆင်နိုင်သော်လည်း မြရတနာရုံမှာ ကားသစ် လဲတိုင်း ငါးမူးတန်းကို မိသားစုအပိုင်စီးသည်။ အသီးအရွက်နှင့် အသားဟင်း တစ်ပွဲကို အဝအပြဲစားနိုင်ကြသော ဦးကုလား ဒေါ်တူးတို့မိသားစုလေး သည် သာကေတမြို့၏ ဆင်းရဲသားရပ်ကွက်အတွင်း သုံးဦးတစ်ကွက် မြေပေါ်ရှိ အိမ်ပိုင်လေးတွင် ပျော်ရွှင်စွာ နေထိုင်လျက်ရှိကြသည်။

ယနေ့သည် လွတ်လပ်ရေးနေ့ဖြစ်သည်။ သာကေတမြို့ ရပ်ကွက်တိုင်းတွင် ပျော်ပွဲရွှင်ပွဲများ စတင်ကျင်းပနေပေပြီ။ နံနက်မိုးမလင်းမီကပင် တစ်မြို့လုံး အသံချဲ့စက်သံ ဆူညံနေသည်။ ဒေါ်တူးတို့ရပ်ကွက် ဘောလုံးကွင်းထဲရှိ ဆုပေးမဏ္ဍပ်မှလည်း နံနက် သုံးနာရီခွဲကပင် စတင်၍ ဌေးဌေးမြင့်၏ အစိန္တေယျ ဘုရားပင့်သီချင်းဖြင့် စတင်သည်။ မိုးစင်စင် လင်းတော့မှ အားကစားသီချင်းဖွင့်လိုက်၊ ပြိုင်ပွဲအမျိုးမျိုးတွင် ပါဝင်ယှဉ်ပြိုင် မည့်သူများ စာရင်း ကြော်ငြာလိုက် လုပ်နေသည်။

ပြိုင်ပွဲ အမျိုးစုံသည်။ ပြေးခုန်ပစ်၊ ချောတိုင်တက်၊ ချောတန်းလျှောက်၊ ခေါင်းအုံးရိုက်၊ ထုပ်ဆီးတိုး၊ ကြက်ခွပ်၊ လက်မောင်းလုံ (ကျား မ) တုတ်သိုင်း၊ ဓားသိုင်း စုံလှသည်။ ဒေါ်တူးတို့ရပ်ကွက်တွင် နှစ်တိုင်းနှင့်မတူ တစ်မူထူးခြား၍ တစ်နှစ်အောက် ကလေးကျန်းမာရေး ပြပွဲ ပြိုင်ပွဲတစ်ခု တိုးလာသည်။

နံနက် ခြောက်နာရီမှစ၍ ပြိုင်ပွဲများစတင်နေသည်။ နံနက် ရှစ်နာရီ ခန့်တွင် ဆုပေးမဏ္ဍပ် အသံချဲ့စက်မှ ရပ်ကွက် အားကာ ဥက္ကဋ္ဌ (ပြိုင်ပွဲ ကျင်းပရေးကော်မိတီ အတွင်းရေးမှူး) ကိုလှရီ၏အသံ ထွက်ပေါ်လာသည်။

'လွတ်လပ်ရေးနေ့ ကလေးပြပွဲပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စာရင်း ပေးထားသည့် မိခင်နှင့် ကလေးများခင်ဗျား၊ ပြိုင်ပွဲစတင်ရန် အချိန်နီးကပ် နေပြီဖြစ်ပါ၍ ပြိုင်ပွဲကျင်းပရာမဏ္ဍပ်သို့ အမြန်လာရောက်ကြပါရန် မေတ္တာ ရပ်ခံအပ်ပါသည် ခင်ဗျား'



ကုလားမသည် ဘောလုံးကွင်းထဲသို့ မျှော်ကြည့်နေသည်။ ကွင်းထဲ တွင် ပြိုင်ပွဲအမျိုးမျိုးဖြင့် အထူးစည်ကားနေသည်။ ကလေးများကိုချီ၍ ပြေးဝင်လာသော မိခင်များကိုမြင်နေရသည်။ သူ့မောင်လေး ပြိုင်ပွဲမဝင်လိုက် ရ၍ စိတ်မကောင်းဖြစ်နေသည်။ တစ်ဘဝမှာ တစ်ခါသာရနိုင်သော အခွင့်အရေးကို လက်လွှတ်လိုက်ရသောကြောင့် ဖြစ်သည်။ ဒေါ်တူး ရေလှည်းတွန်းပို့ရာမှအပြန် အိမ်ဝင်လာပြီး ကလေးကို နို့တိုက်သည်။ ကုလားမ ကွင်းထဲသွားလျှင် အိမ်တံခါးများ ပိတ်ပြီးမှသွားရန် မှာခဲ့သည်။

ထမင်းဟင်းများကျက်ပြီဖြစ်၍ ကုလားမသည် သူ့မောင်လေးကို ကောက်ချီပြီး ဘောလုံးကွင်းထဲရှိ မဏ္ဍပ်သို့ ထွက်လာခဲ့သည်။ မဏ္ဍပ်ထဲတွင် သူ့မောင်လေးအရွယ် ပြိုင်ပွဲဝင်မည့် ကလေးနှစ်ဆယ်ခန့်ကို မိခင်များနှင့်အတူ တွေ့ရသည်။ ယောကျ်ားလေးများကို ကိုယ်လုံးတီးချွတ်ထားပြီး မိန်းကလေး များကို ဘောင်းဘီလေးများ ဝတ်ပေးထားသည်။ ပြိုင်ပွဲဝင်တန်း ကလေးများချည်းဖြစ်၍ တုတ်တုတ်ခဲခဲ တစ်မွေ့တစ်ပိုက်ဖြင့် ချစ်စရာကြီး တွေချည်း ဖြစ်သည်။ သို့သော် သူ့မောင်လေးလောက် မထွားသူများ ကိုလည်း ကုလားမ တွေ့နေရသည်။

မြို့နယ်ဆရာဝန်ကြီး ဒေါ်လှဥမ္မာနွယ်က ကလေးများ၏ ကိုယ် အလေးချိန်နှင့် နှလုံးခုန်နှုန်း၊ သွေးတိုးနှုန်းများကို တိုင်းတာမှတ်သားနေသည်။ ပြိုင်ပွဲဝင်မည့်စာရင်းတွင် ပါသော ကလေးအားလုံးကို စစ်ဆေးပြီးသွား သောအခါ ဆရာဝန်ကြီးက ကလေးကို ခါးထက်ခွချီထားသော ကုလားမကို လှမ်းကြည့်ရင်း 'ဒီကလေး စာရင်း မပေးထားဘူးလား' ဟု တအံ့တသြ မေးလိုက်ပါသည်။

ကော်မတီလူကြီးများက အဖြစ်အပျက်ကို ပြောပြသည်။ အချိန်မီ အိမ်တိုင်ယာရောက် လိုက်လံနှိုးဆော်ခဲ့သော်လည်း နောက်ဆုံး စာရင်း ပိတ်ချိန်အထိ စာရင်းလာမပေးကြောင်း ရှင်းပြကြသည်။ သို့သော် ဆရာဝန်မ ချောချောကြီးက လုံးဝ မကျေနပ်သော အမူအရာပြနေသည်။ ဆင်းရဲနွမ်းပါး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သော ကလေးဖြစ်၍ အရေးပေး အလေးထားမခံရဟု ထင်သွားဟန်တူသည်။ ဤရပ်ကွက်အပိုင်တွင် နေထိုင်သော ကလေးဖြစ်ပါက ယခုချက်ချင်းပင် စာရင်းသွင်းပေးပါဟု အရေးဆိုလိုက်သည်။

'ကုလားမ၊ နင့်မောင်လေး မွေးစာရင်းသွားယူ၊ ကလေးထားခဲ့'

ကိုလှရီကပြောပြီး ခါးပေါ်က ကလေးကို လှမ်းယူ ချီလိုက်သည်။ တုတ်တုတ်ခဲခဲ တစ်မွေ့တစ်ပိုက်ကြီး ဖြစ်သည်။ အသားလေး အနည်းငယ် ညိုသည်။ မြှူလိုက် ချော့လိုက်လျှင် မျက်နှာမချေး ရယ်ပြုံးပြသည်။ ကုလားမသည် ကလေးကိုပေးခဲ့ပြီး ဝမ်းသာအားရဖြင့် အိမ်သို့ တအားပြေးသည်။ ယိုင်နဲ့နဲ့ ဘုရားစင်ပေါ်တွင် ဖြစ်သလိုထိုးတင်ထားသော ရုပ်ပြကာတွန်းစာအုပ် အဟောင်းအစုတ်များအကြားမှ သူ့မောင်လေး၏ မွေးစာရင်းကို တွေ့သဖြင့် မဏ္ဍပ်သို့ ပြန်ပြေးလာခဲ့သည်။

ကုလားမထံမှရသော မွေးစာရင်းအရ ကလေးအသက် ၁၀ လ၊ ၂၇ ရက်သားဖြစ်၍ မြို့နယ်ဆရာဝန်ကြီးက ကလေးကို ကိုယ်အလေးချိန် ချိန်သည်။ နှလုံးခုန်နှုန်း၊ သွေးတိုးနှုန်းများကို တိုင်းတာရေးမှတ်သည်။ ကိုယ်ပေါ်တွင် အနာအဆာ ရှိ မရှိ စစ်ဆေးနိုင်ရန် အကျီအနွမ်းလေးကို ချွတ်လိုက်သောအခါ သဘောကျပြီး လက်လှုပ် ခြေလှုပ်ဖြင့် ရယ်ပြနေသည်။ ဆရာဝန်ကြီးက တစ်ကိုယ်လုံးကို လှည့်ပတ်ပြီး အနာအဆာရှာသည်။ ခြင်ကိုက်ဖု တစ်ခုတောင်မတွေ့။ စင်းလုံးချော ညိုထွားကြီးဖြစ်သည်။ အရည်အချင်းပြည့်မီသဖြင့် ပြိုင်ပွဲဝင်ကတ်ပြားတွင် ရေးသွင်းသည်။ အဘ အမည် ဦးကုလား၊ မိခင်အမည် ဒေါ်မတုး၊ ကလေးအမည်

'ကုလားမ၊ နင့်မောင်လေးနာမည် ဘယ်လိုခေါ်လဲ'

ဆရာဝန်ကြီး ရေးသားနေရာတွင် အကူအညီပေးနေသော ကိုလှရီက မေးလိုက်ခြင်း ဖြစ်သည်။ ကုလားမ ဦးနှောက်ခြောက်သွားသည်။ သူ့မောင်လေးမှာ နာမည်မရှိသေး၍ ဖြစ်သည်။

'နာမည်မရှိဘူး ဦးလေး'



'ဟ၊ နင်တို့အိမ်မှာ သူ့ကို ဘယ်လိုခေါ်ကြလဲ၊ ပုပု၊ တုတ်တုတ်၊ ဖိုးဝ၊ ညိုကြီး၊ အငယ်လေး စသဖြင့်ပေါ့ဟ'

ကိုလှရီက စိတ်ညစ်လာသဖြင့် အော်ပစ်လိုက်သည်။ ကုလားမ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။ သူ့မောင်လေးကို သူတို့တစ်အိမ်လုံးက ခေါ်သော နာမည်တစ်ခုတော့ ရှိသည်။ သို့သော် ယင်းနာမည်ကို လူတွေရှေ့မှာပြောရမှာ ရှက်နေသည်။ နှီးစို့လိုက် ရှူးရှူးပေါက်လိုက် လုပ်တတ်လွန်း၍ စို့ပေါက်ကြီးဟု ခေါ်နေကြသည်။ ကလေးနာမည်ရေးရန် စောင့်နေသော ဆရာဝန်ကြီးကို အားနာလာသည်။ မထူးဘူးဆိုပြီး ရှက်ရှက်ဖြင့် ပြောလိုက်ရတော့သည်။

'အမေကတော့ စို့ပေါက်ကြီးလို့ခေါ်တယ် ဦးလေးရဲ့'

ပြိုင်ပွဲကော်မတီ လူကြီးများက ပြုံးရုံသာ ပြုံးကြသော်လည်း ပွဲကြည့်ပရိသတ်က ဝါးခနဲရယ်လိုက်ကြသဖြင့် ကုလားမမျက်နှာ ရဲခနဲ ရှက်သွားပြီး မဲ့ပြုံးကြီး ဖြစ်နေတော့သည်။ စို့ပေါက်ကြီးကတော့ ပရိသတ် ရယ်သံကြောင့် ပိုပြီး မြူးနေသည်။ ဒေါ်လှဥမ္မာနွယ်၏ လည်ပင်းမှာချိတ်ထားသော နားကြပ်ကို လှမ်းဆွဲနေသည်။

ပြိုင်ပွဲဝင်တန်းအဆင့်မီ ကလေး ၁၇ ယောက် ဆန်ကာတင် အရွေးခံရသဖြင့် အုပ်စုသုံးစုခွဲလိုက်ရာ က အုပ်စုတွင် ခြောက်ယောက်၊ ခ အုပ်စုတွင် ခြောက်ယောက်နှင့် ဂ အုပ်စုတွင် ငါးယောက်ဖြစ်သည်။ နောက်ဆုံးမှစာရင်းသွင်းသော စို့ပေါက်ကြီးက ဂ အုပ်စုတွင် စာရင်းဝင်သွားသည်။

ကလေးအားလုံး အသက်နှင့် ကိုယ်အလေးချိန် မတိမ်းမယိမ်းစီ ရှိကြသော်လည်း စို့ပေါက်ကြီးက အသက်အငယ်ဆုံးနှင့် ကိုယ်အလေးချိန် အများဆုံး (၂၈ ပေါင် ၁၄ အောင်စ) ဖြစ်နေ၍ အုပ်စုဗိုလ်ဖြစ်ရန် အလားအလာကောင်းနေသည်။ မိခင်ပရိသတ်က စို့ပေါက်ကြီးအုပ်စု ချောင်သွားပြီဟု တီးတိုးပြောနေကြသည်။ သို့သော် နို့စို့ပြိုင်ပွဲ၊ ဘောလုံး ဖမ်းပွဲ၊ ဝါတာပိုလိုနှင့် ငါးမီတာ ၎ူးသွားပြိုင်ပွဲများကသာ အဆုံးအဖြတ် ပေးမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲစတော့မည်ဖြစ်၍ ကလေးများကို တူညီဝတ်စုံ ပန်းနုရောင် အကျီလှလှလေးများ ဝတ်ပေးလိုက်သည်။ အကျီအသစ်ကလေးများ၍ မြူးနေကြသည်။ မိခင်များက ချိုင်းအောက်မှ မ ကိုင်ပြီး မတ်တတ်ရပ် နိုင်းထားသဖြင့် တာလွှတ်တော့မည့်မြင်းများကဲ့သို့ မြူးထူးခုန်ပေါက်နေ ကြသည်။

နောက်ဆုံး မိုလ်လုပွဲအဖြစ် ငါးမိတာ ဒူးသွားပြိုင်ပွဲတစ်မျိုးတည်း ကိုသာ အုပ်စုမိုလ်သုံးဦးအား ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမရသူကို ရွှေတံဆိပ်ဆုနှင့် ငွေတစ်ရာကျပ်၊ ဒုတိယရသူကို ငွေတံဆိပ်ဆုနှင့် ငွေ ငါးဆယ်ကျပ်၊ တတိယရသူကို ကြေးတံဆိပ်ဆုနှင့် ငွေနှစ်ဆယ့်ငါးကျပ် အသီးသီး ချီးမြှင့်မည်ဖြစ်သည်။

နံနက် ၉ နာရီတွင် ပြိုင်ပွဲများစတင်ရန် အသင့်ဖြစ်နေသည်။ အရေးပေါ်ပြုလုပ်ထားသည့် ၁၅ ပေရှည်၍ ၅ ပေကျယ်သော ပျဉ်စပ်ခင်း ခုံတန်းရှည်ကြီးသုံးခုတွင် အပြာနုရောင် ပလတ်စတစ်စားပွဲခင်းကြီးများ တင်းနေအောင် ခင်းထားသည်။ ခုံအမှတ် ၁ တွင် က အုပ်စု၊ ခုံအမှတ် ၂ တွင် ခ အုပ်စု၊ ခုံအမှတ် ၃ တွင် စိုးပေါက်ကြီးတို့ ဂ အုပ်စုနေရာ ယူကြသည်။

နို့ဘူးစို့ပြိုင်ပွဲကို အုပ်စုသုံးစု တစ်ပြိုင်တည်းကျင်းပသည်။ မြို့နယ် ဆရာဝန်ကြီးနှင့်အတူ ပါလာသော သူနာပြုဆရာမလေးနှင့် ကျန်းမာရေး အဖွဲ့က ယူနီဆက်နို့မှုန့်များကို စနစ်တကျဖျော်ပြီး ဂရိုက်မစ်ချာ ပုလင်း လေးများတွင် ထည့်၍ နို့သီးခေါင်းတပ်ပေးနေသည်။ ကလေးမိခင်များ မိမိကလေးကို ကိုယ်တိုင်တိုက်ရန်ဖြစ်သည်။ ပုလင်းလေးထဲတွင် နို့ရည် တစ်စက်မှမကျန်အောင် တိုက်ရမည်။ နို့သီးခေါင်းကလေးများ ပါးစပ်ထဲ သွင်းချိန်မှစ၍ အချိန်မှတ်မည်။ ခွင့်ပြုချိန် ၁၅ မိနစ် ဖြစ်သည်။ ကလေး မိခင်များ အသင့်ပြင်ဆင်နေကြစဉ် စိုးပေါက်ကြီးက ကုလားမ၏ ခါးပေါ် တွင် ရှူရှူပေါက်ချသည်။ ကုလားမ ရှက်ကိုး ရှက်ကန်းဖြင့် ထဘီလှည့်ဝတ်



နေသည်ကို မြင်သွားသော ဆရာဝန်ကြီးက လက်မှနာရီကို ငုံ့ကြည့်ပြီး တစ်စုံတစ်ခု ရေးမှတ်လိုက်သည်။

စိုးပေါက်ကြီးတို့အုပ်စုမှ သဘ္ဘာကျော်ကစတင်ပြီး နို့ဘူးစို့သည်။ ပုလင်းတစ်ဝက်လောက်သာစို့ပြီး ဆက်မစို့တော့ဘဲ သူ့အမေ၏နို့ကိုသာ အတင်းဟပ်နေသဖြင့် အမှတ်မရ ဖြစ်သွားသည်။ ကျန်ကလေးများကို တစ်ယောက်ပြီးတစ်ယောက် စို့နိုင်းသည်။ ဘိုးချစ်က ၉ မိနစ် ၄၂ စက္ကန့်၊ မြသူဇာ ၁၀ မိနစ် ၂ စက္ကန့်၊ လုံးလုံး ၉ မိနစ် ၂၀ စက္ကန့်ဖြင့် တစ်မှတ်စီ အသီးသီး ရသွားကြသည်။ အချို့ မိခင်များက သတိမေ့ပြီး ကလေးကို မိမိနို့တိုက်ထားမိသဖြင့် စံချိန်မကောင်း၊ အချို့ အမှတ်မရဖြစ်ကုန်ကြသည်။

ရှူရှူပေါက်ချပြီးနောက် ကုလားမ၏ ပခုံးကို တစ်ချိန်လုံး စုပ်နေခဲ့ သော စိုးပေါက်ကြီးအလှည့်တွင် ပါးစပ်ထဲသို့ နို့သီးခေါင်းသွင်းလိုက်သည်နှင့် တရှူးရှူးတရှဲရှဲဖြင့် အားရပါးရစုပ်တော့သည်။ သည်းမွှန်ပြီး နှာခေါင်းမှ ပါးစပ်မှ လျှံထွက်ကုန်သည်။ ပရိသတ်က လက်ခုပ်တီး၍ သြဘာပေး ကြသည်ကို နို့သီးဖြုတ်ပြီး ရယ်ပြနေသဖြင့် ကုလားမမှာ စိုးရိမ်တကြီးဖြင့် နို့သီးခေါင်းကို ပါးစပ်ထဲအတင်းပြန်သွင်းလိုက်ရသည်။ ၈ မိနစ် ၅၅ စက္ကန့်တွင် နို့တစ်စက်မှ မကျန်တော့၍ စိုးပေါက်ကြီး အကောင်းဆုံးစံချိန်ဖြင့် ပြိုင်ပွဲတစ်မျိုးအတွက် တစ်မှတ်ရသွားသည်။

နို့ဘူးစို့ပြိုင်ပွဲပြီးတော့ ဘောလုံးဖမ်းပွဲ ဆက်ကျင်းပသည်။ စားပွဲကြီး ပေါ်မှ အမြင့်သုံးပေခန့်တွင် ကန့်လန့်ဖြတ် ချည်နှောင်ထားသော ဝါးလုံး တန်းတွင် သဘော်သီးအလတ်စားအရွယ် ရောင်စုံဘောလုံးကို အပ်ချည်ကြိုး ဖြင့်ချည်၍ တွဲလောင်းချထားသည်။ ဘောလုံးဖမ်းမည့်ကလေးကို ဝါးလုံးတန်း အောက်တွင် ဘောလုံးနှင့် မျက်နှာချင်းဆိုင်ထားသည်။ ဘောလုံးသည် လေအဝှေ့တွင် ယိမ်းထိုးလှုပ်ရှားနေသည်။ ကလေး၏ မျက်နှာ ရှေ့ဘတ် ဝမ်းဗိုက်တို့ကို လာရောက်တို့ထိ ကျီစယ်နေ သကဲ့သို့ရှိသည်။ ၁၅ မိနစ်အတွင်း ဘောလုံးကိုမိအောင်ဖမ်းရမည်ဖြစ်သည်။ ကလေးများနေ လှန်လဲကျပါက

www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်နာကျင်မှုမရှိစေရန် ငှမ်းစောင်ထူထူကို လေးခေါက်ခေါက်၍ နောက်ကျောဘက်မှာ ခင်းထားသည်။ ကလေးမြှောက်၍ ဘောလုံးကို လိုက်ဖမ်းချိန်မှစပြီး အချိန်မှတ်မည်ဖြစ်သည်။

စိုးပေါက်ကြီးတို့ ဂ အုပ်စုတွင် သဉ္ဇာကျော်က စတင်၍ ဘောလုံးဖမ်းသည်။ ၁၀ မိနစ် ၂၀ စက္ကန့်တွင် မိသွားသည်။ ချီးကျူးလက်ခုပ်သံများဆူညံသွားသည်။ ကနှင့် ခ အုပ်စုဘက်မှလည်း လက်ခုပ်သံများကြားနေရသဖြင့် ပြိုင်ပွဲဝင်နေကြသော သားသားလေး မီးမီးလေးတို့ အဆင်ပြေနေဟန်တူသည်။

အမှတ်စဉ် ၂၊ ဘိုးချစ်စု ဘောလုံးကိုမဖမ်းဘဲ လက်ဖြင့်ပုတ်ထုတ်နေသဖြင့် သူ့အမေကလည်း အသည်းယားပြီး ခုန်ဆွ ခုန်ဆွ ဖြစ်နေသည်။ သူ့အဘိုးက ကိုယ်တိုင်ဝင်ဖမ်းတော့မည့်ပုံ ဖြစ်နေသည်။ ၁၅ မိနစ် ပြည့်သွား၍ ဘိုးချစ်စု အမှတ်မရ ဖြစ်သွားသည်။

အမှတ်စဉ် ၃၊ မြသူဇာ အလှည့်တွင် လေနည်းနည်းတိုက်လာ၍ မိခင်လုပ်သူက ကန့်ကွက်သည်။ လေကွယ်သွားစေရန် ကြော်ငြာသင်ပုန်းကြီးဖြင့် ကာပေးလိုက်ရသည်။ ၁၀ မိနစ်ကျော်သည်အထိ ဖမ်းမမိသေး။ ၁၂ မိနစ် ၄၀ စက္ကန့်တွင် ဘောလုံးက ဗိုက်ထဲဝင်လာပြီး ငြိမ်သက်နေစဉ် လှမ်းဖက်လိုက်၍ အမှတ်ရသွားတော့သည်။ ပရိတ်သတ်ထဲက လက်ခုပ်တီးသည်၊ သူ့အမေက ထ က သည်။

အမှတ်စဉ် ၄၊ လုံးလုံးသည် ဘောလုံးကို လက်ဖြင့် ရိုက်ထုတ်ပစ်နေသည်။ ဘောလုံးက တစ်ပတ်လည်လာပြီး နဖူးကိုဆောင့်မိသဖြင့် လန့်ပြီး နောက်လန်ကျသွားသည်။ ၁၅ မိနစ် ပြည့်သွားသည်။ လုံးလုံးလေး အမှတ်မရလိုက်တော့။

စားပွဲပေါ်မှဘောလုံးကို သူ့အစ်မ၏ ခါးပေါ်မှပင် ဖမ်းရန် ကြိုးစားနေခဲ့သော စိုးပေါက်ကြီးကတော့ စားပွဲပေါ် ထိုင်ပေးလိုက်သည်နှင့် စတင်ဖမ်း



တော့သည်။ လက်နှင့်ထိလိုက်တိုင်း ဘောလုံးကလွင့်စဉ်သွားသဖြင့် စိုးပေါက်ကြီး မောနေသည်။ ဘောလုံး ရင်ဘတ်နားရောက်လာတိုင်း ကြောင်အုပ်သလို ခုန်အုပ်နေသဖြင့် ဘောလုံးက ခုန် ခုန် ထွက်သွားသည်။ နောက်တစ်ကြိမ်လေးတွဲ့မှာ ပြန်ဝင်လာနေသော ဘောလုံးက ဗိုက်ထဲဝင်လာပြီး ခေတ္တငြိမ်နေစဉ် လှမ်းဖက်လိုက်ရာ အပ်ချည်ကြိုးကို ဆွဲမိလျက်သား ဖြစ်သွားသည်။ လက်ကလေးနှစ်ဘက်ဖြင့် ဘောလုံးကိုပိုက်ပြီး ပါးစပ်ဖြင့် ကုန်းကိုက်လိုက်ရာ လက်သည်းအချွန်လေးဖြင့် ထိုးမိသွားဟန်တူသည်။ ဘောလုံးက ဖောင်းခနဲ အသံမြည်၍ ပေါက်သွားတော့သည်။ ၁၃ မိနစ် ၃၅ စက္ကန့်ဖြင့် စိုးပေါက်ကြီး တစ်မှတ်ရသွားပြန်သည်။

က အုပ်စုနှင့် ခ အုပ်စု စားပွဲဘက်မှလည်း လက်ခုပ်သံများ ကြားနေရသည်။ အချို့ ကလေးမိခင်များ ထခုန်နေကြသည့်ကို တွေ့ရသည်။

ဘောလုံးဖမ်းပွဲပြီးတော့ ဝါတာပိုလို ပြိုင်ပွဲဆက်ကျင်းပသည်။ ထိပ်ဝ အချင်းနှစ်ပေခွဲကျော်သော အဝက်လျှော်သစ်သားစည်ပိုင်းပြတ်ထဲမှာ ရေထုခြောက်လက်မခန့် ဖြည့်ပြီး စားပွဲတင်တင်းနစ် ပင်ပေါင် ဘောလုံးလေးကို မျှောထားသည်။ ကလေးကို ကိုယ်လုံးတီးချွတ်၍ ရေထဲမှာ ထိုင်ခိုင်းပြီး ဘောလုံးလေးကို ဖမ်းစေခြင်းဖြစ်သည်။ ခွင့်ပြုချိန် ၁၅ မိနစ်ဖြစ်သည်။

ဘောလုံးလေးမှာ ရေလှိုင်းများပေါ်တွင် စင်ရော်ငှက်ကလေးပမာ လှိုင်းအိစီးနေသဖြင့် အဖမ်းရခက်လှသည်။ ဤပြိုင်ပွဲတွင် ကလေးအများစုမှာ ဘောလုံးဖမ်းဖို့ထက် ရေဆော့ဖို့ စိတ်သန်နေကြသဖြင့် ကန့်သတ်ချိန် ၁၅ မိနစ် ကုန်သွားချိန်အထိ ဘောလုံးကို မဖမ်းဘဲ ရေဆော့နေကြသည်။ က အုပ်စုမှ နှစ်ယောက်နှင့် ခ အုပ်စုမှ တစ်ယောက်သာ ဖမ်းနိုင်သည်ဟု သိရသည်။

စိုးပေါက်ကြီးတို့ ဂ အုပ်စုမှ လုံးလုံးနှင့် စိုးပေါက်ကြီးတို့ ဖမ်းနိုင်ကြသည်။ သို့သော် စံချိန်မကောင်းကြ၊ လုံးလုံး၏အလှည့်တွင် ဘောလုံးက နောက်ဘက်ရောက်သွားပြီး ကျောကုန်းနှင့် စည်ပိုင်းနံတခမ်းကြားမှာ ညပ်နေ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဒိုင်လူကြီးက ကောက်ယူပြီး ရှေ့မှာပြန်ချပေး၍ ၁၄ မိနစ် ၄၈ စက္ကန့်တွင် ဖမ်းမိသွားသည်။ လုံးလုံး တစ်မှတ်ရသွားသည်။

စိုပေါက်ကြီး အလှည့်တွင် ရေထဲမှာထိုင်ပြီး ဘောလုံးမဖမ်းဘဲ ရေစည်နှုတ်ခမ်းကိုအားပြုကိုင် မတ်တတ်ရပ်ပြီး ရေမျက်နှာပြင်ကို ခြေထောက်ဖြင့် ဆောင့်နင်းပြီး ရေဆော့နေ၍ ကုလားမ စိတ်ညစ်ရတော့သည်။ ဒိုင်လူကြီးက လက်ကိုဆွဲဖြုတ်ပြီး မကြာခဏ ပြန်ထိုင်ခိုင်းရသည်။ တစ်ကြိမ်တွင်မူ ဆောင့်ပြီး ရေထဲဖင်ထိုင်ချလိုက်ရာ ဘောလုံးလေးက ဖင်အောက်ရောက်သွားပြီး ပေါင်နှစ်လုံးကြားမှာ ဘွားခနဲပေါ်အလာတွင် လှိုင်းပုတ်လိုက်သဖြင့် ကံအားလျော်စွာပင် ပေါင်နှင့် ဗိုက်ခေါက်ကြီးအကြားမှာ ညပ်သွားသည်။ စိုပေါက်ကြီး ငုံ့ကြည့်ကောက်ကိုင်ပြီး ပါးစပ်ထဲ ထည့်လိုက်တော့သည်။ ကုလားမ ဝမ်းသာလွန်း၍ သူ့မောင်လေးကို မွေးမွေးပေးလိုက်သည်။ ၁၄ မိနစ် ၅၂ စက္ကန့်ဖြင့် တစ်မှတ် ရသွားပြန်သဖြင့် ဂ အုပ်စုဗိုလ်ဖြစ်ဖို့ သေချာသလောက်ဖြစ်သွားတော့သည်။

ငါးမိတာ ဒူးသွားပြိုင်ပွဲအတွက် ပြင်ဆင်နေချိန်တွင် မိခင်များ မိမိကလေးများကို နို့တိုက်ကြသည်။ အချို့ကလေးများ နို့စို့ရင်း အိပ်ပျော်သွားကြသည်။ ကုလားမက သူနာပြုဆရာမလေးထံမှ နို့ဘူးတောင်း၍ သူ့မောင်လေးကို တိုက်သည်။ နို့ဘူးကုန်သည်နှင့် စိုပေါက်ကြီး အိပ်ပျော်သွားတော့သည်။ သူ့အလှည့်က နောက်ဆုံးဖြစ်၍ အဆင်တော့ပြေသည်။

ငါးမိတာ ဒူးသွားပြိုင်ပွဲတွင် စိုပေါက်ကြီး ၁၅ မိနစ်အတွင်း ပန်းဝင်ရုံဖြင့် အုပ်စုဗိုလ်ဖြစ်မည်။ စံချိန်ကောင်းရန် မလိုတော့။ ဆက်မပြေးဘဲ ထိုင်နေ၍ ၁၅ မိနစ်ပြည့်သွားပြီး အမှတ်မရဖြစ်မှာကိုပဲ စိုးရိမ်ရသည်။ အိပ်ရာမှနိုးလာပြီး အားအင်အပြည့်ဖြင့် ပြေးလိုက်ရလျှင် စံချိန်ပါ ကောင်းသွားနိုင်သည်။

ပြီးသွားသည်နှင့် ပြိုင်ပွဲသုံးမျိုးအတွက် သဥ္ဇာကျော် တစ်မှတ်၊ မြသူဇာ နှစ်မှတ်၊ လုံးလုံး နှစ်မှတ်နှင့် စိုပေါက်ကြီး သုံးမှတ် အသီးသီး



ရနေကြသည်။ သဥ္ဇာကျော်နှင့် ဘိုးချစ်စုတို့ မျှော်လင့်ချက် မရှိတော့သည့်အပြင် အိပ်ပျော်နေကြ၍ မိဘများက ဆက်လက်မပြိုင်ကြတော့ဘဲ ကလေးတွေအကြောင်း ပြောလိုက် ရယ်လိုက်ဖြင့် ကလေးသိပ်ရင်း ပွဲထိုင်ကြည့်နေကြတော့သည်။

ငါးမိတာ ဒူးသွားပြိုင်ပွဲများ စားပွဲအသီးသီးတွင် စတင်ပြုလုပ်သည်။ အုပ်စု က နှင့် အုပ်စု ခ တို့လည်းတစ်ဝက်ခန့် ပြုတ်သွားပြီဖြစ်သည်။ ဒူးသွားပြိုင်ပွဲတွာထွက်မည့် ကလေးကို စားပွဲရှည်ကြီး၏ တစ်ဖက်စွန်းတွင် ထိုင်ခိုင်းသည်။ အနီရောင် ပလတ်စတစ်မော်တော်ကားလေးကို ကြိုးဖြင့်ချည်၍ ကလေးရှေ့မှ ဖြည်းဖြည်းဆွဲသွားသည်။ ကလေးမော၍ ထိုင်ချလိုက်လျှင် ဆက်မဆွဲဘဲ ရပ်ပေးထားသည်။ စားပွဲဟိုဘက်ထိပ် ပန်းဝင်မည့်နေရာတွင် ရောင်စုံပန်းစက္ကူကြိုးတန်း တန်းထားသည်။ လက်ဖြင့်ထိမိသည့်အချိန်ကို ပန်းဝင်ချိန်အဖြစ် သတ်မှတ်မည်ဖြစ်သည်။ ကလေးစတင်လှုပ်ရှားသည့် အချိန်မှစတင်၍ အချိန်မှတ်သည်။ ခွင့်ပြုချိန် ၁၅ မိနစ် ဖြစ်သည်။ ၁၅ မိနစ်အတွင်း ပန်းမဝင်နိုင်ပါက ပြိုင်ပွဲမှ ထွက်ရမည် ဖြစ်သည်။

စိုပေါက်ကြီးတို့ ဂ အုပ်စုမှ လုံးလုံးက စတင်ပြီး ပြိုင်ပွဲဝင်သည်။ မော်တော်ကားလေးလိုချင်ဇောဖြင့် လုံးလုံး စံချိန်ကောင်းသွားသည်။ ၁၅ ပေ အကွာအဝေးကို ၈ မိနစ် ၁ စက္ကန့်ဖြင့် ပန်းဝင်ပြီး တစ်မှတ် ရသွားပြန်သဖြင့် စုစုပေါင်းရမှတ် သုံးမှတ် ဖြစ်သွားသည်။

မြသူဇာလေး အိပ်ရာမှ နိုးစမို့ မကြည်မလင်ဖြစ်နေ၍ စံချိန်နှေးလှသည်။ တစ်လှမ်း နှစ်လှမ်းသွားလိုက် ထိုင်ချလိုက်လုပ်နေ၍ ၁၀ မိနစ် ၂၅ စက္ကန့်အထိ ကြာသွားသည်။ စံချိန်မကောင်းသော်လည်း တစ်မှတ်ရသွားပြန်သဖြင့် စုစုပေါင်း ရမှတ် သုံးမှတ်ဖြစ်သွားသည်။

သို့သော် လုံးလုံးနှင့် မြသူဇာတို့၏ အခွင့်အရေးသည် စိုပေါက်ကြီးအပေါ်တွင် မူတည်နေသည်။ စိုပေါက်ကြီး ၁၅ မိနစ်အတွင်း ပန်းဝင်နိုင်ပါမှ လုံးလုံးသော်လည်းကောင်း၊ မြသူဇာသော်လည်းကောင်း ရမှတ်နှင့် စံချိန်

www.burmeseclassic.com

www.burmeseclassic.com



အပေါ် မှတည်၍ အုပ်စုဗိုလ်ဖြစ်ရန် အလားအလာရှိသည်။ စိုးပေါက်ကြီး ၁၅ မိနစ်အတွင်း ပန်းဝင်နိုင်ပါက လေးမှတ်ဖြင့် ပြတ်ပြီး အုပ်စုဗိုလ် လွတ်လွတ်ကျွတ်ကျွတ် ဖြစ်သွားပေတော့မည်။

အိပ်ရာမှနိုးလာသော စိုးပေါက်ကြီးသည် မြသူဇာလေးကဲ့သို့ပင် လေးလံထိုင်းမှိုင်းနေသည်။ သို့သော် စားပွဲပေါ်ထိုင်နိုင်းပြီး မော်တော် ကားလေးမြင်သည်နှင့် ခုန်အုပ်တော့သည်။ တစ်ကျပ်ခွဲ နှစ်ကျပ်တန် ပလတ်စတစ်မော်တော်ကားကလေးမျှကိုပင် ကစားစရာအဖြစ် မမြင်ဘူးရှာ သော စိုးပေါက်ကြီးမှာ လိုချင်ရှာပေလိမ့်မည်။ အငမ်းမရ လိုက်ဖမ်းနေ တော့သည်။ ငါးမိနစ်အတွင်းစားပွဲကြီး၏ အလျားတစ်ဝက်ကျော်ကျော် ခန့် ရောက်သွားသည်။ ဒီပုံအတိုင်းသာဆိုပါက စိုးပေါက်ကြီးသည် သာကေတ စံချိန်သာမက မြန်မာ့စံချိန် ကမ္ဘာ့စံချိန်များပင် ချိုးပေတော့မည်။ ပရိသတ်က စိုးပေါက်ကြီးကိုကြည့်ပြီး တအံ့တဩဖြစ်နေကြသည်။ လက်ခုပ် တီး၍ ဩဘာပေးကြသည်။

သို့သော် ပန်းဝင်ရန် ငါးပေခန့်အလိုတွင် ရုတ်တရက်ထိုင်ချလိုက်ပြီး တွန့်ခနဲ တွန့်ခနဲ အလေးခါသည်။ ပြီးတော့မှ ရှူရှူးရော အီအီပါ ပါချ လိုက်တော့သည်။ ပရိသတ်ရော ဒိုင်လူကြီးပါ ရုတ်ရုတ်သဲသဲဖြစ်သွားပြီး ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်ကြသည်။ စိုးပေါက်ကြီးကတော့ အီအီနှင့် ရှူရှူး တွေကို လက်ဖြင့် မွှေနေပါပြီ။

ကလေးများ၏အခြေအနေကို လိုက်လံကြည့်ရှုနေသော မြို့နယ် ဆရာဝန်ကြီး ဒေါ်လှဥမ္မာနှယ်က အီအီးမွှေနေသော စိုးပေါက်ကြီးကို ကြည့်ပြီး သူ့လက်မှ နာရီကို မြှောက်ကြည့်တာ မြင်လိုက်ကြရသည်။

ကုလားမမှာ ဒိုင်လူကြီးအကူအညီဖြင့် ကမန်းကတန်း သန့်ရှင်းရေး လုပ်ရသည်။ ဒိုင်လူကြီးကလည်း လျင်သည်။ ကုလားမကလည်း မြန်ဆန် သည်။ ငါးမိနစ်အတွင်း သန့်ရှင်းရေးကိစ္စ ပြီးသွားသည်။ ပြီးသည်နှင့် စိုးပေါက်ကြီးက မော်တော်ကားလေးနောက်သို့ ဆက်လိုက်တော့သည်။



၁၃ မိနစ် ၅၆ စက္ကန့်တွင် ပန်းစက္ကူကြိုးတန်းလေးကို လက်နှင့် ထိမိသဖြင့် စိုးပေါက်ကြီး အုပ်စုဗိုလ်ဖြစ်သွားတော့သည်။

အုပ်စုသုံးစုမှ အုပ်စုဗိုလ်သုံးဦး နောက်ဆုံးဗိုလ်လုပွဲသို့ တက်လာ သည်။ က အုပ်စုမှ ဧယျာမင်းမင်း၊ ခ အုပ်စုမှ စဘူးကြီးနှင့် ဂ အုပ်စုမှ စိုးပေါက်ကြီးတို့ ဖြစ်သည်။ အားလုံး ယောကျ်ားလေးတွေချည်း ဖြစ်သည်။ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ငါးမီတာ ဒူးသွားပြိုင်ပွဲကို အချိန်ကန့်သတ်မှု မထားဘဲ ယှဉ်ပြိုင်စေမည် ဖြစ်သည်။ ပထမ ပန်းဝင်သူကို ပထမ၊ ဒုတိယ ပန်းဝင်သူကို ဒုတိယ နောက်ဆုံးပန်းဝင်သူကို တတိယဆုများ ချီးမြှင့်မည် ဖြစ်သည်။

နေ့လယ် ၁၂ နာရီတွင် ပြိုင်ပွဲ ခေတ္တနားသည်။ ပြိုင်ပွဲကော်မတီဝင် များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်များကို က အုပ်စု ဧယျာ မင်းမင်းနှင့် မိသားစုက နံနက်စာ အုန်းထမင်း ကြက်သားဟင်းများဖြင့် ဧည့်ခံကျွေးမွေးသည်။

ဧယျာမင်းမင်း၏ ဖခင်မှာ နိုင်ငံခြားသင်္ဘောသား အရာရှိဟု သိရသည်။ မဏ္ဍပ်ရှေ့တွင် တိုပနိုတာဟိုက်လပ်စ် ပစ်ကပ်လောင်းဘော်ဒီ ယာယီနံပါတ် ကားသစ်တစ်စီး ရပ်ထားသည်။ နံနက်က ကားကို ဝိုင်းအုံ ကြည့်နေကြသော ပရိသတ်ကို ဧယျာမင်းမင်း၏ ဖခင်က ရှင်းပြနေသံ ကြားရသည်။ အထူးဖိတ်ကြားထားသော ဧည့်သည်များကိုလည်း ကားဖြင့် ကြိုပို့ လုပ်ပေးနေသည်။

ပြိုင်ပွဲ ခေတ္တနားချိန်တွင် ကုလားမသည် စိုးပေါက်ကြီးကိုချီ၍ အိမ်ပြန်သွားသည်။ ဒေါ်တူးနှင့် အပူများတို့ ထမင်းစားနေကြသည်။ ကုလားမ က စိုးပေါက်ကြီး ပြိုင်ပွဲဝင်ခွင့်ရကြောင်း၊ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက် သွားပြီဖြစ်ကြောင်း၊ ယခု ထမင်းစားပြီးချိန်တွင် နောက်ဆုံး ဗိုလ်လုပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ဝမ်းသာအားရ ပြောပြသည်။ ဒေါ်တူးက ထမင်း စားနေရာမှ

www.burmeseclassic.com

www.burmeseclassic.com



'နင်ဟာလေ အတော်ရှည်တဲ့ အကောင်မ၊ ကလေးက တစ်မနက်လုံး နို့လဲမစို့ရ၊ တစ်ရေးမှလဲမအိပ်ရသေးဘူး မဟုတ်လား'

'အမေ့သားလေး အခုပဲ အိပ်ရာကနိုးလာတာ၊ မဏ္ဍပ်ထဲမှာ နို့ဘူးလဲ စို့ခဲ့ရတယ်၊ ဒူးသွားပြိုင်နေတုန်း သေးတွေရော ချေးတွေရောပါချလို့ အဲဒါ ရေ၊ ဒုက္ခရောက်လိုက်တာ မပြောနဲ့၊ အမေ့သားလေးက လူတော သူတော ခေါ်သွားလို့ မကောင်းဘူး၊ သိပ် ရုပ်ပျက်တာပဲ'

'နင့်ဟာနင် ရှည်ပြီး ခေါ်သွားတာကိုး အေ့'

ဒေါ်တူးက ထမင်းဝသွား၍ လက်ဆေးပြီး ထဘီမှာ လက်သုတ်လိုက်သည်။ ဆေးပေါ့လိပ်မှာရင်း ကလေးကို နို့တိုက်နေသည်။ ကုလားမ ထမင်းစားသည်။ အပွနား ထမင်းဝသည်နှင့် တအောင့်တနား နားကြပြီး သားအမိနှစ်ယောက် ရေလှည်းတွန်းရန် ထွက်သွားတော့သည်။

ကုလားမက ထမင်းစားပြီးသည်နှင့် စို့ပေါက်ကြီးကိုချီ၍ မဏ္ဍပ်သို့ ပြန်လာခဲ့သည်။ မဏ္ဍပ်ထဲတွင် လူစုံနေပေပြီ။ နောက်ဆုံး ဗိုလ်လုပွဲ အတွက် အုပ်စုဗိုလ်သုံးဦး ငါးမိတာ ဒူးသွားပြိုင်ပွဲ တစ်ပြိုင်တည်း တာလွှတ်ရန် ပြင်ဆင်နေကြသည်။ ဇေယျာမင်းမင်းက အမှတ်တစ် စားပွဲတွင်လည်း ကောင်း၊ ၁ အုပ်စုဗိုလ် စဘူးကြီးက အမှတ်နှစ် စားပွဲတွင်လည်းကောင်း၊ ဂ အုပ်စုဗိုလ် စို့ပေါက်ကြီးက အမှတ်သုံး စားပွဲတွင်လည်းကောင်း နေရာယူကြရသည်။

ကလေးမိခင်များကို ပန်းဝင်မည့်ဘက် စားပွဲထိပ်မှ လက်ခုပ်တီး၍ မြှူပေးရန် နေရာယူနိုင်းသဖြင့် ကုလားမသည်လည်း သူ့မောင်လေးကို မြှူခေါ်နိုင်ရန် နေရာယူလိုက်သည်။ ဇေယျာမင်းမင်း၏ မိခင်က သူ့သားလေး ကစားနေကျ အရုပ်ဖြစ်ဟန်တူသော ဂျပန်နိုင်ငံလုပ် အမွေးပွ ခွေးရုပ်ဖြူဖြူ လေးကို ကိုင်ထားသည်။ ဓာတ်ခဲသုံး စက်ရုပ်ကလေးဖြစ်၍ လျှာကလေး ထုတ်လိုက် အမြီးကလေးလှုပ်လိုက်ဖြင့် ကြည့်ကောင်းလှသည်။ မြန်မာငွေ ကိုးဆယ် တစ်ရာခန့် တန်ပေလိမ့်မည်။



ပန်းဝင်ဒိုင်လူကြီးများက အသင့်ဖြစ်ကြောင်း အချက်ပြလိုက်သည်နှင့် ကလေးများရှေ့တွင် မော်တော်ကားကလေးကို ချလိုက်ပြီး အချိန် စမှတ် တော့သည်။ မော်တော်ကားကလေးကို ကလေးလှမ်းကိုင်တိုင်း ကားလေးကို ရှေ့သို့ဆွဲယူသွားသဖြင့် ကလေးများသည် ဒူးသွား သွားပြီး လိုက်ဖမ်းကြ တော့သည်။

စဘူးကြီး ဒူးသွားလိုက်၊ ထိုင်ချလိုက်၊ အလျားထိုးမှောက်လိုက် လုပ်နေသဖြင့် သူ့မိခင်က လက်ခုပ်တီးပြီး သားလေးရေ သားလေးရေဟု အသံပေးနေရသည်။

စို့ပေါက်ကြီးသည် စားပွဲတစ်ဝက်ခန့်အထိ ကားလေးနောက်သို့ မနားတမ်းလိုက်ပြီးခါမှ မောသွားဟန်တူသည်။ ငုတ်ခနဲထိုင်ချလိုက်သည်။ ကားလေးကို စိုက်ကြည့်နေပြီး ခဏအကြာတွင် ထိုင်လျက်မှ ကြောင်ခုတ် သကဲ့သို့ လှမ်းအုပ်သည်။ ဒူးမသွားဘဲထိုင်နေ၍ ကုလားမ မီးခဲနင်းမိသလို ဖြစ်နေတော့သည်။ လက်ခုပ်တီး၍ 'မောင်လေး လာ လာ၊ မမလေးဆီလာ' ဟု ခေါ်သော်လည်း စို့ပေါက်ကြီးက ရယ်ပြလိုက် ထိုင်လျက်မှ မော်တော်ကား လေးကို ခြေထောက်ဖြင့် လှမ်းကန်လိုက်လုပ်နေသည်။ ပန်းဝင်ရန် ခုနစ် ပေခန့်ကျန်နေသေးသည်။

အမှတ်တစ်စားပွဲမှ ဇေယျာမင်းမင်းသည် ၁၁ ပေခန့်ရောက်သွား ပေပြီ။ ပန်းဝင်ရန် ငါးပေခန့်သာ လိုတော့သည်။ အဖေရော အမေပါ အသံ ပေးပြီး လက်ခုပ်တီး၍လည်းကောင်း၊ လက်ယပ်ခေါ်၍လည်းကောင်း အားကူ ပေးနေသည်။

အမှတ် ၂ စားပွဲမှ စဘူးကြီးသည် ဒူးသွားနေရာမှ မကြာခဏ ဝမ်းလျားထိုး မှောက်ချပြီး နားနေသည်။ ခရီးတစ်ဝက်ပင် မရောက်သေး။

အမှတ် ၃ စားပွဲမှ စို့ပေါက်ကြီးသည်လည်း ထိုင်လျက်ပင် ရှိသေး သည်။ အိပ်ချင်လာဟန်တူသည်။ ဝါးခနဲသန်းလိုက်သည်။ မျှော်လင့်ချက် အတော်နည်းပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ပရိသတ်ထဲမှ 'ဒေါ်တူးလာပြီ'ဟူသော အသံကြားသဖြ ကုလားမ လှည့်ကြည့်လိုက်ရာ ထဘီတစ်ပိုင်းတစ်စ ရေစိုကြီးဖြင့် မဏ္ဍာ တွင်းသို့ ဝင်လာနေသော သူ့အမေကို မြင်လိုက်သဖြင့်

'အမေရေ လာပါဦး၊ ဒီမှာ မောင်လေးရယ် ဒူးမသွားဘဲ ထိုင်နေလ လှပ်ပါဦး အမေရဲ့'

ကုလားမ၏ အုယားဖားယား အကူအညီတောင်းသံကြားတော ဒေါ်တူးသည် လူအုပ်ထဲတိုးဝင်ပြီး ကုလားမရပ်နေသည့်နေရာတွင် နေရာယူ လိုက်သည်။ လက်ခုပ်တီး၍ 'သားလေးရေ'ဟု အသံပေးလိုက်ရာ စိုးပေါက်ကြီ ခေါင်းမော့၍ မျက်လုံးကြီးပြူးကြည့်ပြီး ပြုံးပြသည်။ ထိုင်နေရာမှ ဒူးသွားရှ လေးဘက်ထောက်လိုက်သည်။ သူ့မိခင်ကိုကြည့်ပြီး ပြုံးနေသည်။ အတွင်း အောက်ခံ ဘော်လီအင်္ကျီကိုပင့်၍ သားမြတ်အစုံကို လှန်ပြလိုက်ရာ စိုးပေါက် ကြီး သူ့အမေရှိရာသို့ ဒုန်းစိုင်းသွားတော့သည်။ ဒေါ်တူးအနား ရောက်သွား၍ ပန်းစက္ကူကြိုးတန်းနှင့် လက်ကလေး ထိသွားသောအချိန်တွင် အမှတ်တစ် စားပွဲမှ ဓေယျာမင်းမင်း ပန်းဝင်ပြီဖြစ်ကြောင်း ဝီစီမှုတ်သံနှင့်အတူ လက်ခုပ် သံများ ဆူညံသွားတော့သည်။ တစ်ပြိုင်တည်းမှာပင် စိုးပေါက်ကြီး ပန်းဝင် ကြောင်း ဝီစီမှုတ် လက်ခုပ်တီး၍ အချက်ပေးလိုက်သည်။ အမှတ် ၂ စားပွဲ မှ စာဘူးကြီးမှာ ကားလေးနောက် လိုက်တုန်းပင် ရှိသေးသည်။

ဓေယျာမင်းမင်းနှင့် စိုးပေါက်ကြီးတို့၏ စံချိန်များကို ပွဲကြည့်ပရိသတ် က အငမ်းမရ သိလိုသဖြင့် အချိန်မှတ်နာရီနှစ်လုံးကို တိုက်ဆိုင်စစ်ဆေးရာ ကော်မတီလူကြီးများရော ပွဲကြည့်ပရိသတ်ပါ အံ့အားသင့်ရတော့သည်။ ကလေးနှစ်ယောက်လုံး ၁၅ မိနစ် ၅စက္ကန့်ဖြင့် အသီးသီး ပန်းဝင်ကြောင်း ဖော်ပြနေသည်။

ဖြစ်လာသည့်အခြေအနေအရ ဓေယျာမင်းမင်းနှင့် စိုးပေါက်ကြီးတို့ မည်သူက ပထမ၊ မည်သူက ဒုတိယဟု ဆုံးဖြတ်ရန်ပင် ခက်နေတော့သည်။ ဖြစ်တောင့်ဖြစ်ခဲကိစ္စဖြစ်၍ ပြိုင်ပွဲစည်းကမ်း ရေးဆွဲစဉ်က ဤအချက်ကို



ထည့်မတွက်မိခဲ့ကြ၊ ဤသို့ဖြစ်လာလိမ့်မည်ဟုလည်း မည်သူမျှ မထင်မိခဲ့ကြ။ ပြိုင်ပွဲကျင်းပရေး ကော်မတီလူကြီးများ ညှိနှိုင်းဆွေးနွေးနေကြစဉ် အမှတ် နှစ် စားပွဲမှ စာဘူးကြီး ၂၃ မိနစ် ၆ စက္ကန့်ဖြင့် ပန်းဝင်သွား၍ သုံးဦး ပြိုင်ရာတွင် တတိယဆုကို လွတ်လွတ်ကျွတ်ကျွတ် ဆွတ်ခူးသွားသည်။

'ကျေးဇူးပြုပြီး နားထောင်ကြပါ ခင်ဗျာ၊ ငါးမိတာ ဒူးသွားပြိုင် နောက်ဆုံးဗိုလ်လုပွဲမှာ ဓေယျာမင်းမင်းနဲ့ စိုးပေါက်ကြီးတို့ စံချိန်တူနေပါတယ်၊ ပြိုင်ပွဲကော်မတီ ညှိနှိုင်းဆုံးဖြတ်ချက်နှင့် မူလ ချမှတ်ထားသော မူအရ မြို့နယ်ဆရာဝန်ကြီးရဲ့ ကျန်းမာရေးအမှတ်ပေးစနစ်နဲ့ ဆုံးဖြတ်ရတော့မှာ ဖြစ်ပါတယ်၊ ဓေယျာမင်းမင်းနဲ့ စိုးပေါက်ကြီးတို့ ကျန်းမာရေး ပြန်လည် စစ်ဆေးခံရန် ဆရာဝန်ကြီးစားပွဲကို လာကြပါခင်ဗျာ'

အတွင်းရေးမှူး ကိုလှရိုက ဖိတ်ခေါ်သဖြင့် ဓေယျာမင်းမင်း၏ မိခင်နှင့် ဒေါ်တူးတို့က ကလေးချီ၍ ဆရာဝန်ကြီးစားပွဲသို့ သွားကြသည်။ အမျိုးသမီးပရိသတ် ခေါင်းချင်းပူးကုန်ကြသည်။ ထင်ကြေးတွေ အမျိုးမျိုး ပေးနေကြသည်။ နေ့လယ်စာ စားထားသည့် အုန်းထမင်းနှင့် ကြက်သား ဟင်းကလည်း ဆရာဝန်မကြီးဗိုက်ထဲမှာ အစာမကြေသေးဟု ဆိုသည်။ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် အလှူငွေအများဆုံး ထည့်ဝင်ရှိသာမက လိုတာမှန်သမျှ အဘက်ဘက်မှ ကူညီနေသော ဆင်းရဲသားရပ်ကွက်၏ ရှပါစတား မိသားစုနှင့် အလှူငွေနှစ်ကျပ်ကောက်ခံသည်ကို နှစ်ကြိမ်ခွဲထည့် ခဲ့ရသော ဒေါ်တူးတို့ တွေ့ကြပြီဟု ဆိုသည်။

ပြောစရာတော့ ဖြစ်ပေါ်နေပေပြီ။ ဒေါ်တူးတို့ ကံဆိုးပုံကလည်း သည်မိသားစုနှင့်မှလာပြီး ထိပ်တိုက်တိုးရသည်။ ဦးပုည၏ ရေသည်ပြဇာတ်မှ ဇာတ်လိုက်မိသားစုနှင့် ဘုရားရှင် လက်ထက်တော်အခါက ကျိုကျိုတက် ချမ်းသာကြသော ဝိသာခါ အနာထပိဏ်မိသားစုတို့ အချင်းများသည့်ကိန်းမျိုး တော့ ကြုံနေပေပြီ။ အင်အားနှင့် အရှိန်အဝါ ချိန်ခွင်လျှာက စောက်ထိုး ကြီး ဖြစ်နေသည်။ စီးပွားရေးအခြေအနေက မိုးနှင့်မြေ၊ ငှက်နှင့် ငါးပိ၊ အဝီစိနှင့် နိဗ္ဗာန် ကွာချင်တိုင်း ကွာနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက်ကို ဆရာဝန်ကြီး ပြန်လည်စစ်ဆေးနေစဉ် ဧယျာမင်းမင်း၏ ဖခင်က ကော်မတီလူကြီးများကို ဒန်ဟီးစီးကရက်ဖြင့် ဧည့်ခံရင်း နိုင်ငံခြား ဗဟုသုတများကို ရယ်ကာ မောကာဖြင့် ဖောက်သည်ချနေရာက ဆရာဝန်ကြီးရှေ့တွင်ရောက်နေသော ဇနီးနှင့်သားကို မကြာခဏ လှမ်းကြည့်သည်။ သူ့သားလေး ပထမမရမှာ စိုးရိမ်သည့်ရုပ်ကြီးက မျက်နှာပြင်မှာ ပေါ်နေသည်။ လိုချင်သည်မှာ ဆုမဟုတ် ပထမသာ ဖြစ်သည်။

ဧယျာမင်းမင်းကို စစ်ဆေးပြီးသွားသောအခါ ဒေါ်တူးက စို့ပေါက်ကြီးကို ရှိုင်းအောက်မှ မ၍ ဆရာဝန်ကြီးဘက်ကို မျက်နှာမူပြီး ရပ်ပေးထားသည်။ ဆရာဝန်ကြီးက နားကြပ်ဖြင့် ရှိုင်းအောက်၊ ရင်ဘတ်၊ ရင်ခေါင်း၊ ဝမ်းဗိုက်များကို စမ်းသပ်နေစဉ် စို့ပေါက်ကြီးက ရှုရှုပန်းထည့်လိုက်ရာ ဆရာဝန်ကြီး၏ ထဘီ အကျီများ စိုကုန်တော့သည်။ အရှောင်ကောင်း၍ နည်းနည်းသာစိုသွားသည်။ ဆရာဝန်ကြီးကတော့ နည်းနည်းရှက်သွားပုံ ရသည်။

စစ်ဆေးမှုကြီးပြီးသွား၍ ဧယျာမင်းမင်း၏ မိခင်နှင့် ဒေါ်တူးတို့ ဆရာဝန်ကြီးစားပွဲမှ ပြန်လာကြသည်။ ပရိသတ်ကတော့ ဒေါ်တူးခမျာ ချော်လဲရာ ဆင်နင်းခံရတော့မည်ဟု တွက်လိုက်ကြသည်။ ကုလားမက ဆရာဝန်ကြီးကို အားလည်းနာ၊ ရှက်လည်းရှက်သဖြင့် ခေါင်းကြီးအောက်ငုံ့ထားသည်။ ဒေါ်တူး သူ့ အနားမှာ လာထိုင်တော့မှ သူ့ မောင်လေးကို မျက်စောင်းထိုးကြည့်ပြီး ပြောလိုက်သည်။

'အမေ့သားလေး ယုတ်ကန်းတာ သိပြီမဟုတ်လား၊ ချေးကောင်ကလေး၊ သိပ်အကျင့်ယုတ်တာပဲ'

'ဟဲ့ ကလေးပဲ၊ ဘာသိတတ်လို့လဲဟဲ့'

ဒေါ်တူးကတော့ ဘယ်သူကြားကြား တအားပြန်အော်သည်။ ဆရာဝန်ကြီး ဒေါ်လှဥမ္မာနွယ် ကုလားထိုင်မှ ထရပ်ပြီး တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သဖြင့် မဏ္ဍပ်တွင်းရှိ ပရိသတ်များ မီးကို ရေနှင့်သတ်လိုက်



သလို ငြိမ်သွားသည်။ ယင်ကောင်၏ အတောင်ပံ ခတ်သံကိုပင် ကြားရလောက်အောင် တိတ်ဆိတ်သွားသည်။

'ကြွရောက်လာတဲ့ ပရိသတ်များနဲ့ ကလေးမိခင်များရှင့်၊ ကလေးနှစ်ဦးအနက် မည်သူက ပထမ၊ မည်သူက ဒုတိယဆိုတာ အဆုံးအဖြတ်ပေးရန်မှာ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင် လူကြီးမင်းများရဲ့တာဝန်သာ ဖြစ်ပါတယ်ရှင်၊ ကျွန်မရဲ့တာဝန်ကတော့ ကလေးနှစ်ဦးအနက် မည်သူက ပိုပြီး ကျန်းမာရေးကောင်းမွန်တယ်ဆိုတာကို ဆေးဘက်ဆိုင်ရာ ကျန်းမာရေးရှုထောင့်မှကြည့်ပြီး အမှတ်ပေးဖို့ ဖြစ်ပါတယ်၊

'ကလေးနှစ်ယောက်လုံးရဲ့ ကျန်းမာရေးဟာ သာမန်အားဖြင့် အားလုံးတူညီနေပါတယ်၊ ကိုယ်ရေပြားရောဂါ မရှိ၊ သန်ကောင်မရှိ၊ ဘေလုံးမရှိ၊ နှလုံးခုန်နှုန်းနဲ့ သွေးတိုးနှုန်းများလည်း ပုံမှန်အနေအထားမှာ ရှိကြပါတယ်၊ မိခင်များ အစစ်ခံချက်အရ ဧယျာမင်းမင်းဟာ နို့ဘူးတိုက်ကလေးဖြစ်ပြီး စို့ပေါက်ကြီးဟာ မိခင်နို့စို့ပြီး ကြီးထွားလာတဲ့ ကလေးဖြစ်ကြောင်းသိရပါတယ်၊ ဒီနေရာမှာ ကြုံကြိုက်ခိုက် ကလေးမိခင်များကို အကြံတစ်ခုပေးချင်တာက မိမိရင်သွေးကလေးများကို မိမိရဲ့ နို့ရည်ကိုသာတိုက်ပါ၊ အမှန်တကယ် လိုအပ်မှသာ နို့ဘူးတိုက်ပါလို့ တိုက်တွန်းလိုပါတယ်၊ သာမန်အားဖြင့် မိခင်နို့ကို ဝအောင်စို့ရတဲ့ ကလေးဟာ နို့ဘူးစို့တဲ့ ကလေးထက် ကျန်းမာလေ့ရှိပါတယ်'

'ကလေးသူငယ်များ ကျန်းမာရေးမှာ ဆီးနှင့်ဝမ်းဟာ အလွန်အရေးကြီးပါတယ်၊ ဆီးဝမ်းမမှန်လျှင် ကိုယ်ဖောကိုယ်ရောင်၊ သူငယ်နာဝမ်းပျက်၊ ဝမ်းအယ်များအပြင် အသားဝါရောဂါများပင် ဖြစ်လာနိုင်ပါတယ်၊ ပြိုင်ပွဲ ကျင်းပနေစဉ်အတွင်းမှာ ဧယျာမင်းမင်းဟာ ဆီးဝမ်းတစ်ကြိမ်မှမသွားဘဲ စို့ပေါက်ကြီးဟာ ဝမ်းတစ်ကြိမ်နဲ့ ဆီးသုံးကြိမ် သွားတဲ့အတွက် ကျန်းမာရေးမှာ ဧယျာမင်းမင်းထက် စို့ပေါက်ကြီးက ၂၅ ရာခိုင်နှုန်းသာလွန်ကြောင်း ထောက်ခံရင်း နိဂုံးချုပ်ပါတယ်ရှင့်'

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကြီးမှာ ပုရွက်ဆိတ်အုံ တုတ်နှင့်ဆွလိုက်သလို ရွစိ ရွစိ ဖြစ်ကုန်ကြသည်။ အချို့က ဒေါ်တူးဘက်ကို လှည့်ကြည့်ပြုံးပြပြီး လက်မ ထောင်ပြကြသည်။ ဆရာဝန်ကြီးပြန်ထိုင်သွားသောအခါ အတွင်းရေးမှူး ကိုလှရီက ထရပ်လိုက်ပြီး

'ယခုနှစ် လွတ်လပ်ရေးနေ့ ရပ်ကွက်ပျော်ပွဲရွှင်ပွဲ ကော်မတီမှ ကြီးမှူးကျင်းပတဲ့ တစ်နှစ်အောက်ကလေး ပြပွဲပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲမှာ အုပ်စု ခ မှ စုဘူးကြီး တတိယ၊ အုပ်စု က မှ ဖေယျာမင်းမင်း ဒုတိယနဲ့ အုပ်စု ဂ မှ စိုးပေါက်ကြီးက ပထမရကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား'

မဏ္ဍပ်ကြီးတစ်ခုလုံး အမိုးပွင့်ထွက်လုမတတ် ဆူညံသော လက်ခုပ်သံများ ထွက်ပေါ်လာသည်။ ကုလားမက ပရိသတ်မြင်သာအောင် သူ့ မောင်လေးကို ကိုင်မြှောက်ပြထားသည်။ ဒေါ်တူးက အင်္ကျီလက်ကို ကြယ်သီးဖြုတ် ရင်သားတလှုပ်လှုပ်ဖြင့် ကွေးနေအောင်ကသည်။ မြို့နယ် သတင်း ဓာတ်ပုံဆရာ ကိုတင်ဝင်းက ဓာတ်ပုံရိုက်သည်။ ဖေယျာမင်းမင်း၏ အဖေနှင့် အမေက အောင့်သက်သက် အပြုံးကြီးများဖြင့် ကြည့်နေကြသည်။

အခမ်းအနားမှူးက 'ပထမဆုရသည့် စိုးပေါက်ကြီး'ဆုယူရန်ကြွပါ ခင်ဗျား'ဟု ခေါ်လိုက်သည်နှင့် လက်ခုပ်သံများ ဆူညံသွားသည်။ ပြိုင်ပွဲ ကော်မတီ ဥက္ကဋ္ဌကြီးက ရွှေရောင်တံဆိပ် ပထမဆုကို စိုးပေါက်ကြီးလည်ပင်းမှာ ဆွဲပေးလိုက်သောအခါ လက်ခုပ်သံများ၊ လက်ခေါက်မှုတ်သံများ 'စိုးပေါက်ကြီးကွ'ဟု အော်သံများ ဆူညံနေတော့သည်။ ဥက္ကဋ္ဌကြီးက စာအိတ်ဖြင့်ထည့်ထားသော ဆုငွေ ၁၀၀ ကျပ်ကို ဆက်လက်ချီးမြှင့်သည်။ ဖေယျာမင်းမင်း၏ အဖေနှင့် အမေတို့က သီးသန့်ဆုငွေအဖြစ် ၅၀ ကျပ် ထပ်မံချီးမြှင့်သည်။

ဒုတိယဆု ရသူနှင့် တတိယဆု ရသူများကိုလည်း အလားတူပင် ဆက်လက်ချီးမြှင့်ပေးသောအခါ အခမ်းအနားအစီအစဉ်အရ ပထမဆုရသော ကလေး၏မိခင်မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားရန် ဖြစ်သည်။



အခမ်းအနားမှူးက ဒေါ်တူးအား ကျေးဇူးတင်စကားနှင့် အကြံပြုချက်၊ ထင်မြင်ချက် အနည်းငယ်ပြောကြားပါရန် မေတ္တာရပ်ခံသောအခါ ဒေါ်တူးက သူ မပြောတတ်ဟု ဆိုသည်။

အခမ်းအနားမှူး ကိုလှရီက အတင်းဆွဲခေါ်ပြီး

'ဒေါ်တူး ပြောချင်တာသာပြောပါ၊ မကြောက်ပါနဲ့'ဟု အားပေး စကား ဆိုလာသဖြင့် ဒေါ်တူးက သူ့ ထင်မြင်ချက်ကို စကားပြောခွက် မိုက်ကရိုဖုန်းထဲ ပြောထည့်လိုက်ပုံက တိုတိုပါပဲ။

'ကျွန်မသားလေး ပထမရတာ ရွှေအပန်းကောင်းလို့ပါတော်' တဲ့။

ကဲ မှတ်ကရော၊ မပြောတတ်ဘူးဆိုနေ အတင်းအဓမ္မ တိုက်တွန်းတဲ့ လူကြီးတွေရော၊ ပရိသတ်ပါ တဟားဟားရယ်မောရင်း အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ပါတော့သည်။

[တလေလုပ်သား။ နိုဝင်ဘာ၊ ၁၉၈၅]

www.burmeseclassic.com

www.burmeseclassic.com

## တိမ်ဖုံးသော်လည်း လ သာပါမည်

'မိုးပေါ်မှာ ကြယ်တစ်လုံး၊ တိမ်ဖုံးပါလို့ လ မသာ၊
သာတဲ့အခါ သာပါလိမ့်မယ်၊ နတ်ဒေဝါသူဖန်ဆင်း၊ မိုးရွှေလမင်း'

ကျွန်တော်တို့ ငယ်ငယ်က သူငယ်တန်းမှာလား၊ ပထမတန်းမှာလား မမှတ်မိတော့၊ ကျောင်းမှာ အလွတ်ဆိုရသော ဖတ်စာအုပ်ထဲမှ ကဗျာလေးဖြစ်သည်။

မိခင်က သားငယ်ကိုချီ၍ လက်ညှိုးထိုးပြနေသော ရုပ်ပုံလေးနှင့်ဖြစ်သည်။ သားချော့ ကဗျာလေးပဲ ဆိုကြပါစို့။

မောင်အောင်မျိုးသန့်ကိုမြင်တိုင်း သည်ကဗျာလေးကို ကျွန်တော်သတိရမိသည်။

မောင်အောင်မျိုးသန့်သည် ကျွန်တော်တို့သဘော်မှ စားပွဲထိုးဖြစ်သည်။ ကျွန်တော်တို့သင်္ဘောတွင် စားပွဲထိုးနှစ်ယောက်ရှိသည်။ အရာရှိစားပွဲထိုးနှင့် သင်္ဘောသားစားပွဲထိုးဟူ၍ရှိရာ အရာရှိစားပွဲထိုးမှာ တရုတ်အမျိုးသားဖြစ်၍ သင်္ဘောသားစားပွဲထိုးမှာ မြန်မာအမျိုးသား မောင်အောင်မျိုးသန့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်မျိုးသန့်သည် လူချမ်းသာ ပညာတတ်မျိုးရိုးမှ လာသူဖြစ်သည်။ သူ့ ဖခင်မှာ ကော်ပိုရေးရှင်းတစ်ခုမှ ဦးဆောင်ညွှန်ကြားရေးမှူးကြီး တစ်ဦးဖြစ်သည်ဟု သိရသည်။

သူ့ ပြောပြချက်အရ သူ့ဦးလေးများ၊ သူ့အဒေါ်များမှာ ဆရာဝန်၊ ဆရာဝန်မ၊ တက္ကသိုလ်ကထိကများပင် ရှိသည်ဟု ဆိုပါသည်။ သူ့အစ်ကို သူ့အစ်မများမှာလည်း ဘွဲ့ရ ပညာတတ်များဖြစ်၍ အမိနိုင်ငံတွင် ကျရာတာဝန်ကိုယူကာ အမှုထမ်းနေကြသည်ဟု သိရသည်။

အောင်မျိုးသန့်လည်း ခေသူမဟုတ်၊ သချာၤအဓိကဖြင့် သိပ္ပံဘွဲ့ရထားသူဖြစ်သည်။ ရုပ်ရည်သားနား၍ အသက်အားဖြင့် ရှိလှပါမှ နှစ်ဆယ့်ငါးနှစ်ပင် ပြည့်မည် မထင်သေးပါ။

ဘွဲ့ရပြီး မည်သည့်အလုပ်မျှ ဝင်မလုပ်ဘဲ မိဘစီးပွားအားကိုးဖြင့် နှစ်နှစ်ခန့် အချိန်ဖြုန်းနေခဲ့သေးသည်။ သူ့ မိဘများမှာ လုပ်ချင်တာဖြစ်နိုင်သူများဖြစ်၍ အောင်မျိုးသန့်အား နိုင်ငံခြားသင်္ဘောမှာ အလုပ်သင် အရာရှိအဖြစ် ကဒက်ဟု နာမည်တပ်၍ နိုင်ငံခြားထွက်ရပ်လမ်း ဖွင့်ပေးလိုက်ခြင်းဖြင့် နတ်ဒေဝါ သူ ဖန်ဆင်း၍ ဖိုးရွှေလမင်းအသွင်ဖြင့် စင်ကာပူကို ရောက်လာသူဖြစ်သည်။

စင်ကာပူမှာ ရရာအလုပ်ကို ဝင်လုပ်ရသဖြင့် အလုပ်သင်အရာရှိမှ စားပွဲထိုးဖြစ်နေသူ အောင်မျိုးသန့်မှာ သူ့ဘဝကို မကျေမနပ်ဖြင့် ဘဝင်မကျနိုင် ဖြစ်နေရသည်။

ရဟန်းဝါတော် နှစ်ဆယ်ကျော်ရပြီးကာမှ လူထွက်မိပြီး လူ့ဘဝမှာ မဟန်၍ ကိုရင်ကြီးပြန်ဝတ်သော သူကဲ့သို့ အခံရခက်နေဟန် တူသည်။

ပညာတတ်မာနနှင့် လုပ်ကိုင်နေရသော လုပ်ငန်းသဘာဝတို့ ပဋိပက္ခအသွင်ကို ဆောင်နေသောကြောင့် အများနှင့်ဆက်ဆံရာတွင် ပြေပြေပြစ်ပြစ်မရှိလှ။ မကြာခဏ ပြဿနာတက်ပြီး သင်္ဘောသားများ ကိုယ့်ထမင်း ကိုယ်ချူးစားရသော ရက်များလည်း ရှိခဲ့ဖူးပါသည်။



အများနှင့် မပတ်သက်ဘဲ သူ့ပြဿနာ သူ ဖန်တီးသော ကိစ္စများလည်း ရှိသေးသည်။ နေမကောင်းဟု အကြောင်းပြကာ အိပ်ရာထဲမှမထဘဲ နေသည်ဟူ၍လည်းကောင်း၊ အရက်မူးပြီး အလုပ်မလုပ်ဘဲ ဂျစ်ကန်ကန်လုပ်နေသည်ဟူ၍လည်းကောင်း တစ်မျိုးမဟုတ်တစ်မျိုး ကြားနေရသည်။

မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား သင်္ဘောသား အားလုံးသည် အောင်မျိုးသန့်အပေါ် စိတ်ရှည်ကြသည်။ ခွင့်လွှတ်ကြသည်။ အချိန်တန်၍ အောင်မျိုးသန့်မလာလျှင် ကိုယ့်ဘာသာ ခူးခပ်စားသွားကြသည်။ အရေးလည်း မယူ၊ အလေးလည်း မထား၊ အောင်မျိုးသန့်အား ကလေးဆိုးတစ်ယောက်လိုသာ သဘောထားကြသည်။

• • •

ညတစ်ည သန်းခေါင်ယံအချိန်လောက်တွင် တစ်စုံတစ်ယောက်က ကျွန်တော့်အခန်းကိုလာခေါက်သဖြင့် အိပ်မှုန်စုံမွှားဖြင့် ဘယ်သူများပါလိမ့်ဟု ဖွင့်ကြည့်လိုက်ရာ အင်ဒိုနီးရှားသင်္ဘောသား ဆလန်းအာမက်ဆိုသူဖြစ်နေသည်။

'ဝမ်းနည်းပါတယ် မစ္စတာစိုးမိုး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ အောင်မျိုးသန့် ဘာဖြစ်နေလဲမသိဘူး၊ လာကြည့်ပါဦး၊ အော်ငိုနေတယ်'

ဟာ အကျိုးနည်းပြီ။ အချိန်မဟုတ် အခါမဟုတ် ဇီကောင် ဘာဖောက်ပြန်ပြီလဲမသိ။ သင်္ဘောကလည်း ရေလယ်မှာ ကျောက်ချထားသည်။ အရေးဆိုလျှင် ကမ်းပေါ်တက်ဖို့ရာ မလွယ်ပါ။ မြန်မာသင်္ဘောသား အုပ်စုထဲမှာ ကျွန်တော်က အသက်အကြီးဆုံးဖြစ်၍ ပြဿနာတစ်ခုဖြစ်တိုင်း ကျွန်တော့်ဆီ ဦးတိုက်လာကြသည်။

ကျွန်တော်လိုက်သွားပြီး ကြည့်သောအခါ အောင်မျိုးသန့် တစ်ယောက် အိပ်ရာပေါ်မှာ လူးလိမ့်နေသည်။ ခါးမှာလည်း လုံချည်မရှိတော့။ လက်နှစ်ဖက်ဖြင့် သူ့လည်ပင်း သူ ညှစ်ပြီး အသံကုန်ဟစ်နေသည်။ အိပ်ရာဘေးမှာလည်း တံတွေးတွေ အန့်အပြား ထွေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကို ဆေးရုံပို့ပါ၊ ကျွန်တော် အိမ်ပြန်တော့မယ်၊ ကျွန်တော့်ကို အိမ်လိုက်ပို့ပါ'

ပါးစပ်မှ ကယောင်ကတမ်းဖြင့် မြန်မာလို အော်ပြောနေသည်။ ဘေးနားက နိုင်ငံခြား သင်္ဘောသားတွေက သူ ဘာတွေပြောနေတာလဲဟု မေးလာသည်။ အမှန်အတိုင်းပြောလိုက်လျှင် ရှုပ်ကုန်မည်စိုး၍ အဆင်ချောအောင် ကြည့်ပြောလိုက်ရသည်။

မနေ့က လခထုတ်သည်။ အချိန်ပို တာဝန်ကျနေ၍ ကမ်းပေါ်မတက်ရ၊ သည်နေ့ သည်ကောင် အားလပ်ခွင့်ရ၍ ကုန်းပေါ်တက်သွားခဲ့သည်။ ညနေအပြန်တွင် အရက်မူးလာသလိုလို ပုံစံဖြင့် နည်းနည်းမူးပျက်လာသည်ကို သတိထားလိုက်မိသည်။

'သူ့ အရင်တုန်းက ဒီလိုပဲ ဖြစ်ဖူးသလား'

အောင်မျိုးသန့်မှာ ကျွန်တော့်အရင် ဤသင်္ဘောကို ရောက်နေသူဖြစ်၍ သူ့အကြောင်းကို ပိုသိသော လူဟောင်းများကို မေးကြည့်ရသည်။

'ဒီလိုတော့ မဖြစ်ဘူး၊ ဒါပေမယ့် ဆေးသုံးလာတဲ့နေ့ဆိုရင် ဆေးပေါက်ပြီး တစ်ခွန်းတလေ ထအော်တတ်တယ်'

အခန်းချင်းကပ်နေသူ ဆလန်းအာမက်က အောင်မျိုးသန့် ဆေးသုံးကြောင်း ပြောတော့မှ ကျွန်တော်သဘောပေါက်ပါတော့သည်။ ဆေးပေါက်ပြီး ကယောင်ကတမ်းတွေ လျှောက်ပြောနေခြင်း ဖြစ်သည်။

စင်ကာပူမှာ ဆေးစီရင်ပြီးသား စီးကရက်ဆယ်လိပ်ဝင်ဘူးမှ အလိပ်နှစ်ဆယ်ဝင်ဘူး တံဆိပ်အမျိုးမျိုး၊ ၂၅ ဒေါ်လာတန်မှ ဒေါ်လာတစ်ရာတန်အထိ အစားစားရှိသည်။

'ကဲ သူငယ်ချင်းတို့၊ ဒီကောင် ဆေးပေါက်ပြီး ပေါက်တတ်ကရတွေ လျှောက်အော်နေတာ၊ အမူးပြေရင် အိပ်ပျော်သွားလိမ့်မယ်၊ ကိုယ့်အခန်းကိုယ်ပြန်အိပ်ကြ၊ ကျေးဇူးတင်ပါတယ်၊ ကောင်းသောညပါ'



အောင်မျိုးသန့်မှာလည်း ယခင်နှင့်စာလျှင် အနည်းငယ်ငြိမ်သွားပြီဖြစ်၍ စောင်ခြုံပေးခဲ့ပြီး သူ့အခန်းတံခါးကို ချက်ကျအောင် ပိတ်ခဲ့၍ ကျွန်တော့်အခန်းသို့ ပြန်ခဲ့ပါသည်။

• • •

နေ့လယ်စာ စားချိန်ဖြစ်၍ သင်္ဘောသား စားသောက်ခန်းတွင် ခွန်းသံ၊ ခက်ရင်းသံ၊ ပန်းကန်သံ၊ ခွက်သံ၊ တစ်ဦးကိုတစ်ဦး နောက်ပြောင်အော်ဟစ်သံတို့ဖြင့် ဆူညံနေသည်။

'Hey! friends. behave yourself like gentleman. keep clean. don't rubbish' တဲ့ဗျား။

ဒီကောင် ပြဿနာလုပ်ပြန်ပြီဟု ကျွန်တော် စိုးရိမ်သွားမိပါသည်။ အဓိပ္ပာယ်ကတော့ 'ဒီမှာ ကိုယ့်လူတို့၊ လူကြီးလူကောင်း ပီသကြပါနော်၊ သန့်ရှင်းမှုကို ကူညီပါ၊ အမှိုက်မပစ်ပါနဲ့'ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

နားတတ်သူများဆိုလျှင်တော့ နားစရာကောင်းသည့် စကားပါပဲ။ ဒါလေး လှည်းရကျင်းရတာ သူ့အတွက် ဘာမှ အပန်းကြီးလှသည်မဟုတ်။ သူ မလုပ်သည့်နေ့တွေမှာ ဟိုကောင်တွေက သူ့ကိုယ်စား လုပ်ပေးနေသည်ကို သူလည်း အသိသား။

ဟိုကောင်တွေ မခံရပ်နိုင်၍ ပြန်လှန်ပြောလျှင် ရန်ဖြစ်ကုန်ကြမည်။ သို့ပေမယ့် သူ့လူတွေနှင့် သူနှင့် အဆင်ကိုချောလို့။ အောင်မျိုးသန့် စကားကို အရေးမထားသည့်ပုံဖြင့် 'ယက်ဆာ၊ ယက်ဆာ'ဟု အော်ရင်း ရယ်ကာမောကာဖြင့် ပြီးသွားကြသည်။ တော်ပါသေး၏။

တစ်ခါကလည်း ထမင်းစားခန်းထဲမှာပင် အာပေါင် အာရင်းသန်သန်ဖြင့် သူ အိမ်မှာနေစဉ်က သူ့ ထမင်းတောင် သူ ခူးစားသည် မဟုတ်ကြောင်း၊ စားပွဲထိုး လုပ်နေသမယ့် သိပ္ပံဘွဲ့ရပြီးသူဖြစ်ကြောင်း၊ မြန်မာပြည်

www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားရသော်လည်း ထမင်းမငတ်ကြောင်း လက်သီး လက်မောင်းတန်း၍ အားလုံးကို ပြောနေသည်။

'အောင်မျိုးသန့်၊ မင်း ပညာတွေ ဒီလောက်တတ်ပြီး ဘာဖြစ်လို့ ဒီမှာလာပြီး စားပွဲထိုးလုပ်နေရတာလဲ'

မလေးရှား သဘောသားတစ်ယောက်က နောက်ပြောင်သည့် အနေဖြင့် ကောက်ကာငင်ကာ မေးလိုက်ခြင်းဖြစ်သည်။ သည်ကောင်လေးတော့ သည်မေးခွန်းမျိုး တစ်နေ့မဟုတ် တစ်နေ့ အမေးခံရတော့မည်ကို ကျွန်တော်ကြိုတွက်မိပြီးသား။ သည်မေးခွန်းကို သူ ဘယ်လိုအဖြေပေးမလဲဟု စိုးရိမ်စိတ်ဖြင့် ထမင်းမဝါးဘဲ နားထောင်နေမိသည်။

'ဒီမှာ ကိုယ့်လူ၊ အလုပ် မလုပ်ချင်လို့နော်၊ ခင်ဗျားသိထားဖို့က နိုင်ငံခြားကို ရောက်ဖူးချင်လို့ တမင်ထွက်လာတာ၊ သိပလား ဟင်း'

သေဟဲ့ နန္ဒိယ၊ ငါ့နယ် ထင်တဲ့ အတိုင်းပါပဲလား၊ အမိနိုင်ငံမှာ ကျန်နေခဲ့သည့် ပညာတတ် လူငယ်လုပ်သားတွေ၏ မျက်နှာကိုမှ မထောက်ထား၊ နိုင်ငံခြားကို အထင်ကြီးသော ခေတ်ပညာတတ် စားပွဲထိုးကြီးကို အလဲထိုးပြီး လိမ့်ကန်ချင်စိတ် ပေါက်သွားပါသည်။

'ဒီမှာ၊ မစ္စတာစိုးမိုး၊ အောင်မျိုးသန့်အပေက မန်နေဂျင်းဒါရိုက်တာဆိုတာ ဟုတ်ရဲ့လားဗျ၊ ကျွန်တော်တို့တော့ မယုံပါဘူး'

အမှန်တော့ သူ့ကို ခင်မင်၍၊ တစ်နည်းအားဖြင့် မခံတတ်မှန်းသိ၍ ဝိုင်းလှောင်နေကြခြင်း ဖြစ်သည်။ အောင်မျိုးသန့်က ကျွန်တော့်ကို အကူအညီတောင်းသည့် မျက်နှာဖြင့် ကျွန်တော့်အဖြေကို အားကိုးကြီးစွာ စောင့်မျှော်နားထောင်နေသည်။

'အလကား၊ ဒီကောင့်စကားတွေကို ခင်ဗျားတို့ ယုံယုံကြည်ကြည်လုပ်ပြီး နားထောင်နေကြတယ်၊ ဒီကောင်ပြောတာတွေ တစ်ခုမှ မယုံနဲ့'

ကျွန်တော့် စကားဆုံးသည်နှင့် တစ်ခန်းလုံး ဝါးခနဲပွဲကျသွားပြီး အောင်မျိုးသန့် မျက်နှာမှာ မအီမလည်ပုံစံဖြင့် ကျန်နေခဲ့ပါတော့သည်။

* * *



တစ်နေ့ ညနေခင်းတွင် ကျွန်တော့်အခန်းသို့ အောင်မျိုးသန့် ရောက်လာသည်။ အားအားလပ်လပ်ရှိ၍ လာလည်သည့်ပုံမျိုးဖြစ်သည်။ ကျွန်တော်ကလည်း သူ့ကို နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် စကားပြောချင်နေသည်နှင့် အတော်ပင် ဖြစ်သွားသည်။

'လာဟော့ ထိုင်၊ မောင်အောင်မျိုးသန့်၊ မင်းနဲ့ စကားပြောချင်နေတာနဲ့ အတော်ပဲ'

ကျွန်တော့် အိပ်စင်ဘေးနားရှိ စာရေးစားပွဲအနီးမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး

'ကျွန်တော်ကလဲ အစ်ကိုကြီးနဲ့ စကားပြောချင်နေတာပါ၊ အစ်ကိုကြီးက ကျွန်တော့်ကိုဆိုရင် ဟိုကောင်တွေရှေ့မှာ ဒေါက်ဖြုတ်တာ ရေရေလည်လည် အောင့်တယ်ဗျာ၊ ကျွန်တော် သိက္ခာကျတာပေါ့ အစ်ကိုကြီးရ'

ကျွန်တော်က အိပ်စင်ပေါ်မှထိုင်လျက် စားပွဲပေါ်မှ စီးကရက်ဘူးကို လှမ်းယူလိုက်ပြီး သူ့ကိုတစ်လိပ် ကမ်းပေးလိုက်သည်။ ကျွန်တော့်စီးကရက်ကို မီးညှိပြီး မီးခြစ်ကို မီးမငြိမ်းသေးဘဲ သူ့ဘက်သို့ကမ်းပေးလိုက်ရာ သူလည်း မီးညှိမွှာရှိုက်လိုက်ပြီး ကျွန်တော့်စကားကို စောင့်နေသည်။ ကျွန်တော်က စီးကရက်မီးခိုး မှုတ်ထုတ်လိုက်ပြီး

'ဒီမှာ မင်းကို သိက္ခာချတာမဟုတ်ဘူး၊ မင်းသိက္ခာကို ပြန်တင်တာ မင်းကိုတင် မဟုတ်ဘူး၊ မင်းအပေကိုရော မင်းတို့ တစ်ဆွေလုံးတစ်မျိုးလုံးကိုရော တို့မြန်မာ တစ်မျိုးသားလုံးကိုပါ သိက္ခာပြန်တင်ပေးတာ၊ မင်းနားလည်ရဲ့လား၊

'တို့နိုင်ငံမှာ အလုပ်လုပ်စားစရာ နေရာမရှိလို့ ဒီမှာလာပြီး အလုပ်လုပ်နေကြတယ်လို့ အထင်ခံရမယ်၊ မြန်မာပြည်မှာ ခေတ်ပညာတတ်လူငယ်တွေ လေလွင့်ပြီး ဦးနှောက်ယိုစီးမှုတွေ ဖြစ်နေတယ်လို့ အထင်ခံရမယ်၊ မြန်မာပြည်မှာ စားဝတ်နေရေး ကျပ်တည်းလို့ အရာရှိကြီးတွေရဲ့ သား

www.burmeseclassic.com

www.burmeseclassic.com



သမီးတွေ နိုင်ငံခြားသင်္ဘောတွေမှာ အနိမ့်ဆုံးအဆင့် အနိမ့်ဆုံး လစာနဲ့ လာပြီး အလုပ်လုပ်နေကြရတယ်လို့ အထင်ခံရမယ်၊ မင်း မပြောတတ် မဆိုတတ်တာတွေကြောင့် တို့တိုင်းပြည်နဲ့ လူမျိုးပါ အထင်အမြင်အသေး ခံရမယ်၊ မင်း အဲဒါတွေ ထည့်တွက်မိရဲ့လား'

မောင်အောင်မျိုးသန့်က မျက်စိ ကလယ် ကလယ်နှင့် ကျွန်တော့်ကို ကြည့်နေသည်။

'မင်းက မင်းလုပ်နေရတဲ့အလုပ်ကို သေးသိမ်တယ်၊ ဂုဏ်ငယ်တယ် ထင်ပြီး မင်းကို သူများအထင်ကြီးအောင်၊ မင်းအကြောင်းတွေ မင်း ဖော်ပြော နေတယ်၊ မင်းပြောတာတွေအားလုံး အမှန်တွေချည်းပဲဆိုတာ ငါ သိတာပေါ့၊ ဒါပေမယ့် မင်းအကြောင်းကို မင်းကိုယ်တိုင်ပြောလို့သိတာနဲ့ ငါက တစ်ဆင့် ပြောပြလို့သိတာချင်း မတူဘူးကွ၊ လူတစ်ယောက်ရဲ့ အကြောင်းဆိုတာ ဖော်မပြောလဲ တစ်နေ့ကျရင် သူ့အလိုလို သိလာကြတာပါပဲ၊ အဲဒီလို ကိုယ်တိုင်မပြောဘဲ သူ့အလိုလိုသိတာမှ တန်ဖိုးရှိတာ'

ကျွန်တော်က ပြောချင်နေသည်မှာ ကြာပြီဖြစ်သော စကားများဖြစ်၍ အားပါးတရ ပယ်ပယ်နယ်နယ် မျက်နှာကို လက်ညှိုးထိုး၍ တစ်လုံးချင်း ပြောချလိုက်သည်။ သူ ခေါင်းငုံ့ပြီး နားထောင်နေသည်။

'ဒီမှာ၊ စားပွဲပဲထိုးထိုး၊ အိမ်သာပဲဆေးဆေး၊ အလုပ်ဟာ အလုပ်ပဲကွ၊ ခိုးစားတာ ဓားပြတိုက်စားတာ မဟုတ်ဘူး၊ ရိုးရိုးသားသားလုပ်စားတာ ဘာအလုပ်ပဲဖြစ်ဖြစ် အလုပ်ကိုတန်ဖိုးထားပြီး လုပ်တဲ့လူမှာ အလိုလိုဂုဏ်ရှိ နေတာပဲ၊ မင်း အလုပ်ကို မင်း ကြိုးကြိုးစားစားနဲ့ မှိန်မှိန်ကုပ်ကုပ်နေရင်းက မင်းဘဝအဖြစ်မှန်ကို သူတို့ သိလာတဲ့တစ်နေ့မှာ မင်းကို ရိုသေလာမယ်၊ လေးစားလာမယ်၊ မင်း ကိုယ့်အလုပ်ကျတော့ အလေးမထားဘဲ၊ အခုလို မင်းအကြောင်းကိုပဲ ဖော်ပြောနေလို့ ရိုသေလေးစားလာမယ် ထင်လို့လား၊ မင်း အခု လစာဘယ်လောက်ရသလဲ၊ ကဲ၊ ငါ့ပြောစမ်းပါဦး'



'ကျွန်တော့်လစာရင်း ၁၅၀၊ ပင်လယ်ပြင်ကြေးနဲ့ အချိန်ပိုလုပ်ခပါ ဆိုရင် အားလုံး သုံးရာရပါတယ်'

သူပြောသည့် သုံးရာဆိုသည်မှာ အမေရိကန်ဒေါ်လာ ဖြစ်သည်။ မြန်မာငွေ တစ်လကိုနှစ်ထောင်ကျော် အသားတင် ဝင်ငွေရှိသော အကောင်ရ် ဖြစ်သည်။ သူ့အဖေ ညွန်ကြားရေးမှူး သူ့လောက် ဝင်ငွေမများသည်မှာ သေချာသည်။

'မင်း အခု တစ်နှစ်ပြည့်တော့မယ်၊ မင်း လက်ထဲမှာ ပိုက်ဆံ ဘယ်လောက်စုမိပြီလဲ'

'စုမိဖို့ နေနေသာသာ အစ်ကိုကြီးရာ၊ ကြွေးတောင်တင်နေပါ သေးတယ်'

'ဟင် မင်းဟာကလဲကွာ၊ မင်း မူရင်းလစာ ၁၅၀ ဆိုတော့ မိသားစု လွှဲငွေ ၇၅ ဒေါ်လာနုတ်ပြီးရင် ဒေါ်လာနှစ်ရာကျော်တောင် ကျန်သေးတာ၊ မင်း ဘာတွေလုပ်ပစ်နေလို့လဲ'

'ဘာတွေကုန်မှန်းလဲမသိပါဘူး အစ်ကိုကြီးရာ၊ အမျိုးသမီးဆီက စာမလာတာလဲ သုံးလကျော်ပြီ၊ ကျွန်တော်လဲ စိတ်ညစ်ပြီး အကုန်ဖွတ်လုပ် နေတာပဲ၊ ဒီကြားထဲ မာမီက ပိုက်ဆံဘယ်လောက်စုမိပြီလဲဆိုပြီး အမြဲ စာရေးပြီး မေးတယ်၊ အိမ်ကို ဖုန်းဆက်ခိုင်းတယ်'

အောင်မျိုးသန့် လူပျိုဖြစ်သည်။ အမျိုးသမီးဆိုသည်မှာ သူ့ ရည်းစား ဖြစ်သည်။ ရည်းစားဆီက စာမလာ၍ အိမ်ပြန်ချင်သည်။ စိတ်ညစ်ပြီး အရက်သောက်သည်။ ဘိန်းရှုသည်။

'ကဲ၊ မင်း ဘာဖြစ်ချင်သလဲ၊ ဘာလုပ်ချင်သလဲ၊ ငါ့ပြောစမ်းကွာ၊ ငါ ဆိုလိုတာက မင်း အလုပ်သင်အရာရှိ ပြီးတော့ တစ်ခါ တတိယအရာရှိ အဲဒီလို အဆင့်ဆင့်ဖြစ်ချင်သလား'

'အဲဒါတွေ ဖြစ်မလာလို့ အခု စိတ်ညစ်နေတာပေါ့ အစ်ကိုကြီးရာ၊ ကဒက်နဲ့ထွက်လာပြီး စားပွဲထိုးလုပ်နေရတယ်ဆိုတော့ အစ်ကိုကြီးပဲ စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး၊ ကျွန်တော့် အမျိုးသမီးကလဲ ဒီအကြောင်းတွေ သိသွားလို့နဲ့ တူပါတယ် အစ်ကိုကြီးရာ၊ စာကိုမလာတော့ဘူး’

စီးကရက်တိုကို ပြာခံခွက်ထဲမှာ ထိုးချေလိုက်ရင်း ခံပြင်းသည့်လေသံဖြင့် ပြန်ဖြေသည်။

‘ဒီမှာ ညီလေး၊ လောကကြီးမှာ ကိုယ်ဖြစ်ချင်တိုင်းသာ လွယ်လွယ်ကူကူ ဖြစ်ကြမယ်ဆိုရင်လေ စစ်တပ်တွေထဲမှာ ရိုးရိုးရဲဘော်ဆိုတာ ရှိတော့မှာမဟုတ်ဘူး၊ အကုန်လုံး စစ်ဗိုလ်တွေချည်းဖြစ်နေမှာပဲ၊ တိုင်းပြည်မှာလဲ သာမန် လုပ်သားပြည်သူတွေ ရှိတော့မှာမဟုတ်ဘူး၊ အကုန်လုံး ဝန်ကြီးချုပ်နဲ့ သမ္မတတွေချည်းနေမှာပဲ၊ ကမ္ဘာကြီးမှာလဲ လူသားတွေ တစ်ယောက်မှနေကြတော့မှာ မဟုတ်ဘူး၊ အကုန်လုံး နတ်ပြည်နဲ့ နိဗ္ဗာန်ကို ပြောင်းရွှေ့နေထိုင်ကြတော့မှာပေါ့ကွာ၊

‘မင်းဘဝ တိုးတက်မှုအတွက် မင်းကိုယ်တိုင်ကြိုးစား ရလိမ့်မယ်၊ ဘယ်အရာကိုမှ မကြိုးစားဘဲမရနိုင်ဘူးကွ၊ နတ်ဒေဝါဖန်ဆင်းလို့ ဖိုးလမင်း ဖြစ်ခဲ့ရင်လဲ ကိုယ်ပိုင်အရည်အချင်း မရှိတဲ့အတွက် မကြာခင် တိမ်ဖုံးသွားမှာပဲ၊ မင်းဘဝ အလင်းရောင်ရဖို့အတွက် မင်းမှာ ကြိုးစားမှုတွေ လိုအပ်နေတယ်၊ ကဲ တိုတိုပဲပြောမယ်ကွာ၊ မင်း ငါ့စကား နားထောင်မလား’

‘ပြောပါ အစ်ကိုကြီး၊ ကျွန်တော် နားထောင်ပါ့မယ်’

စိတ်ဝင်စားစွာ နားထောင်နေရင်းမှ မဆိုင်းမတွပင် အဖြေပေးရှာပါသည်။

‘ကဲ၊ ကောင်းပြီ၊ ဒီလကစပြီး မင်းလစာကို ထုတ်ပြီးတာနဲ့ ငါ့ကို အပ်ရမယ်၊ မင်း အထွေထွေလိုရာသုံးဖို့ ၂၅ ဒေါ်လာချန်ထားပြီး၊ လစဉ် ဒေါ်လာ နှစ်ရာ ငါ့ကို အပ်ထားရမယ်၊ သဘောတူလား’

သူ့လစာ သုံးရာမှာ မူရင်းလစာ တစ်ရာငါးဆယ်၏ ငါးဆယ် ရာခိုင်နှုန်း ဖြစ်သော ၇၅ ဒေါ်လာကို ကုမ္ပဏီမှ ဖြတ်ယူထားပြီး သူ့မိခင်



နာမည်ဖြင့် မိသားစုလွှဲငွေအဖြစ် ရန်ကုန်သို့ လစဉ်ပို့ပေးနေသည်။ ကျန်သည့် ၂၂၅ ဒေါ်လာကို တစ်ပြားမကျန် အကုန်လုံးသုံးပစ်နေသူ ဖြစ်သည်။

‘လုပ်ပါ၊ အစ်ကိုကြီး ကောင်းမယ်ထင်သလို လုပ်ပါ၊ ကျွန်တော် သဘောတူပါတယ်’

‘အေး၊ မင်းပိုက်ဆံကို ဘဏ်တစ်ခုမှာ ငွေစုစာအုပ်နဲ့ စုပေးထားမယ်၊ လစဉ် မင်းကိုပြမယ်၊ တစ်လကို ဒေါ်လာနှစ်ရာစုပြီး နောင်နှစ် ဒီလိုအချိန်မှာ မင်း ရန်ကုန်ကိုပြန်၊ မင်းကို မာဇဒါပရက်စ်တို ကားတစ်စီးဝယ်ပေးလိုက်မယ်၊ ငါတော့ မပြန်သေးဘူး၊ မင်း ရန်ကုန်မှာ ဖောရင်းမိတ် (Foreign Mate) ဝင်ဖြေပါ၊ အခုအချိန်ကစပြီး စာကျက်ပါ၊ မှတ်ပါ၊ လေ့လာပါ၊ ဒီအချိန်ဟာ မင်းအတွက် လက်တွေ့ကျကျလေ့လာဖို့အခွင့်ကောင်းရနေပြီပဲ၊ မင်းရဲ့ သဘောသား မှတ်တမ်းစာအုပ်မှာ စားပွဲထိုးအစား အလုပ်သင်အရာရှိ မှတ်တမ်းတင်ပေးဖို့ ကပ္ပတိန်ကို ငါ ပြောပေးမယ်၊ အဲဒါ ငါ တာဝန်ယူတယ်၊ မင်းကလဲ ကြိုးစားပြပါ၊ ကပ္ပတိန်က မင်းကို အားပေးမှာပါ’

ကုလားထိုင်မှာထိုင်လျက် ဒူးနှစ်ချောင်းပေါ်တွင် တံတောင်နှစ်ချောင်း ထောက်ပြီး ဝဲယာ ပါးနှစ်ဖက်ကို လက်ဝါးဖြင့် အုပ်လျက် ခေါင်းငုံ့ပြီး နားထောင်နေသည်။

‘ပြီးတော့ မင်းရဲ့ အပြုအမူအပြောအဆိုတွေကို ဒီနေ့ကစပြီး ပြင်ပါ၊ မင်းဟာ အရည်အချင်းရှိတဲ့ လူငယ်တစ်ယောက်ဆိုတာ ငါ မြင် ကတည်းက အကဲခတ်မိတယ်၊ မင်းဘဝကို မင်း မကျေနပ်လို့ မင်းစရိုက်နဲ့ မကိုက်ညီတဲ့ အမူအကျင့်တွေ လုပ်နေတယ်ဆိုတာ ငါ ရိပ်စားမိတယ်၊ အဲဒါ မင်းရဲ့ အမိကအမှားပဲ၊ လူဆိုတာ ဘဝနာရင် ပိုပြီး ကြိုးစားရတယ်၊ ကြိုးစားတဲ့ လူ အဖို့မှာ ဘဝနာလေ ပိုပြီး အောင်မြင်လေပဲ၊ မင်း အရည်အချင်းနဲ့ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလေးကြိုးစားလိုက်ရုံနဲ့ မင်းမျှော်မှန်းတဲ့ ပန်းတိုင်ကို ရောက်သွားမယ်၊ မင်း ဖြစ်နိုင်တယ်၊ ငါ သိတယ်၊ ဘယ့်နှယ်လဲ ကြိုးစားနိုင်ပါ့မလား'

မောင်အောင်မျိုးသန့်၏ ပါးစပ်မှ ဘာအဖြေမှ မထွက်လာဘဲ ခေါင်းကြီးငုံ့ထားသည်။ အဖြေပေးရန် စဉ်းစားနေသည်ဟု ကျွန်တော်ထင်မိသည်။ မကြာမီ ခေါင်းငုံ့ထားသည့် သူ့မျက်လုံးဆီမှ မျက်ရည်တစ်ပေါက် ကြမ်းပြင်ပေါ်သို့ တောက်ခနဲ ကျလာပါတော့သည်။

သူ ဘာကိုများ ဝမ်းနည်းသွားပါလိမ့်ဟုလည်း တွေးလိုက်မိပါသည်။

မကြာမီ ထိုင်နေရာမှ မတ်တတ်ရပ်၍ ဖိနပ် ချွတ်လိုက်ပြီး ကြမ်းပြင်မှာ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီ၍ ကျွန်တော့်ကို ဦးချကန်တော့ပါလေတော့သည်။

ပါးစပ်မှလည်း

'ကျွန်တော် ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ် အစ်ကိုကြီး၊ အစ်ကိုကြီးဟာ ကျွန်တော့်အတွက် အမိကလွဲရင် အမိ၊ အဖကလွဲရင် အဖ၊ ကျွန်တော့် ဘဝကို လမ်းပြပေးတဲ့ ဆရာဆိုရင်လဲ မမှားပါဘူး၊ ကျွန်တော့်ကို အခုလို ဘယ်သူမှ နည်းပေးလမ်းပြ မဆုံးမကြပါဘူး၊ အစ်ကိုကြီး အခုလို ဆုံးမစကားပြောပြီး ကျွန်တော့်ဘဝအတွက် ကူညီတာကို ကျေးဇူးတင်တဲ့ အတွက် ကျွန်တော် ဦးချကန်တော့ပါတယ်၊ ကျွန်တော် ကံသုံးပါးနဲ့ပြစ်မှားမိခဲ့သည်များ ရှိပါကလဲ ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းငှာ ကျွန်တော် လက်အုပ်မိုးလို့ ရှိခိုးပါတယ် အစ်ကိုကြီး'

ပါးစပ်က ပြောပြီးသည်နှင့် ထပ်မံ၍ ဦးသုံးကြိမ်ချပြန်သည်။ ကျွန်တော့်မှာ အံ့သြဝမ်းသာသွားပြီး ဘာပြန်ပြောရမှန်းမသိ ကြောင်တောင်တောင် ဖြစ်နေသည်။ ဦးချကန်တော့လာသူကို ထိုက်သင့်သည့် ပဋိသန္ထာရ ဆုပေးစကားလေးပင် မချီးမြှင့်နိုင်ဘဲ ရင်ထဲမှာ ဝမ်းသာဆို့နင့်ပြီး ကျွန်တော့်



မျက်ဝန်းအိမ်မှာ မျက်ရည်စတွေ ခိုတွဲ၍ နှာရည်ယိုရုံ ဖြစ်လာပါသည်။ ရင်ထဲမှာ ရှိုက်ဖို၍ အတွင်းလှိုက် ငိုနေမိပြီဖြစ်ကြောင်း သတိပြုမိလိုက်ပါသည်။

မောင်အောင်မျိုးသန့်၊ နတ်ဒေဝါဖန်ဆင်း၍ မိုးလမင်းဖြစ်လာသူ၊ မိုးပေါ်က ကြယ်ကလေး တိမ်သလ္လာဖုံးနေစဉ်က သူ့ဘဝ လမင်းမသာနိုင်ခဲ့၊ ယနေ့ အမှန်မြင်၊ အမှန်သိ၍ သတိတရားရသွားပြီဖြစ်သဖြင့် ကြိုးစားမှုနှင့် ပေါင်းစပ်မည်ဆိုပါက သူ့ဘဝမှာ လမင်းတစ်ရာ သာပါတော့မည်တကား။

[အသွေရာစာစောင်။ ဇူလိုင်၊ ၁၉၉၆]

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာစာချုပ် ဆွဲဆုတ်ချင်သည်

တစ်ညနေခင်း ညစာထမင်းစားပြီး၍ ရေမွှေးကြမ်းသောက်နေစဉ် လမ်းထဲရှိ တစ်အိမ်ကျော်မှ မအေးပို၏ အော်ကြီးဟစ်ကျယ် အသံကြား၍ ကျွန်တော့်ဇနီး မဖြူတုတ်က

'စာရေးဆရာအိမ်က ဘာဖြစ်ပြန်ပြီလဲမသိ၊ နားထောင်ကြစမ်း' ဆိုပြီး ရေဒီယိုကိုပါ အသံတိုးပစ်လိုက်၍ ကလေးတွေပါ အားလုံးငြိမ်ပြီး နားစွင့်ထောင်နေကြသည်။

မအေးပို၏လင်တော်မောင် ကျွန်တော့်မိတ်ဆွေ ထွန်းအောင်တင်ခေါ် စာရေးဆရာ၏ အသံကို မကြားရသော်လည်း မအေးပို၏ ဒိုင်သံပါကြီးက ဆက်လက်ထွက်ပေါ်လာသည်။

'တိုးတိုးမပြောနိုင်ဘူး၊ ကျယ်ကျယ်ပြောရမယ်၊ လူကြားမှာတော့ ရှက်တယ်၊ မယားငယ်ယူတာတော့ မရှက်ဘူးလား'

ဟုတ်ပါပြီ။ သဘော်သား စာရေးဆရာပေါက်စ၊ နိုင်ငံခြားက ပြန်ရောက်လာပြီးမှ မိန်းကလေးတစ်ယောက်နှင့် ခြေပုန်းခုတ်နေတာ ကြာပြီ။ ကားရောင်းထားသည့် ငွေယားကလေးကလည်းရှိနေတော့ ကိုယ့်ရုပ် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်မကြည့်ဘဲ ရုပ်ရှင်မင်းသားပဲ လုပ်တော့မလိုလို၊ ရုပ်ပြစာအုပ်ပဲ ကိုယ်တိုင်ထုတ်တော့မလိုလို ပြောနေသည်မှာ ကြာပေပြီ။

သဘော်သား ဈေးကောင်းသည့်ကာလမို့ နိုင်ငံခြားပြန်သဘော်သားစာရေးဆရာ မျိုးနန္ဒာဆွေဆိုလျှင် ကျွန်တော်တို့ ရပ်ကွက်တွင် ကလေးကခွေးကအစ အားလုံးက သိကြပါသည်။

ခွေးများတောင် သိသည်ဆိုတော့ ကျွန်တော်လည်း သိပါသည်။ တစ်ရပ်ကွက်တည်း တစ်လမ်းတည်းမှ တစ်အိမ်ကျော်တွင်နေသော သောက်ဖော် စားဘက်ဖြစ်၍ ကျွန်တော်က ပိုသိပါသည်။ သဘော်မလိုက်မီက လူနာမည် ထွန်းအောင်တင်ဖြစ်သည်။ နိုင်ငံခြားကပြန်ရောက်ပြီး မကြာမီ စာစောင်ငယ်တစ်ခုမှာ ဝတ္ထုတိုနှစ်ပုဒ်ခန့်ပါလာပြီးမှ စာရေးဆရာ မျိုးနန္ဒာဆွေဟု ရပ်ကွက်က သိလာခြင်းဖြစ်၏။

ထွန်းအောင်တင်ကို စာရေးဆရာဟု ရပ်ကွက်က သိလာရခြင်းမှာလည်း ရပ်ကွက်သူ ရပ်ကွက်သားများ စာလေ့အဖတ်များ၍ မဟုတ်၊ ကျွန်တော်တို့ရပ်ကွက်သည် စာမဖတ်၊ စာအုပ်ဆိုလျှင် ကုန်ဝယ်စာအုပ်မှလွဲ၍ အခြား ဘာစာအုပ်မှ မဖတ်၊ စာရေးဆရာကိုယ်တိုင်က သူ့ရေးသောဝတ္ထုပါလာသည့် စာစောင်ကိုကိုင်၍ အိမ်တိုင်ယာရောက် တံခါးပေါက်စေ့အောင် လိုက်ပြသဖြင့် သိသွားခြင်းဖြစ်သည်။

ယခင်က ကုလားသူဌေး၏ ယာဉ်မောင်း ထွန်းအောင်တင် ဘဝမှ ယခု နိုင်ငံခြားပြန် သဘော်သားစာရေးဆရာ မျိုးနန္ဒာဆွေ ဖြစ်နေပါပြီ။

ထွန်းအောင်တင်ဆိုသော အမည်မှာလည်း မိဘေး ဖပေး ရှေးမူလနာမည်ရင်းမဟုတ်ဟု သိရသည်။

ကိုထွန်းအောင်တင်ခေါ် မျိုးနန္ဒာဆွေ ဘယ်လိုပင် အောက်ခြေလွတ်သည်ဖြစ်စေ ကျွန်တော့်အတွက်မူ အားကိုးလောက်သူ တစ်ယောက်ဖြစ်၏။ မရှိလျှင် ထုတ်ချေးသည်။ သောက်ချင်သည်ဆိုလျှင် ဝယ်တိုက်သည်။ ပေးနိုင်ကမ်းနိုင် ကျွေးနိုင် မွေးနိုင်သည်ဟု အထင်ကြီးခံချင်သည်။ ကျွန်တော်



ကလည်း သူ့ကို လူများရှေ့မှာဆိုလျှင် ဆရာလို့ မခေါ်ရုံတစ်မည်သာ ဆက်ဆံသည်။

သူ့အကြောင်း စဉ်းစားနေဆဲမှာပဲ ထွန်းအောင်တင်၏မသဲကွဲသည့် လျှောက်လဲသံကို ကြားရသည်။ လူကြားမှာစိုး၍ တိုးတိုးလေးပြောနေသဖြင့် ဘာပြောမှန်း မသိရ၊ သို့သော် မအေးပို၏ ငိုသံပါကြီးကတော့ ယခင်က ထက်ပင် ပိုကျယ်လာပါသည်။

'မပြစ်ခင်က ရှင် စဉ်းစားပါလား၊ ရှင့်သမီးကို သူများက အဲဒီလိုစော်ကားရင် ရှင် ဘယ်လိုနေမလဲ၊ မလိုဘူး၊ ကျုပ်အိမ်မှာ ကျုပ်အလုပ်ကို ကျုပ် နိုင်နိုင်နင်းနင်း လုပ်နိုင်တယ်၊ မယားငယ်လဲ မလိုဘူး၊ အိမ်ဖော်လဲ မလိုဘူး၊ စိတ်ကြီးဝင်ပြီး စိတ်ကူးယဉ်လိုက်တာ၊ ရှင့်ကားရောင်းထားတဲ့ ပိုက်ဆံကကော ဘယ်သောက်များ ကျန်သေးတယ် ထင်လဲ'

မအေးပို၏ စကားမဆုံးခင်မှာပင် ဝုန်းဝုန်းဒိုင်းဒိုင်း အသံတွေ ကြားလိုက်ရသည်။ ကလေးတွေလန့်ပြီး ငိုသံနှင့်အတူ မအေးပို၏ မချိတင်ကဲ အသံဖြင့် ပြောငိုသံကြီးကိုပါ ကြားလိုက်ရသည်။

'သတ် သတ်၊ သေသွားရင် အေးတယ်၊ ဟီး ဟီး'

လွန်ကျူးကုန်မှာစိုး၍ ဆွဲရန်လွဲရန် ထလိုက်သွားမည်ပြုသေးသည်။

'ဟိုလူကြီးနော်၊ သူများ လင်မယားကြားမှာ ဘာသွားရှုပ်ဦးမလို့လဲ၊ ထိုင်နေစမ်းပါ'

မပြုံးတုတ်က လှမ်းဆွဲလိုက်၍ ထိုင်လိုက်ရသည်။ ကျွန်တော် တစ်ယောက်လုံး အိမ်မှာ ရှိနေပါလျက် လက်ပိုက်ကြည့်နေ၍ မသင့်ဟု ထင်သည်။

ထိုအခိုက်မှာပဲ သူတို့သမီးအကြီးမ ရှစ်တန်းကျောင်းသူ မူယာအောင် ကျွန်တော့်အိမ်ရှေ့ ရောက်လာသည်။

'ဦးလေး၊ အမေက အားရင် အိမ်ကို ခဏကြွပါတဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေးခမျာ မျက်နှာမသာရှာ၊ ကျွန်တော့် သမီးတွေနှင့် အတန်းတူ ကျောင်းနေဘက်များဖြစ်၍ သားသမီးချင်း ကိုယ်ချင်းစာပြီး ကလေးတွေကို သနားမိသည်။ ခေါ်နိုင်းသည်ဆိုတော့ လိုက်သွားမှဖြစ်တော့မည်။ မဖြူ၏ ခွင့်ပြုချက်ရယူရန်အတွက် မျက်နှာကို လှမ်းကြည့်လိုက်တော့ မဖြူမှာလည်း မအေးပိုကို မိန်းမချင်း ကိုယ်ချင်းစာပြီး သနားနေဟန်တူသည်။ ဒါနဲ့ ကျွန်တော် ဆင်းလိုက်သွားပါသည်။

သူတို့အိမ်ပေါ် လှမ်းတက်လိုက်တော့ မြင်ကွင်းက ရင်နင့်စရာ ကလေးငါးယောက်စလုံး အိမ်ခြေရင်းထောင့်မှာ စုထိုင်နေကြသည်။ အလတ်မ သူဇာအောင်က အငယ်ဆုံးကောင်လေးကို ထမင်းခွံ့နေသည်။ မအေးပိုက ဆံပင်စုတ်ဖွားဖြင့် ကက်ဆက်တင်ထားသည့် စားပွဲခုံခြေထောက်ကို ဖက်ပြီး ခေါင်းငုံ့၍ နှပ်ညှစ်နေသည်။ ထွန်းအောင်တင်က အိမ်ရှေ့ဧည့်ခန်း ပက်လက်ကုလားထိုင်မှာ စွပ်ကျယ်အကျႌလက်ပြတ်နှင့် ကိုယ်ကို မတ်မတ်ထိုင်ပြီး စီးကရက်ဖွာနေသည်။

'လာ ထိုင်ဗျာ၊ ကိုစိုးလှိုင်'

သူ့ဘေးနားက ကုလားထိုင်အလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ အရက်နံ့ရနေသည်။ အပြူတော့ မဟုတ်ရမ် သို့မဟုတ် အခြား နိုင်ငံခြား အရက်တစ်မျိုးမျိုးဖြစ်မည်။

'ဘယ်လိုဖြစ်ကြတာလဲဗျာ၊ ခင်ဗျားတို့ဟာကလဲ စိတ်မကောင်းစရာ'

ကျွန်တော်က တကယ့်ကို စိတ်ထိခိုက်မိ၍ လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။ ထွန်းအောင်တင်က စီးကရက်ဘူးကို ကျွန်တော့်ဘက် တိုးပေးရင်း တစ်စုံတစ်ခုပြောရန် ဟန်ပြင်နေတုန်း မအေးပိုက ငိုမျက်နှာကြီး မော့လာပြီး

'အဲဒီမှာ မယားငယ်ကို အိမ်ပေါ်ခေါ်တင်မလို့တဲ့ ကိုစိုးလှိုင်ရေ၊ လူကြားလို့ ကောင်းကြသေးရဲ့လား၊ ကျွန်မ ရှက်တယ်တော့ ဟီး ဟီး'



ရင်ဘတ်ကို ပတ်မကြီး တီးသလို တီး၍ တဟီးဟီးဖြင့် ရှိုက်နေပါတော့သည်။

ကျွန်တော်က ဒီဇာတ်လမ်းကို အစအဆုံး အကုန်လုံးသိထားသူမို့ ထွန်းအောင်တင်ကို ဘာမှ မေးစရာမလိုသဖြင့် ခေါင်းကိုသာ ငုံ့ထားရတော့သည်။

'အဲဒါသာကြည့် ကိုစိုးလှိုင်၊ စကားကို တစ်ဘက်သတ်ပြောနေတယ်၊ ကျွန်တော့်စကား ဆုံးအောင်ကို နားမထောင်ဘူး၊ ကျွန်တော် မှားပါတယ်လို့လဲ ဝန်ခံပြီးပါပြီ၊ ပြဿနာက နောက်ဆုတ်လို့မရတဲ့ပြဿနာမို့ ကျွန်တော် အနုအညွတ် တောင်းပန်နေပါတယ်ဗျာ၊ ဟိုမိန်းကလေးမှာ ဘာမှမဖြစ်သေးဘူးဆိုရင် ကျွန်တော် နောက်ဆုတ်လို့ရပါတယ်၊ အခုဟာက ထားပါတော့ ကျွန်တော့်အမှားကြောင့် ဟိုတစ်ဖက်သားခမျာ အရှက်ရစရာ ဖြစ်တော့မှာမို့ မိန်းမသားချင်း ကိုယ်ချင်းစာပြီး ခွင့်ပြုဖို့ တောင်းပန်နေတာ မရဘူးဗျာ'

အကြောင်းသိချင်း မအေးပိုရှေ့မှာ ခပ်တည်တည်ပြောနေ၍ မအေးပိုကို သနားသည့်စိတ်ကြောင့် နည်းနည်းခံပြင်းလာသည်။ ယုံလို့ နားထောင်နေတယ်များ အောက်မေ့သလားမသိ၊ ဆက်ပြောသည်။

'ကျွန်တော်ပြောတာက ကိုယ့်ဟာကိုယ် သားကြီးမယားကြီးအဖြစ်နဲ့ အိမ်ဦးခန်းမှာစံပ်နဲ့နေ၊ ဘာမှလုပ်စရာမလို၊ လက်ဆေးပြီး ထမင်းဝင်စားရုံပဲ၊ နောက်ဆုံး ကုန်ကုန် ပြောမယ်ဗျာ၊ သူ့ ထဘီတောင် ဟိုက လျှော်ပေးလာအောင် ကျွန်တော် တာဝန်ယူတယ်၊ ဒါကို ပြောနေတာ'

ကျွန်တော့်ကို ပြောသလိုလိုနဲ့ မအေးပိုကို အချိုးသပ်နေသည်။

'ကိုစိုးလှိုင် မသိလို့၊ အဲဒီမိန်းကလေး မေဘယ်လ်ဟာ ကျွန်တော့် ငယ်ရည်းစားဗျ၊ ပြီးတော့ ကျွန်တော့်ကို အခုလို စာရေးဆရာတစ်ယောက် ဖြစ်လာအောင် စာပေလောကနဲ့ မိတ်ဆက်ပေးခဲ့တဲ့ မိန်းကလေးပါဗျာ၊ ကျွန်တော့်မှာ အဲဒီလို သံယောဇဉ်နဲ့ ငဲ့ညှာစရာလေးတွေကလဲ ရှိနေပြန်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးရိုးမ အနောက်ဘက်ခြမ်းက ကင်းမွန်းချုံသားနဲ့ ရန်ကုန်သူ ငယ်ရည်းစားဖြစ်ရပြန်ပြီ။ မသိရင်ခက်မယ်၊ မေဘယ်လ်ရဲ့ အဆက်အသွယ် အယ်ဒီတာ ဦးခန့်ချောနဲ့ မိတ်ဆွေဖြစ်၊ အရက်တိုက်၊ မဂ္ဂဇင်းတိုက်ပိုင်ရှင် အဘွားကြီးကို နိုင်ငံခြားပြန် လက်ဆောင်တွေပေးနိုင်လို့ အားနာပါး၊ နာ ဝတ္ထုနှစ်ပုဒ်လောက် ထည့်ပေးလိုက်တာကို မသိတာကျနေတာပဲ။ ဒါတော့ အယ်ဒီတာက ဖတ်ကောင်းအောင် အများကြီး ပြုပြင်ထားတာနဲ့ တူတယ် ရက်ချည်ထက် ဟချည်က များနေသလား မသိ။

နိုင်ငံခြားမှာ ရေးလာသည်ဆိုသော ဝတ္ထုဆောင်းပါးဆိုသည့် စာ တွေနှင့် ဓာတ်ပုံတွေ ကျွန်တော့်ကို ပြဖူးသေးသည်။ သူရောက်ခဲ့သည့် နိုင်ငံ များတွင် Business Girl ခေါ် အပျော်မိန်းကလေးများနှင့် မည်သို့ပျော်ခဲ့ပုံ နိုက်ကလပ်တွေမှာ မှုးမှုးနှင့် ဝင်ကခဲ့ပုံများကို ဝါကျအရှည်ကြီးများဖြင့် ရေးသားထားသည်။

'ဘာပဲဖြစ်ဖြစ်ဗျာ၊ ခင်ဗျားပြောသလို အောက်ဆုတ်လို့ မရဘူးဆိုရင် မအေးပိုအတွက် နိုင်မာတဲ့ ဘဝအာမခံချက်တစ်ခုတော့ ခင်ဗျားဘက်က လုပ်ပေးသင့်တယ်လို့ ကျွန်တော် ထင်တယ်'

မအေးပိုကို သတိပေးသည့်အနေဖြင့် ကျွန်တော်က ထောက်ပေး လိုက်ခြင်း ဖြစ်သည်။ ဆင်းရဲခဲ့ကြစဉ်က ဒုက္ခခံခဲ့တဲ့ သားကြီး မယားကြီး ကိုသာ အကျိုးခံစားစေချင်သည့် စေတနာလည်း ပါသည်။

'ရပါတယ် ကိုစိုးလှိုင်၊ ဒါက သူ့သဘောပါ၊ အိမ်နဲ့ အတွင်းပစ္စည်း အားလုံး သူ့နာမည်နဲ့ လွှဲဆိုလဲ လွှဲပေးမယ်၊ ကလေးတွေနာမည်နဲ့ထားဆိုလဲ ထားပေးမယ်၊ ဟိုအမျိုးသမီးကလဲ ဒါတွေ မက်မောလို့ ကျွန်တော့်အလ လိုက်ခဲ့တာ မဟုတ်ပါဘူးဗျာ'

အရေးထဲမင်္ဂလာယူနေပြန်ပြီ၊ လူကိုမက်လို့ချစ်တာလို့ ဆိုလိုဟန် တူပါရဲ့၊ ရောဂါကတော့ လောလောဆယ် ကုလို့ရမည့် လက္ခဏာမမြင်



အနာတက် ဆေးချက်မရှိ ဖြစ်နေပြီ။ မေဘယ်လ်နှင့် နေရလျှင် ပြီးရောလို့ သဘောထားဟန်တူသည်။

'ကိုစိုးလှိုင်၊ အခြေအနေကတော့ ကျွန်မ သဘောမတူလဲ သူလုပ် ချင်တာ လုပ်တော့မှာပဲ၊ အဲဒီတော့ အခုရှုပ်မှနောင်ရှင်း ကျွန်မကိုကူညီပါ၊ နက်ဖြန်မနက်ပဲ ရပ်ကွက်လူကြီးတွေရှေ့မှာ ကျွန်မ စာချုပ်ချင်တယ်၊ အဲဒါ လုပ်ပေးပါ'

သူ့စကားနဲ့သူ မိသွားပြီဖြစ်သည့်အပြင် ဒီအချက်ကို မလိုက်လျောပါ ကလည်း သူ့ကိစ္စမှာ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေမှာစိုး၍ ထင်ပါရဲ့

'လုပ်လို့ ငါ ပြောတယ် မဟုတ်လား၊ လုပ်ပါ၊ နက်ဖြန်မဟုတ် အခုညလုပ်လဲ ရတယ်'

သည်လိုနှင့် နောက်တစ်နေ့တွင် သူတို့နှစ်ဦး လူကြီးစုံရာနှင့် သဘောတူစာချုပ် ချုပ်ကြသည်။ ညနေစောင်းတွင် ထွန်းအောင်တင် တစ်ယောက် ဝတ်ကောင်းစားလှ ဝတ်၍ ကိုမ်းခ်ဘွန်း အိတ်ဆွဲပြီး မြို့ထဲ ထွက်တာ တွေ့လိုက်ရသည်။ အိမ်မှာ ထမင်းမစား။ သူ့အတွက်လဲ ထည့် မချက်ဘူးနဲ့ တူပါတယ်။

မနေ့ညကလည်း မြို့ထဲမှာအိပ်သည်ဟု သိရသည်။ မေဘယ်လ်နဲ့ အတူ တစ်နေရာမှာရှိမှာပေါ့။ အခုလည်း သွားပြန်ပြီ။ မအေးပို၏ တရားဝင် ခွင့်ပြုချက် ရထားပြီဖြစ်၍ နက်ဖြန်နံနက်တော့ ဖုံတွဲပြန်လာလိမ့်မည်ဟု မျှော်လင့်နေကြသည်။ ကြည့်ချင်သည့် ပရိသတ်က အိပ်ရာထ နောက်ကျ နေလျှင် မမြင်လိုက်ရမှာစိုး၍ စောစောပင် အိပ်ရာဝင်ကြသည်။

စောစော အိပ်ရာဝင်သူတွေထဲမှာ မဖြူတို့သားအမိတွေလည်းပါ သည်။ ကျွန်တော်သာ နေ့လယ်ကအိပ်ထားသဖြင့် မအိပ်ချင်ဘဲ ခြင်ထောင် ထဲ ဝင်လှဲနေရသည်။ တောင်တွေးမြောက်တွေးနှင့် တော်တော်နှင့် အိပ်မပျော်။ ညဆယ်နာရီကျော်လောက်မှာတော့ အိမ်တံခါးကို တစ်စုံတစ်ယောက် လာ ခေါက်နေသဖြင့် ဘယ်သူများပါလိမ့်ဟု အလန့်တကြားမေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ'

'ကိုစိုးလှိုင်၊ ကျွန်တော်ပါ၊ တံခါးခဏ ဖွင့်စမ်းပါဦး'

အသံက တိုးလွန်းသော်လည်း ထွန်းအောင်တင်၏အသံကို ကျက်မိပြီဖြစ်၍ တံခါးရှက်ကို ချက်ဖြုတ်ပြီး လှစ်ပေးလိုက်သည်။ မီးဖွင့်မည်လုပ်တော့ မဖွင့်နဲ့ဟု တားသည်။ စကားပြောရာတွင် အဆင်ပြေစေရန် ဘုရားစင်မီးသီး မှိန်မှိန်လေး ဖွင့်လိုက်သည်။ ဖိနပ်ကြိုးဖြုတ်နေစဉ် ချွေးနံ့နှင့် အရက်နံ့က အိမ်ထဲ အလျှင်ဝင်လာသည်။ ဖိနပ်ချွတ်ပြီးသောအခါ ကြမ်းပေါ်မှာပင် ထိုင်ချပြီး စီးကရက် မီးညှိလိုက်ကြသည်။ မပြုံက စာခြင်ထောင်ထဲမှာပင် ထထိုင်ရင်း နားထောင်နေသည်။

'ပြဿနာတော့တက်နေပြီ ကိုစိုးလှိုင်ရေ့'

ဘာပြဿနာပါလိမ့်၊ မအေးပို စိတ်ပြောင်းသွားပြီး သဘောမတူဟု ပြောပြီလား၊ မေဘယ်လ်က ဒီအိမ်မှာ လိုက်မနေနိုင်ဟု ပြောသလား၊ မအေးပိုကို ပစ္စည်းတွေအကုန်ပေးလိုက်တာကို မကျေနပ်တာလား၊ ဘာများပါလိမ့်။

'ဆိုစမ်းပါဦး၊ ဘယ်လိုဖြစ်လို့လဲ'

'မေဘယ်လ်၊ မှူဆာနဲ့ ခိုးရာလိုက်ပြေးပြီဗျ'

'ဟာ၊ အကျိုးနဲ'

မှူဆာဆိုသည်မှာ သူ့ဆရာ ကုလားသူဌေး၏သား၊ မှူဆာ ခေါ်တင်မောင်မောင်ဖြစ်သည်။ ဂရေစီ ခေါ် ခင်မာသန်း မယားကြီး ရှိသည်။ ကွဲနေသည်ဟုလည်း ထွန်းအောင်တင် ပြောဖူးသည်။

'ဘယ်လိုဖြစ်တာလဲ၊ မနေ့ညနေကပဲ ခင်ဗျားနဲ့ တွေ့ကြသေးသလားလို့'

'ဟုတ်တယ်၊ မနေ့ညက ကျွန်တော်နဲ့အတူ မြနိကုန်းတည်းခိုခန်းမှာ အတူနေပြီး ဒီမနက် လူချင်းခွဲခဲ့ကြတာ'

'ဘယ်လိုဖြစ်လို့လဲ၊ အပြောင်းအလဲက မြန်လှချည်လား'



'ဒီနေ့လုပ်မယ့်အစီအစဉ်တွေကို မနေ့ညက ကျွန်တော်က သူ့ကို ပြောပြတယ်ဗျာ၊ ပထမတော့ သဘောမတူဘူး၊ နောက်တော့ ကျွန်တော်က ရှင်းပြတယ်၊ နောက်တစ်ခေါက် သင်္ဘောလိုက်ပြီးပြန်လာရင် ရတဲ့ အခွင့်အရေးမှန်သမျှ သူ့ဖို့ချည်းပဲ၊ မအေးပိုကို မသကာရင် တစ်ဝက်ပဲပေးရတာပေါ့ဗျာ၊ မအေးပိုဆိုတာက ကျွန်တော်ပြောသလောက်ယုံရမှာ ဟုတ်ဖူးလား၊ အဲဒီတော့မှ သူ သဘောပေါက်ပြီး ကျေနပ်သွားတယ်၊ ဒီနေ့ အဲဒီတည်းခိုခန်းမှာ စောင့်ခိုင်းထားတာ၊ ညရှစ်နာရီထိုးအထိမလာလို့ တောင်ဥက္ကလာ သူနေတဲ့အိမ် လိုက်သွားတော့မှ၊ နေ့လယ်က မှူဆာ ကားနဲ့လာခေါ်သွားတယ်ဆိုတာ သိရတယ်'

ဟုတ်မှာပေါ့၊ မိုးလင်းရင် ဖွတ်ထွက်တော့မယ့်လူနဲ့ တစ်ည အတူနေသွားတာကို ကျေးဇူးတောင် တင်သင့်သေးတယ်။ သေချာပါတယ်၊ ဒါပေမယ့် အားနာပါးနာ သူ့ စိတ်ကောင်းအောင် မေးရသေးသည်။

'ခိုးရာလိုက်သွားတာ ဟုတ်လို့လားဗျာ၊ သူတို့တွေက အစကတည်းက ခင်နေကြတာတွေ၊ ကားကြွစီးသွားတာကို မြင်တဲ့သူတွေက ထင်တာ စွတ်ပြောကြတာနဲ့ တူပါတယ်'

'မှူဆာက မေဘယ်လ်ကို ကြံစည်နေတာ ကြာပြီဗျ၊ ဂရေစီနဲ့ ပြဿနာတက်မှာစိုးလို့ မေဘယ်လ်က အကပ်မခံဘူး၊ အခုတော့ ဟိုအကောင်ကလဲ မယားနဲ့ကွဲသွားပြီ၊ ဒီနေ့တော့ မေဘယ်လ်ကခေါ်လို့ တောင်ဥက္ကလာကို လိုက်သွားတာ ဖြစ်ရမယ်၊ ပိုသေချာအောင်ဆိုပြီး မှူဆာရဲ့အိမ်ကို မှန်းခေါ်ကြည့်တော့ အိမ်ဖော်အဘွားကြီး မှန်းလာကိုင်တယ်၊ တောင်ဥက္ကလာကအပြန် အိမ်ဝင်ပြီး အဝတ်အစားတချို့ ယူသွားသေးတယ်တဲ့၊ မိန်းကလေး တစ်ယောက်ပါတယ်၊ ပြည်ဘက်ကို လေးငါးရက်လောက် အလည်သွားမယ်လို့ အဘွားကြီးကို ပြောသွားတယ်ဆိုတော့၊ ဒါ သေချာနေပြီပေါ့ဗျာ'

သေချာပါတယ်၊ ရှင်းပြနေစရာ မလိုပါဘူး။ ယနေ့ သူဌေးသားကို ကပ်လိုက်ပြီး နက်ဖြန် ဖွတ်ကျားဖြစ်မယ့် သင်္ဘောသားကို ရှု့လိုက်တာ သေချာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့၊ ခင်ဗျားကိစ္စ ဘယ်လိုလုပ်ကြမလဲ'

မဖြူက ရယ်ချင်လို့ထင်ပါရဲ့၊ ထိုင်နေရာမှ လှဲချလိုက်ပြီး စောင်ကို ခေါင်းလုံအောင် ဆွဲခြုံတာ မြင်လိုက်ရသည်။

'အဲဒါ ခင်ဗျားကို မေးမလို့ပေါ့ဗျ၊ ကျွန်တော်မှ မေဘယ်လ်နဲ့ မယူဖြစ်တော့တာ၊ စာချုပ်က ဘယ်တရားဝင်တော့မှာလဲ၊ ဟုတ်ဘူးလား'

ရယ်မိမှာစိုး၍ သတိထားနေတဲ့ကြားက မနေနိုင်၍ ပြုံးပြီး ပြန်ပြော လိုက်ရသည်။

'မပြောတတ်ဘူး ဟူး. ဟူး ဗျ၊ ကျွန်တော်လည်း နားမလည်ဘူး၊ စာချုပ်စာတမ်း ကျွမ်းကျင် နားလည်တဲ့ လူတွေနဲ့ တိုင်ပင်ကြည့်ပါအုန်း ဟုန်း ဟုန်း'

ခေါင်းလုံအောင်ခြုံထားသည့် မဖြူ၏ ဗိုက်ပေါ်မှ စောင်မှာ အိမ်မြှောင် အမြီးပြတ်လို တဆတ်ဆတ်လှုပ်နေသဖြင့် စောင်ခြုံထဲမှာ အားရပါးရ ရယ် နေတာ ဖြစ်လိမ့်မည်။ ထွန်းအောင်တင်က နောက်ခိုင်းထိုင်နေ၍ တော်သေး သည်။

'တိုင်ပင်တာလဲတိုင်ပင်တာပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော်မှ နောက် မိန်းမ မယူဖြစ်တော့တာ၊ ဒီစာချုပ် ဘာတရားဝင်မှာလဲ၊ မအေးပို ဘယ်မှာ ဖွက်ထားလဲမသိဘူး၊ ရှာလို့တွေ့ရင်တော့ ဆွဲကို ဆုတ်ပစ်မယ်၊ သွားမယ်ဗျာ၊ အိမ်ကဟာတွေ အိပ်တောင်ကုန်ကြပြီလား မသိဘူး'

ရှုးဖိနပ်ကို ဖြစ်သလို ထိုးစွပ်ပြီး

'ဂွတ်နိုက် ကိုစိုးလှိုင်'

'ဂွတ်နိုက် ဂွတ်နိုက်'

ဆင်းသွားပြီးမကြာမီ သမီးအကြီး မူယာအောင်ကို အော်ခေါ်နေသံ ကြားနေရသည်။ ဖိနပ်ချွတ်မီးသီး အလျှင်လင်းလာသည်။ တံခါးဖွင့်သံနှင့် အတူ မကြာမီ မီးများပါ ပြန်ပိတ်သွားတာ မြင်လိုက်တော့မှ ကျွန်တော် လည်း ခြင်ထောင်ထဲ ဝင်လှဲလိုက်ပါသည်။



မဖြူမှာလည်း အခုမှ လွတ်လွတ်လပ်လပ် ရယ်နိုင်တော့သည်။ စောင်ခြုံထဲမှာ ကျိတ်ရယ်နေရ၍ မျက်ရည်တွေဘာတွေ ထွက်နေသည်။

'ဟုတ်တော့ ဟုတ်တယ်ကွ၊ အမှန်တော့ ဒီစာချုပ်ဟာ တရားမဝင် တော့ဘူးလို့ ငါ ထင်တယ်၊ သူမှ မယားငယ်မယူဖြစ်တော့တာ'

မအေးပိုကို နောက်ထပ် ဒုက္ခမဖြစ်စေလိုသည့် ဆန္ဒတော့ ကျွန်တော့် မှာ ရှိပါသည်။

'ဘာဆိုင်လို့လဲ၊ သူ့ဟာသူ မယားငယ်ယူချင်လို့ ချုပ်တဲ့စာချုပ်ပဲ၊ ယူဖြစ်တာ မယူဖြစ်တာ သူ့ပြဿနာ၊ လူကြီးတွေ လက်မှတ်ထိုးထားတဲ့ အပြင် အစိုးရစာချုပ် တံဆိပ်ခေါင်းပေါ်မှာရေးထားတာ၊ နှစ်ဦးနှစ်ဘက် လက်မှတ်ထိုးပြီးရင် အတည်ပေါ့'

'နားမလည်ဘဲ ဗွတ်ဗွတ်မပြောစမ်းပါနဲ့၊ စာချုပ်တစ်ခု ဖြစ်ပေါ်လာမှု အကြောင်းရင်း အထက်မမြောက်ရင် အဲဒီ အကြောင်းအပေါ်မှာ အခြေခံပြီး ချုပ်ဆိုတဲ့ စာချုပ်တို့ သဘောတူညီမှုတို့ဟာ အလိုအလျောက် ပျက်ပြယ်သွား တယ်၊ နားလည်လား'

ဟုတ်သလား မဟုတ်သလားတော့ မသိ၊ မဖြူက သူ့လောက် နားမလည်ဟုထင်ပြီး အထင်သေးခံရမှာ ကြောက်၍သာ ဥပဒေသံပါပါဖြင့် ပြောလိုက်ရသည်။ ကျွန်တော်လည်း အတိအကျ မသိ၊ ဒါပေမယ့် မဖြူက အညံ့မခံ ပြန်ပြောသည်။

'မဆိုင်ပါဘူး၊ မဆိုင်ပါဘူး၊ ဒီလိုဆိုမှပဲ ဒီစာချုပ်စာတမ်းတွေဟာ ဘာ အဓိပ္ပာယ်ရှိတော့မှာလဲ၊ ဘာ အားကိုးစရာ ရှိတော့မှာလဲ၊ ကလေး ကစားစရာကျနေတာပဲ၊ ကိုယ့်ဟာကိုယ် လိုတာဆွဲမပြောနဲ့၊ ဟင်း'

ကျွန်တော့်ကို ဒေါနှင့်မောနှင့် ပြန်ပြောသည့်အပြင် မျက်စောင်းပင် ထိုးလိုက်သေးသည်။

'တော်တော့ တော်တော့၊ သူများလင်မယားကိစ္စနဲ့ နင်နဲ့ငါ ရန်ဖြစ်ရလိမ့်မယ်၊ အိပ်ရာဝင်ခါနီး နင်နဲ့ငါ စကားမများချင်ဘူး၊ ပြေပြေ လည်လည်ပဲ အိပ်ရာဝင်ချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုလဲ ဘာမှ လာမပြောနဲ့'

စောင်ခြုံထဲမှ ခေါင်းမထွက်ဘဲပြောပြီး တစ်ဖက်သို့ စောင်းလှည့်၍ ကျောခိုင်းပြီး အိပ်ပျော်သွားပါတော့သည်။

ထွန်းအောင်တင်ရေ၊ မောင်ရင့်မှာတော့ စာချုပ်ကြီးနဲ့မို့ ဒုက္ခ ရောက်ရတယ်။ ကိုယ့်မှာ ဘာစာချုပ်မှမရှိဘဲဒုက္ခရောက်ပြီပာ။ နက်ဖြန်က စပြီး မောင်ရင်တို့ ကိုယ်တို့ရဲ့ သားမယားအပေါ်မှာ မရိုးသားတဲ့ စရိုက်ဆိုး တွေ၊ အကျင့်ဆိုးတွေကို အရှိန်မိပြုပြင်ပြီး အိမ်ထောင်စု သာယာရေး ဆောင်ရွက်ကြစို့ဟု ဆန္ဒပြု တွေးတောရင်း မျက်ကြောစင်းလာပါတော့ သတည်း။

[လုံမလေး ။ ဒီဇင်ဘာ၊ ၁၉၈၈]

## စေတနာ ပိုမိပေလို့

'ခေါက်ခေါက်၊ ခေါက်ခေါက်၊ ခေါက်ခေါက်'

နေ့လယ်စာစားပြီးစ ခေတ္တ အနားယူမှိန်းနေစဉ် အိပ်ခန်းတံခါးကို တစ်စုံတစ်ယောက် လာခေါက်နေသည်။ မျက်ကြောစင်းနေသဖြင့် တံခါး ထမွင့်ရမှာ ပျင်းနေသည်။ နှစ်ချက်ခေါက် ခေတ္တနားစနစ်ဖြင့် စည်းချက် ကျကျ ခပ်မှန်မှန် ခေါက်နေသဖြင့် သိပ်တော့အရေးကြီးဟန်မတူ။ စီးကရက် ချေးမည့်သူလား၊ မီးခြစ်ငှားမည့်သူလား ဖြစ်ရမည်ဟု စိတ်ပျက်ပျက်ဖြင့် တံခါးလှစ်ကြည့်လိုက်ရာ ကျွန်တော်တို့သဘော်မှ ဒုတိယအရာရှိ မစ္စတာ အဲဖရက်ဒ် ဖြစ်နေသည်။

'ဟဲလို'

'ဟဲလို မစ္စတာစိုးမိုး၊ ကျွန်တော့်ကို ဝင်ခွင့်ပြုပါ'


ထုံးစံအတိုင်း ဝင်ခွင့်တောင်းသော်လည်း ရင်းနှီးသူများဖြစ်၍ ကျွန်တော့် ခွင့်ပြုချက်ကိုပင် မစောင့်တော့ဘဲ အခန်းထဲဝင်ထိုင်တော့သည်။

'ဆို ဘာကိစ္စ၊ ကျွန်တော် ခင်ဗျားအတွက် ဘာအကူအညီ ပေးနိုင်ပါ သလဲ'

www.burmeseclassic.com

www.burmeseclassic.com





ပြောရိုးပြောစဉ်အရ အင်္ဂလိပ်ဘာသာစကားမို့ ပြောလိုက်ရသော်လည်း အကူအညီတောင်းလာမှာကိုတော့ ကြောက်သည်။ အထူးသဖြင့် ပိုက်ဆံ ချေးမှာကို ပိုကြောက်သည်။ အဲဖရက်ဒ်သည် အသုံးအစွဲကြီးသလောက် အချေးအငှားထူသူဖြစ်သည်။ ကျွန်တော်တို့ မြန်မာသဘော်သားများမှာ သူတို့နှင့်ပြိုင်ပြီး မသုံးစွဲနိုင်ကြပါ။ မိသားစု လွှဲငွေပို့ပြီး ပိုလျှံငွေလေးကို ကျစ်ကျစ်ပါအောင်လိပ်၍ စုနိုင်ပါမှ တစ်နှစ်ခန့်အကြာတွင် ကားလေးတစ်စီးဝယ်နိုင်သည်။ စုငွေလေးကို မည်သည့်အကြောင်းကြောင့်မျှ အပွန်းအပဲ့မခံဝံ့ကြ။ ဖောင်းကားလာနိုင်ခဲ့သော ပိုက်ဆံထုပ်ကလေးကို သေတ္တာထဲမှ ထုတ်၍ နေ့စဉ် ရေတွက်ကြည့်ရသည်မှာ အမော။ ဒီတော့ ပိုက်ဆံများတော့ ချေးမယ်မကြံနဲ့၊ ကန်တော့ဆွမ်းလောင်းပွဲကြီးမှာ အုန်းသီး၊ ငှက်ပျောသီး အပြင် 'ဆောရီး'ဆိုတာကြီးပါ အပိုထည့်ပေးလိုက်မည်ဟု အသင့်ပြင်ထားလိုက်သည်။

'မစ္စတာစိုးမိုး၊ ပြဿနာတော့တက်ပြီဗျ၊ ဒီမှာ ဖတ်ကြည့်ပါဦး'

စာရွက်တစ်ရွက်ကမ်းပေးသဖြင့် စိတ်မပါ လက်မပါဖြင့် ဆွဲယူကြည့်လိုက်ရသည်။ အင်္ဂလိပ်လိုရေးထားသော စာသုံးလေးကြောင်း ဖြစ်သည်။ ဖတ်ကြည့်လိုက်ရာ တစ်ခေါက်သာ ဆုံးသွားသည် အဓိပ္ပာယ်နားမလည်၊ ဘာဆိုလိုမှန်းမသိ သေစာမှန်းမသိ၊ ရှင်စာမှန်းမသိ၊ ဝမ်းနည်းရမည့်ကိစ္စတွင် လက်ခုပ်တီးမိမည်စိုး၍ သဘောပေါက်အောင် နှစ်ခေါက်သုံးခေါက် ဂရုစိုက် ဖတ်ကြည့်လိုက်ရာ အိပ်ချင်၍စင်းနေသော ကျွန်တော့်မျက်လုံးများ ပြူးကျယ်သွားတော့သည်။

သူ့ဇနီး ရှိုဘာထံမှ ကြေးနန်းစာဖြစ်နေသည်။ သားအငယ်ကလေးနှင့်အတူ ဇန်ကောက်သို့ လိုက်လာမည်၊ လေဆိပ်တွင် ကြိုပါဟု ရေးသားထားသည်။ ရောက်မည့်နေ့နှင့် လေယာဉ် ဖလိုက် နံပါတ်ပါ ဖော်ပြထားသည်။ သူ့အတွက် စိုးရိမ်သွားသော်လည်း 'ကျားငစဉ်းလဲ ဒီပွဲမှာ ချောက်ကျပြီဟဲ့'ဟု မနှာလိုဝန်တိုစိတ်ကလေးကြောင့် ကျိတ်၍ဝမ်းသာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မယားကြီးနှင့် သားသမီးသုံးယောက်ရှိလျက်နှင့် အခြားနိုင်ငံသူ နွန်ဒါကို မကြာသေးခင်ကမှ လက်ထပ်ခဲ့ပြီး သဘော်ပေါ် ခေါ်တင်ထားခဲ့သည်။ နွန်ဒါခမျာ အဲဖရက်ဒ်ကို လူပျိုဟုထင်ပြီး လက်ထပ်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်က နွန်ဒါတို့ တိုင်းပြည်မှ နွန်ဒါ နေထိုင်ရာမြို့သို့ ကျွန်တော်တို့သင်္ဘော ရောက်ရှိသွားခဲ့စဉ်က တနင်္ဂနွေနေ့တစ်နေ့ ဘုရားရှိခိုးကျောင်းတွင် နွန်ဒါနှင့် ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ ထုံးစံအတိုင်း အဲဖရက်ဒ်နှင့် ကျွန်တော်တို့ နွန်ဒါ့အိမ် သွားလည်ကြသည်။ လှသော၊ ဖြောင့်သော၊ ချစ်စရာကောင်းသော နွန်ဒါ့ကို ကျွန်တော်တို့ နှစ်ယောက် တစ်ပြိုင်တည်း ပိုးပန်းကြသည်။ နွန်ဒါ၏ နာမည်အပြည့်အစုံမှာ မီအိနွန်ဒါ (Mei Nunnhda) ဖြစ်သည်။ ကျွန်တော်က အသံ မထွက်တတ်သဖြင့် အမှတ်ရလွယ်အောင် မြန်မာဆန်ဆန် 'မေနန္ဒာ'ဟု စိတ်မှာ မှတ်ထားလိုက်သည်။

ကျွန်တော်နှင့် အဲဖရက်ဒ် နှစ်ယောက်အနက် နွန်ဒါက အဲဖရက်ဒ်ကို ပို၍ အရေးပေးသည်ဟု ကျွန်တော်ထင်သည်။ အဲဖရက်ဒ်က အရာရှိလည်း ဖြစ်သည်။ အသက် သုံးဆယ်ကျော်ရုံလေးမို့ ငယ်ဂုဏ်ကလေးကလည်း ရှိသည်။ ကျွန်တော်က အသက်လေးဆယ်ထဲ ရောက်နေရသည့်အထဲ အသားကမည်း၊ ဗိုက်ကလျှံ၊ နဖူးကပြောင်နေတော့ ဝါသနာပါလို့သာ ပိုးပန်းနေရသည်၊ အားကတော့ မရှိလှ။ အသက်ကြီးသူပီပီ သမာဓိပိုး ပိုးနေရသဖြင့် မျှော်လင့်ချက် အတော်နည်းနေသည်။ နောက်ဆုံးမှာတော့ လက်သွက်ခြေသွက် အဲဖရက်ဒ်က အောင်ပန်းဆွတ်ခူးသွားခဲ့သည်။

အဲဖရက်ဒ်နှင့် နွန်ဒါတို့ ဘုရားကျောင်းမှာ လက်ထပ်သည့်နေ့က သတို့သား၏ လူပျိုရံအဖြစ် ကျွန်တော်တက်ရောက်ခဲ့ရသည်။ လူအိုကို လူပျိုဟု လိမ်ညာပြီး အပျိုစစ်နှင့် လက်ထပ်ရာတွင် တာဝန်မကင်းသူများ စာရင်းမှာ ကျွန်တော်လည်း ပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း လူပျိုကြီးဟုကြေညာထားသည်။ အပျိုရံတွေထဲမှ တစ်ယောက်ယောက်နှင့်



စွံလို စွံငြား ဖန်တီးထားခြင်းဖြစ်သည်။ ရန်ကုန်မှာကျန်နေသည့် စနီးသည် မဖြုတတ်သာ မြင်သွားလျှင် နားရွက် ဆွဲအလိမ်ခံရမှာ သေချာသည်။

လက်ထပ်ပြီးတော့ နွန်ဒါတစ်ယောက် ဘိုကေနောက် ဆံထောက်ပါ နှင်းရန် နှင်းဆီကူးလက်မှတ်လျှောက်သည်။ တစ်ပတ်အတွင်းရသည်။ ပတ်စပို့ ရသည်နှင့် အရာရှိကတော်အဖြစ်နှင့် နွန်ဒါ သင်္ဘောပေါ် တက်လိုက်လာခဲ့သည်။ ဤသင်္ဘောမှာ အရာရှိများ စနီးခေါ်ထားခွင့် ပြုသည်။ သို့သော် တရားဝင်ဇနီးဖြစ်သူ (တစ်ဦး)ကိုသာ ခွင့်ပြုသည်။ အခုတော့ အဲဖရက်ဒ်မှာ တရားဝင်မယားကြီး နံပါတ်တစ် လိုက်လာပြီဆိုတော့ ဘယ်လိုဖြေရှင်းရမလဲတော့ မပြောတတ်။

'အင်း၊ ဒါဆို ခင်ဗျား ပြဿနာ ဘယ်လိုရှင်းမလဲ'

ကျွန်တော်က စိုးရိမ်သံဖြင့် ဟန်လုပ်၍ မေးလိုက်ရသော်လည်း နွန်ဒါနှင့်ပတ်သက်ပြီး မနာလိုဝန်တိုစိတ် အခံကလေး ရှိလေတော့ အဲဖရက်ဒ် တစ်ယောက် ချောက်ကျတော့မှာကို တွေး၍ ဝမ်းသာနေမိသည်။

'မစ္စတာစိုးမိုး၊ ကျွန်တော့်ကို ကူညီပါဗျာ၊ ကျွန်တော် ခင်ဗျားကို ယုံကြည်စိတ်ချပါတယ်၊ နွန်ဒါကို ခင်ဗျားအခန်းမှာ ခေတ္တထားပါရစေ'

'ဟာ၊ မလုပ်ပါနဲ့ဗျာ'

ကျွန်တော် ဘယ်လိုမှ မမျှော်လင့်သော စကားကို ကြားလိုက်ရ၍ အံ့ဩသွားသလို ဝမ်းလည်းသာသွားမိသည်။ သို့သော် ကျွန်တော်လည်း နွန်ဒါကို ပိုးပန်းခဲ့သူဖြစ်၍ လွယ်လွယ်လက်ခံလိုက်လျှင် တစ်မျိုးတစ်မည် ထင်သွားမှာစိုးသဖြင့် 'မလုပ်ပါနဲ့ဗျာ'ဟု ဟန်လုပ်ပြီး ငြင်းလိုက်ရသော်လည်း နွန်ဒါနှင့် တစ်ခန်းတည်းအတူနေရမည့် အခွင့်အရေးကြီးကိုတော့ လက်လွှတ် မခံချင်။

'လုပ်ပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ တစ်လလောက်ပါပဲ၊ နောက်လ ကလေးတွေ ကျောင်းဖွင့်ချိန် ရှိတာပြန်သွားရင် အားလုံးအဆင်ပြေသွားမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



တစ်လလောက်တောင် နွန်ဒါနှင့် တစ်ခန်းတည်း အတူနေရမည့် အခွင့်အရေးမှာ ရတောင့်ရခဲအခွင့်အရေးဖြစ်သည်။ ကံကောင်းထောက်မ၍ နွန်ဒါနှင့် အပေးအယူတည့်သွားပါက ပျော်စရာကြီးဟု တွေးနေမိသည်။ ဒါပေမဲ့ လွယ်လွယ် ခေါင်းညိတ်လိုက်လျှင် သံသယစိတ်တွေ ဝင်လာပြီး အစီအစဉ် ပြောင်းလဲသွားနိုင်သဖြင့်

'ခင်ဗျားလူတွေဆီမှာ ထားပါဗျာ၊ ကျွန်တော် မကူညီချင်လို့ မဟုတ်ပါဘူး၊ မသင့်တော်ဘူး ထင်လို့ပါ'

သူကို့လူမျိုး ရိုးရိုးသဘောသား ငါးယောက်ခန့်ရှိသည်။ ဒီကောင်တွေကို သူ မယုံမှန်းလည်း ကျွန်တော် သိသည်။ အရာရှိများသာ စနီးခေါ်ထားနိုင်ခွင့်ရှိခြင်း၊ အမျိုးသမီး၏ စားစရိတ်အဖြစ် တစ်နေ့အတွက် အမေရိကန်ဒေါ်လာ ငါးဒေါ်လာနှုန်း တာဝန်ရှိသဘောသား၏ လစာမှ ဖြတ်တောက်ခြင်း စသည့်မဖြစ်နိုင်သည့် အခြားအကြောင်းတွေကလည်း ရှိသည်။ ဒါကိုသိ၍ တမင်ပြောလိုက်ခြင်း ဖြစ်သည်။

'ဘာကြောင့် မသင့်တော်ရမှာလဲဗျာ၊ ခင်ဗျားကို ကျွန်တော်ယုံကြည်ပါတယ်၊ နွန်ဒါနဲ့ ခင်မင်ရင်းနှီးတာကလဲ ခင်ဗျားတစ်ယောက်ပဲရှိတာမို့ အကူအညီတောင်းတာပါ၊ လုပ်ပါဗျာ၊ ခင်ဗျားကျေးဇူး မမေ့ပါဘူး'

'ကျွန်တော်က ခွင့်ပြုတယ်ထားပါဦး၊ နွန်ဒါက သဘောတူလို့လား၊ ခင်ဗျား သူနဲ့ကော တိုင်ပင်ပြီးပြီလား'

'အကျိုးအကြောင်း ရှင်းပြတောင်းပန်ရတော့မှာပေါ့ဗျာ၊ ဖြစ်လာမှတော့ ဘာတတ်နိုင်တော့မှာလဲ၊ ခင်ဗျားဆီက ခွင့်ပြုချက်ရရင် အခုပဲ ကျွန်တော် သူ့ကို ဖွင့်ပြောလိုက်တော့မယ်၊ အချိန်သိပ်မရှိတော့ဘူးဗျ'

နက်ဖြန်ဆိုလျှင် ဘန်ကောက်မြို့ဆိပ်ကမ်းတွင် သင်္ဘောဆိုက်ကပ်တော့မည်။ ရှိတာက နောက်တစ်နေ့ ရောက်လာမည်။ ရှိတာမရောက်ခင် နွန်ဒါက ကျွန်တော့်အခန်းသို့ ပြောင်းရွှေ့နေရမည့်အပြင် အမျိုးသမီးအသုံးအဆောင်မှအစ လက်ရာခြေရာ မကျန်ရအောင် ရှင်းလင်းထားမှ ဖြစ်မည်။



'ကောင်းပြီလေ၊ ခင်ဗျားအတွက် အဆင်ပြေမယ်ဆိုရင် ကျွန်တော် ခွင့်ပြုရမှာပေါ့၊ ငြင်းရမယ့်လူတွေမှ မဟုတ်ဘဲ၊ ဟုတ်ဘူးလား'

ကျွန်တော် ယင်းသို့ပြောလိုက်လျှင် ဝမ်းသာအားရဖြင့် 'အိုကေ သိုင်းကျူး' ဆိုပြီး ကမန်းကတန်း ထလစ်သွားတော့သည်။

သူတို့အခန်းနှင့် ကျွန်တော့်အခန်းမှာ သိပ်မဝေးလှသဖြင့် နားစွင့်နေမိသည်။ အခန်းတွေကလုံပြီး စက်သံက ဆူညံနေသောကြောင့် တစ်ခန်းမှ အသံကို တစ်ခန်းမှ ကြားရလေမရှိ၊ အထဲမှာ ဘာတွေဖြစ်နေကြပြီလဲတော့ မသိ၊ အခန်းတံခါးပိတ်၍ တိတ်ဆိတ်နေသည်။ ညမိုးချုပ်တော့မှ အဲဖရက်ဒ် တစ်ယောက်တည်း ထွက်လာလည်။ မျက်စိမျက်နှာ အတော်ပျက်နေတာ တွေ့ရသည်။ ပန်းကန်ပြားထဲ ထမင်းတစ်ပုံ ဟင်းတစ်ပုံ ပုံ၍ အခန်းထဲပြန်ဝင်သွားသည်။ နွန်ဒါကတော့ တစ်နေ့လုံး တစ်ညလုံး လုံးဝ အပြင်ထွက်လာတာ မတွေ့ရတော့။

* * *

ယနေ့ ဗန်ကောက်ဆိပ်ကမ်းတွင် သင်္ဘောကပ်မည်ဖြစ်၍ နံနက် ရှစ်နာရီခန့်တွင် ကျွန်တော်အခန်းသို့ နွန်ဒါ၏ပစ္စည်းများ စတင်ရောက်ရှိလာတော့သည်။ အလှပြင် ကိရိယာများနှင့်အတူ မလျှော်ရသေးသည့် အတွင်းခံဘောင်းဘီ၊ ဘရာစီယာ၊ ဂါဝန်၊ ဂျင်းပင်၊ ခေါက်ဖိနပ် လက်ကိုင်အိတ်မှအစ လက်ကိုင်ပဝါပါမကျန် ရောက်လာပြီဖြစ်၍ ပစ္စည်းများနှင့်အတူ အနံ့မျိုးစုံပါ တစ်ခါတည်းပါလာသည်။ လာပို့သည့်လူမှာ အဲဖရက်တို့လူမျိုး စားပွဲထိုး အတ်မိုးဆိုသူဖြစ်သည်။

'မင်း ဆရာနဲ့ ဆရာကတော်ကော'

ဟု မေးကြည့်ရာ လက်ဟန်ခြေဟန်ဖြင့် အခန်းထဲမှာ ရှိနေကြောင်း ပြောသွားသည်။ မကြာမီ အဲဖရက်၏အခန်းမှ တံခါးဆောင့်ပိတ်သံ

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရပြီး 'ရှင်ဟာ ယုန်တွေကို ကိုက်သတ်နေတဲ့မြေခွေး' ဟု အဓိပ္ပာယ်ရသည့် အင်္ဂလိပ်စကားကို တအားအော်ပြောသော နှန်ဒါ၏အသံကို ကြားလိုက်ရသည်။ သူတို့လူမျိုးအဖို့တော့ ဘယ်လောက်အထိနာစရာ ကောင်းသည့် စကားလည်းမပြောတတ်။ မြန်မာလိုတော့ ရှင်ဟာ ဣတ္ထိယမုဆိုးပဲ ဟု ဆိုလိုဟန်တူပါသည်။

အခြေအနေကို နားစွင့်နေစဉ် နှန်ဒါ ကျွန်တော့်အခန်းထဲ ပြေးဝင်လာပြီး လွတ်နေသည့် ဆိုဖာပေါ်တွင် ထိုင်ချ၍ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ အားပါးတရငိုတော့သည်။ ကျွန်တော်လည်း ခြေမကိုင်မိ လက်မကိုင်မိဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ် အဲဖရက် ဝင်လာသည်။ သကောင့်သား အမူအရာကတော့ ဂျပန်ခေတ်က သူကြီးသမီးကို လက်ဆွဲမှုဖြင့် ကြိမ်ဒဏ်အရိုက်ခံရန်လာသော သူရင်ငှား၏ မျက်နှာမျိုး၊ သူတို့ချင်း လွတ်လွတ်လပ်လပ်ပြောချင်တာ ဆက်ပြောစေရန် အလိုက်သိသိဖြင့် အခန်းအပြင် ထွက်ပေးလိုက်သည်။ အဲဖရက်က တံခါးပိတ်လိုက်သည်။

ကိုယ့်အခန်းထဲ ကိုယ်မနေရသည် ဒုက္ခဖြင့် ဇာတ်လမ်းစသည်။ တစ်ချိန်လုံး ဦးလျှောက် ပုံလျှောက်၊ သူများအခန်းတွေ လျှောက်လည်ရင်း အချိန်ဖြုန်းနေရသည်။ နံနက်စာ စားချိန်မှ အဲဖရက် တစ်ယောက်တည်း အခန်းထဲမှ ထွက်လာသည်။ နှန်ဒါကတော့ အခန်းထဲမှာ ငိုနေတုန်းဟု သိရသည်။ ထမင်းစားပြီး တစ်ရေးအိပ်တတ်သော ကျွန်တော့်မှာ တဝါးဝါး သမ်းရင်း လူတကာအခန်းတွေ လျှောက်လည်နေရသည်။

ညနေလေးနာရီတွင် ဗန်ကောက်မြို့ဆိပ်ကမ်းမှာ ကပ်သည်။ လူဝင်မှုကြီးကြပ်ရေးဌာနမှ လူတွေ့စစ်ဆေး၊ ပုံစံဖြည့်စွက်ရာတွင် မစ္စစ် နှန်ဒါစိုးမိုးဟု ဖော်ပြလိုက်ရတော့သည်။ မစ္စစ် ရှိတာအဲဖရက်ဒ်က နက်ဖြန်လာတော့မှာကိုး။ အကြောင်းမသိသော လူဝင်မှုကြီးကြပ်ရေးအရာရှိများက ကျွန်တော့်ကို ဇနီးချောရထားသူအဖြစ် အားကျသောမျက်နှာဖြင့် ကြည့်ကြသည်။ ကျွန်တော်



ကလည်း အထင်ခံရမနည်းဘူးဟု တကယ်ဟုတ်သယောင် ဦးကဲကောင်း အဖြစ် ဟန်ဆောင်နေလိုက်သည်။

လိုအပ်သည့် စစ်ဆေးမှုများ ပြီးသွားသောအခါ နှန်ဒါက ကျွန်တော့်အခန်းထဲ ပြန်အောင်းနေသည်။ ကျွန်တော့်မှာတော့ လောလောဆယ် မသင့်တော်သေး၍ ကိုယ့်အခန်းထဲ ကိုယ်မဝင်သေးတာကိုပဲ မင်္ဂလာဦးည သတို့သား၏ ခံစားချက်မျိုးဖြင့် ကြံဖန်ရှိုးထုတ်နေသေးသည်။

ကုန်းပတ်ပေါ်မှာ အဲဖရက်နှင့်တွေ့၍ အခြေအနေ မေးစမ်းကြည့်ရာ နှန်ဒါကို ချော့၍ မရကြောင်း၊ ဒေါ်လာတစ်ထောင် တောင်းကြောင်း၊ ဗန်ကောက်မှ သူ့တိုင်းပြည်သို့ ပြန်လိုကြောင်း ပြောသည်ဟု သိရသည်။ အဲဖရက်မှာ ပိုက်ဆံနှင့်တူတာ ငါးဆင့်စေ့ တစ်စေ့တောင်မရှိ။ နှန်ဒါနှင့် စတွေ့ချိန်မှ လက်ထပ်ချိန်အထိ မနားတမ်း သုံးစွဲခဲ့သဖြင့် လက်ထဲမှာ တစ်ပြားမကျန်၊ ဒီကြားထဲ မယားကြီးက လိုက်လာပြန်တော့ လေဆိပ်သွားကြိုဖို့ စရိတ်တောင် ချေးငှားနေတာ တွေ့ရသည်။ လက်ထဲပိုက်ဆံမရှိတာ မယားကြီးရောက်လာလို့ သိသွားပြန်ရင်

'ရှင် ဘာတွေ လုပ်ပစ်နေလို့လဲ' ဆိုသည့် ပြဿနာ ထပ်တက်ဦးမည်။ မိသားစု လွှဲငွေပို့ပြီး လက်ကျန် အမေရိကန်ဒေါ်လာ ငါးရာလောက်ကို မလောက် လောက်အောင် သုံးစွဲနေရသူဖြစ်သည်။ ဝါသနာတူစရိုက်တူချင်းမို့ ကိုယ်ချင်းစာပြီး သနားမိသေးသည်။

ည ၁၀ နာရီကျော်လောက်မှာတော့ အိပ်ချင်စိတ်ကို မထိန်းနိုင်တော့သည့်အတွက် အခန်းထဲသို့ အရဲစွန့်ပြီး ဝင်ရတော့သည်။ ကျွန်တော့် အိပ်ရာပေါ်တက်ပြီး ခွေနေပြီဖြစ်သည့် နှန်ဒါက ကျွန်တော် ဝင်လာမှန်းသိ၍ မျက်လုံးဖွင့်ကြည့်သည်။ ဘာစကားမှတော့ မပြော။ ကျွန်တော်ပြောလာမည့် စကားကိုသာ နားထောင်နေဟန် တူသည်။

ကျွန်တော်က ဆိုဖာပေါ်တွင်ထိုင်လိုက်ပြီး ကိုယ်ကို ေနာက်လှန်မှီချလိုက်သည်။ ရုပ်ရှင်မင်းသား ဆရာဝန်မောင်သင်၏ အိုက်တင်ဖြင့် လေပု

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် မှုတ်ထုတ်လိုက်သည်။ ဘာက စပြောရမှန်းမသိ ဖြစ်နေသည်။ အဲဖရက်မှာ မယားကြီးရှိတာ သိလျက်နှင့် လူပျိုပါဟု ကုညီလိမ်ညာပေးခဲ့သည်သာမက လူ့အိုလက်ထပ်ပွဲမှာ ကိုယ်တိုင် လူပျိုဟန်ဆောင်၍ လူပျို့ရဲ့ လုပ်ခဲ့သော ကျွန်တော့်ကိုပါရောပြီး ရှုံ့မှန်းသွားမှာ စိုးသည့်အတွက် မင်းသားကြီး ဦးကျောက်လုံး၏ လေသံမျိုးဖြင့် တိုးလျှိုးတောင်းပန်ရတော့သည်။

'တကယ့်ကို ဝမ်းနည်းပါတယ် နှန်ဒါ၊ ဖရက်ဒီဟာ လက်ထပ်ပြီးသူ တစ်ယောက်ဖြစ်ကြောင်း ကျွန်တော် လုံးဝ မသိခဲ့ပါဘူး၊ ကျွန်တော်သာဆိုရင် ဒီလို ဘယ်တော့မှ မလုပ်ဘူးလို့ ဘုရားသခင်ရှေ့မှာ ဝန်ခံရဲပါတယ်'

ယုံကြည်လို့ပဲလား၊ ပြောချင်တာတွေ မထူးဘူး နားထောင်မယ်လို့ပဲလားတော့ မသိ၊ အိပ်ရာထက်မှာ မှေးလျက်ပင် ငြိမ်သက်စွာနားထောင်နေသည်။ အဲဖရက်ကို ရွတ်ချ၍ ကျွန်တော့်ကိုယ် ကျွန်တော် ဇမ်းတင်ပြီး ပြောချင်သော်လည်း ဘာသာစကား အခက်အခဲကြောင့် လိုရင်းမရောက် ထိရောက်မှုမရှိ ဖြစ်နေသည်။ ဒီနေရာမျိုးမှာ ရုတ်နာပုံဇာတ်ကားမှ မင်းသားအေးကြူ၏ အမူအရာဖြင့် မြန်မာလို အားပါးတရ ပြောချလိုက်ချင်သည်။

'ဒီလို နှမချင်းမစာနာ လူမဆန်တဲ့ အကောင်မျိုးကို ကျွန်တော် သိပ်မုန်းတယ်၊ နှန်ဒါ့ကိုယ်စား အသည်းနာလွန်းလို့ အခွင့်အရေးရရင် လှလှပပကြီး လက်စားချေပေးပါမယ်၊ ဘာမှ အားမငယ်နဲ့၊ နှန်ဒါ့ဘက်မှာ ကျွန်တော်တစ်ယောက်လုံးရှိတယ်၊ ဘယ့်နှယ်ဗျာ မယားကြီးရှိလျက်နဲ့ လူပျိုဟန်ဆောင်ပြီး မိန်းကလေးတစ်ယောက်ရဲ့ အပျိုဘဝကို ဖျက်ဆီးရဲတာ သူမို့လို့ပဲ လုပ်ရက်ပလေတယ်၊ သူ့နှမကို သူများက အဲဒီလိုလုပ်ရင် သူ ဘယ်လိုခံစားရမလဲ၊ လူဆိုတာ ကြင်နာတတ်ရမယ်၊ သနားတတ်ရမယ်၊ ကျွန်တော်တို့ကတော့ဗျာ မေတ္တာစစ် သကြားလုံးကို သစ္စာအနှစ်ဆိုတဲ့ ပလတ်စတစ်နဲ့ ရစ်ပတ်ပြီး အစနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် လိမ်ထားမိတဲ့ အတွက် ဒီနေ့ အသက်သုံးဆယ်ကျော် (အမှန်တော့ လေးဆယ်ကျော်ပါပြီ)သည်အထိ လူပျိုကြီးဘဝက မတက်နိုင်သေးတာပါပဲလေ'



စသည် စသည်ဖြင့် ပြောချင်ပါသော်လည်း အဲဒီစကားတွေကို နှန်ဒါ နားလည်အောင် အင်္ဂလိပ်လို မပြောတတ်၍ ပါးစပ်ကြီး ဟောက်ပွ ဟောက်ပွ ဖြစ်နေသည်။ မျက်တောင်မခတ်ဘဲ တစ်နေရာကို စူးစိုက်ကြည့်ပြီး ငြိမ်နေသော နှန်ဒါ့ထံမှ ဘာသံမှ ထွက်မလာသောအခါ ကျွန်တော့်မှာ အနေရ အထိုင်ရ ခက်နေသည်။ သူ့ရှေ့မှာ ငုငုကြီးထိုင်နေရတာ အနေခက်သဖြင့် အလုပ်တစ်ခုခု ထ လုပ်လိုက်ရတော့သည်။ ညနေက အဲဖရက်ဒ် ယူလာပေးထားသည့် ထမင်းဟင်းများကို နှန်ဒါ မစားဘဲထားသဖြင့် အေးစက်ပြီး စားရန် မသင့်တော့သည့်အတွက် အပြင်ထွက်သွန်ပစ်ပြီး ပန်းကန်ခွက်ယောက်တွေ ဆေးကြောရသေးသည်။ ပြီးမှ အိပ်ချင်လှပြီဖြစ်၍ အခန်းထဲသို့ ပြန်လာခဲ့သည်။ ဘယ်ပုံစံဖြင့် အိပ်ရမည်ကို မစိစဉ်ရသေး။ နှန်ဒါကတော့ ကျွန်တော့်အိပ်ရာပေါ်မှာ မှေးလျက်ပင်ရှိသေးသည်။

'နှန်ဒါ၊ ဆာလှရောပေါ့ကွယ်၊ တစ်ခုခုစားလိုက်ပါလားနော်'

မြန်မာပြည်မှာနေစဉ်က စနီးသည် မဖြူတုတ် နေထိုင်မကောင်း၍ မြှုစဉ်က ဒီလေသံမျိုး ဘယ်တော့မှ ထွက်မလာခဲ့။

'ကော်ဖီပူပူတစ်ခွက်လောက် ရနိုင်မလား'

'Oh, Why Not ဘာကြောင့် မရနိုင်ရမှာလဲ၊ သိပ်ရတာပေါ့'

၁၁ နာရီကျော်ပါပြီ၊ မီးဖိုခန်းထဲပြေးဆင်းသွားပြီး နက်စ်ကော်ဖီ ကျကျတစ်ခွက်ဖျော်သည်။ စက်ပွမှုလုပ်သည့် အကောင်းစား ပေါင်မုန့် နှစ်ချပ်ကို မီးကင်၍ ထောပတ်သုတ်သည်။ စထရော်ဘယ်ရီယိုနှင့် စားလိုက စားနိုင်အောင် ယိုဘူးကြီးကိုပါယူပြီး အခန်းသို့ပြန်လာခဲ့သည်။

နှန်ဒါက အိပ်ရာမှ ဆင်မယဉ်သာထလာပြီး ကော်ဖီနှင့် ပေါင်မုန့် ထောပတ်သုတ်ကို စားသည်။

'ယိုလေးနဲ့ တို့စားလိုက်ပါလား'

ရှုမက်ပြုံးလေး ပြုံး၍ ပြောတာမို့ ကျွန်တော့်အသံက သာယာလှသည်။ နှန်ဒါက ခေါင်းခါသည်။ ဘာစကားမှ မပြောဘဲ တအိအိ စားနေသဖြင့်

www.burmeseclassic.com

စောင့်ရင်း အင်္ဂလိပ်မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို အဓိပ္ပာယ်မရှိ တောင်လှန်မြောက်လှန်နှင့် အရုပ်တွေ လျှောက်ကြည့်နေရသည်။

စားပြီးပြန်တော့ ပန်းကန်တွေ မီးဖိုထဲ ပြန်ပို့၊ ဆေးကြောပြီးသိမ်း။ ယိုဘူးကြီး ရေခဲသေတ္တာထဲ ပြန်ထည့်၊ ပြီးတော့မှ ဝါးခနဲ တစ်ချက်သမ်းလိုက်ပြီး အခန်းသို့ပြန်လာခဲ့သည်။ နန်ဒါကို ညဝတ် အင်္ကျီရှည်ပွကြီး ဝတ်လျက် သွားတိုက်နေတာ တွေ့ရသည်။ တစ်နေ့လုံး ဝတ်ထားခဲ့သည့် ဘရာစီယာ၊ ဂါဝန်နှင့် အတွင်းခံဘောင်းဘီများကို ဆိုဖာပေါ်မှာချွတ်တင်ထားတာ တွေ့ရသည်။ သွားတိုက်၊ ပလုတ်ကျင်းပြီးသည်နှင့် ကျွန်တော့်အိပ်ရာပေါ် ပြန်တက်သွားပြီး–

'သိုင်းကျူး မစ္စတာ နိုးမိုး၊ ဂွတ်နိုက်' တဲ့။

ကျွန်တော့်အိပ်ရာထက်မှာ ကျွန်တော့်စောင်ကိုခြုံပြီး ကျွန်တော့်ကို ကျောခိုင်း၍ အိပ်သွားပြီဖြစ်သဖြင့် ဘရာစီယာ၊ ဂါဝန်နှင့် အတွင်းခံဘောင်းဘီများကို ဆိုဖာခြေရင်းဘက်သို့ တိုးလိုက်ပြီး ပုဆိုးခြုံကာ ဆိုဖာပေါ်မှာပဲ အိပ်လိုက်ရပါတော့သည်။

* * *

ကျွန်တော့်သူငယ်ချင်း ကျားစေဦးလဲ အဲဖရက်ဒ်ကတော့ မယားကြီး ရှီတာနှင့် သားငယ်ကို လေဆိပ်မှ ကြိုလာခဲ့သည်။ အမှုရုပ်ကိုဟန်လုပ်ပြီး ပြုံးထားသည်။ မယားနှင့်သားကို ဘန်ကောက်မြို့လုံးအနှံ့ လိုက်ပြသည်။ မယားကြီးကို ကြာကြာမနေစေချင်၍ အခက်အခဲတွေကို တင်ပြနေသည်။ မိခင်နှင့် ကလေးနှစ်ယောက်အတွက် စားစရိတ်လစဉ် ဒေါ်လာနှစ်ရာခန့် လစာမှ အပြတ်ခံရမည်ဖြစ်ကြောင်း၊ ဘန်ကောက်မှာ ကုန်တင်ပြီးလျှင် ကိုးရီးယားသို့ သွားပို့ရမည်ဖြစ်၍ တရုတ်ပင်လယ်သည် လှိုင်းအလွန်ကြီးကြောင်း၊ အန္တရာယ်ကြီးမားလှကြောင်း၊ ဘန်ကောက်မှာ လည်ပတ်ပြီးလျှင် အိမ်ပြန်သင့်ကြောင်း ပြောနေသံကြားရသည်။ ရှီတာကလည်း သဘောသား



မယားပီပီ သတ္တိရှိသည်။ သူ ခံနိုင်ရည်ရှိသည်၊ မကြောက်ဟု ဆိုသည်။ သားအကြီးနှင့် သမီးတို့ ကျောင်းဖွင့်မှပြန်မည်ဟု ကြေညာလိုက်သည်။

ရှီတာ မပြန်သေးဘူးဆိုတော့ အဲဖရက်ဒ်က စိတ်ညစ်သည်။ ကျွန်တော်က ရှီတာ မပြန်သေးတာကို ဝမ်းသာ၍ နန်ဒါ ပြန်သွားမှာကို မိုးရိပ်နေမိသည်။ ဘုန်းကြီးကျောင်းသားဘဝမှ သင်္ဘောသားဖြစ်လာတော့ ကျွန်တော့်မှာ ဆွမ်းကြွင်းဟင်းကျန်စားချင်သောအကျင့်က မပျောက်သေး။ သူများဒုက္ခကို ကိုယ့်ဒုက္ခလုပ်နေရတာကိုပဲ ကျေနပ်သာယာနေမိသည်။ လေယာဉ်စရိတ်အဖြစ် အမေရိကန်ဒေါ်လာ ငါးရာခန့် မရနိုင်သေးသမျှ နန်ဒါ သူ့နိုင်ငံသို့ ပြန်နိုင်ရေးမှာ မလွယ်ကူသေး။ တစ်ယောက်ယောက်က သနားပေါက်ပြီး နိုက်ထုတ်ပေးလိုက်မှာကိုပဲ မိုးရိပ်နေရသည်။

ဘန်ကောက်မှာ ကုန်တင်တာ နှစ်ပတ်လောက်ကြာသွားသည်။ ရှီတာ သင်္ဘောပေါ်ရောက်လာပြီး တစ်ပတ်ခန့်ကြာသောအခါ နန်ဒါ၏ အမူအရာမှာ သိသိသာသာ ပြောင်းလဲလာသည်။ အဲဖရက်ဒ်ကို အရွဲ့တိုက်ပြီး ကျွန်တော့်ကို ပလူးပလဲလုပ်ပြသည်။ ဘန်ကောက်မြို့ထဲသို့ တွဲသွား တွဲလာ လုပ်ချင်ပါသည်ဟု မေတ္တာရပ်ခံလာသဖြင့် ဝမ်းသာစွာလိုက်လျော့ခဲ့ ရသည်။ တက္ကစီကို တစ်နာရီ ဘတ်တစ်ရာဖြင့် ငှားရမ်း၍ တစ်နေကုန်အောင် လျှောက်လည်သည်။ ယခင်က အကြိမ်ကြိမ် ရောက်ခဲ့ဖူးပြီဖြစ်သော မြ ဘုရားနှင့် နန်းတော်ကြီးသို့လည်းကောင်း၊ ကမ္ဘာ့အကြီးဆုံး မိကျောင်း မွေးမြူရေးခြံသို့လည်းကောင်း၊ ရှိရှိသမျှ ဘုရား အားလုံးသို့လည်းကောင်း လျှောက်သွားကြသည်။ အထွေထွေ ဘတ်နှစ်ထောင်ခန့်သာ ကုန်သည်။ ကျွန်တော် သိပ်ပျော်သည်။ နန်ဒါက အဲဖရက်ဒ်ကို စိတ်မာတ်ရေးရာအရ တိုက်ကွက်ဆင်နေခြင်းမျှသာဖြစ်၍ ကျွန်တော့်အတွက်တော့ ဘာအခွင့်အရေးမှ မရသေး။ ဆိုဖာပေါ်မှာ လုံချည်ခြုံ၍ ကွေးရဆဲပင် ရှိသေးသည်။

ဘန်ကောက်ဆိပ်ကမ်းမှ သင်္ဘောထွက်ခွာရသောအခါ နန်ဒါ၏ အခြေအနေမှာ ပိုဆိုးလာသည်။ ဘန်ကောက်မှ သူ့နိုင်ငံသို့ ပြန်ခွင့်မရ၍

www.burmeseclassic.com



ဒေါသလည်း ပိုဖြစ်လာဟန်တူသည်။ အဲဖရက်ဒ် စစ်ဆင်ရေးနည်းဗျူဟာကို ပုံစံပြောင်းလဲ ကျင့်သုံးလာသည်။ သူ့ကို ကျွန်တော်က ရိုက်နှက်နှိပ်စက် ညှဉ်းပန်းလေဟန် သရုပ်ဆောင်ပေးပါဟု မေတ္တာရပ်ခံလာပါသည်။ မသင့်လျော်၍ မလုပ်ချင်သော်လည်း သူ့ အလိုလိုက်လျှင် ကိုယ့်အကြိုက်များ ရလေမလားဟူသော မျှော်လင့်ချက်ဖြင့် ခေါင်းညိတ်လိုက်ရသည်။

တစ်နေ့နံနက်ခင်း အခန်းတွင်းမှာ ကျွန်တော်နှင့် နွန်ဒါတို့ စကားပြောနေကြစဉ် အခန်းပြင်မှ တံခါး လာခေါက်နေသဖြင့် သော့ပေါက်မှ ချောင်းကြည့်လိုက်ရာ အခန်းသန့်ရှင်းရေးလုပ်ရန်လာသော စားပွဲထိုး အတ်မိုး ဖြစ်နေသည်။ အတ်မိုးမှာ အဲဖရက်ဒ်နှင့် လူမျိုးတူရုံသာမက အဲဖရက်ဒ်၏ တပည့်ရင်းလည်း ဖြစ်သည်။

ကျွန်တော်က နွန်ဒါကို မျက်ရိပ်မျက်ခြည်ပြလိုက်ပြီး အခန်းနံရံကို အသံမြည်အောင် သုံးလေးချက်ပိတ်ကန်လိုက်သည်။ အခန်းထဲရှိသမျှ ပုံးစုတ် ခွက်စုတ်များကိုလည်း အသံဗလံများ ဆူညံသွားအောင် ဝုန်းဒိုင်းကြဲပစ်လိုက်သည်။ နွန်ဒါကလည်း တံခါးအနီး ပြေးကပ်လိုက်ပြီး

'ယူ ဒုန့် တာ့ချ် မီး'

ငိုသံကြီးဖြင့် ရှင် ကျွန်မအသားကို မထိနဲ့ဟု တအားကုန်းအော်လိုက်ပါသည်။ ကျွန်တော်က အခန်းတံခါးကို ဆောင့်ဖွင့်လိုက်ပြီး

'ယူ ဂဲအေါက်'

ဟောလီးဝုဒ် ခေါင်းတုံးမင်းသား ယူဗရိုင်းနား၏ ဟန်မျိုးဖြင့် နွန်ဒါကို အခန်းထဲမှ မောင်းထုတ်လိုက်သည်။ နွန်ဒါက ကြောက်လန့်သည့် အမူအရာဖြင့် ပြေးထွက်သွားသည်။ ကြမ်းတိုက်အဝတ်များနှင့် ဆပ်ပြာရည် ပုံးကိုကိုင်လျက် ကြောင်ပြီးရပ်နေသော အတ်မိုးကိုပါ ပစ်ဟောက်လိုက်သည်။

'မင်းက ဘာလာလုပ်တာလဲ၊ ဒီနေ့ ငါ့အခန်းကို ဘာမှမလုပ်နဲ့၊ ဘယ်သူမှလဲ မဝင်နဲ့၊ ရှုပ်တယ်'



အခန်းတံခါးကို ဝုန်းခနဲဆောင့်ပိတ်လိုက်သည်။ သော့ပေါက်မှ ချောင်းကြည့်လိုက်ရာ နွန်ဒါက အခန်းဝမှာပင် ရပ်နေသည်။ အတ်မိုးက ထွက်ပြေးသွားသည်။

နွန်ဒါကို ကျွန်တော် ရိုက်နှက်ကန်ထုတ်လိုက်သည်ဆိုသော သတင်းမှာ ပေါ်ရေးရာခန့်သာအလျားရှိသော သဘော်ဦးနှင့် ပဲ့အတွင်း သတင်းပျံ့နှံ့ရာတွင် တောမီးထက်မြန်သည်။ တတ်လှေကားစီးနေစဉ် လေလည်လိုက်သည်သို့ ပျံ့နှံ့သွားတော့သည်။ အဖြစ်အပျက် အကြောင်းအရာတွေကတော့ မိန်းမချင်းသန်းရှာရင်း အတင်းအဖျင်းပြောရန် အလွန်ကောင်းသော ကိစ္စ ဖြစ်သည်။ သဘော်ပေါ်မှာလည်း မိန်းမလေးယောက်ရှိနေသည်။ ကုန်းပတ်အ ဖူးချုပ် မစ္စတာရှုဒီယန်တို့၏ဇနီး မစ္စစ်ယူနီယာမာလာ၊ စားပွဲထိုးချုပ် မစ္စတာ ကျန်ရှီဝေါင်း၏ဇနီး မစ္စစ်ရှုစီဝေါင်း၊ အဲဖရက်ဒ်၏ မယားကြီးမစ္စစ်ရှီတာ၊ အဲဖရက်ဒ်နှင့် ကျွန်တော့်အတွက် မေနန္ဒာတို့ဖြစ်သည်။ နိုင်ငံတကာ မိန်းမတို့ သဘာဝအတိုင်း တစ်ခန်းဝင် တစ်ခန်းထွက်ဖြင့် ပွစိ ပွစိ လုပ်ချင်ကြ၍ ရှုစိ ရှုစိဖြစ်နေကြသည်။ သို့သော် လူမျိုးချင်းလည်း မတူ၊ တစ်ယောက်စကား တစ်ယောက်နားမလည်ကြ၍ ကိုယ့်လင်အခန်း ကိုယ်အောင်းပြီး တံတွေး တကြုတ်ကြုတ်မျိုရင်း အောင့်ထားကြရသည်။

နွန်ဒါနှင့်ပတ်သက်၍ အဲဖရက်ဒ်၏ အသည်းကို ကျွဲခတ်သလို ခံစားနေရသည်မှာသိသာလှသည်။ နွန်ဒါ၏အလိုကျ သဘာဝကျအောင် သရုပ်ဆောင်နေရသော ကျွန်တော့ အဖြစ်မှန်ကိုမသိဘဲ အဖွဲ့ရာယ်ပေးလာမှာ စိုးသဖြင့် အဲဖရက်ဒ်ကို လက်တို့ခေါ်ယူပြီး အမှန်အတိုင်းဖွင့်ပြောလိုက်ရသည်။ အဖြစ်မှန်ကို သိပြန်တော့လည်း သူ့ရောဂါက တစ်မျိုးတိုးလာပြန်သည်။ နွန်ဒါကို ပိုချစ်၊ ပိုပြီးသနားလာသည်ဟု ဆိုပါသည်။ သူ့ အလို လိုက်ပြီး ဆက်လက်ထိန်းထားပေးပါတဲ့။

တစ်နေ့မှာတော့ မမျှော်လင့်သောဖြစ်ရပ်တစ်ခုနှင့် ရင်ဆိုင်လိုက်ရသည်။ အဲဖရက်၏ တပည့်တွေထဲမှ တစ်ယောက်ဖြစ်သည့်တာက်မကိုင်

www.burmeseclassic.com

www.burmeseclassic.com



အာနန်းဗဟာဒီဆိုသူက သင်္ဘောသားတွေ အများရှေ့မှာ ကျွန်တော့် အင်္ကျီ ရင်ဘတ်ကို ဆုပ်ကိုင်၍ ခပ်တည်တည်ဖြင့်

'မစ္စတာ စိုးမိုး၊ ခင်ဗျားကို ဒီနေ့ကစပြီး လူကြီးလူကောင်းလို့မ တွေ့ချင်တယ်ဗျာ' တဲ့။

ရှက်လည်းရှက် ဒေါသလည်းထွက်သွားသဖြင့် အင်္ကျီကိုင်ထားသော သူ့လက်ကို ခပ်ကြမ်းကြမ်းပုတ်ချလိုက်သည်။ သို့သော် ပြုတ်ကျသွားသော အာနန်းဗဟာဒီ၏ ယာယီလက်သီးသည် လျှပ်စီးလက်သလို လျင်မြန်ခြင်း ဖြင့် ကျွန်တော့် မေးရိုးကို တအားပစ်ထိုးလိုက်ရာ ရုတ်တရက်မို့ ကိုယ် မထိန်းနိုင်ဘဲ ကျွန်တော် ဖင်ထိုင် လဲကျသွားပါသည်။

ရှိသမျှခွန်အားဖြင့် ပြန်လည်ခုခံရန် ကုန်းထလိုက်ချိန်မှာတော့ သင်္ဘောမှ အရာရှိများနှင့် သင်္ဘောသားအချို့က ကျွန်တော်တို့နှစ်ယောက် ကြားမှ ဝင်၍ တားလိုက်ကြသည်။ အာနန်းဗဟာဒီကိုလည်း သင်္ဘောသား လေးငါးယောက်က ဝိုင်းကိုင် ချုပ်ထားလိုက်သည်။ ကျွန်တော့်ကိုလည်း အဲဖရက်ဒ်နှင့် အခြား သင်္ဘောသားများက ဝိုင်းဆွဲထားကြသည်။ ကျွန်တော် က ခံထားရသူဖြစ်၍ မကျေနပ်၊ လွှတ်ပေးလိုက်၍ သူနှင့်ကိုယ်နှင့် ချကြမည် ဆိုလျှင်လည်း အာနန်းဗဟာဒီက ဗလကောင်းသော လူငယ်ဖြစ်၍ ကျွန်တော် ပဲ ပိုနာမည်။ ဆွဲသူရှိတာကိုပဲ ဝမ်းသာရမလိုဖြစ်နေသည်။

ဒါပေမယ့် မြန်မာ့သတ္တိကိုတော့ အထင်သေးသွားမှာစိုး၍ ဆွဲသူ အားကိုးဖြင့် တိုးရန်းနေရသည်။ ကွန်ဖူးလိုလို ဗန်ဒိုလိုလို လှုပ်ရှားမှုများဖြင့် လက်နှစ်ဖက်ကို ထောင့်ကားပြီး မြွေဟောက်နှစ်ကောင် ပါးပြင်းထောင်ထား သကဲ့သို့ အတွင်းအားထည့်၍ ကိုသွင်းထားလိုက်သည်။ ပါးစပ်မှလည်း အသံနက်ကြီးဖြင့်

'မြန်မာပြည်မှာ နာမည်အကြီးဆုံး သိုင်းဆရာကြီး ဂဠုန်ဂုမ္ဘာန်ရဲ့ တပည့် သိုင်းသမား စိုးဂုဏဆိုတာ ငါပဲကွ'



မာန်ဖီနေသော မြွေဟောက်နှစ်ကောင်နှင့်တူသည့် လက်များကို တဆတ်ဆတ်တုန်ခါရင်း အံကိုတင်းတင်းကြိတ် မျက်လုံးကို အစွမ်းကုန်ပြူး လိုက်ပြီး

ဝိုင်းအုံနေသည့် လူတိုင်း၏ မျက်နှာကို ကြည့်လိုက်ပြီး ချချင်တဲ့ အကောင် ထွက်ဟု အော်လိုက်သည်။ အခုမှ ကျွန်တော့်ကို သိုင်းသမားမှန်း သိသွား၍ လန့်သွားကြပြီထင်သည်။ စက်ခန်းမှ အင်ဂျင်နီယာများဖြစ်သည့် ဟောင်ကောင်တရုတ် ရှောဘရားသား အုပ်စုကတော့ ပြုံးတာတစ်ချက် လက်ခနဲမြင်လိုက်ရသည်။ အထင်သေးလို့တော့ ဘာရမလဲ၊ ဟောင်ကောင်က ရိုက်တဲ့ သိုင်းရုပ်ရှင်ကားတွေ အများကြီးကြည့်ထားတဲ့အကောင်ပဲ။

အားလုံးကပဲ ဝိုင်းပြီးတောင်းပန်ကြသည်။ အဲဖရက်ဒ်က အာနန်း ဗဟာဒီကို မျက်နှာ လက်ညှိုးဖြင့် ဝေါက်ဝေါက်ပါအောင်ထိုး၍ အပြတ် ဟောက်သည်။ သူတို့လူမျိုးစကားဖြင့်ပြောနေ၍ နားမလည်သော်လည်း နစ်နစ်နာနာပြစ်တင်ကြိမ်းမောင်းနေကြောင်း သိသာလှသည်။ ကျွန်တော့် ဘက်သို့ တစ်ဖန်လှည့်လာပြီး ထိုင်ရှိခိုးမတတ်တောင်းပန်သည်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်ကို လူချင်းခွဲလိုက်သည်။

နောက်နေ့များတွင် အဲဖရက်ဒ်က ပြောသည်မှာ ကျွန်တော်နှင့် နှန်ဒါတို့၏ သရုပ်ဆောင်မှု သဘာဝကျလွန်းသည့်အတွက် သူ့လူတွေ အထင်အမြင်လွဲမှားပြီး သူ့အတွက် လက်စားချေခြင်းဖြစ်ကြောင်း၊ သူ့ တပည့်တွေကိုယ်စား သူကပင် တောင်းပန်ပါကြောင်း၊ အခုတော့ သူရှင်းပြ၍ သဘောပေါက် နားလည်နေကြပြီဖြစ်ကြောင်း ပြောသည်။ ကျွန်တော်က ဘယ်ဘက်မေးရိုးမှ အထိုးခံထားရသည့်နေရာကို လက်ဖဝါးဖြင့်ပွတ်ရင်း နားထောင်နေလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ တောင်ကိုရီးယားနိုင်ငံ ပူဆန်းမြို့သို့ ဆယ်ရက်ခရီး သွားခဲ့ရ၏။ ပူဆန်းတွင် ကုန်ချရာ ခုနစ်ရက်ခန့် ကြာသွားပြန်သည်။ ရှိတာ သင်္ဘောပေါ်ရောက်နေသည်မှာ တစ်လပြည့်ပေပြီ၊ ပြန်မည့် အရိပ်အယောင်ပင် မတွေ့ရသေး။ ကျွန်တော်နှင့် နွန်ဒါတို့၏ အခြေအနေမှာလည်း ထူးခြားမလာ၊ နွန်ဒါက အဲဖရက်ကို စိတ်နာကြောင်းပြော၊ ကျွန်တော်က နားထောင်ရင်း ဆိုဖာပေါ်မှာ လုံချည်ခြုံပြီး အိပ်သည့်အဆင့်က မတက်။ ကြာတော့ ကျွန်တော်လည်း စိတ်ညစ်လာသည်။ နွန်ဒါတို့ တိုင်းပြည်ရှိရာ ဆိပ်ကမ်းမြို့တစ်မြို့ဆီသို့ နောက်တစ်ခေါက်ရောက်နိုင်မည့် အခွင့်အရေး မြန်မြန်ပေါ်ပါစေဟုသာ ဆုတောင်းနေမိတော့သည်။

ပူဆန်းမှာ ကုန်ချပြီးသောအခါ တောင်ကိုရီးယားနိုင်ငံ၏ အနောက်ဘက်ခြမ်းတွင်ရှိသည့် အင်ချွမ်းမြို့သို့ ကုန်တင်ရန်သွားရပြန်သည်။ ပူဆန်းမှ အင်ချွမ်းသို့ သုံးရက်ခန့် သွားရသည်။ ပူဆန်းမှထွက်လာပြီး နှစ်ရက်အကြာ လမ်းခရီးတွင် အဲဖရက်ဒ်၏ ဖခင်ထံမှရိုက်လိုက်သော ကြေးနန်းတစ်စောင် ရသည်။ အဲဖရက်ဒ်၏သားအကြီးကောင် ထိမိုက်ဒဏ်ရာရ၍ ဆေးရုံတင်ထားရသည်၊ သတိလစ်နေသည်၊ အမြန်လာပါဟူ၍ ဖြစ်သည်။

လင်မယားနှစ်ယောက်လုံး ပျာလောင်ခတ်သွားတော့သည်။ ကားတိုက်သလား၊ မော်တော်ဆိုင်ကယ်မှောက်သလား၊ တောင်ပေါ် အပန်းဖြေစခန်းသို့အသွား ကောင်းကင်ကြိုး ပုခက်ပေါ်က ကျလေသလား၊ ခြေကျိုးသလား၊ လက်ကျိုးသလား၊ ဘာမှမသိရ၊ အင်ချွမ်းကိုသာ မြန်မြန်ရောက်အောင် သင်္ဘောကို စက်ကုန်ဖွင့်မောင်းပေးပါဟု ရှိတာကငိုပြီး တောင်းပန်နေတော့သည်။

ဖြစ်ပေါ်လာသည့် အခြေအနေအရ လင်မယားနှစ်ယောက်လုံး အင်ချွမ်းမှ သူတို့နိုင်ငံသို့ ကမန်းကတန်း ပြန်ရမည်ဖြစ်၍ အင်ချွမ်းရှိ ကုမ္ပဏီ ကိုယ်စားလှယ်အား လေယာဉ်လက်မှတ် လူကြီးနှစ်စောင်၊ ကလေးတစ်စောင် ဖြတ်ထားရန်နှင့် ကုမ္ပဏီရှိရာ ဟောင်ကောင်သို့လည်း ဒုတိယ



အရာရှိတစ်ယောက် လူစားစီစဉ်၍ အင်ချွမ်းသို့ စေလွှတ်ပေးရန် ကြေးနန်းပို့ရတော့သည်။ အားလုံး ဝရုန်းသုန်းကား ဖြစ်ကုန်သည်။

အဲဖရက်ဒ်က သူ့မယားအလစ်မှာ ကမန်းကတန်းလာပြောသည်။ အခြေအနေကောင်းသည်နှင့် အမြန်ဆုံး သူ ပြန်လာမည်ဖြစ်ကြောင်း၊ နွန်ဒါနှင့်ပတ်သက်သမျှ အထွေထွေကုန်ကျစရိတ်ကို သူ ပြန်လာလျှင် ရှင်းပေးမည်ဖြစ်ကြောင်း၊ သူ့မိန်းမရိပ်မိအောင် ပိပိရိရိ ကူညီခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းပြောသည်။ ကျွန်တော်က ပြုံးပြီး ခေါင်းညိတ်လိုက်ရသည်။ သင်္ဘောသားလောကမှာ မဖြစ်နိုင်သော အဓိပ္ပာယ်ကင်းမဲ့သော စကားများ လာပြောနေခြင်းဖြစ်၍ အားနာပါးနာ နားထောင်လိုက်ရသည်။ နောက်တစ်နေ့ အင်ချွမ်းဆိပ်ကမ်းတွင် သင်္ဘောကပ်သည်နှင့် လင်မယားနှစ်ယောက် အထုပ်အပိုးကိုယ်စီဖြင့် ကမန်းကတန်း ပြေးဆင်းသွားတော့သည်။

အဲဖရက်ဒ်မှာ ပိုက်ဆံတစ်ပြားမှ ပါမသွား၊ လစာစာရင်းမှာ လက်မှတ်သာထိုးလိုက်ရသည်။ မယားနှင့် သားအတွက် လေယာဉ်စရိတ်၊ တစ်လကျော်ကျော်စားစရိတ်များကို သူ၏ နောက်ဆုံးလစာမှ ဖြတ်တောက်လိုက်သောအခါ တစ်ပြားမှ မရတော့သည့်အပြင် ကြွေးတောင်တင်နေသေးသည်။ တစ်နှစ်လုံး အလုပ်လုပ်နေပြီး လက်ထဲပိုက်ဆံတစ်ပြားမှ မရှိသည်ကို သိသွားပြီဖြစ်သော မယားနှင့် လေယာဉ်ပေါ်မှာ ရန်ဖြစ်သွားမှာ သေချာသည်။ အာရုံခံစားမှုကို ဦးစားပေးလွန်းပြီး မိသားစုဆိုင်ရာ မြီးခြေချွတာရေး စီမံကိန်းကို လျစ်လျူရှု အလေးမထားတတ်တဲ့ကောင် မှတ်ကရော ဟု စဉ်းစားနေမိသည်။

* * *

အင်ချွမ်းမှာ ကုန်တင်ပြီး ဒုတိယအရာရှိ တရုတ်တစ်ယောက်ရောက်လာပြီဖြစ်၍ တောင်ကိုရီးမှထွက်လာခဲ့သောအခါ နွန်ဒါနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်တော် တစ်ဦးတည်းနှင့်ဆိုင်သော ပုဂ္ဂလိကပိုင် ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီမို့ တအားတက်ပြီး ဝမ်းသာနေမိသည်။ အဲဖရက်ဒ် ပြန်လာသော်လည်း ဤကုမ္ပဏီမှာ အလုပ်ပြန်ရရှိရေးမှာ မလွယ်။ ဤကုမ္ပဏီမှာ အလုပ်ရသည် ထား၌း၊ ဤသင်္ဘောသို့ပြန်ရောက်လာရေးမှာ မလွယ်၊ ဤကုမ္ပဏီပိုင်အခြား သင်္ဘောတစ်စီးတွင်သာ ဖြစ်ကောင်းဖြစ်မည်။ ဒီတော့ နွန်ဒါတို့ တိုင်းပြည် ရှိရာ ဆိပ်ကမ်းမြို့တစ်မြို့သို့ မရောက်မချင်း နွန်ဒါနှင့်အတူတကွ နေရဦးမည်။ အဲဖရက်မရှိတော့၍ ပိုပြီးလွတ်လပ်သွားသည်။

အင်္ဂလိပ်လဆန်းရက်ဖြစ်၍ ပြီးခဲ့သည့်လအတွက် လစာစာရင်း ထွက်လာသောအခါ နွန်ဒါ၏ စားစရိတ်အဖြစ် အမေရိကန်ဒေါ်လာ တစ်ရာ ငါးဆယ်တိတိကို ကျွန်တော့် လစာငွေထဲမှ ဖြတ်တောက်ထားတာ တွေ့ရ သဖြင့် အကြီးအကျယ် တုန်လှုပ်သွားတော့သည်။ ကားမိုး မပြည့်နိုင်လို့ စိတ်ညစ်နေတဲ့အထဲ ဒီလိုသာ မှန်းပဲ့နေမည်ဆိုပါက နောက်နှစ်တောင် မြန်မာပြည် ပြန်နိုင်မည်မဟုတ်ဟု တွေးမိပြီး ချက်ချင်းပင် ကပ္ပတိန်ကို သွားတွေ့သည်။ လစာအဖြတ်ခံရသည့်ကိစ္စ မကျေနပ်ကြောင်း၊ အဲဖရက်ဒ်၏ ပြဿနာကို စေတနာဖြင့်ကူညီထားခြင်းသာဖြစ်ကြောင်း၊ နွန်ဒါနှင့် ပတ်သက် ၍ မိမိမှာ ဘာတာဝန်မှ မရှိကြောင်း တင်ပြရာ ကပ္ပတိန်က ခါးခါးသီးသီး ငြင်းပယ်ပါသည်။ သင်္ဘောသားတိုင်းကို ပျော်ပျော်ရွှင်ရွှင် နေစေလိုသော ဆန္ဒကြောင့် သူ့အနေနှင့် သိလျက် မျက်စိမှိတ်နေခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုလို တာဝန်မယူဘူးဆိုပါက တရားမဝင်သော အမျိုးသမီးကို သင်္ဘော ပေါ်တွင် လုံးဝ လက်မခံနိုင်ကြောင်း၊ ရောက်ရာဆိပ်ကမ်းမှ သူ့တိုင်းပြည်သို့ ပြန်ပို့မည်ဖြစ်ကြောင်း ဒေါနဲ့ဟန်နဲ့ပြောပြီး ကျွန်တော့်ကို သူ့အခန်းထဲမှ မောင်းထုတ်လိုက်ပါတော့သည်။

ကပ္ပတိန်နှင့် ရင်ဆိုင်ခဲ့ရသည့် အခြေအနေကို နွန်ဒါအား ပြောပြ လိုက်သည်။ နွန်ဒါကတော့ ဘယ်ပုံစံဖြင့်ပင်ဖြစ်စေ သူ့နိုင်ငံသို့ပြန်ရောက် လျှင် ပြီးရောဟု သဘောထားဟန်တူသည်။ ကျွန်တော့်မှာတော့ ဆွမ်းကြွင်း ဟင်းကျန် မစားရဘဲ ဆွမ်းဟင်းပန်းကန်သာ ဆေးရသော ဘုန်းကြီး ကျောင်းသားကဲ့သို့ အခံရခက်နေသည်။



သင်္ဘောခရီးစဉ်မှာ အိန္ဒိယသို့ အသွားဖြစ်၍ ခရီးတစ်ဝက်ဖြစ်သည့် ကော်ပူတွင် ဆီ၊ ရေ ဝင်ဖြည့်သည်။ စကော်ပူဆိပ်ကမ်းတွင် ကျောက်ချလိုက် သည်နှင့် စကော်ပူအေးဂျင့်မှ ကိုယ်စားလှယ်တက်လာပြီး နွန်ဒါကို ပစ္စည်းများ သိမ်းဆည်း၍ အသင့်ပြင်ထားရန် ပြောသည်။ ယနေ့တစ်ည ဟိုတယ်မှာ အိပ်ရမည်။ နက်ဖြန် လေယာဉ်ဖြင့် သူ့နိုင်ငံသို့ ပြန်ပို့မည်ဟု ပြောသည်။ ကပ္ပတိန်က ကြေးနန်းရိုက်ပြီး စီစဉ်နိုင်းတာဖြစ်ရမည်။

တကယ်ပြန်ရတော့မည်ဆိုတော့ နွန်ဒါခမျာ စိတ်မကောင်းဖြစ်နေ သည်။ အရာရှိကတော်ဘဝဖြင့် ဂရိတ်ကျကျ ရင်ကော့ခေါင်းမော့ တက်လာ ခဲ့ပြီး အခုတော့ အဆင့်အတန်းမရှိတဲ့ဘဝနဲ့ မျက်နှာအောက်ချပြီး ပြန်ဆင်း ရတော့မည်ဆိုတော့ အခံရခက်ပြီး ဝမ်းနည်းနေဟန်တူသည်။ ကျွန်တော့် မှာတော့ လယ်သမားဘဝ ပေ့လာရန် ကွင်းဆင်းလာသော တက္ကသိုလ် ကျောင်းသူ မြို့ပြန်တော့မည်ဆိုတော့ ဘာမဆိုင် ညာမဆိုင် အခြောက်တိုက် ဆွေးနေသော လယ်သမားကြီးအိမ်မှ သူ့ရင်ဖွားကိုလူပျို၏ ဝေဒနာမျိုးကို ခံစားနေရသည်။

အေးဂျင့်မှ ကိုယ်စားလှယ်ပြန်သောအခါ နွန်ဒါကို ခေါ်သွားတော့ သည်။ ကျွန်တော့်ရင်ထဲမှာ ဟာကျန်ခဲ့သည်။ နွန်ဒါက ကျွန်တော့်ကို ကျေးဇူးတင်စကားများ ပြောကြားပြီး နောက်ဆုံးနှုတ်ဆက်ခြင်းအထိမ်းအမှတ်ဖြင့် နှုတ်ဆက်သည်။ သူတို့နိုင်ငံ သူတို့မြို့ရောက်လျှင် သူ့ဆီလာလည်ဖို့ မှာကြားသွားသည်။ တော်ပါပြီ။ ကိုယ့်ဘဝနဲ့ကိုယ် အေးအေးပဲနေပါရ စေတော့။

အကျိုးရှိလိုရှိငြား သူများဒုက္ခ ကိုယ့်ဒုက္ခလုပ်ခဲ့သော အကျိုးအမြတ် ကို စိတ်တွက်နဲ့ တွက်ကြည့်မိသည်။ နွန်ဒါအတွက်စားစရိတ် အမေရိကန် ဒေါ်လာ တစ်ရာငါးဆယ်၊ ဘန်ကောက်မှာ လျှောက်လည်တာက တစ်ရာခန့်၊ တစ်လကျော်ကျော် နှစ်ယောက်သောက်သည့် စီးကရက်နှင့် ကိုကာကိုလာ အတွက်က ဒေါ်လာနှစ်ဆယ်ကျော်။ အထွေထွေ စုပေါင်းလိုက်တော့ ဒေါ်လာသုံးရာဖိုးလောက်နီးနီး ရှိသည်။ ဘယ်ဘက်မေးရိုးကို အထိုးခံရသော

www.burmeseclassic.com

www.burmeseclassic.com



လက်သီးတစ်လုံးပါ ထည့်ပေါင်းလိုက်လျှင် နှစ်နာဆုံးရှုံးမှုတွေက တန်ဖိုးမနည်းပေ။ ရှိစေတော့၊ မလိမ္မာ တစ်ခါတော့မိုက်ကြစမြဲပေကိုး။ ဒါလောက်နဲ့ ကိစ္စပြီးသွားတာကိုပဲ ဝမ်းသာလှပါပြီ။

စက်ဘ်ပွမှ သဘော်ထွက်ခွာပြီး နောက်တစ်နေ့တွင် တာဝန်ကျအရာရှိမှတစ်ဆင့် master order ဟု စာလုံးခေါင်းစီးပါသော စာရွက်တွင် လက်နှိပ်စက်ရိုက်ထားသော ကပ္ပတိန်၏ အကြောင်းကြားစာတစ်ရွက်လာပေးသည်။ တုန်တုန်ယင်ယင်ဖြင့် ဖတ်ကြည့်လိုက်ရာ Attention, Mr. Soe Moe ဟု အစချီပြီး နိုင်ငံကူးလက်မှတ် အမှတ် (   )ကို ကိုင်ဆောင်သူ မီအိန္နန်ဒါဟုခေါ်သော သင်၏ အမျိုးသမီးမိတ်ဆွေအတွက် စားစရိတ်၊ စင်ကာပူဟိုတယ်တွင် တစ်ညတည်းနေစရိတ်၊ စင်ကာပူနိုင်ငံမှ သူ့နိုင်ငံသို့ ပို့ပေးရသည့် လေယာဉ်စရိတ်အပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၅၀ (ခြောက်ရာငါးဆယ်တိတိ)ကို သဘော်ကုမ္ပဏီမှ စိုက်ထုတ်သုံးစွဲခဲ့ရသဖြင့် အဆိုပါကုန်ကျစရိတ်ကို သင်၏ လစာငွေမှ ပြန်လည်ဖြတ်တောက်မည်ဖြစ်ကြောင်း သိစေအပ်သည်။

ပုံ မာလိန်မှူး တဲ့။

မြတ်စွာဘုရား ကယ်တော်မူပါ။ မဖြူတုတ်ရေ မင့်မောင်ကြီးတော့ သူများမောင်းထောင်းရာ လက်နှိုက်မိလို့ ကားမဝယ်နိုင်တဲ့အပြင် နောက်နှစ်တောင် မြန်မာပြည်ပြန်လာနိုင်မှာ မဟုတ်တော့ဘူးဟ။ နင်လဲ မစောင့်နိုင်ရင် လင်တစ်ယောက်သာ နောက်ထပ်ယူလိုက်ပေတော့၊ ဟီး ဟီးဟီး။

ရင်ဘတ်ကို စည်ကြီးတီးသလိုတီး၍ တဟီးဟီးငိုရှိုက်ရင်း အခန်းနံရံကို ခေါင်းနဲ့ ကျွဲခတ်သလို ခတ်လိုက်သည်မှာ ငါးချက်လောက်အထိတော့ သတိရသေးသည်။ နောက်တော့ ဘာဖြစ်သွားမှန်းမသိ။ မှောင်အတိကျသွားလေတော့သတည်း။

[စစ်ပြန် ။ ။နန်းဝါရီ၊ ၁၉၉၈]

# သဘော်သားမို့ ကြွားလိုက်ချင်

သဘော်သားမို့ ကြွားလိုက်ချင်တယ်၊
ကျွန်တော့်အတွက်တော့ဖြင့် အခက်တွေက လွယ်လွယ်။
သဘော်သားကို ဒီလိုရွေးချယ်၊
နှစ်ဆယ်ရာစု စုပါစတား။
အလုပ်တွေ ရှုပ်ထွေးများပုံက
နိုင်ငံခြားသွားမယ့် ဟန်ပြင်
ပွတ်ဘိုင် ဒါလင်။

သဘော်သားစိုးမိုး၏ မော်ဒန်ကဗျာ

နိုင်ငံခြားသဘော်သားဖြစ်ရန် အလွန်ခက်သည်ဟု ပြောကြသည်။ သာမညပညာ၊ နေ၊ ဩဇာအရှိန်အဝါဖြင့် နိုင်ငံခြားသဘော်သား မဖြစ်နိုင်ဟုဆိုကြသည်။ နိုင်ငံခြားသဘော်သား ဖြစ်မည်ဆိုပါက အခြား မည်သည့် အရွင်အရေးကိုမဆို စွန့်လွှတ်မည်ဟုပြောသော လူငယ်များကို တွေ့ရသဖြင့် သဘော်သားဖြစ်ရန် မလွယ်ဆိုတာ မှန်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com





### ကျွန်တော့်အတွက်ဖြင့် အခက်တွေက လွယ်လွယ်

အဆင့်မြင့် အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်မှုလက်မှတ်ရရှိထားသော အရာရှိများမှအပ ဖြစ်သည့် ရိုးရိုးသဘော်သားဖြစ်နိုင်ခွင့်ရှိသူ သုံးမျိုးရှိသည်။ ဆင်မလိုက် ရေကြောင်း ပညာသင်ကျောင်းမှ သင်တန်းအောင်မြင်ပြီးသူများ၊ ကြယ်ငါးပွင့်မှ လူယောင်းများနှင့် တပ်မတော်ရေတပ်မှ ရေယာဉ်လုပ်သက်ရှိသော ရဲဘော်ဟောင်းများဟူ၍ ဖြစ်သည်။

ခေတ်ပညာတတ်လူငယ်များမှာ သဘော်သားဖြစ်ချင်ပါသော်လည်း အထက်ပါအမျိုးအစားတွင် မပါဝင်၍ မဖြစ်နိုင်သောအခါ ကဒက် ခေါ် အလုပ်သင်အရာရှိအဖြစ်ဖြင့် နိုင်ငံခြားထွက်ရန် ကြံဖန်ကြိုးပမ်းကြသည်။ ဘာပညာမှမတတ်သော ဘုန်းကြီးကျောင်းထွက် ကျွန်တော် မောင်စိုးမိုးသည်ကား ရေတပ်သား ရဲဘော်ဟောင်းဖြစ်၍ တတိယအမျိုးအစားတွင် အကျုံးဝင်ရကား သဘော်သားဖြစ်ရန်သေချာနေသော စုပါစတား ဖြစ်နေတော့သည်။

### သဘော်သားကို ဒီလိုရွေးချယ်

သဘော်သား ဖြစ်နိုင်ခွင့်ရှိသူများနှင့် လိုင်းပြန် လူယောင်းများကို လုပ်ငန်းတာဝန်အလိုက်၊ အဆင့်အလိုက် စနစ်တကျ စာရင်းသွင်းထား၍ သဘော်သားအလုပ်အကိုင် ကြီးကြပ်ရေးဌာနခွဲမှ မှတ်တမ်းတင်ထားသော စာအုပ်ကြီးကို အထွေထွေ တန်းစီဇယားဟု ခေါ်သည်။ နိုင်ငံခြား သဘော်ကုမ္ပဏီတစ်ခုမှ သဘော်သား အလိုရှိသည်ဟု ကမ်းလှမ်းလာပါက သဘော်သားရုံး ကြော်ငြာသင်ပုန်းတွင် လိုချင်သည့်အဆင့်၊ အရေအတွက်၊ ရရှိမည့်လစာ စသည်များကို ဖော်ပြ၍ ရွေးချယ်မည့်နေ့မတိုင်မီ ကြိုတင်ကြော်ငြာထားလေ့ရှိသည်။

ရွေးချယ်မည့်နေ့တွင် တန်းစီဇယားဝင် သဘော်သားလောင်းလျာများကို စီရီယာအလိုက် တစ်ဦးစီအမည်နှင့် တန်းစီအမှတ်စဉ် နံပါတ်ကို

www.burmeseclassic.com

www.burmeseclassic.com



တွဲ၍ ခေါ်ပါသည်။ မိမိအမည်နှင့် အမှတ်စဉ်ခေါ်သံကို နားထောင်ကြရသည်။ လိုချင်သည့် အရေအတွက် မရမချင်း နံပါတ်ကြီးများကို ဆက်ခေါ်ပါသည်။ တစ်ခါတစ်ရံ မိမိနံပါတ်နားရောက်မှ ရပ်သွားပြီး လူပြည့်သွားပြီ၊ လိုချင်သည့် အရေအတွက် ပြည့်သွားပြီဆိုလျှင် မောပြီး ပြန်ခဲ့ရသည်။ သို့သော် စိတ်ရှည်ရှည် တက်လာသည်။ နောက်တစ်ခါခေါ်လျှင် ထိပ်ဆုံးက ဝင်အရွေးခံရမည် ဖြစ်သည်။ မိမိနာမည်နှင့် နံပါတ်ကိုခေါ်လျှင် မှန်ကန်မှု ရှိမရှိစစ်ဆေးခံကြရပြီး ရွေးချယ်ရေးအဖွဲ့ဝင် လူကြီးများရှိရာ အခန်းတွင်းသို့ တစ်ဦးပြီးမှ တစ်ဦးဝင်ကြရပါသည်။

**နှစ်ဆယ်ရာစု ရူပါစတား**

မောင်စိုးမိုး၊ အမှတ်စဉ် –ဟု ခေါ်သဖြင့် ‘ရှိပါတယ်’ဟု အော်ပြီး အသံပြုလိုက်ရပါသည်။ မှန်ကန်မှု ရှိ မရှိ စစ်ဆေးပါသည်။ ရေတပ်ရဲဘော်ဟောင်း အမည်နှင့် စီဒီစီနံပါတ်၊ နိုင်ငံကူးလက်မှတ်နံပါတ်များကို ကြည့်ရှုစစ်ဆေးပြီးသောအခါ ရွေးချယ်ရေးအဖွဲ့ဝင် လူကြီးများရှိရာ အခန်းတွင်းသို့ သွင်းလိုက်ပါတော့သည်။

လေအေးစက်ဖွင့်ထားသောအခန်းဖြစ်၍ စိမ့်ခနဲခံစားလိုက်ရသည်။ ကျွန်တော် ခြေဖျားလက်ဖျားများ အေးစက်နေသော်လည်း နားရွက်တွေ ထူပူနေသည်။ နည်းနည်းကြောက်တတ်တာ ဖြစ်မည်။ စားပွဲကြီးတစ်လုံးကို ဝိုင်းထိုင်နေကြသော လူကြီးများအကြားတွင် ကိုယ်လုံးထွားထွား၊ အသားနီစပ်စပ်၊ အရပ်ရှည်ရှည် နိုင်ငံခြားသားတစ်ဦးကိုပါတွေ့ရသည်။ ရွေးချယ်ရေးအဖွဲ့ဝင် လူကြီးတစ်ဦးက လက်ဟန်၊ ခြေဟန်ဖြင့် ကုလားထိုင် အလွတ်တစ်လုံးတွင် ထိုင်နိုင်းပါသည်။

လူကြီးများအားလုံးက ဘာမှ မမေးမစမ်းဘဲ စာရွက်စာတမ်းများဖြင့် အလုပ်ရှုပ်နေသည့် နိုင်ငံခြားသား မေးလာမည့်စကားကို စောင့်စားနားထောင်နေကြသည်။ မှန်ကန်မှုရှိစေရန် သူ့ဟာသူ လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်



ပေးထားဟန်တူသည်။ မှားသည် မှန်သည်က အရေးမဟုတ်၊ ထိုပုဂ္ဂိုလ် ပြောလာမည့် အင်္ဂလိပ်စကားကို ကျွန်တော်နားမလည်ဖြစ်မည်က အဓိက ပြဿနာ။ မကြာမီ ခေါင်းမော့၍ ကျွန်တော့်ကို ပြုံးကြည့်ပြီး တစ်စုံတစ်ခု ပြောပါသည်။

‘ဟဲလို၊ ယွာနိမ်း ပလိစ်’

ဘာပြောရမှန်းမသိ၍ ကြောင်ပြီး ကြည့်နေစဉ် အဖွဲ့ဝင်လူကြီး တစ်ဦးက သတိပေးရသည်။

‘မင်းနာမည် ပြောလိုက်လေကွာ၊ ဘာကြောင်နေတာလဲ’

‘ခင်ဗျာ၊ ဩော် ဟုတ် ဟုတ်ကဲ့၊ စိုးမိုးပါ ခင်ဗျာ၊ စိုးမိုး’

ကြောက်ကြောက်လန့်လန့်ဖြင့် မြန်မာလိုပင် ပြောလိုက်မိပါသည်။

‘သိုင်းကျူး၊ မစ္စတာ စိုးမိုး၊ ဝုဒ်ကျူ ရှိုးမီယွာ စီဒီစီ ပလိစ်’

ဘာတွေပြောမှန်း မသိသော်လည်း နောက်ဆုံးစကားလုံး စီဒီစီကို နားလည်လိုက်သဖြင့် စီဒီစီစာအုပ်ကို ရမ်းပြီး ထိုးပေးလိုက်ရာ မြောင်းတည့်ပြီး အဆင်ချောသွားသည်။ စာအုပ်ကို လှန်လှောကြည့်ရှု၍ လိုအပ်သည်များကို ရေးမှတ်သည်။ ပြီးတော့ ကျွန်တော့်လက်သို့ ပြန်ပေးရင်း တစ်စုံတစ်ခု ပြောသည်။

‘သိုင်းကျူး မစ္စတာစိုးမိုး၊ ပလိစ်ဝိတ် အောက်ဆိုက်’

ဘာမေးတာလဲဟု သိလို၍ အနားကလူကြီးကို အကူအညီတောင်းသည့် အကြည့်ဖြင့် ကြည့်လိုက်ရာ လူကြီးက စိတ်မရှည်တော့၍ ထင်သည်၊ ငေါက်ပြောလေး ပြောသည်။

‘သွားတော့လေကွာ၊ အပြင်မှာ စောင့်နေ’

‘ဟုတ် ဟုတ်ကဲ့ဆရာ’

ကျွန်တော် ထွက်လာပြီး နောက်လူများကိုလည်း တစ်ယောက် တစ်ယောက် ဝင်နိုင်းတာ တွေ့ရသည်။

နေ့လယ်သုံးနာရီတွင် အရွေးခံရသူများ၏အမည်စာရင်း ကြေညာသည်။ ကျွန်တော့်နာမည် ပါလာသည်။ အလွန် ဝမ်းသာသွားသည်။ ခိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမည့် ရုပ်မျိုးကြောင့်လား၊ အင်္ဂလိပ်စကား နားလည်သူဟု ယူဆသော ကြောင့်လား မသိ၊ အရွေးခံရပြီးဖြစ်သဖြင့် ကျွန်တော် ရေတပ် ရဲဘော်ဟောင်း မောင်စိုးမိုးသည် စူပါ စူပါ မဟာစူပါစတားသင်္ဘောသားကြီး ဖြစ်သွားတော့ သည် ခင်ဗျား။

## အလုပ်တွေ ရှုပ်ထွေးများပုံက

သင်္ဘောတက်ရန် ဟောင်ကောင်သို့ သွားရမည်ဟု သိရသည်။ ဆောင်ရွက်ဖွယ်ကိစ္စများကို တစ်ပတ်အတွင်း အပြီးဆောင်ရွက်ရမည်ဟု ဆိုသည်။ နိုင်ငံကူးလက်မှတ်ထုတ်ခြင်း၊ ပြည်ပထွက်ခွင့်ပုံစံများ ဖြည့်စွက်ခြင်း၊ ဗီဇာလုပ်ခြင်း၊ နိုင်ငံခြားငွေလဲခြင်း၊ ကာကွယ်ဆေးထိုး၊ ဆေးစစ်ခံရခြင်းဖြင့် တစ်ပတ်လုံး အလုပ်များကြသည်။

နိုင်ငံတော်သို့ အခွန်အတုတ်ပေးဆောင်ရန်မရှိကြောင်း၊ သက်ဆိုင်ရာ ၏ လစာငွေ ငါးဆယ်ရာနိုင်နှုန်း သာကေတတွင်ကျန်ရစ်မည့် ဇနီးမဖြူတုတ် ထံတွင် မှန်မှန်ပို့ပါမည် စသည်ဖြင့် ကတိဝန်ခံချက်များ ပြုလုပ်ရသည်။

အကြောင်းအမျိုးမျိုးကြောင့် အကုန်အကျတွေများသဖြင့် ဝတ်စုံ ချုပ်ရန် မတတ်နိုင်တော့ နိုင်ငံခြားသွားခဲ့ဖူးသော ကျွန်တော့်ဆရာ ဗိုလ်မှူးထံမှ ဝတ်စုံအဟောင်းကို သွားတောင်းရတော့သည်။ လွန်ခဲ့သော အနှစ် ၂၀ ခန့်က ဒုဗိုလ်ဘဝဖြင့် နိုင်ငံခြားသွားစဉ်က ဝတ်ခဲ့သော ဝတ်စုံကို ဗိုလ်မှူးက စွန့်ကြဲပါသည်။ ဗိုလ်မှူးက အရပ်အမောင်းကောင်းကောင်း၊ ထွားထွား ကြိုင်းကြိုင်း၊ ကျွန်တော်က ပုပုပိန်ပိန်ဖြစ်၍ ဘောင်းဘီရော အင်္ကျီပါ ရှည်လျား ပွယောင်း နေပါသည်။ ပြန်ချုပ်ရန် အပ်ချုပ်ဆိုင်နှင့် ညှိနှိုင်းကြည့်ရာ အသစ် ချုပ်ထက်ပင် ပိုယူမည်ဟု ခြိမ်းခြောက်လိုက်သဖြင့် လက်လျှော့လိုက်ရသည်။ လျှော်ဖွပ်ပြီး ဒီအတိုင်းပင် ဝတ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

လေယာဉ်ကွင်းသို့လိုက်ပို့မည့် သင်္ဘောသားကတော် အသစ်စက်စက် ကြီးအတွက် ဖျော့ခရစ်လိုင်းကြီးလက်စက တစ်ဝတ်စာနှင့် ပလိတ်ချည်မျှင်



စက်ရုံထွက် ပါတိတ်ဆင်တစ်ထည် ဝယ်ရသည်။ ကလေးငါးယောက်အတွက် ကတော့ ရှိတာလေးတွေနှင့်ပင် အဆင်ပြေအောင် ဆင်ပြင်ပေးမည်ဟု စီစဉ် ထားသည်။ ကလေးတွေက ဖိနပ်စီးစရာမရှိ၍ ပလတ်စတစ် ဂွပ်ဂွပ် ဖိနပ် ငါးရံဝယ်လိုက်ရာ ငွေသုံးဆယ်ခန့် ထပ်ကုန်သွားပြန်သည်။

နိုင်ငံခြားသွားမည့် သင်္ဘောသားကြီးအတွက်မူ ဗိုလ်မှူးပေးသည့် ဝတ်စုံနှင့် ဆင်မြန်းရန် ရေတပ်လက်ကျန် ရှူးဖိနပ်တစ်ရန်ရှိနေ၍ သုံးဆယ် ငါးကျပ်တန် သားရေတု အိတ်တစ်လုံးသာ ဝယ်ရတော့သည်။ ဆွေစဉ် ခုနစ်ဆက် မျိုးဆက်တွင် ခက်ခဲထူးခြား၍ ဂုဏ်ယူဝံ့ကြွားလောက်စရာ ထွန်းထွန်းပေါက်ပေါက် တစ်ယောက်တည်းသာ သင်္ဘောသားဖြစ်သော ကျွန်တော့်အတွက် တစ်ဆွေလုံး တစ်မျိုးလုံး စုပေါင်း ထောက်ပံ့ထားသော ငွေသားတစ်ထောင်မှာ လေဆိပ်သွားရန် ကားခသာကျန်တော့သည်။

## နိုင်ငံခြားသွားမယ့်ဟန်ပြင်

ယနေ့နံနက် ခုနစ်နာရီတွင် လေဆိပ်အရောက် သွားရမည်ဖြစ်၍ နံနက် လေးနာရီထ၍ ပြင်ဆင် ဖြီးလိမ်းကြရသည်။ ကလေးငယ်သုံးကောင် ၏ နားနောက်နှင့် ခြေထောက်က ချေးတွေချွတ်နေရတာကိုက တစ်နာရီ လောက် ကြာသွားသည်။

သမီးအကြီးမတွင် သစ်သစ်လွင်လွင်ဆို၍ ကျောင်းဖွင့်စက ဝယ်ပေး ထားသော ထဘီစိမ်းနှင့် အင်္ကျီဖြူတစ်စုံသာရှိ၍ ကျောင်းဝတ်စုံကိုပင် ဝတ်နိုင်း ရတော့သည်။ အလတ်ကောင် ညိုကြီးကမူ ဈေးပေါပေ့ဆိုသည့် ဘုရားမှူး ကျွမ်းရူး ဝတ်စုံသစ်ကလေး ဝတ်ဆင်ပေးထားသဖြင့် မြူးနေသည်။ အငယ်ဆုံး သုံးကောင်ကိုမူ အဟောင်းတွေမှ အရောင်အသွေးရှိသေးသော သူ့ရာတော်ရာ လေးများကို လျှော်ဖွပ်ပြီး မီးပူတိုက်၍ ဆင်မြန်း ပေးထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



စုပါစတားဓါ်စနီး စုပါစတီး မဖြူတုတ် သနပ်ခါးလိမ်းနေစဉ်မှာတော့ အဖေကြီး နိုင်ငံခြားသွားရမည်ဆို၍ ပျော်မြူးနေကြသော သူဌေးသား၊ သူဌေးသမီး လောင်းလျာလေးများ ဖြစ်ကြသည့် မသိသုံးပါး ငါးကောင်၏ ခြောက်ကျပ်တန် ပလတ်စတစ် ဂွပ်ဂွပ်ဖိနပ်ငါးရံ၏ အသံမှာ တစ်အိမ်လုံး ညံနေပါတော့သည်။

မဖြူတုတ် သနပ်ခါးဖျက်ပြီးသော အချိန်မှာတော့ ကျွန်တော်လည်း ပွယောင်းယောင်း ရှည်ရှည်လျားလျား အနောက်တိုင်းဝတ်စုံများဖြင့် အခန့်သား ဖြစ်နေလေပြီ။ နက်ကတိုင်မရှိ၍ အင်္ကလိပ်ခေတ်က ဓာတ်ရထား မောင်းသော ကုလားနှင့် တူနေသည်။ တိုင်စီငှားရန်အတွက် အိမ်မှထွက်လိုက်စဉ် အိမ်ဖိနပ်ချွတ်အောက်မှာ ဆေးသမားကဲ့သို့ အမြဲမှိန်းနေသောတုတ်ဆေါက တစ်ချက်ထိုး ဟောင်လိုက်သည်။ အသေအချာကြည့်တော့မှ သူ့ဆရာ ကျွန်တော့်ကို မှတ်မိသွားဟန်တူပါသည်။ မျက်စိပြန်မှိတ်ပြီး စိတ်ချလက်ချ အိပ်သွားတော့သည်။

နံနက်စောစော သာကေတသို့ ဝင်လာသော တိုင်စီများအနက် အကောင်းဆုံးဖြစ်မည်ထင်ရသော လေးဘီးကားတစ်စီးကို ငှားလိုက်သည်။ မိသားစုအားလုံး ကားပေါ်တက်ပြီး စက်နှိုးတော့မှ လွယ်လွယ်နှင့်မနိုးဖြစ်နေသည်။လေဆိပ်အရောက်နောက်ကျမည်စိုး၍ အနောက်တိုင်းဝတ်စုံ ပြည့်ဖြင့် တွန်းပေးရသည်။ သာကေတမှ မင်္ဂလာဒုံ ခရီးတစ်လျှောက် ဘယ်နေရာထိုးရပ်ဦးမလဲဟု ရင်တထိတ်ထိတ်ဖြင့်ပင် ချောမောစွာ ရောက်သွားပါသည်။ ကျွန်တော်နှင့်အတူသွားမည့် အခြားပုဂ္ဂိုလ်များ စီးလာပြီး ရပ်ထားသော ပတ်ပလစ်ကား၊ တိုယိုတာ၊ ကိုရိုလာ၊ ခရက်ဆီဒါ၊ မီဆူဗီရှီလင်ဆာ၊ မာစီဒီးတို့အနီးတွင် မောကြီးပန်းကြီး ရပ်လိုက်သည်နှင့် ချောင်းတစ်ချက်ဆိုး၍ အသက်ပါထွက်သွားသည့်ပမာ စက်ပါ တစ်ခါတည်း ရပ်သွားသည်။



လေဆိပ်အဆောက်အဦအတွင်း ပြည်ပခရီးသည် အခန်းမှာကား ရွှေရောင်၊ စိန်ရောင်၊ ပါတိတ်ရောင်၊ ကိုမိုနိုရောင်တပြောင်ပြောင်နှင့် ရယ်သံမောသံ နှုတ်ဆက်သံ၊ ဘိုလိုပြောသံတို့ဖြင့် စိုပြည်လှပနေသည်။ ဘဝမှာ အသာစီးရနေသူတို့၏ ရယ်မော ပြောဆိုနေကြသော ဂီတသံစဉ်များကို ကျွန်တော့် ကလေးများ၏ ပလတ်စတစ် ဂွပ်ဂွပ်ဖိနပ်သံများဖြင့် စည်းဝါးလိုက်ပေးသည်သို့ရှိရာ ပို၍ပင် စိုပြည် မြိုင်ဆိုင်နေတော့သည်။ လေယာဉ်မထွက်ခွာနိုင်မီ အချိန်လေးရတုန်းမှာ မှာကြ တမ်းကြသည်။ မေးကြ မြန်းကြသည်။

'မောင်၊ ကျန်းမာရေးဂရုစိုက်နော်၊ အဲဗရီးပို့ရောက်တိုင်း စာထည့်ရမယ်နော်၊ ဒါပဲ'

'စိတ်ချပါ ဒါလင်၊ မောင့်အတွက် ဘာမှ မပူနဲ့၊ ဒါလင် ဘရုတ်ပရက်ရှာကေ့စ်ကို ပေါ့မနေနဲ့၊ ဒေါက်တာအောင်မြတ်ထွန်းနဲ့ပြန်ပြီး ချက်ခ်လုပ်ဦး၊ ဂျူနီယာချောင်းဆိုးနေတာ နှစ်ရက်ရှိပြီ၊ ပရစ်ချ်ထဲမှာ ချော့ကလက်တွေ ကျန်သေးတယ်၊ ဂျူနီယာကို မကျွေးနဲ့နော်၊ ပိုဆိုးနေဦးမယ်၊ ဒေါက်တာမေရီလင်းကို အိမ်ခေါ်ပြီး ဆေးတိုက်နိုင်းစမ်း၊ မိစုတိုက်တာ မသောက်ဘူး၊ အန်တီလင်းတိုက်မှ သောက်မယ်လို့ ပြောနေတယ်'

သူတို့တွေ မှာတာတမ်းတာ ကြားတော့မှ ကျွန်တော်လည်း မဖြူတုတ်ကို မှာစရာရှိတာလေးတွေ သတိရလာပါသည်။

'မဖြူ ငါ မရှိတုန်း မီးထင်း ဂရုစိုက်၊ မီးသော့ဆိုတာနဲ့ ကလေးငါးယောက်နဲ့ နင့် ထဘီထုပ်ကို အရင်ဆွဲပြီး လမ်းထိပ်ကိုပြေးထွက်ဖို့မမေ့နဲ့၊ အငယ်ကောင်ကို အထူးဂရုစိုက်၊ တွယ်ချိတ်တွေဘာတွေ ပါးစပ်ထဲထည့်လို့ ဗိုက်ထဲရောက်သွားဦးမယ်၊ နို့အေးချောင်းနဲ့ စိမ်းစားဥ တွဲပြီး မစားစေနဲ့၊ ဟိုကောင်ညိုကြီး ညည ချောင်းဆိုးနေတာကြာပြီ၊ အိပ်ရာဝင်ခါနီး မိချောင်းခေါင်း လျက်ဆားနဲ့ ကွမ်းရွက်ကို ဝါးခိုင်းလိုက်စမ်းကွာ၊ နင်လဲ ဘေးအားရှိကာတွန်းငှားဖတ်လိုက်၊ နတ်ကနားပွဲကြည့်လိုက် လုပ်မနေနဲ့ဦး'

www.burmeseclassic.com

www.burmeseclassic.com



'အင်းပါ၊ တော်လဲပ်ဟိုရောက်ရင် အလွန်အကျွံ သောက်မနေနဲ့ဦး လခက ဘယ်တော့ထုတ်ရမှာလဲ'

'ဒါတော့ ဘယ်ပြောနိုင်မလဲကွာ၊ ကုမ္ပဏီကပို့တဲ့လ ထုတ်ရမှာပေါ့၊ မင်းနားကပ် တစ်မတ်သားကို သုံးရာထဲနဲ့ထားတာ မဟုတ်လား နောက်ထပ် နှစ်ရာလောက် ထပ်ပြောကြည့်ပေါ့'

'အတိုးက ငါးကျပ်တောင်တော့'

'ဒါတော့ ဘယ်တတ်နိုင်မှာလည်းကွာ၊ ကိုယ့်မှာမရှိတော့ အတော်မခံနိုင်လို့ တစ်ဆယ်တိုးဆိုလည်း ပေးရမှာပဲ'

အသံချဲ့စက်မှ အသံတစ်ခု ထွက်ပေါ်လာသဖြင့် ခရီးသွားမည့်သူများနှင့် လိုက်ပို့သူများ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြ၏။

'ကျေးဇူးပြု၍ နားဆင်ပါရှင်၊ ယူဘီအမှတ် -ဖြင့် ဘန်ကောက် မြို့သို့ လိုက်ပါမည့်ခရီးသည်များ၊ ပြည်ပ စစ်ဆေးရေးကောင်တာသို့ ကြွပါရှင်'

အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့်ပြောလိုက်သော အမျိုးသမီးတစ်ဦး၏ အသံဖြစ်သည်။ ကျွန်တော်အပါအဝင် သင်္ဘောသားဆယ်ယောက်အဖွဲ့မှာ ဘန်ကောက်မှတစ်ဆင့် ဟောင်ကောင်သို့ခရီးဆက်ကြရမည် ဖြစ်သည်။ လွယ်အိတ်ကို ကောက်လွယ်လိုက်ပါသည်။ ပြည်ပ စစ်ဆေးရေးကောင်တာ အတွင်းရှိ ခရီးသည်မှအပ မည်သူမှ မဝင်ရ၊ ခရီးသည်များလည်း ဝင်ပြီးလျှင် ပြန်မထွက်ရတော့ပါ။ နိုင်ငံခြားသွားမည့်သူနှင့် လိုက်ပို့သူတို့ ဤအဆင့်တွင် လမ်းခွဲကြရသည်။

'ဒယ်ဒီ၊ တာ့တာ့ ဘိုင့်ဘိုင်'

'ဖေဖေကြီး၊ တာ့တာ'

'ဂွတ်ဘိုင်ဒါလင်၊ ဝပ်သ် အဲဗား လပ်ဖ်၊ ဘိုင်ဘိုင့်'

သူများတွေ လက်ဆွဲနှုတ်ဆက်ကြ၊ ဇနီးသားမယားကို ဖက်မွှေးနမ်းရှုပ်ကြတာ မြင်ရသောအခါ ကျွန်တော်လည်း ကျွန်တော့်ဇနီး မဖြူတုတ်နှင့် သားသမီးလေးများကို နောက်ဆုံးနှုတ်ဆက်သည့် အကြည့်ဖြင့် ကြည့်လိုက်ပြီး ပြည်ပ စစ်ဆေးရေးခန်းမအတွင်းသို့ ဝင်ခဲ့ပါသည်။



'ဂွတ်ဘိုင် ဒါလင်'

လိုက်ပို့သူများ လေဆိပ်အဆောက်အအုံအပေါ်သို့ ပြေးတက်သွားကြတာတွေ့ရသည်။ လေဆိပ်ပေါ်အတက်နှင့် လေယာဉ်ထွက်လျှင် လက်ပြနှုတ်ဆက်နိုင်ရန်ဖြစ်သည်။ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးမှ စစ်ဆေးပြီးသွားသောအခါ အသံချဲ့စက်မှ ကြေညာသံ ထွက်ပေါ်လာသည်။

'ကျေးဇူးပြု၍ နားဆင်ပါရှင်၊ ယူဘီ အမှတ် -ဖြင့် ဘန်ကောက်မြို့သို့ လိုက်ပါမည့် ခရီးသည်များ၊ ဖော်ကာ ဖရင်းရှစ် လေယာဉ် အမှတ် - ပေါ်သို့ ကြွကြပါရှင်၊ ကျေးဇူးတင်ပါတယ်ရှင်'

အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် ကြေညာသဖြင့် နိုင်ငံခြားသားများနှင့် မြန်မာခရီးသည်များအားလုံး လေယာဉ်ရှိရာသို့ သွားကြရသည်။ လေယာဉ်ကွင်းထဲမှ လေဆိပ်အဆောက်အဦ၏ အပေါ်ထပ် လသာဆောင်ပေါ်သို့ သမင်လည်ပြန်ကြည့်ပြီး ဇနီးနှင့် သားသမီးများကို ရှာရသေးသည်။ လေယာဉ်ပေါ်မှ အပြင်ကိုကြည့်လျှင် မြင်နိုင်ရန် ပြတင်းပေါက်နှင့် ကပ်လျက်ထိုင်ခုံမှာ နေရာယူလိုက်သည်၊ လသာဆောင်ပေါ်မှ လက်ဖေ့ရမ်း နှုတ်ဆက်နေကြသော ပြုံးမျက်နှာများအကြားတွင် သားငယ်ကို ခါးလယ်မှာ ခွချီ၍ လက်ကိုင်ပဝါ အစုတ်လေးဖြင့် မျက်ရည်သုတ်နေသော မဖြူတုတ်ကို မြင်လိုက်သောအခါ ကျွန်တော့်ရင်ထဲမှာ ဆို့နင့်တက်သွားပါသည်။ အနှစ် ၂၀ ကျော် ဘဝခရီးဖော်အဖြစ် ဆိုးတူကောင်းဘက် လက်တွဲလာခဲ့သော သားမယားပါကလားဟု အခုမှ သနားရကောင်းမှန်း သိတော့သည်။ သူ့ခမျာ ကျွန်တော်နှင့် ညားသည့်အချိန်ကစပြီး ဒုက္ခများတော့တာပါပဲ။ လှအောင် မဝတ်ရ၊ ဝအောင် မစားရ၊ ဒီကြားထဲ ကျွန်တော်က အရက်ကလေး တမြမြနဲ့မို့ သူ့ခမျာ နားမှာ နားကပ်ပင်မရှိတော့။ စစ်သားဘဝမှာတုန်း ကလည်း ဇနီးနှင့် သားသမီးများကို ခွဲခွာ၍ ကြိမ်ဖန်များစွာ ခရီးသွားခဲ့ဖူးပါသည်။ ရက်ရှည်သင်တန်းတွေ တက်ခဲ့ဖူးပါသည်။ စစ်ထိနိုက်လှုပ်ရှားမှု တစ်ခါမှမဖြစ်ခဲ့။ ယခု တစ်ခါမှာတော့ ဇနီး၊ မယား၊ သားသမီး

www.burmeseclassic.com

www.burmeseclassic.com



နှင့် အမိနိုင်ငံကိုပါခေတ္တခွဲခွာ၍ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ စားဝတ်နေရေးအတွက် ခရီးထွက်ရဦးမည် မဟုတ်ပါလားဟူသော အသိကြောင့် ရင်ထဲမှာ ဆို့နင့်ကြေကွဲနေပါသည်။ လေယာဉ်သည် လေဆိပ် အဆောက်အဦအနီးမှ တဖြည်းဖြည်း ဘီးလိမ့်ထွက်ခွာပါပြီ။ လေယာဉ် ပြေးလမ်းကြောင်းပေါ်တွင် သေချာအောင် နေရာယူပြီးသည်နှင့် ခွပ်တော့မည့် ကြက်ဖတစ်ကောင်အလား အတောင်ကြီးဖြန့်ကား၍ အားယူနေသည်။ မကြာမီ စက်ရှိန်ကို အစွမ်းကုန် မြှင့်တင်ပြီး ကြီးမားသောအရှိန်အဟုန်ဖြင့် စက်ကုန်ဖွင့်၍ ပြေးထွက်နေပါတော့သည်။

လသာဆောင်အပေါ်ထပ်မှ နှုတ်ဆက်နေကြသည့် ပရိသတ်ကို ဝေးနေ၍ ရေးရေးသာ မြင်ရသည်။ ဇော့ရမ်းနေကြသော လက်တွေအကြားမှာ မဖြူတုတ်တို့သားအမိ ရှိမည်ထင်ရသောနေရာသို့ မှန်းဆကြည့်ရှုနေစဉ်မှာပင် တအားပြေးထွက်နေသော လေယာဉ်ကြီး၏ ဘီးနှင့် လေယာဉ်ကွင်း မြေကြီးတို့ လွတ်နိုင်ပြီ ဖြစ်၏။ 'ဂွတ်ဘိုင် ဒါလင်ရေ'ဟု ချစ်ဇနီး မဖြူတုတ်ကို ရင်ထဲမှ နှုတ်ဆက်ခဲ့ရပါတော့သည်။

[ကြီးပွားရေးလမ်းညွှန်။ ။ အတွဲ ၃၊ အမှတ် ၈]

## ကျားကိုက်ခံရသော သားလိုက်မုဆိုး

လက်ဖွေ့ပွဲစဉ်တစ်ခုကို ကြည့်ရန်အတွက် အရပ်ဝတ်ဖြင့် ဆောင်ဆန်းကွင်းဘက်သို့ ထွက်လာခဲ့သော နယ်ထိန်းရဲတပ်ကြပ် ကိုတင့်ဝေသည် ဘူတာကြီး စကြံလှေကားမှ အဆင်းတွင် အစုန်ရထားတစ်စီးပေါ်မှ ရှီးအပြည့်ဖြင့်ဆင်းလာသော သုံးမည်ရ လူလိမ်၊ ခါးပိုက်နှိုက် မိုးမြင့်ကို မြင်လိုက်ရ၍ အကဲခတ်စောင့်ကြည့်နေလိုက်သည်။

ဘောင်းဘီရှည်၊ နေကာမျက်မှန်နှင့် အတာချိကျေ့စ်ကို လက်မှာဆွဲထားသော မိုးမြင့်၏ ပုံပန်းသဏ္ဌာန်မှာ စစ်ဗိုလ်လား၊ ဆရာဝန်လား၊ သဘော်သားလား ထင်မှားလောက်သည်။ ရထားပေါ်မှဆင်း၍ ဘူတာကြီးအတွင်းသို့ဝင်လာသော မိုးမြင့်မှာ တစ်ဦးတည်းမဟုတ်၊ သူ့နောက်မှာ ခရီးဆောင်အိတ်ကလေးကိုလွယ်၍ ဦးထုပ်ဆောင်းထားသော အသက် ၂၀ ခန့်အရွယ် လူငယ်တစ်ဦးပါနေကြောင်း ကိုတင့်ဝေ သတိထားလိုက်မိသည်။

မိုးမြင့်နှင့် လူငယ်တို့ ဘူတာကြီးပလက်ဖောင်းတစ်နေရာတွင် ရပ်လိုက်ကြပြီး မိုးမြင့်က လူငယ်ကို တစ်စုံတစ်ခုပြောသည်။ သူ့အိတ်ထဲက

www.burmeseclassic.com

www.burmeseclassic.com





ကျပ်တန်တစ်ရွက်ကို ထုတ်ယူ၍ စကြိုပလက်ဖောင်း ဆိုင်ကလေးဆီသို့ လက်ညှိုးထိုးပြပြီး တစ်စုံတစ်ခု အဝယ်ခိုင်းသည်။ လူငယ်လေးက ကျပ်တန်လေးကို လှမ်းယူပြီး သွားမည်အလုပ်တွင် မိုးမြင့်က တစ်စုံတစ်ခုကို အော်ငေါက်ပြောလိုက်၍ လူငယ်လေးခမျာ သူ့ခရီးဆောင်အိတ်ကလေးကို မိုးမြင့်၏ ခြေရင်းမှာ အသာချခဲ့ပြီးမှ ပလက်ဖောင်းဆိုင်ကလေးဘက်သို့ ထွက်သွားသည်။

လူငယ်လေးကို ဘာဝယ်ခိုင်းတယ်ဆိုတာ သိလို၍ ကိုတင့်ဝေ လိုက်ကြည့်နေမိသည်။ လူငယ်သည် ခရီးသည်တွေကြားမှာ တိုးဝှေ့သွားပြီး စာအိတ်ဝယ်တာတွေ့ရသည်။ ထိုလူငယ်လေး သွားတာ ပြန်တာ ငါးမိနစ်ခန့်ပင် ကြာမည်မထင်။ မိုးမြင့်နှင့်အတူ လူငယ်လေး၏ ခရီးဆောင်အိတ်ကလေးပါ ပျောက်သွားလေတော့သည်။ လူငယ်ကို လိုက်ကြည့်နေမိ၍ ကိုတင့်ဝေပါ မိုးမြင့်ကို ခေတ္တမျက်ခြေပြတ်သွားခဲ့သည်။ လူငယ်လေးခမျာ မိုးမြင့်ရပ်ခဲ့သည့်နေရာ ပြန်ရောက်လာပြီး ဟိုကြည့် သည်ကြည့်ဖြင့် ယောင်ချာချာ ဖြစ်နေတာတွေ့ရတော့သည်။ ကိုတင့်ဝေ မနေသာတော့၍ လူငယ်လေး အနီးသို့ ချဉ်းကပ်သွားပြီး အကျိုးအကြောင်း မေးကြည့်သည်။

'ဘာလိုက်ကြည့်နေတာလဲ ညီလေး'

'ကျွန်တော့်အစ်ကို ခုလေးတင် ဒီမှာရပ်နေတာ၊ ဘယ်ရောက်သွားလဲ မသိလို့ ရှာနေတာ ခင်ဗျ'

'မင့်အစ်ကို အရင်းလား'

'မဟုတ်ဘူးခင်ဗျ၊ မကြာသေးခင်ကမှသိတဲ့ မန္တလေးက ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ယောက်ပါ'

ကိုတင့်ဝေ ပြုံးလိုက်မိသည်။ လူငယ်လေး၏ ပြောပြချက်အရ မန္တလေးက မိုးမြင့်၏အစ်ကို သူ့ငွေးထံစာထည့်ရန် စာအိတ်နှင့် တံဆိပ်ခေါင်း ဝယ်ခိုင်းသည်ဟုဆိုသည်။ စာအိတ်သွားဝယ်မည်ပြုစဉ် ခရီးဆောင် ဆွဲအိတ် ထားခဲ့ရန်ပြော၍ ထားခဲ့ရသည်ဟု ဆိုသည်။ ခရီးဆောင်အိတ်ထဲမှာ အဝတ်

www.burmeseclassic.com

www.burmeseclassic.com



အစား အသစ်တွေနှင့်အတူ တစ်ကျပ်သားရှိသော ရွှေဆွဲကြိုးတစ်ကုံး ငါးမူးသားရှိသော လက်စွပ်တစ်ကွင်း၊ တစ်ထောင့်ငါးရာတန် စီကိုနာရီ တစ်လုံးနှင့် ငွေကျပ်တစ်ထောင်တိတိပါသည်ဟု သိရသောအခါ ကိုတင့်ဆွေ ပြုံးရာမှ ရယ်လိုက်မိသည်။ လူငယ်လေးကို သနားသွားသဖြင့် ပခုံးပုတ်၍ ပြောလိုက်သည်။

'ကဲ ညီလေး၊ အစ်ကိုလဲ ဒီနေ့လက်ဖွဲ့ပွဲကြည့်မလို့လာတာ၊ မင်း ပြဿနာကြောင့် မကြည့်ဖြစ်တာ သေချာသွားပြီ၊ မင်းအစ်ကို မိုးမြင့်၊ အဲ နာမည်က ဘယ်သူ'

'ကိုခင်မောင်မြင့်ပါ'

'အေး ခင်မောင်မြင့် ခေါ် လှမြင့် ခေါ် မိုးမြင့်က ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူး၊ မျှော်မနေနဲ့တော့'

လူငယ်လေးခမျာ မျက်ရည်ဝဲလာတော့သည်။ ကိုတင့်ဆွေက လူငယ်ကို ပခုံးဖက်၍ အားပေးစကား ပြောလိုက်သည်။

'အချိန်ရပါသေးတယ် ညီလေးရာ၊ ညီလေး ဒီမှာ ခဏစောင့်'

ကိုတင့်ဝေသည် ဘူတာကြီးလက်မှတ်ရောင်း ကောင်တာရှိ တယ်လီဖုန်းမှ ရန်ကုန်မြို့တွင်း နှစ်နေရာ သုံးနေရာသို့ ဖုန်းခေါ်ပြီး စကားပြောသည်။ စကားပြောပြီးသည်နှင့် လူငယ်လေးရှိရာသို့ ပြန်လာပြီး လက်ခုပ်ရိုက်၍ တိုင်စီတစ်စီး ခေါ်လိုက်သည်။

'ကဲ၊ ညီလေး ကားပေါ်တက်'

'သာကေတမှာ ကျွန်တော့်အဒေါ်နဲ့ ဦးလေးရှိပါတယ်၊ ကျွန်တော် သွားတတ်ပါတယ်၊ ကျွန်တော့်ကို ကားခ တစ်ကျပ်လောက်သာ ပေးပါ အစ်ကိုရာ'

'သွားတာပေါ့ ညီလေးရာ၊ အခုလောလောဆယ် ပြဿနာက ညီလေးရဲ့ပစ္စည်းတွေပြန်ရဖို့နဲ့ မိုးမြင့်ကို အပိုင်ဖမ်းဖို့အတွက် ညီလေးပါမှ ဖြစ်မှာမို့ပါ'



မိုးမြင့်ကို အပိုင်ဖမ်းဖို့ဆိုတဲ့စကား ပါလာတော့မှ လူငယ်လေးက ကိုတင့်ဝေကို အံ့ဩသည့် အမူအရာဖြင့် ကြည့်နေသည်။ ရဲဝန်ထမ်းများ ဖြစ်လေသလားဆိုတဲ့ သံသယ မျက်လုံးနဲ့ကြည့်နေသဖြင့် ကိုတင့်ဝေက လူငယ်ကို ပြုံးပြပြီး ပခုံးပုတ်၍ တိုင်စီကားပေါ် တက်ခိုင်းလိုက်သည်။

'သင်္ကန်းကျွန်း အသင်းတိုက်ဘက်ကို မောင်းပါ ဆရာရေ'

'ကဲ ဆိုစမ်းပါဦး၊ မင်းတို့နှစ်ယောက် ဘယ်မှာတွေ့ပြီး ညီအစ်ကို ဖြစ်ကြတာလဲ'

လူငယ်သည် မချိပြုံးပြုံးပြီး ခေါင်းကိုခါရမ်း၍ ဦးထုပ်ကို နောက်လှန် ဆောင်းလိုက်သည်။ ပြီးတော့မှ 'ဒီလို အစ်ကိုရေ' ဟု အစချီပြီး မိုးမြင့်နှင့် တွေ့ကြုံ ဆုံဆည်းခဲ့ရပုံကို ပြောပြသည်။

* * *

မောင်မြင့်ဝင်းသည် သာကေတမြို့ ၇ ရပ်ကွက်ဈေးအတွင်းရှိ အဒေါ်ပိုင် အပ်ချုပ်ဆိုင်တွင် သင်ချုပ် ချုပ်နေစဉ် အဒေါ်နှင့် စကားများရန်ဖြစ်မိ၍ ရွာပြန်တော့မည်ဟု ပြောပြီး သာကေတမှ ရန်ကုန်ဘူတာကြီးသို့ ထွက်လာခဲ့သည်။ ဘူတာကြီးတွင် ပြည်ရထားလက်မှတ်ဝယ်ရန် တန်းစီနေစဉ် ဂျိန်းစ်ဘွန်း အိတ်ကို လက်မှာဆွဲထားသော ရှိုးကောင်း ဂိုက်ကောင်း၊ ဆောင်းဘီရှည် ဝတ် လူတစ်ယောက်က လာနှုတ်ဆက်သည်။

'ညီလေးက ဘယ်အထိ သွားမှာလဲ'

'ကျွန်တော် ပြည်အထိပါပဲ'

'အစ်ကိုလဲ ပြည်ကိုသွားမှာပဲ၊ ငါ့ညီ ဒီမှာ တန်းစီနေလို့ကတော့ ရမှာ မဟုတ်ဘူး၊ ဘွတ်ကင်ကောင်တာမှာ အစ်ကို့အသိရှိတယ်၊ ပိုက်ဆံ ပေးလိုက်မလား၊ တစ်ခါတည်း နှစ်စောင်ဆွဲလာခဲ့မယ်'

မောင်မြင့်ဝင်း တွေဝေသွားသေးသည်။ သို့သော် သူ့ရှေ့မှာတန်းစီနေသူ လူနှစ်ဆယ်အစိတ်ခန့်သာရှိ၍ လက်မှတ်မရနိုင်ဘူးဆိုတာ မဖြစ်နိုင်ဟု

www.burmeseclassic.com

www.burmeseclassic.com



တွေးမိ၍ ကျေးရူးတင်ကြောင်းပြောပြီး ငြင်းလိုက်သည်။ ဒါလမယ့် ဘောင်းဘီရှည် ဆရာက မောင်မြင့်ဝင်းအနားက ခွာမသွားသေးဘဲ တောင်မေး မြောက်မေး မေးနေသည်။

'ညီလေးက ပြည်မြို့ထဲကပဲလား'

'မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်က ပြည်တစ်ဘက်ကမ်း ဆင်တဲကပါ'

'ဩော် ဆင်တဲကလား၊ ဆင်တဲကို အစ်ကို မကြာခဏ ရောက်တယ်၊ ကပစ စက်ရုံကသံထည်တွေလေလံပစ်ရင် အစ်ကိုပဲလာဆွဲတာပဲ၊ ဒီတစ်ခါ ဆင်တဲရောက်ရင်တော့ ညီလေးတို့အိမ်ကို လာလည်ဦးမှပဲ၊ ဟဲ ဟဲ'

'လာလည်ပါခင်ဗျာ၊ ရပါတယ်၊ ကျွန်တော့်နာမည် မောင်မြင့်ဝင်းလို့ ခေါ်ပါတယ်၊ ဆင်တဲရောက်ရင် အာတီစီဂိတ်နားက ပန်းပဲဆရာ ဦးမောင်ပု ဆိုတာ ကျွန်တော့်အဖေပါပဲ၊ ကားသမား၊ ဆိုက်ကားသမားတိုင်း သိကြပါတယ်'

'ကြားဖူးပါတယ်၊ မြင်ရင်တောင် သိမလား မပြောတတ်ဘူး၊ ဒါနဲ့ ညီလေးက ရန်ကုန်ကို ဘုရားဖူးလာတယ်ဆိုပါတော့'

'မဟုတ်ဘူးခင်ဗျ၊ ကျွန်တော့် သာကေတ ၇ ရပ်ကွက်ဈေးထဲမှာ စက်ချုပ်နေတာ တစ်နှစ်လောက်ရှိပါပြီ'

'ဟုတ်လား၊ ၇ ဈေးထဲမှာ ဘယ်သူ့ဆိုင်ပါလိမ့်'

'မြေလတ်သား အပ်ချုပ်ဆိုင်ပိုင်ရှင် ဒေါ်လှရီ ဦးတင်အုန်းဆိုတာ ကျွန်တော့် အဒေါ်နဲ့ ဦးလေးပါပဲ'

'ဩော် ဦးတင်အုန်းကြီးလား သိတာပေါ့၊ ပုပု၀၀ မဟုတ်လား'

'မဟုတ်ဘူးခင်ဗျ၊ ပိန်ပိန်ရှည်ရှည်ပါ'

နမူးကြောင့်၍ စဉ်းစားဟန်ပြုနေစဉ် လက်မှတ်စရောင်းပြီဖြစ်၍ ခရီးသည်များ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။



'ကဲ မောင်မြင့်ဝင်းရေ၊ နောက်မှ တွေ့ကြတာပေါ့၊ ကိုယ်လဲ ကိုယ့်သူငယ်ချင်းဆီမှာ လက်မှတ်ပြောထားတာ သွားယူလိုက်ဦးမယ်'

လက်မှတ်ရောင်းပြီး၍ ရထားထွက်သွားသည်အထိ လက်မှတ်သွားဝယ်သည်ဆိုသော ဘောင်းဘီရှည်ဆရာ ရထားပေါ်တက်လာတာ မတွေ့ရ၍ ထိုလူကို မောင်မြင့်ဝင်း မေ့ပစ်လိုက်တော့သည်။

သို့သော် ဆင်တဲသို့ရောက်ပြီး တစ်လခန့်အကြာတွင်မူ ဂျိန်းစ်ဘွန်းအိတ်ကို လက်မှာဆွဲထားသော ဘောင်းဘီရှည်ဆရာတစ်ယောက် မောင်မြင့်ဝင်းတို့ အိမ်ခြံဝသို့ ရောက်လာတော့သည်။ မောင်မြင့်ဝင်းကို မြင်တော့ ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်ပြီးသူများသဖွယ် နှုတ်ဆက်သည်။

'ဟော့ မောင်မြင့်ဝင်း၊ နေကောင်းကြတယ် မဟုတ်လား၊ ဦးလေးတို့ အဒေါ်တို့ကော ဘယ်သွားကြသလဲ၊ ကိုယ် ပြည်ကိုလာရင်းနဲ့ ညီလေးကို သတိရလို့ ဒီဘက်ကမ်းကို ကူးလာခဲ့တာ၊ ဦးတင်အုန်းတို့ ဒေါ်လှရီတို့လဲ နေကောင်းကြပါတယ်၊ တစ်နေ့ကပဲ သာကေတဘက်ကို ရောက်လို့ ဝင်နှုတ်ဆက် ခဲ့သေးတယ်၊ ဟူး ပြည်မှာ အတော်ပူပြီနော်၊ ရေတစ်ခွက်လောက် လုပ်စမ်းပါဦး မောင်မြင့်ဝင်းရ'

အိမ်ရှေ့က စကားပြောသံတွေကြားတော့ အိမ်ထဲကလူတွေ ထွက်လာပြီး ကြည့်ကြသည်။ မောင်မြင့်ဝင်းနှင့် တရင်းတနှီးပြောဆိုနေတာ မြင်တော့ မောင်မြင့်ဝင်း၏ မိတ်ဆွေ ရန်ကုန်သား ဧည့်သည်ဆိုတာ မေးစရာမလိုသဖြင့် ရေယူပေးသူက ပေးသည်၊ ဆေးလိပ်ခွက်ချပေးသူက ပေးသည်၊ မောင်မြင့်ဝင်း ကိုယ်တိုင်ကလည်း နေရာထိုင်ခင်းပေး၍ နံနက်စာ စားသောက်ပြီးခဲ့ပြီလား မေးရတော့သည်။

'ကိစ္စမရှိပါဘူး၊ ကိုယ်ခေတ္တရာတည်းခိုခန်းမှာ တည်းနေတယ်၊ ညနေ ပြန်မှပဲစားတော့မယ်'

'ဟာ ဘယ်ဟုတ်မလဲ အစ်ကိုရ၊ ထမင်းဟင်းတွေ ကျက်ပြီးသား အဆင်သင့်ရှိပါတယ်၊ ခူးလိုက်မယ် ထိုင်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ အစီအစဉ်မရှိတဲ့ စည်သည်ထမင်းကျွေးရတာမို့ ရှိရာရှိကြောင်းတွေနဲ့ပဲ ထမင်းတစ်ပွဲပြင်ပြီး ကျွေးရတော့သည်။ ညစာစားပြီးမှ ပြန်ပါလားဆိုတော့လည်း စည်သည်က မငြင်းသဖြင့် အိမ်မွေးကြက်ဖကြီးတစ်ကောင်ကို သတ်ရသည်။ ကြက်သားဟင်းနဲ့ ညစာ စားပြီးပြန်တော့လည်း ကပစ စက်ရုံက သံတိုသံစ လေလံကိစ္စအတွက် စက်ရုံ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံရန်ကိစ္စရှိနေပြန်၍ ဆင်တဲမှာပင် တစ်ညအိပ်ရမလို ဖြစ်နေပြန်သည်။ ဆောက်လုပ်ရေးအင်ဂျင်နီယာ၊ ကံထရိုက်တာ၊ ရန်ကုန်သားစည်သည်အတွက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံး အသစ်တွေထုတ်ပြီး အိမ်ရှေ့ခန်းမှာ အိပ်ရာပြင်ပေးရသည်။

'မောင်မြင့်ဝင်းလဲ အလကားနေမယ့်အစား အစ်ကိုတို့ လုပ်ငန်းမှာ လခစားဖြစ်ဖြစ် ဝင်လုပ်ပါလား'

ရေငတ်နေတုံး ရေခဲရေပုံးကြီး ခလုတ်တိုက်မိသလို မိသားစုတစ်စုလုံး ပျော်လိုက်ကြသည့်ဖြစ်ခြင်း၊ မောင်မြင့်ဝင်းမှာ ညတွင်းချင်းပင် အလုပ်ခန့်စာ ရသွားတော့သည်။ ဦးခင်မောင်မြင့်နှင့် ညီအစ်ကိုများပိုင် ဆောက်လုပ်ရေး ကံထရိုက်တာ လုပ်ငန်းကြီးတွင် စတိုစာရေးရာထူးရသွားသည်။ ပုံသေလစာ ငါးရာအပြင် ကျွမ်းကျင်လျှင်အကြံအဖန်တွေ အများကြီးရှိသည်ဟု ဆိုသည်။

'လောလောဆယ် မန္တလေးမှာ လက်ခံထားတဲ့ ဟိုတယ်တစ်လုံးအတွက် ပစ္စည်းတွေပို့နေပြီ၊ အဲဒီတော့ မောင်မြင့်ဝင်း အမြန်သွားမှဖြစ်မယ်၊ ဟိုကျရင် သတိတော့ထားနော၊ ကိုယ့်အစ်ကိုရဲ့ သမီးအပျိုနှစ်ယောက်ကလဲ ဘီအီးဘွဲ့ရပြီး ဝပ်ဆိုက်ထဲမှာ အလုပ်ဝင်လုပ်နေကြတယ်၊ ငါ့ညီက ရုပ်ဖြောင့်ဆိုတော့ ကိုယ့်တူမ နှစ်ယောက်လုံးနဲ့ ငြိသွားမှာစိုးလို့ပါကွာ၊ ဟဲ ဟဲ'

ပန်းပဲဆရာသား ဆယ်တန်းတောင်မအောင်လို့ စက်ချုပ်သင်နေရသူဆိုတော့ သူဌေးသမီး ဘွဲ့ရပညာတတ်မလေးနဲ့များ ညားမိရင်တော့ ဟီဟီ ဆိုသည့် အတွေးဖြင့် မိသားစုအားလုံးပင် စိတ်ခတ်တွေ အရမ်းတက်ကြွနေကြသည်။



နောက်နေ့နံနက်မှာ အင်ဂျင်နီယာ ကံထရိုက်တာ ဦးခင်မောင်မြင့်က ကပစ စက်ရုံမှ လူကြီးတွေနှင့်တွေ့ဆုံရန် ကိစ္စရှိသည်ဆိုပြီး အိမ်မှ ထွက်သွားစဉ်မှာတော့ မောင်မြင့်ဝင်းက မန္တလေးကိုသွားရန်အတွက် အထုပ်အပိုး ပြင်ဆင်နေရတော့သည်။ ကိုခင်မောင်မြင့် အိမ်မှ မထွက်မီ မှာကြားသွားသည့် စကားကိုလည်း ကြားယောင်နေမိသည်။

'တို့ ဒီညရထားနဲ့ ဆန်နိုင်ရင်ကောင်းမယ်၊ အဝတ်အစားလေးတွေတော့ သားနားပါစေ ငါ့ညီရာ၊ ကိုယ့်တူမတွေက ငါ့ညီကို အထင်သေးနေပါ့မယ်၊ ဟီး ဟီး'

ဒီတော့ အမေကြီးကလည်း တစ်ရပ်တစ်ကျေးမှာ သားလေး မျက်နှာမငယ်ရအောင်၊ အစ်မတွေကလည်း မောင်လေး အထင်သေး မခံရအောင်ဆိုပြီး အဝတ်အစား အသစ်အဆန်းလေးများသာမက မိသားစုပိုင် ရှိစုမဲ့စုလေးတွေအားလုံး ပုံအောပြီး ပေးကြသည်။ ဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်းနှင့် နာရီတစ်လုံးတို့ကို ကိုယ်တိုင် ဝတ်ဆင်ပေးကြသည်။ ငွေကျပ် တစ်ထောင်တိတိကိုလည်း ခရီးဆောင် အိတ်သစ်ကလေးထဲမှာ သေသေချာချာထည့်၍ အသင့်ပြင်ပြီး ကိုခင်မောင်မြင့်အလာကို စောင့်မျှော်နေကြသည်။

ကပစ စက်ရုံက တာဝန်ရှိပုဂ္ဂိုလ်တွေနှင့် တွေ့ပြီး၍ နံနက်စာအမီ ပြန်လာသော ကိုခင်မောင်မြင့်က မောင်မြင့်ဝင်းကိုမြင်လိုက်တော့ အံ့အားသင့်သွားသည့် အမူအရာဖြင့် ပြောလိုက်သည်။

'ဟာ၊ ငါ့ညီက ဒီလိုဆိုတော့ အရမ်းသားနားနေပါလား၊ ပြင်က ချောပြီးသားပဲကွာ၊ အထူး ဆင်မြန်းနေစရာ မလိုပါဘူး၊ မင်းလ... ကြီးကြီးကလဲ အရောင် တလက်လက်နဲ့ ခါးပိုက်နှိုက်တို့၊ ကတ်... မောင်မြင့်တို့ကို မျက်စပစ်ပြနေသလိုပါပဲလား၊ ချွတ်ချွတ်၊ အဲဒါတွေအ... လဲဆိုတာနဲ့ ခရီးဆောင်အိတ်ထဲက အဝတ်အစားတွေကြားမှာ သေသေ... ဆိုပြီး ပုံသိမ်ပိတ်ပြီး သော့ခတ်လိုက်၊ ကိုယ့်ရှေ့မှာ ကြွားစရာမလိုပ... ပုပ်ပဝါကြီးတူမတွေရှေ့ရောက်တော့မှ ကြွားတာပေါ့ ဟုတ်လား၊ ပ...

www.burmeseclassic.com

www.burmeseclassic.com



စားပြီးတာနဲ့ ပြည်ဘက်ကို ကူးမှဖြစ်မယ်၊ နေ့လယ်နှစ်နာရီ ဘဏ်မပိတ်မီ အရောက်သွားချင်တယ်၊ လေလံအတွက် ကြိုသွင်းရမယ့် စပေါ်ငွေ တစ်သောင်းကို ချက်လက်မှတ်ပေးတာ လက်မခံဘူး၊ ငွေထုတ်ပေးခဲ့ရမယ်၊ ထမင်းမြန်မြန်စားပြီး သွားကြရအောင်'

မောင်မြင့်ဝင်း၏ မိဘများနှင့် အစ်မတွေသာမက မောင်မြင့်ဝင်း ကိုယ်တိုင်ကပါ အားကိုးလောက်သည့် ယောက်ဖလောင်း သူဌေးနှင့် တွေ့နေရပေပြီဟု ထင်သွားလေသည်။

သူ့စကားကြောင့် မြန်မြန်စားပြီး အချိန်မီ အိမ်ကထွက်နိုင်ခဲ့သော်လည်း မော်တော်ဆိပ်မှာ ယောင်လည်လည်လုပ်ပြီး ဟိုဆိုင်ဝင်၊ ဒီဆိုင်ဝင် ဟိုဟာမေးသလို ဒါမေးသလို လုပ်နေသဖြင့် မော်တော်တစ်ခေါက် လွတ်သွားသည်။ ဘဏ်ပိတ်သွားပြီ၊ မထူးတော့ဘူးဆိုပြီး ညနေ လေးနာရီ ခေါက်ကျမှ ကူးသည်။ ပြည်ကို ရောက်ပြန်တော့လည်း သူတည်းခိုနေသည်ဆိုသော ဓမ္မာရာတည်းခိုခန်းကိုမသွားဘဲ အရေးကြီးကိစ္စတစ်ခု ပေါ်လာ၍ ရန်ကုန်ကို အစုန်ရထားဖြင့် အမြန်သွားရမည်ဟုပြောပြီး ဘူတာရုံကိုသွားသည်၊ ဘူတာ ရောက်သည်နှင့် ပြည် ရန်ကုန် အစုန် လက်မှတ်နှစ်စောင် ဝယ်လိုက်တော့သည်။

* * *

ဘိအီး

ဆိုတော့ ရန်ကုန်ဘူတာကြီးကို ရောက်လာတာပါပဲ အစ်ကိုရာ'

ပန်းတင့်ဝေ ပြုံး၍ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ မော်လမြိုင် ဆိုတော့ သူ့ငဲမှာ သံလျှင်ဗိုလ်ချုပ်လမ်းက အပျိုကြီး ညီအစ်မကို ရွှေလိမ်မှု၊ ဟိ ဆိုသည့် အကြီးက တောဘုရားပွဲ အဖွဲ့တစ်ဖွဲ့ကို လက်မှတ်ဝယ်ပေး နေကြသည်။ ငွေလိမ်သွားမှုတို့ဖြင့် ကိုယ်တိုင်ဖမ်းဆီးပြီး ရုံးတင်ပို့ခဲ့ရ မျက်နှာကို မြင်ယောင်လာသည်။



သံလျင်က ရွှေပေါင်ခံ ငွေတိုးချေးစားသည့် အပျိုကြီး ညီအစ်မထံတွင် မိုးမြင့်နှင့် သူ့ဇနီးဆိုသူ မှောင်ခိုမ တစ်ဦးတို့က ရွှေငါးကျပ်သားကို ငွေ တစ်သောင်းဖြင့် လာပေါင်သည်။ အပျိုကြီးတွေက လက်စွဲတော် ပန်းထိမ် ဆရာ၏ အကူအညီဖြင့် ရွှေအစစ်တွေ ဟုတ် မဟုတ် စမ်းသပ်ပြီးမှ လက်ခံ လိုက်သည်။ တစ်လခန့်ကြာသောအခါ အတိုးရော အရင်းပါ အကြေအလည် ပေး၍ လာပြန်ရွေးသွားကြသည်။ နောက်နှစ်ပတ်ခန့် ကြာသောအခါ ပြန်ရောက်လာကြပြီး ယခင်ပေါင်သည့် လက်ဝတ်လည်ဆွဲရတနာ အမျိုး အစား၊ အရည်အတွက်၊ အလေးချိန်ပါ တစ်သွေမတိမ်းတူရုံသာမက ထုပ်ပိုး သည့် ကတ္တီပါစပါမကျန် တူသောရွှေထုပ်ဖြင့် ငွေနှစ်သောင်း ချေးပြန်သည်။ ယခင်တစ်ခေါက်က အဖမ်းခံလိုက်ရ၍ ဒီတစ်ခေါက် ပုံအောရမည်ဟု ဆိုသည်။ အပျိုကြီးတွေက ယုံကြည်ပြီးသူတွေဖြစ်၍ မစမ်းသပ် မစစ်ဆေး တော့ဘဲ လက်ခံထုတ်ချေးလိုက်သည်။ ခြောက်လကြာလည်း လာမရွေး၊ တစ်နှစ်ကြာလည်း လာမရွေးတော့မှ မသင်္ကာ၍ ပန်းထိမ်ဆရာခေါ်ပြီး ပြန်စစ်ဆေးနိုင်းရာ ယခင် လက်ဝတ်ရတနာ အစစ်တွေနှင့် တစ်သွေမတိမ်း တူအောင်လုပ်ထားသော ရွှေအတုတွေဖြစ်နေတာ တွေ့ရတော့သည်။ မိုးမြင့်တို့လင်မယား အပျိုကြီးတွေအိမ်ကို လာစဉ်က မြင်ဖူး၍ မှတ်မိနေသော လူငယ်လေးတစ်ဦးက ရုံကိုလက်တို့ သတင်းပေးချက်အရ သိတာသဘော် ပေါ်မှာ ဖမ်းမိလိုက်ခြင်း ဖြစ်သည်။

ရန်ကုန်ဘူတာကြီးတွင် ဘုန်းကြီးတစ်ပါး ဦးဆောင်သော ငှက်ကာ ဘုရားဖူးအဖွဲ့ကို ခရီးသွားဖော်ဟန်ဆောင်ပြီး ရထားလက်မှတ်ဖိုး ပိုက် လိုက်လံစုဆောင်းကောက်ခံသည်။ ပြီးတော့ 'လက်မှတ် သွားဝယ်ဦးမယ်၊ ကျွန်တော့်သေတ္တာနဲ့ အိပ်ရာလိပ်ကို ကြည့်ထားလိုက်ပါ' ဆိုကာ မောင်မြင့် လစ်သွားခဲ့သည်။ ရထားထွက်သည်အထိ လက်မှတ်သွားဝယ်သူ ပြန်မလာ သောအခါမှ မသင်္ကာ၍ သူ့သေတ္တာနှင့် အိပ်ရာလိပ်ကို ဖြေကြည့်ရာ သတင်းစာစက္ကူ၊ ပုဝါကြီး သံသေတ္တာ အစုတ်ထဲမှာရော ဖျာစုတ်နှင့်ပတ်ထားသော အိပ်ရာလိပ်

www.burmeseclassic.com



အမှိုက်ပုံက ကောက်ထည့်လာသာနဲ့တူသော အဝတ်စုတ် ပိနပ်စုတ်နှင့် အုတ်ခဲ ကျိုးတွေ တွေ့ရတော့သည်။ ထိုနေ့ ညနေမှာပင် ပုစွန်တောင် အရက်ဆိုင်မှာ လူနှစ်ဦးအရက်သောက်ရင်း စကားများ ရန်ဖြစ်ကြရာမှ ပြောကြဆိုကြသည့် စကားတွေက ဒုစရိုက်မှုတစ်ခု ပြုလုပ်ရာမှ ရရှိသော ပိုက်ဆံကို ခွဲဝေရာတွင် ဝေစုမတည့် ဖြစ်နေကြသည်။

သေားလူတွေ ရိပ်မိသွားပြီး ရဲကို အကြောင်းကြားရာမှ အဖမ်းခံရခြင်း ဖြစ်သည်။

ထိုအမှုတွေဖြစ်စဉ်က ရင်းနှီးသိကျွမ်းခဲ့ရသော ခါးပိုက်နှိုက် လူလိမ် မိုးမြင့်မှာ သာကေတတွင် မယားကြီးနှင့်ကလေးတွေရှိသော်လည်း မော်လမြိုင် မှောင်နီခေတ်တွင် မှောင်နီမိန်းမပျက်တစ်ယောက်နှင့်ညားပြီး သက်နှင်းကျွန်း မိကျောင်းကန်ရပ်ကွက်တွင်လည်း မယားငယ်နှင့်အတူနေကြောင်း ကိုတင့်ဆေ သိပြီးဖြစ်သည်။ ထို့ကြောင့်ပင် ဘုတာကြီးမှ သာကေတ စခန်းနှင့် သက်နှင်းကျွန်း စခန်းသို့ ဖုန်းလှမ်းဆက်ပြီး မိုးမြင့်၏အိမ်ကို စောင့်ကြည့်ပေး ပါရန်နှင့် ရွှေဘုံသာလမ်းစခန်းသို့လည်း မှုခင်းစာရင်းတို့ထားခြင်း ခံရသည့် နာမည်ကြီး ရွှေဆိုင်တွေကို စောင့်ကြည့်ပေးပါရန် မေတ္တာရပ်ခံလိုက်ခြင်း ဖြစ်သည်။

BURMESE CLASSIC .com

'အဲဒီ ကန်စွန်းခင်းနားက လမ်းကျဉ်းကလေး ထိပ်မှာ ရပ်ပါ ဆရာရေ့'

တက္ကစီပေါ်မှ ဆင်းကြပြီး လမ်းကျဉ်းကလေးအတိုင်း ဝင်ခဲ့ကြ

ဘီအဲ

ဆိုတော့ ကျူးကျော်ရပ်ကွက် တဲအိမ်များအကြား ကွေ့ကောက်နေသော

နိုင်းဝင်လာကြရာ လမ်းဆောင့်ချိုးတစ်နေရာတွင် ရှမ်းလွယ်အိတ်

ပန်း

မယောင်မလည်ရပ်နေသော လူတစ်ယောက်ကို တွေ့ရသည်။

ဆိုတော့ သူ ကိုတင့်ဆေကို စတင်နှုတ်ဆက်သည်။

ဟု ဆိုသည့် အ ၊ တင့်ဆေလား'

နေကြသည်။ ဝေ ခေါင်းညိတ်ပြလိုက်သည်။



'ဟိုကောင်ရောက်နေပြီဆရာ၊ ပြန်မထွက်သေးဘူး၊ ကျွန်တော်တို့ အဖွဲ့ ဟိုဘက်ထိပ် ဒီဘက်ထိပ် ညှပ်ပိတ်ထားတယ်'

ရပ်ကွက်ကောင်စီဝင်တစ်ဦးကို ဝင်ခေါ်ခဲ့ပြီး မိုးမြင့်၏အိမ်သို့ ဝင်လိုက်ကြသည်။ အဝတ်အစားလဲပြီး၍ ပက်လက်ကုလားထိုင်မှာထိုင်ပြီး စီးကရက်ဖွာနေသော မိုးမြင့်မှာ ကိုတင့်ဝေကိုလဲမြင်လိုက်ရော သူ့နဖူးကို လက်ဝါးဖြင့် ဖျမ်းခနဲမြည်အောင် ရိုက်မိလျက်သားဖြစ်သွားသည်။ 'ဒီတစ်ခါ တော့ဖြင့် ဝင်ရပြန်ပြီ' ဆိုသည့် သဘောဖြစ်သည်။ သက်နှင်းကျွန်းရဲက မိုးမြင့်ကို လက်ထိပ်ခတ်လိုက်သည်။ မိုးမြင့်၏ မယားငယ် သူနိုးလက်ခံ မှောင်နီ အငြိမ်းစားမက အော်ငိုသည်။ မောင်မြင့်ဝင်း၏ ခရီးဆောင်အိတ် ကလေးမှာ သော့ခလောက်သီး ပြုတ်နေတာကလွဲပြီး အထဲကပစ္စည်းတွေ အလျော့အပျောက် မရှိသေးဘဲ ပြန်တွေ့ရသော်လည်း သက်သေခံပစ္စည်း အဖြစ် ရဲစခန်းက ခေတ္တသိမ်းယူသွားသည်။

မောင်မြင့်ဝင်းမှာ အဒေါ်နှင့်ရန်ဖြစ်ပြီး အဒေါ်အိမ်က ဆင်းလာခဲ့သူ ဖြစ်၍ အဒေါ်အိမ်သို့ပြန်သွားရမှာ ခက်နေသည်။ အလိုက်သိသော ကိုတင့်ဆေ က သူကိုယ်တိုင် လိုက်ပြောပေးပါမည်ဆို၍ သာကေတသို့ အတူသွားကြ သည်။

ညှိုသည်လူစိမ်းတစ်ဦးနှင့်အတူ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် အိမ်ထဲဝင်လာသော မောင်မြင့်ဝင်းကို မြင်လိုက်တော့ ဒေါ်လှရီတို့မိသားစု အံ့ဩလွန်း၍ စကားတောင်မပြောနိုင် ဖြစ်နေကြသည်။ မောင်မြင့်ဝင်းက မျက်နှာမပြရဲ၍ ခေါင်းငိုက်စိုက်ချပြီး နှုတ်ပိတ်နေသဖြင့် ကိုတင့်ဝေက ဇာတ်စုံရှင်းပြရတော့သည်။

'ဟောတော်၊ တစ်နေ့ကပဲ ဆင်တဲက သူ့သူငယ်ချင်း ခင်မောင်မြင့် ဆိုတဲ့လူ ရောက်လာပြီး ဆင်တဲကိုပြန်မလို့ ဘာပေးလိုက်စရာရှိလဲဆိုလို့ သူပစ်ထားခဲ့တဲ့ သူ့အဝတ်အစားတွေနဲ့အတူ သူ့အမေစားဖို့ဆိုပြီး မှုံသိမ် ဟာလဝါဘူးကြီးက တစ်ဘူး၊ လက်ဖက်အစုံတစ်ထုပ်၊ မျက်နှာသုပ်ပဝါကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ထည်၊ မာစရိုက်လုံချည်တစ်ကွင်း၊ ဈေးထဲက အကြွေးဝယ်ပေး လိုက်သေးတယ်တော့၊ အကြွေးတောင် မဆပ်ရသေးဘူး၊ ငါ့နှယ် သေလိုက်ပါတော့"

ကိုတင့်ဝေက သဘောကျလွန်း၍ တဟားဟား ရယ်နေစဉ် မောင်မြင့်ဝင်းခမျာ ခေါင်းကို ငုံ့သည်ထက် ငုံ့ထား၍ ဒူးနှစ်လုံးကြားထဲသို့ ခေါင်းဝင်သွားလေသတည်း။

၁၄၊ ၅၊ ၉၀

BURMESE CLASSIC .com

## အမြစ်မပြတ်သည့် သားတော်ရောဂါ

ရုပါစတား သဘော်သား အဏ္ဏဝါမောင်မောင်မှာ အမြစ်မပြတ်နိုင်သည့် သားတော်ရောဂါ စွဲကပ်လာခဲ့သည်မှာ နှစ်ပေါင်း လေးဆယ်ကျော်ပေပြီ။

အဏ္ဏဝါမောင်မောင်မှာ စွဲကပ်နေသည့် သားတော်ရောဂါဆိုသည်မှာ အသားဟင်းစားချင်သည့် ရောဂါ၊ သားယောက်ျားလေးလိုချင်သည့် ရောဂါ စသည်များ မဟုတ်ပါခင်ဗျား၊ ဘုန်းကြီးကျောင်းသားဘဝမှ အင်္ဂလိပ်ကျောင်းသား ဖြစ်လိုခြင်း၊ ကျေးတောသားဘဝမှ မြို့ကြီးသား ဖြစ်လိုခြင်း စသည့် ဘဝတဏှာရောဂါများဖြစ်ပါသည်။

အဏ္ဏဝါမောင်မောင်သည် ဘုန်းကြီးကျောင်းပညာမှာတော့ မူလတန်းကို လက်ရိုးကျေပြီးသူ ဖြစ်သည်။ မင်္ဂလသုတ်၊ ပရိတ်ကြီး၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ လောကနီတိတို့ကို ပါဠိရော အနက်ပါ အာဂုံဆောင်နိုင်ခဲ့သူဖြစ်သည်။ အလယ်တန်း အခြေခံဖြစ်သည့် သဒ္ဒါကြီးရှစ်စောင်နှင့် သင်္ဂြိုဟ်ကိုးပိုင်းကိုလည်း တဝါ နှင်ကြိမ်လိုက်ဖူးသူ ဖြစ်၍ ခေသူ မဟုတ်ပါ။ သို့သော် အင်္ဂလိပ်စာမှာတော့ ကျေနှင့် အယ်လ်တို့၏

www.burmeseclassic.com

www.burmeseclassic.com





ခြေထောက်တွေ ဘယ်ဘက် လှည့်မှန်းမသိ၍ ဘုန်းကြီးကျောင်းသားဘဝမှ အင်္ဂလိပ်ကျောင်းသား အရှမ်းဖြစ်ချင်နေသည်။ အဏ္ဏဝါမောင်မောင်၏ သားတော်ရောဂါက အဲဒီက စပြီး အမြစ်တွယ်ခဲ့ပါသည်။

၁၉၅၅ ခုနှစ်က အဏ္ဏဝါမောင်မောင်တို့ရွာမှာ အလယ်တန်းကျောင်း ရတော့ အဏ္ဏဝါမောင်မောင်၏အသက်က အတော်ကြီးနေပြီဖြစ်လို့ တစ်တန်းမှ မအောင်သေးသော အဏ္ဏဝါမောင်မောင်ခမျာမှာ ဘုန်းကြီး ကျောင်းကထွက်ပြီး အတန်းကျောင်းတက်ရမှာခက်နေတော့သည်။ ဒါပေမယ့် အဏ္ဏဝါမောင်မောင်က အားမလျှော့၊ ရန်ကုန်ပြန် ဦးပဥ္စင်းတွေ ပြောသံဆိုသံ ကြားဖူးသည်။ ရန်ကုန်က အလွတ်ပညာသင်ကျောင်းတွေမှာ ကျောင်းတက် ပြီး စာကျက်နိုင်လျှင် တစ်တန်းမှမအောင်သော်လည်း ဆယ်တန်းကို ဝင်ဖြေ လို့ ရသည်ဟူ၍ ဖြစ်သည်။ အဏ္ဏဝါမောင်မောင် အရှမ်း စိတ်ဝင်စားသွား သည်။ အလွတ်ပညာသင်ကျောင်းတက်နိုင်ရန်အတွက် ကျေးတောသားဘဝမှ ရန်ကုန်မြို့ကြီးသား ဖြစ်ချင်သည့် ရောဂါတစ်မျိုး တိုးသွားလေတော့သည်။

ရခိုင်ပြည်နယ်၏ အစွန်အဖျားရှိ ကျေးတောရွာကလေးတစ်ရွာတွင် မွေးဖွားခဲ့သော ကျေးတောသားလေး အဏ္ဏဝါမောင်မောင်သည် မြို့ကြီးသား ဖြစ်ရန်အတွက် ရန်ကုန်မြို့ဆိုတာ ဘယ်နားမှာရှိ၍ ဘယ်လိုသွားရမည်ကို သိလို၍ တစ်ပေပတ်လည်ခန့်ရှိသော မြန်မာပြည်မြေပုံလေးကို ဖြန့်ကြည့် သည်။ သူ့ရွာမှ အရှေ့တောင်ဘက် နှစ်လက်မခန့်အကွာတွင် အနီရောင် အစက်ကလေးပြ၍ ရန်ကုန်မြို့ဟုရေးထားတာ တွေ့လိုက်ရသည်။ သိပ်ပြီး မဝေးပါလားဟု တွေးမိပြီး ဝမ်းသာသွားသည်။

အဏ္ဏဝါမောင်မောင် မြို့ကြီးသားဖြစ်ရန် အချိန်တန်လာသည့် ၁၉၆၀ ခုနှစ်ခန့်လောက်ကဆိုတော့ မြန်မာနိုင်ငံတွင် လမ်းသရဲဆိုသော ဝေါဟာရ မပေါ်သေးမီကပင် အဏ္ဏဝါမောင်မောင်၏ အစ်ကိုက ရွာသားဖြစ်နေ၍ ဒေသအာဏာပိုင် ကွန်မြူနစ်ဗိုလ်က လက်စွမ်းပြလိုက်တော့မည့် အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



တွင် ရွာမှထွက်ပြေးပြီး ရန်ကုန်မြို့သို့ ရောက်နေခဲ့သည်။ ပြည်တော်သာခေတ် ခုနစ်တန်းအောင်ပြီးသူမို့ မကြာမီ ရေတပ်သားဖြစ်သွားပြီဟု သတင်းစကား ကြားရသည်။

အဏ္ဏဝါမောင်မောင်သည် သူ့အစ်ကို ရေတပ်သား၏ လိပ်စာကို စုံစမ်းဆက်သွယ်ပြီး ရန်ကုန်မြို့ကြီးသို့ လိုက်သွားနိုင်ရန် ကြိုးစားလေတော့သည်။ သူ့ရွာမှ ရန်ကုန်မြို့သို့ ရောက်သည်အထိ ကုန်ကျမည့် လမ်းစရိတ်ငွေ ငါးဆယ်ခန့်ကိုရရှိနိုင်ရန် နည်းမျိုးစုံဖြင့် ရှာဖွေစုဆောင်းသည်။ အဖေ အမေထံမှ တောင်းသည်။ သူငယ်ချင်းတွေထံမှ အလှူခံသည်။ ဆရာတော်၏ ရေစက်ခွက်ထဲက နှိုက်သည်။ ဒီလိုနဲ့ လမ်းစရိတ်ငွေ ရရှိသွားလေတော့သည်။

၁၉၅၈ ခုနှစ် နွေဦးပေါက်ရာသီတွင် အဏ္ဏဝါမောင်မောင် ရွာမှ ထွက်ခွာခဲ့သည်။ ပြည်တော်အေးသဘောကို တစ်ဆယ့်ရှစ်ကျပ်တန်းမှ စီးပြီး သံတွဲမြို့မှ ရန်ကုန်မြို့သို့ လိုက်သွားသည်။ ရွာမှထွက်ပြီး ငါးရက်ခန့် အကြာတွင် ရန်ကုန်မြို့ကြီးသို့ ရောက်ခဲ့သည်။ စားစရိတ်အပါအဝင် အထွေထွေကုန်ကျစရိတ် သုံးဆယ်ပင် မကုန်ဘဲရန်ကုန်မြို့သို့ ရောက်သည်။ ကြွက်တာယူပါ နှစ်ကျပ်ခွဲ၊ လာပါယူပါ တစ်ကျပ်တည်းဟု လမ်းဘေးမှာ ဈေးအော်ရောင်းသော နှစ်ကျပ်ခွဲနှင့် မြင်းလှည်းခေတ်ဖြစ်၍ ရန်ကုန်မြို့ကြီးမှာ စည်ကားသာယာ ပျော်စရာကောင်းလှသည်။ အဏ္ဏဝါမောင်မောင် ကျေးတောသားဘဝမှ မြို့ကြီးသား ဖြစ်သွားလေပြီ။

အစ်ကိုရေတပ်သား၏ စီစဉ်ပေးချက်အရ ပုသိမ်ညွန့် ကျူးကျော် ရပ်ကွက်ထဲက ရခိုင်ဦးပဉ္စင်းလေးတစ်ပါး၏ ကျောင်းတွင် နေထိုင်ခွင့်ရသည်။ တာမွေရှိ နာမည်ကြီးအလွတ်ပညာသင်ကျောင်းတစ်ကျောင်းတွင် ကျောင်းတက်သည်။ ဘုန်းကြီးကျောင်းသားဘဝမှ အင်္ဂလိပ်ကျောင်းသား ဖြစ်သွားပြန်ပြီမို့ စိတ်ဓာတ်တွေအရမ်းတက်ကြွပြီး ဘုန်းကြီးကျောင်းသား စာကျက်သလို တအားကုန်းအော်ကျက်လိုက်ရာ ဈေနှင့် အယ်လ်တို့၏ ခြေထောက်တွေ ဘယ်ညာ အလှည့်အထား မှန်သွားရုံသာမက ဦးမောင်ကလေးနှင့်



ဒေါ်မြစိန်တို့အကြောင်း ရေးထားသော အင်္ဂလိပ်စာတစ်အုပ်လုံးကို အလွတ် ရသွားသည့်အပြင် ပြည်တော်သာခေတ်နှောင်းပိုင်း၏ အစိုးရစစ် သတ္တမတန်း ကို နှစ်ချင်းပေါက် အောင်သွားလေတော့သည်။ အဲဒါ ကြည့်ရုံနဲ့ပဲ အဏ္ဏဝါ မောင်မောင်ဟာ ခေသူမဟုတ်ဘူးဆိုတာ ယုံကြပြီမဟုတ်လား။

အဲဒီခေတ်က ခုနစ်တန်းအောင်လျှင် ရှစ်တန်း၊ ကိုးတန်းတို့ကို ဖြေစရာမလို၊ ဆယ်တန်းကို တစ်ခါတည်းဝင်ဖြေလို့ရသည်။ အရမ်း တက်ကြွနေသော အဏ္ဏဝါမောင်မောင်သည် ၁၉၆၀ ခုနှစ်တွင် ဆယ်တန်း ဝင်ဖြေသည်။ အလွတ်ကျက်ထားသော အင်္ဂလိပ်စာတွေ မေးခွန်းမှာ မပါသောအခါ မဖြေနိုင်၍ သုံးနှစ်ဆက်တိုက် စာမေးပွဲကျသည်။ စာမေးပွဲနှင့်အတူ စိတ်ဓာတ်ပါ ကျသွားလေတော့သည်။

ဆယ်တန်းမအောင်၍ စိတ်ဓာတ်ကျနေသော အဏ္ဏဝါမောင်မောင် သည် ယူနီဖောင်းအဖြူလေးတွေ ဝတ်ထားသော သူ့အစ်ကို ရေတပ်သားနှင့် သူငယ်ချင်းတွေကိုကြည့်ပြီး အားကျလာပြန်သဖြင့် အင်္ဂလိပ်ကျောင်းသား ဘဝမှ ရေတပ်သားဖြစ်ချင်သည့်ရောဂါ ဝင်လာပြန်သည်။ ပြည်တော်သာ ခေတ် ခုနစ်တန်းအောင်ထားသူမို့ လုပ်ချင်တာ ဖြစ်နိုင်သော အဏ္ဏဝါ မောင်မောင်သည် ရေတပ်မတော်သို့ဝင်ရန် လျှောက်ထားလိုက်ပါတော့သည်။

ရေတပ်မတော်ဝင်ခွင့် ရေးဖြေစာမေးပွဲကို လွယ်ကူစွာ ဖြေဆို အောင်မြင်သွားပြန်သည်။ လူတွေ့စစ်ဆေးခံရာတွင် ဗိုလ်ကပြားရုပ်ပေါက် နေသော ရေတပ်ဗိုလ်ကြီးတစ်ဦးနှင့် ကြုံရသည်။ ဗိုလ်ကြီးက သာမန် မေးရိုး မေးစဉ်များကိုမေး၍ ရေးမှတ်ပြီးသောအခါ 'ကျွန်တော် ရေတပ်မတော် ကို ဝင်ချင်ပါသည်' ဆိုသော ဝါကျကို အင်္ဂလိပ်လိုရေးခိုင်းသည်။ အဏ္ဏဝါ မောင်မောင်က ခြေတုန်လက်တုန်ဖြင့် ရမ်းကျိတ်လိုက်သည်။ I want to joy burma navy ဟူ၍။ ဗိုလ်ကြီးက ဂျွိုင်း ဆိုသော စာလုံးပေါင်းကို ပြန်ပေါင်းခိုင်း၍ လေးကြိမ်ခန့် ရမ်းကျိတ်နေရာ ဗိုလ်ကြီးက ခေါင်းတရမ်းရမ်း ဖြစ်နေသည်။ ငါးကြိမ်ခန့်တွင်မှ မြောင်းတည့်ပြီး Join မှန်သွား

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။ ဒါပေမဲ့ ကိစ္စက မပြီးသေး၊ နေးရှင်းသတင်းစာကြီးကို ထိုးပေးပြီး အဲဒီအထဲက ဝါကျတစ်ကြောင်းကို မြန်မာလိုပြန်ပြစမ်းပါဟု နိုင်းပြန်ပါသည်။

'ဘယ် ဘယ်ဟာကိုဖတ်ရမှာလဲ၊ ဆ ဆရာ'

'ငါ ပြောတာ ဝါကျတစ်ကြောင်းလို့ပြောတာ၊ မင်း ကြားတယ် မဟုတ်လား၊ အဲဒီအထဲက ဖတ်ချင်တဲ့ဟာကို ဖတ်'

အဏ္ဏဝါမောင်မောင်၏ မျက်လုံးတွေ ပြာဝေနေသည်။ ရှစ်ရှက် ဆယ့်ခြောက်မျက်နှာပါသော အင်္ဂလိပ်သတင်းစာကြီးတစ်စောင်လုံးတွင် အဏ္ဏဝါမောင်မောင် ဘာသာပြန်တတ်သော ဝါကျတစ်ကြောင်းမျှ ရှာမတွေ့ ဖြစ်နေသည်။ ဖတ်နိုင်းထားသည်မှာလည်း အတန်ငယ်ကြာနေပြီဖြစ်၍ ဗိုလ်ကြီးကို အားလည်းနာ၊ ကြောက်လည်း ကြောက်နေသည်။

'ဖတ်လေကွာ၊ ကြာလိုက်တာ'

အဏ္ဏဝါမောင်မောင် လန့်တောင်သွားသည်။ ကြောက်ကြောက် လန့်လန့်ဖြင့် ကြံမိကြံရာ ကြံရတော့သည်။ သတင်းစာကြီး၏ နောက်ဘက် အတွင်းပိုင်းက ရုပ်ရှင်ကြော်ငြာတွေကို လှန်ချလိုက်သည်။

'At The Royal Daily 4 Shows ရွှင်ရယ်ရုံမှာ နေ့စဉ် လေးပွဲပြပြီ ဆ ဆရာ'

ဗိုလ်ကြီး အံ့သြသွားသလား၊ စိတ်ပျက်သွားသလား မသိ၊ အဏ္ဏဝါမောင်မောင်ကိုကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်နေရှာသည်။

'အိုကေ၊ ယူမေဂိုး'

ဗိုလ်ကြီး ဘာပြောလိုက်မှန်း မသိသော်လည်း ကိစ္စပြီးပြီဆိုတာ အလိုလိုသိနေ၍ အဏ္ဏဝါမောင်မောင် ထိုင်ရာမှ ထလိုက်သည်။ ဗိုလ်ကြီး၏ ရုံးခန်းအပြင်ဘက်က သစ်ပင်အောက်မှာ အခြားသူတွေနဲ့ အတူထိုင်ပြီး အောင်စာရင်းကို စောင့်ရသည်။ ညနေ သုံးနာရီထိုးခါနီးတွင် အောင်စာရင်း



ကြေညာသောအခါ အဏ္ဏဝါမောင်မောင်၏နာမည် ပါလာလေတော့သည်။ အင်္ဂလိပ်စာညံ့သော်လည်း တောသား အားကောင်းမောင်းသန် မှား မှန် မသိ နိုင်းတာလုပ်မည့်ရုပ်မျိုးရှိသူမို့ ဗိုလ်ကြီးက ကြိုက်သွားဟန်တူသည်။ ဒီလိုနဲ့ပဲ အင်္ဂလိပ်ကျောင်းသား အဏ္ဏဝါမောင်မောင်သည် ရေတပ်သား ဖြစ်သွားလေတော့သည်။

ရေတပ်သားဘဝဖြင့် အထက်မှပေးအပ်သော အမိန့်နှင့် တာဝန်တွေကို ကျေပြွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ရေတပ်စခန်းများရှိရာ နေရာအနှံ့အပြားသို့ သွားခဲ့ရာမှ ကျေးတောသူမပြုံးတုတ်နှင့် တွေ့ဆုံအကြောင်းပါခဲ့သည်။ တပ်မတော်တွင် တစ်ဆယ့်နှစ်နှစ်ကျော်ကျော် အမှုထမ်းပြီးသောအခါ ဇနီးတစ်ယောက်၊ ယောက်ျားလေးနှစ်ယောက်နှင့် ကလေးသုံးယောက် စုဆောင်းမိပြီဖြစ်၍ ပြည့်စုံပြီဆိုပြီး တပ်မတော်မှ အငြိမ်းစားယူလိုက်သည်။ ဒါပေမယ့် အဏ္ဏဝါမောင်မောင်၏ သားတော်ရောဂါဖြစ်မှုက မပြည့်စုံသေး၊ ရေတပ်မတော်မှ အငြိမ်းစားယူသွားကြသော လုပ်ဖော်ကိုင်ဘက်သူငယ်ချင်းတွေ နိုင်ငံခြားသင်္ဘောလိုက်ပြီး ချောင်လည်နေကြတာ မြင်တွေ့ရတော့ ရေတပ်သားဟောင်း အဏ္ဏဝါမောင်မောင်မှာ သင်္ဘောသားဖြစ်ချင်သော ရောဂါတစ်မျိုးတိုးလာပြန်လေတော့သည်။

၁၉၇၅ ခုနှစ်တွင် ရေတပ်သားဘဝမှ အငြိမ်းစားယူပြီးနောက် သင်္ဘောသားရုံးရှေ့ ပလက်ဖောင်းပေါ်မှာ စတင်အခြေချသည်။ အငြိမ်းစားလစာငွေ တစ်ရာကျော်ဖြင့် မစားလောက်၍ လင်မယားနှစ်ယောက် လမ်းဘေးထွက်ပြီး ဗန်းကလေးရွက်ကာ ဈေးရောင်းကြသည်။ သူနေထိုင်ရာ သာကေတမြို့မှ ပန်းဆိုးတန်းလမ်းရှိ သင်္ဘောသား အလုပ်အကိုင် ရှာဖွေရေးရုံးကို နေ့စဉ်သွားနိုင်ရန်အတွက် မပြုံးတုတ်၏ ဈေးဗန်းထဲမှ တစ်နေ့နှစ်ကျပ်ခန့် သီအောင်တစ်မျိုး၊ မသီအောင်တစ်ဖုံ နှိုက်သည်။ ပြတ်နေသည့်ရာဘာဖိနပ်သဲကြိုးကို တွယ်ချိတ်အဟောင်းဖြင့် ဆက်သွယ် တွယ်ချိတ်ပြီးသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဂျစ်ကားအိုကြီးကို ခိုတွယ်စီးနင်းပြီး သာကေတ မှ ပန်းဆိုးတန်းလမ်းသို့ ချီတက်လေသည်။ သဘော်သားရုံးရှေ့ ရှိ ကုက္ကိုပင် ဗန်ဒါပင် အရိပ်တွေမှာ တစ်နေကုန် ထိုင်သည်။ ပလက်ဖောင်းဆောင်းမှာ ဆေးလိပ်တစ်တိုကို အဖော်ပြုပြီး တောင်တွေး မြောက်တွေး၊ တောင်ငေး မြောက်ငေး အလုပ်ကလေးများ ပေါ်လာလေသည်။ ခေါ်လေမလားဆိုတဲ့ မျှော်လင့်ချက်ဖြင့် တစ်နေ့ကုန်သွားပြန်သည်။ နေဝင် မိုးချုပ်သွားသည်အထိ ဘာမှမထူးလျှင် ကားတွယ်စီးပြီး သာကေတသို့ပြန်သည်။

ဒီလိုနဲ့ ငါးနှစ်ခန့်ကြာသောအခါ နိုင်ငံခြားကုမ္ပဏီတစ်ခုမှ သင်္ဘောသား လာခေါ်သူတစ်ဦးက ခိုင်းကောင်းမည့်ရုပ်မျိုးရှိသူ အဏ္ဏဝါမောင်မောင်ကို ကြိုက်သွားသဖြင့် ရေတပ်သားဟောင်း အဏ္ဏဝါမောင်မောင်သည် နှစ်ဆယ်ရာစု၏ ရုပါစတား သင်္ဘောသား ဖြစ်သွားပြန်လေတော့သည်။

ဒါပေမယ့် အဏ္ဏဝါမောင်မောင်၏ သားငတ်ရောဂါက အမြစ်ကို မပြတ်နိုင် ဖြစ်နေသည်။ သင်္ဘောသားလုပ်သက် ခုနစ်နှစ်ခန့်ကြာလာသော အခါ ကိုယ်ပိုင်အိမ်နှင့် ကိုယ်ပိုင်ကားအပြင် ငွေယားလေးကလည်း နှစ်သိန်း ကျော်ကျော်လောက်ရှိနေလေတော့ မြှောက်ပင့်စားတတ်သူများ၏ စကားလုံး ကိုယုံပြီး ကိုယ့်ရုပ် ကိုယ်ပြန်မကြည့်ဘဲ ရုပ်ရှင်မင်းသားလုပ်ချင်သည့်ရောဂါ ဆိုးကြီး တစ်မျိုး တိုးလာလေတော့သည်။

သရုပ်ဆောင်မှု အနုပညာဆိုတာ အလကားပါ၊ ပိုက်ဆံချမ်းသာလျှင် လုပ်ချင်တာ ဖြစ်သည်ဟုထင်ထားသော အဏ္ဏဝါမောင်မောင်မှာ ရုပ်ရှင် မင်းသား ရောဂါပိုးတွေ ဦးနှောက်ထဲ ဝင်နေပြီဖြစ်၍ ထိပ်ပြောင်ဗိုက်ရွဲ၊ မည်းပြာညိုပုပ်၊ ဝတုတ်လိန်ဖယ် ဘယ်လိုကြည့်လို့မှ ကျက်သရေမရှိတဲ့ ရုပ်ကို ထုတ်လုပ်သူ ဒါရိုက်တာဆိုသည့် ငနဲတစ်ဦးက မြှောက်ပင့်ပေးသည်။

'ရုပ်ချောမှ ရုပ်ရှင်မင်းသားဖြစ်နိုင်တယ်ဆိုတဲ့ ရှောက်သီးဆေးပြားသည် အတွေးအခေါ်ကို တော်လှန်ပစ်ရမယ်၊ ဟောလီးဝုဒ်က ရုပါစတား ချားလ် ဘရော်ဆန်၊ အန်ထော်နီကွင်း၊ ဂျိမ်းကိုဘန်းတို့ဟာ ခင်ဗျား လောက် ချောတာမှ မဟုတ်ဘဲ'



အဲဒီလို ပင့်ပေးလိုက်တော့ မြောက်သွားပြီး ဘဏ်မှာထားသည့် ပိုက်ဆံကိုသာမက စီးနေသည့် ကားကိုပါရောင်းပြီး မတည် ပုံအောလေ တော့သည်။ ရုပ်ရှင်ရိုက်မည့်အစီအစဉ်က ဘယ်နေ့မှန်း မသိသေးသော်လည်း အတူတွဲ ရမည့် မင်းသမီး မင်းသား ဓာတ်ပို့ ဓာတ်ရံ ဆိုသူများနှင့်အတူ အင်းလျားကန် ဟိုတယ်၊ သမ္မတဟိုတယ်၊ ကရဝိက်ဟိုတယ်တို့မှာ နေ့စဉ် စားကြ သောက်ကြသည်။ တစ်နေ့ တစ်နေ့ကို ထောင့်လေးငါးရာ နှစ်ထောင် ရှင်းရသည်။ ဘယ်သူရေးမှန်းမသိသော်လည်း ဓာတ်လမ်းခွင့်ပြုချက် ရထား ပြီးသားဆိုသည့် သင်္ဘောသီးခါးခါး သင်္ဘောသားချိုချို အမည်ရှိ ဝတ္ထု တစ်ပုဒ်တည်းအတွက် ငွေနှစ်သောင်းတိတိ ပေးလိုက်ရသည်။ ဝတ္ထု၏ ဦးတည်ချက်ရည်ရွယ်ချက်က ဘာမှန်းမသိသော်လည်း ဓာတ်လမ်းလေးတော့ ရှိသည်။

ဓာတ်လမ်းလေးက ဒီလိုပါ ကျေးတောသားလေးတစ်ယောက် အလုပ်လုပ်ရင်း ညကျောင်းတက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ ရောက်လာသည်။ ဘာအလုပ်မှမရသေး၍ မြို့လယ်ဈေးကြီးရှေ့က ပလက် ဖောင်းပေါ်မှာ သင်္ဘောသီးစိပ် အော်ရောင်းနေသည်။ သူဌေးသမီး ကျောင်းသူ ချောချောတစ်ဦးက ကိုယ်ပိုင်ကားလှလှလေးပေါ်က ဆင်းလာပြီး သင်္ဘော သီးစိပ် ဝယ်စားသည်။ မရင့်သေးဘဲ မီးကင်ထား၍ မှည့်နေရသော သင်္ဘောသီးက မချိုဘဲခါးနေ၍ ဝယ်စားသူက ရောင်းသူကို ပါးရိုက်သည်၊ ဆယ်တန်တစ်ရွက်ပစ်ချပေးပြီး ကားပေါ်တက် မောင်းထွက်သွားသည်။ သင်္ဘောသီးစိပ်သည် ကျေးတောသားက ကားနံပါတ်ကိုရော မိန်းမချော၏ ရုပါကိုပါ အသည်းမှာစွဲအောင် မှတ်ထားလိုက်သည်။ မကြာမီ ဆရာဘုန်းကြီး ၏ အကူအညီဖြင့် ရေဝတီမှာအလုပ်ရ၍ ပလက်ဖောင်း သင်္ဘောသီးစိပ် သည် ဘဝမှ ပြည်တွင်းရေကြောင်း သင်္ဘောသားဖြစ်သွားသည်။ ငါး နှစ်ခန့်ကြာသောအခါ တစ်ဆင့်တက်၍ ကြယ်ငါးပွင့်သင်္ဘောသား ဖြစ်လာ သည်။ ဆယ်နှစ်ခန့်ကြာသောအခါ နိုင်ငံခြားသင်္ဘောသားဖြစ်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ သဘော်သီးစိပ်သည်ဘဝဖြင့် ပါးရိုက်ခံခဲ့ရသောခုနှစ်၊ ကား နံပါတ်နှင့် ပိုင်ရှင်၏ နေရပ်လိပ်စာတို့ကို အဆင့်ဆင့်ခြေရာခံလိုက် ရာမှ သူ့ကို ပါးရိုက်သွားခဲ့သော ကျောင်းသူကို ဆရာဝန်မဘဝဖြင့် ပြန်တွေ့ရပြီး ဆရာဝန်မနှင့် သဘော်သား ညားကြလေသတည်း ဟူ၍ ဖြစ်သည်။

အဏ္ဏဝါမောင်မောင်က ဝတ္ထုထဲက ဇာတ်ကောင်၏ဘဝမှာ သူ့ဘဝနှင့် တူညီတိုက်ဆိုင်နေ၍ စရိုက်ပီပြင်အောင် ထူးခြားစွာ သရုပ်ဆောင်ပြနိုင်သည်ဟု ကြိမ်းဝါးလိုက်သည်။ အမှန်ကတော့ သူ့ဘဝ သူ့အကြောင်းကို အစအဆုံး သိထားသည့် ထုတ်လုပ်သူဒါရိုက်တာဆိုသူက ရှဲဒိုးတစ်ယောက်၏ အကူအညီဖြင့် အရေးပေါ်ဖန်တီးထားသော ထပ်တူနီးပါးပြု အမြောက်ကြီးဝတ္ထုတစ်ပုဒ်သာ ဖြစ်သည်ကို အဏ္ဏဝါမောင်မောင်ခမျာ မသိရှာဖြစ်နေသည်။ ဒါပေမယ့် ငွေနှစ်သောင်းကတော့ ထွက်သွားလေပြီ။

ဝတ္ထုဇာတ်လမ်းခ ပြီးတော့ ကုမ္ပဏီငှားရမ်းခ၊ ဒါရိုက်တာကြေး၊ မင်းသမီးကြေး၊ ဇာတ်ရုံများအတွက် ကြိုတင်ပေးများ တချို့တဝက် ရှင်းလိုက်သောအခါ ငွေနှစ်သိန်းကျော် ကုန်သွားလေတော့သည်။ ဒါက အစပဲရှိသေးသည်။ ဖလင်လျှောက်ထားတာ မကျသေးမီ ဗွီဒီယိုအစမ်း ရိုက်ရန်၊ ကြော်ငြာအတွက် ရုပ်သေပုံများရိုက်ရန်၊ စတူဒီယို၊ ကင်မရာငှားရန် စသည်များအတွက် စဘော်ငွေကြိုတင်ပေးထားရန် စသည် စသည်များအပြင် နေ့စဉ်လူဆယ်ဦးခန့် ဝိုင်းဖွဲ့သောက်စားနေသည့် စရိတ်များကြောင့် ဘဏ်ကထုတ်သည့် ပိုက်ဆံသာမက ကားရောင်း၍ရသည့် ပိုက်ဆံပါ ပြောင်သလင်းခါသွားလေပြီ။

ဖလင်မကျသေး၍ ရုပ်ရှင်မရိုက်ရသေးသော်လည်း သဘော်သီးခါးခါး သဘော်သားချို့ချို့ ဇာတ်ကား၏ ကြော်ငြာပိုစတာများ၊ ရုပ်သေဓာတ်ပုံများ၊ အစမ်းရိုက်ဗွီဒီယိုတိတ်ခွေများကြောင့် အဏ္ဏဝါမောင်မောင်တစ်ယောက် သဘော်သားဘဝမှ ရုပ်ရှင်မင်းသားဖြစ်သွားပြီဆိုသည့် သတင်း



မှာ သူ့ အသိုင်းအဝိုင်းသာမက သူ့ ဆွေမျိုးများရှိရာ ကျေးတောရွာသို့ပင် ရောက်သွားလေတော့သည်။

ဖလင်ဝယ်ခွင့်ကျလာလျှင် လိုအပ်မည့်ငွေအတွက် အိမ်ကိုရောင်းရန် စီစဉ်နေစဉ် သူနှင့်တွဲရမည့် မင်းသမီးဆိုသူနှင့် တိတ်တိတ်ပုန်းညားပြီး အကြိမ်ကြိမ် ယဉ်ပါးမိရာမှ ယောကျ်ားလိင်အင်္ဂါမှာ မခံသာအောင် နာကျင်ရောင်ကိုင်းလာကာ အသားတွေပါထုံကျင်လာတော့သည်။ အရေပြားပါရဂူတစ်ဦးထံသွားပြရာ အဏ္ဏဝါမောင်မောင်၏ ရောဂါမှာ ကုသရန် ဆေးမရှိသေးသည့် နောက်ဆုံးပေါ် ကာလသားရောဂါဖြစ်ကြောင်း သိရလေသတည်း။

[ ငွေမှုံးလွှာ ။ နှစ်၊ ၁၉၉၁ ]

www.burmeseclassic.com

www.burmeseclassic.com

## ဖွပ်ဖွပ်ဖိနပ်ပိုင်ရှင်၏ စင်ဒရဲလားအိပ်မက်

သာကေတမြို့ ရပ်ကွက်တစ်ခုထဲက တဲအိမ်စုတစ်ခုထဲတွင် နေထိုင်သည့် မမြတင်ဆိုသူ မိန်းမပျိုလေးသည် သိုးဆောင်းပုံပြင်တွေထဲက စင်ဒရဲလားပုံပြင်ကို မကြားဘူး၍ စင်ဒရဲလား၏ ရွှေရောင်ဖိနပ်အကြောင်းကိုလည်း မသိ။ သူ သိသည်က ပလတ်စတစ်အမာဖြင့်ပြုလုပ်သည့် ဖွပ်ဖွပ်ဖိနပ်သည် ဈေးသက်သာပြီး တာရှည်ခံ၍ တွက်ခြေကိုက်သည်ဟုသာ ဖြစ်သည်။

ယခင်တုန်းကတော့ မမြတင် ဖိနပ်မစီးဘဲ ရေလှည်းတွန်းသည်။ အိုးတိုက်ပွဲပြာ လည်ရောင်းသည်။ ယခု အလုပ်ရ၍ သူဌေးကြီးတစ်ဦး၏ အိမ်မှာ အလုပ်ဆင်းရတော့မည်ဆိုတော့ သင့်တင့်လျောက်ပတ်အောင် ဖိနပ်တစ်ရံတော့ ဝယ်စီးရပေတော့မည်။ အလုပ်သွင်းသည့် အနှိပ်သည် ဒေါ်ညိုက ဖိနပ်ဝယ်ရန်အတွက် ငွေတစ်ဆယ်ထုတ်ချေးသည်။ လုပ်ခရလျှင် ပြန်ဆပ်ဟု ဆိုသည်။

ဖိနပ်ဈေးတွေကလည်း ကြီးသည်။ နိုင်ငံခြားဖြစ်ဆိုသော် မမြတင်အဖို့ စဉ်းစားကောင်းသည့်အရာမဟုတ်၍ အသာထား၊ ပြည်တွင်းဖြစ် ဖိနပ်အမျိုးမျိုးတွေကပင် တစ်ရံကို ကိုးဆယ်၊ တစ်ရာ အော်ရောင်းနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပလတ်စတစ်အမာဖြင့်ပြုလုပ်ထားသည့် ဂွပ်ဂွပ်ဖိနပ်ဆိုတာကတော့ စီးပြီး လမ်းလျှောက်သွားလျှင် တဂွပ်ဂွပ် အသံမြည်တာကလွဲလို့ တစ်ဆယ်မျိုး ကိုးကျပ်မျိုးသာ ပေးရသမို့ သူ့ဈေးနှင့်သူတော့ သုံးပျော်သည်။

'သူဌေးအိမ်သွားတဲ့အခါ ဖိနပ်ပါတယ်ဆိုရင် ပြီးရောဟေ့၊ ညည်းခြေထောက် မည်းပြာပြာကို သူဌေးသားတွေက ဂရုစိုက်ပြီး လိုက်ကြည့်နေမှာမဟုတ်ဘူး၊ ကိုယ်နဲ့ တန်ရာတန်ရာဝယ်စီး၊ ပြီးတာပဲ'

ဒေါ်ညိုကပင် ပြတ်ပြတ်ပဲ အကြံပေးသည်။ သဘောသားကားတွေကို ဝယ်ရောင်းလုပ်ပြီး ကြီးပွားနေသည့် သူဌေးတစ်ဦး၏ အိမ်မှာ မိသားစုအနှိပ်သည် လုပ်ရင်း သူဌေး၏ ဟန်ပြစီးပွားရေးလုပ်ငန်းတစ်ခုတွင် အလုပ်သမခေါင်းဆောင်ဖြစ်နေသည့် ဒေါ်ညို၏ အကြံပေးချက်အရ မမြတင်နဲ့ တန်ရာတန်ရာ ကိုးကျပ်ခွဲတန် ဂွပ်ဂွပ်ဖိနပ်တစ်ရံ ဝယ်ဖြစ်သွားသည်။

မမြတင်တို့အဖေ ပုံကျလုပ်သားကြီးရှိစဉ်ကတော့ မမြတင်တို့ရဲ့ ရွှေခေတ်ဟု ဆိုနိုင်သည်။ မမြတင်ကျောင်းနေဖူးသည်။ ဖိနပ်စီးဖူးသည်။ ငါးသလောက်ဟင်းနှင့် ထမင်းစားဖူးသည်။ မြရတနာရုံမှာ ကားသစ်လဲတိုင်း ပြာ:ငါးဆယ်တန်းကို သားအမိတွေ အပိုင်စီးထားနိုင်ခဲ့သည်။

မမြတင်တို့ အဖေဆုံးတော့ အပျိုပေါက်ကလေး မမြတင်နဲ့ သူ့အမေတို့က အိုးတိုက်ပွဲပြာလည်ရောင်းရသည်။ မမြတင်၏ မောင် အငယ်နှစ်ကောင်က ရေလှည်းတွန်းရောင်းပြီး ငစိန်ဆန်ထမင်းနှင့် ကန်စွန်းရွက်ချဉ်ရည်ဟင်းကို နေ့စဉ် စားနိုင်ရေးအတွက် သားအမိ ရုန်းကန်ခဲ့ကြရသည်။ မမြတင်ရဲ့မောင် အကြီးကောင်က ဂိုဒေါင်ဖောက် ပစ္စည်းခိုးခဲ့ရာမှာ ရောယောင်ပါမိ၍ ထောင်ကျသွားသည်။ မမြတင်၏ အမေ မုဆိုးမခများမှာ ပွဲပြာရောင်းရလို့ ပင်ပန်းရသည့်အထဲ သားတစ်ကောင် ထောင်ကျသွားပြန်တော့ စိတ်ထိခိုက်ပြီး အိပ်ရာထဲလဲတော့သည်။ အမှန်တော့ နှစ်အတန်ကြာအောင် ရှူရှိုက်လာခဲ့သည့် ဖက်ပွဲပြာက အဆုတ်ထဲမှာ စုခဲ့ပြီး အသက်ရှူကျပ်ရာမှ တဖြည်းဖြည်း ပန်းနာရင်ကျပ်ရောဂါ ရလာခြင်းဖြစ်သည်။



မမြတင်တို့သားအမိကို သနားသည့် အိမ်နီးချင်း ဒေါ်ညိုက သူ့ဆရာ သူဌေးပိုင် ဆီးချိုထုပ်၊ မရမ်းပြားထုပ်၊ သရက်ပြားထုပ် လုပ်ငန်းမှာ မမြတင်ကို အလုပ်သွင်းပေးသည်။ လုပ်နိုင်လျှင် လုပ်နိုင်သလောက် ရမည်ဟု ဆိုသည်။ ဆီးချိုသီး၊ မရမ်းချိုပြား၊ သရက်ချိုပြားတွေကို ကုန်အမှတ်တံဆိပ်ရိုက်နှိပ်ထားသည့် စာရွက်ကလေးနဲ့အတူ ပလတ်စတစ်အိတ်ကလေး ထဲထည့်ပြီး ဖယောင်းတိုင်မီးနဲ့ ပိတ်ပေးရုံသာ ဖြစ်သည်။ အထုပ်တစ်ရာပြီးလျှင် နှစ်ကျပ်၊ အထုပ်တစ်ထောင်ပြီးလျှင် နှစ်ဆယ်တောင်ရသည်။ ဒေါ်ညိုကတော့ တစ်နေ့ကို နှစ်ဆယ်အစိတ် ပုံမှန်ရသည်ဟု ဆိုသည်။ သဘောသားကား ဝယ်ရောင်းလုပ်လို့ရသည့် ငွေစက္ကူထုပ်ကြီး လေး:ငါးသိန်းကို နေ့စဉ် ရေတွက်စစ်ဆေးနေရသည့် သူဌေးနှင့် သူဌေးကတော်တို့ ဖက်ကြောတက်သည့်နေ့တွင် ဒေါ်ညိုဆီးထုပ်ဝင်ထုပ်စရာမလိုဟု ဆိုသည်။ သူများ ထုပ်ပြီးသားတွေကို လိုက်စစ်ပြီး ငွေတွက်ပေးရုံသာ လိုသည်။

နက်ဖြန်နံနက် ၆ နာရီတွင် မမြတင် အိမ်မှထွက်ပြီး အလုပ်သွားတော့မည်ဖြစ်၍ ရေတစ်စည်ထမ်းဖြည့်သည်။ သူ့အမေသောက်ရန် ဆေးပုလင်းနှင့် ရေခွက်ကို အသင့်ပြုလုပ်ပေးသည်။ ထမင်းဘူးထည့်သွားနိုင်ရန် သတ္တုချိုင့်အဟောင်းလေးကို အရောင်အသွေးထွက်လာအောင် တိုက်ရချွတ်ရသည်။ နက်ဖြန်အလုပ်သွားလျှင် အသားနားဆုံးဝတ်စားသွားနိုင်ရန်အတွက် ကျောင်းသူဘဝက ဝတ်ခဲ့သည့် လုံချည်စိမ်းနှင့်အင်္ကျီဖြူလေးကို ခေါက်ရိုးကျိုးအောင် ပွတ်ရ သပ်ရသည်။ ရေတွန်းရောင်းနေသည့် မောင်အငယ်လေး အခေါက်ရေကျဲနေလျှင်လိုက်သွားပြီး ကုန်းတက်နှင့် ချိုင့်ခွက်တွေကို တက်နိုင်အောင် ကူတွန်းပေးရသည်။ ပြင်ရဆင်ရ လုပ်ရကိုင်ရနှင့် တစ်နေကုန် ဖတ်ဖတ်မောနေသော်လည်း မအိပ်နိုင်သေးဘဲ ပန်းနာသည့် မိခင်၏ကျောနှင့် ရင်ဘတ်ကို ပွတ်သပ်နှိပ်နယ်ပေးနေရသည်။

'အိပ်ပါတော့သမီးရယ်၊ မနက်ဖြန်လဲအလုပ်ဆင်းရဦးမယ်၊ ထမင်းဘူး ထည့်ဖို့ ဟင်းရှိရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဘဲဥတစ်လုံးပြုတ်ထားတယ်၊ ငါးပိရည်ကျိုနဲ့ ကန်စွန်းရွက်ပြုတ်ကို ထမင်းပေါ်ကအုပ်ပြီး ဆမ်းယူသွားတော့မယ်၊ အမေ အိပ်ပျော်အောင်အိပ်ပါ အမေရယ်၊ အမေ ရင်ကျပ်လို့ ညည်းတဲ့အသံကြားရင် သမီး အိပ်လို့မရဘူး'

တစ်နေကုန်အောင် ရေလှည်းတွန်းရလို့ ညစာစားပြီးကတည်းက ခြေပစ်လက်ပစ်အိပ်နေသော အငယ်ကောင်ကို စောင်ခြုံပေး၊ ခြင်ထောင် ချပေးပြီး သူပါ ခြင်ထောင်ထဲဝင်လှဲလိုက်သည်။ ခြင်ထောင်ထဲရောက်မှ သတိရသည်။ မနက်က ပုစွန်တောင်ဈေးကြီးက ဝယ်လာခဲ့သည့် ဖိနပ် ကလေးကို ကြွက်တွေဘာတွေ ကိုက်မှဖြင့်ဟု စိုးရိမ်ပူပန်ပြီး ခြင်ထောင်ထဲ ဆွဲသွင်းလိုက်သည်။ ဖိနပ်ရောင်းသည့် ကုလားကြီးက စက္ကူအိတ်ကလေးနဲ့ ထည့်ပေးလိုက်၍ ဖက်အိပ်ရတာ အဆင်ပြေသည်။

မမြတင် ဝါးခနဲသမ်းပြီး မျက်စိမှိတ်လိုက်ချိန်မှာပဲ လမ်းထိပ်ကင်းတဲ က သံချောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာသည်။ သြော် ဟိုတုန်းကသာ ဆိုရင် ဒီအချိန်မှာ ကုန်စိမ်းကြိုကားတွေထွက်ကြပြီဟု မမြတင် တွေးလိုက်မိ သေးသည်။

နံနက် ခြောက်နာရီ လေးဆယ့်ငါးမိနစ်တွင် မမြတင်နှင့် ဒေါ်ညိုတို့ သူဌေးတိုက်ခန်းသို့ ရောက်သွားကြသည်။ တံခါး မဖွင့်သေး၍ လူခေါ် ခေါင်းလောင်း ခလုတ်ဖုလေးကို နှိပ်လိုက်တော့ အိုပ်မှန်စုံမွှား လူရွယ် တစ်ယောက်က တံခါးလာဖွင့်ပေးသည်။ သူဌေးအိမ် ဆိုပေမယ့် သိပ်ပြီး ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မဟုတ်။ ရန်ကုန်မြို့လယ်ခေါင်ရှိ စီးပွားရေးလုပ်ငန်းရပ်ကွက်ထဲက မြေညီထပ် အခန်းကျယ်တစ်ခုမျှသာ ဖြစ်သည်။ ဒေါ်ညိုပြော၍ သိရသည်မှာ ဤအခန်းသည် စီးပွားရေးလုပ်ငန်း အတွက် သီးသန့်ထားသော အလုပ်ခန်း ရုံးခန်းဟု ဆိုသည်။ သူဌေးမိသားစု နေထိုင်သည်က ရွှေတောင်ကြားမှာဆိုလား၊ အင်းလျားလမ်းမှာဆိုလား ဒေါ်ညိုပင် တိတိကျကျ မသိ။ နေ့စဉ် နံနက်ရှစ်နာရီခန့်တွင် ဤအခန်းသို့ ရောက်လာပြီး ညနေမိုးချုပ် အလုပ်သိမ်းပြီဆိုလျှင် သူဌေးလင်မယားနှင့်အတူ



မိသားစုထဲက တချို့တစ်ဝက်က ဓိမ်ခံကားလှလှလေးပေါ်တက်ပြီး မောင်း ထွက်ပြန်သွားတာသာ သိသည်။ ဘယ်ကိုပြန်ကြမှန်း မသိဟုဆိုသည်။

မမြတင် မျက်စိကစားပြီး ကြည့်လိုက်သည်။ အလုပ်ခန်းနှင့် ယှဉ်တွဲ လျက်ရှိသည့် ဧည့်ခန်းအနီးမှစပြီး နောက်ဘက်မီးဖိုဆောင်ခန်းအထိ အစီအရီ ချထားသော ဆီးချိုသီး၊ မရမ်းချိုပြား၊ သရက်ချိုပြား ထည့်ထားသည့် ခြင်းတောင်းကြီးများကို တွေ့ရသည်။ ဒေါ်ညိုအပါအဝင် မမြတင်ပါဆိုလျှင် အလုပ်သမခြောက်ယောက် တွေ့ရသည်။ နံနက် ၇ နာရီတွင် အလုပ်စလုပ်ကြ တော့သည်။

မမြတင်က လူသစ်ဖြစ်၍ ဒေါ်ညို၏ အမိန့်အရ အကိုင်ရလွယ်သည့် ဆီးချိုသီးကို စ ကိုင်ရသည်။ ဆီးချိုသီးခြင်းတွေက မီးဖိုခန်းနှင့် အိမ်သာ တံခါးအနီးမှာ ရှိသည်။ မီးဖိုခန်းရှိသော်လည်း ထမင်းဟင်း ချက်စားကြဟန် မတူ။ ဖွေးဖြူသန့်ပြန့်သည့် ရေသုံးကန်များ၊ လက်ဆေးကြွေခွက်များ၊ ရေဘုံဘိုင်ခေါင်းများမှာ ရေသုံးထားသည့်လက္ခဏာမတွေ့ရ။ မမြတင် ထိုင်ပြီး အလုပ်လုပ်ရမည့်နေရာမှ အိမ်ရှေ့ခန်းကို လှမ်းကြည့်လိုက်လျှင် တယ်လီဖုန်းတင်ထားသည့် အလုပ်စားပွဲကြီးကို မြင်နေရသည်။

'ဟဲ့ မြတင်၊ ဘယ်ကိုကြည့်နေတာလဲ၊ ဒီမှာကြည့်၊ ပလတ်စတစ် အိတ်ကို ဒီလိုကိုင်ပွတ်၊ ဟ လာရင် အဝကျယ်သွားအောင် အသာလေးမှုတ်၊ ကြီးရင်သုံးလုံး သေးရင် လေးလုံးထည့်၊ ယောဒီစည်ပတ်သံပြားလေး ခံခေါက် ပြီး ယောဒီလိုပိတ်၊ မီးမများစေနဲ့၊ ပြီးရင် ယောဒီ တံဆိပ်လေး ထိုးသွင်းပြီး နောက်တစ်ခါထပ်ပိတ်၊ အထုပ်အစိတ်ရရင် တစ်တွဲစီတွဲ၊ မီးမများစေနဲ့နော်၊ ဖယောင်းတိုင်ကုန်ရင် ဒီမှာလာယူ'

ဒေါ်ညို၏ညွှန်ကြားချက်အတိုင်း မမြတင် စ လုပ်သည်။ သကြားရည် ကျိုပြီး စိမ်ထားသော ဆီးချိုသီးတွေက လက်မှာပေကုန်ပြီး စေးကပ် စေးကပ်နဲ့မို့ ပလတ်စတစ်အိတ်ကိုကိုင်ရာတွင် အဆင်မပြေ၍ အလုပ်မတွင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ တစ်ထုပ်ကို ငါးမိနစ်ခန့် ကြာနေသည်။ ဒီစံချိန်အတိုင်းသာ သွားပါက တစ်နေကုန်လုပ်မှ အထုပ်တစ်ရာ့လေးငါးဆယ်ခန့်သာ ရမည်။ လုပ်ခ နှစ်ကျပ်ခွဲ သုံးကျပ်သာရမည်။ သို့သော် မမြတင် စိတ်မပျက်။ သူများတွေ လုပ်သလို ရေစို အဝတ်ကလေးမှာ လက်ကို သုတ်သုတ်ပြီး သွက်သွက်လုပ်ကြည့်ရာ အဆင်ပြေလာတော့သည်။

နံနက်ရှစ်နာရီခန့်တွင် တိုက်ခန်းရှေ့မှ ကားဟွန်းတီးသံ၊ ကားတံခါး ပိတ်သံနှင့်အတူ ဆူဆူညံညံအသံတွေကြားရ၍ သူဌေးမိသားစု ရောက်လာကြပြီကို အလိုလို သိလိုက်ကြရသည်။

'ဟဲ့၊ ဒါ ဘယ်သူ့ဖိနပ်လဲ၊ တော်ကြာ ဧည့်သည်တွေလာရင် ခလုတ် တိုက်မိပြီး ရေမြောင်းထဲကျသွားလိမ့်မယ်'

စိန်နားကပ်ကြီး တဝင်းဝင်းကို ပန်ဆင်၍ စလင်းဘက် ဖောင်း ပွပွကြီးကို ပွေ့ပိုက်ပြီး ကားလှလှလေးပေါ်ကဆင်းလာသည့် သူဌေးကတော် က အော်မေးလိုက်ခြင်းဖြစ်သည်။

ဖိနပ်ကို ဖိနပ်ချွတ်မှာ ချွတ်ထားခဲ့မိသည့် မမြတင်ကို ဒေါ်ညိုက လှမ်းကြည့်ပြီး သွားယူခိုင်းလိုက်သည်။ မမြတင် အလုပ်လုပ်နေရာ အိမ်သာ တံခါးအနီးမှ ကုန်းကုန်းလေးထသွားပြီး သူ့ဖိနပ်ကလေးကို သွားယူလိုက် ရသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ဖိနပ်ချွတ်ထားခဲ့သည့် အုတ်လှေကား ထစ်၏ အောက်တွင် တသွင်သွင်စီးဆင်းနေသော ရေပုပ်ရေနုတ်မြောင်းကြီး ရှိနေသည်။ ကျသွားလျှင် မျောပါသွားနိုင်သည်။

'ဒီနေ့ အလုပ်ဝင်တာ ညည်းလားဟေ့'

ဖိနပ်ကလေးကိုကိုင်ပြီး ဧည့်ခန်းအနီးမှ ရှိသေကုန်းကွ ဖြတ်လျှောက် လာသော မမြတင်ကို မြင်သွားသည့် သူဌေးကတော်က မေးလိုက်သည်။

'ဟုတ်ကဲ့ရှင့်'



'အေး၊ နောက်ဆိုရင် ညည်းဖိနပ်ကို ညည်းအလုပ်လုပ်တဲ့အနားမှာပဲ ထား၊ အလုပ်ကိုတော့ ကြိုးစားလုပ်ပေါ့အေ၊ ညည်းလုပ်မှ ညည်းရမှာပဲ၊ ဒေါ်ညိုရေ ရွှန်ရမ်ဘို အစုံထုပ် တစ်သောင်း မအူပင်ဆိပ်ကို ပို့ရမယ်'

သူဌေးကတော်က မမြတင်ကိုပြောရင်းက ဒေါ်ညိုကိုပါ အမိန့်ပေး လိုက်သည်။ ဇလကောင်းကောင်းဖြင့် မောင်းပြန်သေနတ်ကြီးကိုင်ထားသော လူပုံတံဆိပ်ကပ်ထားသည့် ဆီးချို၊ မရမ်းချို၊ သရက်ချိုအစုံရော အထုပ် တစ်သောင်းတိတိကို မအူပင်သို့ထွက်မည့် မော်တော်ပေါ်တင်ပေးပါဟု အမိန့်ပေးခြင်းဖြစ်သည်။

မမြတင်ကတော့ သူဌေးကတော်ကို ဟုတ်ကဲ့ဟုပင် ပြန်ပြောရန် အခွင့်မသာ၍ သူ့အလုပ်ရှိရာ အိမ်သာတံခါးအနီးသို့ ကုန်းကွကွလေး လျှောက်လာခဲ့သည်။ သူဌေးတိုက်ခန်းဆိုတော့ သတိထားရသည်။ ဖိနပ်ကို မြင့်မြတ်သည့်နေရာတွင် ထားမိပါက ပြစ်တင်ပြောဆိုခံရမှာကြောက်၍ နောက်ဖေးလမ်းကြားဘက်သို့ ထွက်သည့် တံခါးပေါက်ကြီး၏ အပြင်ဘက် က မြင်သာသည့်နေရာတွင် ချထားလိုက်ပြီး သူ့အလုပ်သူ ဆက်လုပ်နေလိုက် တော့သည်။

သူဌေးကတော်နှင့်အတူ ကားပေါ်ကဆင်းလာသည့် သူဌေးသား လူပျိုက မီးဖိုခန်းဘက်ဝင်လာပြီး အိမ်သာလာတက်ရင်း မမြတင်ကိုပြုံးပြ သည်။ အလုပ်သမအသစ်ကို ကြိုဆိုအသိအမှတ်ပြုသည့်သဘော၊ အားပေး သည့်သဘော ဖြစ်ပေလိမ့်မည်။ ဘာကြောင့်ပဲဖြစ်ဖြစ် သက်တူ ရွယ်တူ ဖြူဖြူချောချောမို့ မမြတင် ရင်ခုန်သွားမိသည်။ သို့သော် ဒေါ်ညို ပြောသည့် ကိုယ်နဲ့တန်ရာတန်ရာ ဆိုသည့် စကားကို သတိရလိုက်၍ ခေါင်းလေးငုံ့ပြီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေလိုက်သည်။

တော်ကြာ ဧည့်သည်တွေလာရင်ဆိုသည့် သူဌေးကတော်၏ စကား နှင့်အညီ နံနက် ၉ နာရီခန့်တွင် ဧည့်သည်လေးငါးယောက် ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သဘော်သားနှင့် ပွဲစားတွေဟု သိရသည်။ ပြောကြ ဆိုကြ ရယ်ကြ မောကြ ရင်းပင် အရောင်းအဝယ်ကိစ္စတွေ ပြောနေကြသည်။

ဒေါ်လာ ဘယ်လောက်ပါလဲ၊ အန်နင် ဘယ်လောက်ရှိလဲ၊ ဆဲ့တစ်ရှို ဆောလ် ပြပါ၊ အလော်တမင် စာရွက်ပါရဲ့လား၊ အက်ပ်အီး အကောင့်ဖွင့်ထား လား၊ ဘဲလင့် ဆာတီဖီကိတ်ပြပါ စသည်ဖြင့် မမြတင် နားမလည်သည့် စကားတွေကို ကြားနေရသည်။

'အိတ်တီမိုး မော်ဒယ်ကို ကျွန်တော် ဆယ့်ရှစ်ခွဲပေးတာ မနည်းဘူး နော်၊ ဆယ့်ငါး ဆယ့်ခြောက်ပဲပေါက်တယ်၊ အဝယ်တောင်မရှိဘူး၊ အခု တလော အရမ်းအေးကယ်၊ ကျွန်တော်တောင် မန္တလေး ဆော်ဖာတစ်ခု ရှိလို့ ဝယ်ရဲတာ၊ ခင်ဗျား ခြောက်ဆယ့်တစ်ကျပ်နှုန်းလောက် ကိုက်ပါတယ် မဆိုးပါဘူး'

သူဌေးပြောနေသည့် စကားတွေထဲမှာ မမြတင် နားလည်သလိုလို မလည်သလိုလို စကားတွေလည်း ပါသည်။ မကြာမီ ရောင်းသူနှင့် ဝယ်သူ အပေးအယူ တည့်သွားကြဟန်တူသည်။ တယ်လီဖုန်းတင်ထားသည့် စားပွဲကြီးနောက်က မီးခံသေတ္တာကြီးဖွင့်သံနှင့်အတူ ငွေစက္ကူအထုပ်ကြီး တွေကို စားပွဲပေါ်တင်နေတာ မြင်ရသည်။ မမြတင်၏ တစ်သက် တစ် ဘဝမှာ ညှိုမှုများပြားသော ပိုက်ဆံတွေကို တစ်ခါမှ မမြင်ဘူး မတွေ့ဘူး၍ ရင်တုန်ပန်းတုန် ဖြစ်မိသည်။ တစ်ဆယ်တန်၊ လေးဆယ့်ငါးကျပ်တန်၊ ကိုးဆယ်တန် အထုပ်ကြီးတွေ၏ တန်ဖိုး စုစုပေါင်းမှာ တစ်သိန်းခွဲနှစ်သိန်း တော့ ရှိမည်ဟု မှန်းဆကြည့်နေမိသည်။

သဘော်သားဆိုသူ လူငယ်က ငွေစက္ကူတွေကို သေသေချာချာ ရေတွက်စစ်ဆေးပြီး အသင့်ယူလာသည့် လက်ဆွဲအိတ်ကြီးထဲ ထည့်သည်။ သဘော်သား သူဌေးလေးသည် စီးပွားရေးသမား သူဌေးကြီး သူဌေးကတော် ကြီးတို့နှင့် ရင်းနှီးပွင့်လင်းစွာ စကားပြောနေရင်းမှ မမြတင်တို့ အလုပ်သမ တွေ ဘက်သို့လည်း တစ်ချက်တစ်ချက် လှမ်းကြည့်သည်။ ပြုံးပြသည်။



ရည်ရည်မွန်မွန်ရှိ၍ ဖော်ဖော်ရွေရွေဆက်ဆံတတ်သူ သနားကြင်နာတတ်သူ ဖြစ်ဟန်တူသည်ဟု မမြတင် တွေးထင်လိုက်မိသည်။

မမြတင် သက်ပြင်းတစ်ချက် ဝအောင်ဆွဲရှုပြီး ဖြည်းဖြည်းပြန်ချ လိုက်သည်။ ဆင်းရဲနွမ်းပါးသူတွေကို သနားကြင်နာတတ်သည့် သဘော် သား သူဌေးလေးတစ်ယောက်က ဆိုးသိုးထုပ်အလုပ်သမ မမြတင် ဆိုသည့် သာကေတမြို့သူလေးကို သနားလို့ တရားဝင်သားမယားအဖြစ် လက်ထပ် ယူလိုက်ပါသည်ဆိုသည့် ကျားသားမိုးကြိုး အဖြစ်မျိုးလေးများ ဖြစ်လိုက် ပါတော့ဟု မမြတင် စိတ်ကူးယဉ်လိုက်မိသည်။ ဆင်းရဲနွမ်းပါးခြင်းတည်း ဟူသော ဘဝတဖွေ၏ ခြောက်လှန့်ခြင်းကို အမြဲခံနေရသော မမြတင် တွေးမိတွေးရာ တွေးနေစဉ်မှာပင် သဘော်သားလေးက အားလုံးကိုပြုံးပြပြီး ငွေထုပ်ကြီးပိုက်၍ ပြန်သွားလေပြီ။

နေ့လယ်စာ စားချိန်မှာ အလုပ်ခေတ္တနား၍ ထမင်းဘူးလေးတွေ ကိုယ်စီဖွင့်စားနေကြစဉ်မှာတော့ တောင်ကြီးကဆိုလား၊ မန္တလေးကဆိုလား ဧည့်သည်တစ်စု ရောက်လာကြပြန်သည်။ သူဌေးနှင့် သူဌေးကတော်တို့၏ ချိုသာပျူငှာစွာ ဧည့်ခံကြိုဆိုသည့်အသံတွေကို ကြားရပြန်သည်။

'အိတ်တီမိုးမော်ဒယ်ကို နှစ်ဆယ့်လေး ကျွန်တော်တောင်းတာ မများဘူးနော်၊ နှစ်ဆယ့်ငါးအနုတ်အသိမ်းရှိတယ်၊ ဗိုက်နာနေတဲ့ သဘော်သား တစ်ယောက်ဆီက ချောင်ချောင်ရထားလို့ ဒီဈေးနဲ့ ပေးနိုင်တာ၊ ယူထား မများဘူး၊ တာယာငါးလုံးအသစ်၊ အဲယားကွန်းပါတယ်၊ ခင်ဗျားတို့ မန္တလေးနဲ့ တော့ အကိုက်ပဲ'

'ပွဲခလေး ဘာလေး နည်းနည်းပါးပါးလျှော့ပါဦး'

'ကျွန်တော်တို့ဘက်ကလဲ ပွဲခပေးရမှာပဲ ဆရာရဲ့၊ ဒီလိုလုပ်၊ နှစ်ဆယ့် သုံးငါးထောင်ရမယ်၊ ဒီထက်တော့ မလျှော့နိုင်တော့ဘူး၊ ဒါ နောက်ဆုံးဈေးပဲ၊ ကာစတန်ဂျူတီနဲ့ ရောင်းခွန် နုတ်လိုက်ရင် သိပ်မကျန်ဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့စည့်ခန်းမှ ပြောနေကြသည့်စကားတွေကို မမြတင် အထူး အစဉ် နားမလည်သော်လည်း မော်တော်ကား အရောင်းအဝယ်လုပ်နေသည် ဟုတော့ သဘောပေါက်သည်။ ထုံးစံအတိုင်းပင် အရောင်းအဝယ်တည့်သွား ဟန် တူသည်။ ဧည့်သည်တွေက ပိန့်နှံအိတ်ခေါ် နိုင်လွန်အိတ်ဖြင့်ထည့်ယူ လာသော ငွေထုပ်ကြီးကို စားပွဲပေါ်သွန်ချပြီး ရေတွက်စစ်ဆေးနေကြလေပြီ။

နံနက် ခုနစ်နာရီမှ နေ့လယ် ၁၂ နာရီ ထမင်းစားချိန်အထိ မမြတင် ထုပ်ပြီးသမျှ ဆီးထုပ်ကလေးတွေကို ရေတွက်ကြည့်သည်။ အထုပ် လေးရာကျော်ကျော်ရှိသည်။ ညနေ ခြောက်နာရီအထိဆိုလျှင် တစ်ထောင် ပြည့်နိုင်သည်။ တစ်ထောင်ပြည့်လျှင် ငွေနှစ်ဆယ်ရမည်ဟု တွေးပြီး ဝမ်းသာ မိသော်လည်း တစ်နေကုန် ဓာက်ကြောတက်၊ လက်ပြင်ကြော အောင့်အောင့် လုပ်မှရမည့် ပိုက်ဆံနှစ်ဆယ်ဆိုတာ ဟိုစားပွဲကြီးပေါ်က အထုပ်ကြီးတစ်ထုပ် ဖြစ်အောင် ပါဝင်ပွဲ့စည်းထားတဲ့ ငွေစက္ကူတစ်ရွက်လောက်ပင် တန်ဖိုးမများ ပါလားဟု တွေးမိပြီး အားငယ်သွားပြန်သည်။ သို့သော် လက်လှုပ်မှ ပါးစပ် လှုပ်ရမည့် ကိုယ့်ဘဝကိုနားလည်၍ ကြိုးစားပြီး အလုပ်ဆက်လုပ်ရပြန်သည်။

မနေ့ညက အမေ့ကို ပြုစုနေရလို့ အိပ်ရေးပျက်ရတဲ့အထဲ ဘဲဥပြုတ်နဲ့ ငါးပိရည်ကျိုဆမ်း ထမင်းကိုစားပြီးသောအခါ မျက်ကြောစင်းလာသည်။ ဓာက်ကြောကတက်၊ လက်ပြင်ကြောကလည်းအောင့်၍ ဆီးချိုသီးခြင်းကြီးနှင့် အုတ်နံရံအကြားမှာ ခေါင်းလေးမှေးပြီး ခေတ္တမှိန်းနေလိုက်ရသည်။

ဒီဘဝ ဒီဒုက္ခတွေက ဘယ်တော့များမှကင်းလွတ်ပါ့မလဲ၊ မပူမပင် မကြောင့်မကျ မတောင့်မတ ဘယ်တော့များမှ နေရပါ့မလဲ၊ အသက်အရွယ်နဲ့ မမျှအောင်ပင် ဘဝဒုက္ခတွေများလှပါကလားဟု တွေးပြီး သက်ပြင်းချလိုက် သည်။

နံနက်က ပြုံးပြသည့် သူဌေးသား ကိုလှချော အိမ်သာလာတက် ပြန်သည်။ ထုံးစံအတိုင်း ပြုံးပြပြီး အိမ်သာထဲဝင်သွားသည်။ အိမ်သာက ပြန်ထွက်လာသောအခါ အိမ်ရှေ့ခန်းကို တန်းတန်းမတ်မတ် ပြန်မသွားဘဲ



မမြတင်အနီးမှာ ရပ်ပြီး ပြုံးပြုံးလေးစိုက်ကြည့်နေသည်။ မမြတင်က မျက်လွှာ ချပြီး ခေါင်းလေး ငုံ့ထားလိုက်ရသည်။

'နာမည် ဘယ်လိုခေါ်လဲ ဟင်'

မျှော်လင့်မထား၍ မမြတင် လန့်သွားသည်။ တုန်တုန်ယင်ယင်ဖြင့်ပင် ပြန်ဖြေလိုက်မိသည်။

'မြ မြတင်ပါရှင်'

'သြော် သြော် နာမည်လေးက မမြတင်တဲ့လား'

သူဌေးသားသည် ဆီးသီးခြင်းကြီးကို အကာအကွယ်ယူ၍ မမြတင် အနီးမှာပင် အတင့်ရဲစွာ ထိုင်ချလိုက်သည်။ ရှက်လွန်း ကြောက်လွန်း၍ ခေါင်းငုံ့ထားသည့် မမြတင်ကို သူဌေးသား ကိုလှချောက ရမ္မက်မျက်လုံး အစုံဖြင့် စူးစူးရဲရဲကြည့်ပြီး နှစ်ကိုယ်ကြားစကားတွေ ပြောတော့သည်။

'မမြတင်ကို မြင်မြင်ချင်းပဲ သနားချစ် ချစ်မိပြီကွယ်၊ အစ်ကိုတို့နဲ့ လိုက်နေပါလား ဟင်၊ ကောင်းကောင်းနေ၊ ဝဝစားပြီး လှလှဝတ်ရမယ်၊ အလှပြင်ဆိုင်မှာ အလှပြင်လိုက်ရင် မမြတင် အရမ်းလှသွားမှာ၊ အလှပြင်ပြီး ရင် ကားစီးပြီး လျှောက်လည်ရအောင် တစ်ခါတည်းလိုက်ခဲ့ပါလားနော်'

မမြတင် အနည်းငယ်အကြောက်ပြေသွား၍ သူဌေးသား၏ မျက်နှာ ကို မရဲတရဲကြည့်ပြီး ပြန်ပြောသည်။

'ကျွန်မမှာ အမေနဲ့ မောင်လေးတစ်ယောက်ရှိသေးတယ်'

'အို သူတို့ကိုလဲ တစ်ခါတည်းခေါ်ခဲ့ပေါ့၊ အစ်ကိုတို့ အတူတူနေရ အောင်နော်'

'အစ်ကို့ အဖေ အမေတွေက သဘောတူပါ့မလား၊ ကျွန်မ ကြောက် တယ်ရှင့်'

'ဖေဖေတို့ မေမေတို့ မသိအောင် ဟောဒီ နောက်ဖေးလမ်းကြား ထွက်တဲ့ အပေါက်ကထွက်ပြီး လစ်ကြရအောင်လား၊ ကဲ ထ၊ အချိန်ရတုန်း ပြေးကြရအောင်'

www.burmeseclassic.com

www.burmeseclassic.com



မမြတင်သည် သူဌေးသားခေါ်ရာသို့ လိုက်တော့မလို ထိုင်နေရာမှ ထဟန်ပြင်လိုက်စဉ်မှာပင် ဖြန်းဆို မမျှော်လင့်ဘဲ ရုတ်တရက်ပေါ်လာသည့် သူဌေးကတော်က သူတို့ရှေ့မှာခါးထောက်ပြီး ရပ်နေတာ တွေ့လိုက်ရပါတော့သည်။

'ဟော့ မိမြတင်'

မမြတင် ကြောက်လွန်း၍ တဆတ်ဆတ်တုန်နေသည်။ သူဌေးသားကိုလူချောကတော့ ဘယ်အချိန်က ထွက်ပြေးသွားသည် မသိ၊ သူ့အနားမှာ မရှိတော့။ မမြတင်က လက်အုပ်ကလေးချီပြီး သူဌေးကတော်ကို မဝံ့မရဲ မော့ကြည့်လိုက်ရာ ခါးထောက်ပြီးရပ်နေသူမှာ သူဌေးကတော် မဟုတ်ဘဲ ဒေါ်ညိုဖြစ်နေတာကို တွေ့လိုက်ရသည်။

'အမယ်လေး၊ အသံတိတ်နေလို့ အလုပ်လုပ်နေသလား အောက်မေ့ပါတယ်၊ လက်စသတ်တော့ မယ်မင်းကြီးမက အိပ်ပျော်နေတာကိုး၊ ခြောက်နာရီထိုးပြီ၊ သိမ်းတော့'

ဒေါ်ညိုက ပစ်ဟောက်လိုက်တော့မှ မမြတင် မျက်စိကိုပွတ်သပ်ပြီး သတိပြန်ဝင်၍ ကြည်ကြည်လင်လင် ပြန်ဖြစ်လာသည်။ အလုပ်သိမ်း၍ အထုပ်ရေစစ်သောအခါ မမြတင်မှာ အထုပ်ရေလေးဆယ့်ရှစ်ဆယ်သာ ထုပ်ပြီးသေးတာ တွေ့ရသည်။ မမြတင်အလုပ်ခွင်မှာ အိပ်တာကို သူဌေးကတော် သိသွားသည်။

'ညည်း နေ့လယ်နေ့ခင်း အိပ်တတ်ရင် ကိုယ့်အိမ်မှာပဲအိပ်ပါအေ၊ နောက်နေ့တွေ အဲဒီလို အိပ်မယ်ဆိုရင်အလုပ်မဆင်းနဲ့နော်၊ ရတယ်၊ ဒေါ်ညို သူ့ကို ငါးရာဖိုး ရှင်းပေးလိုက်ပါ၊ သူများတွေလို ကြိုးကြိုးစားစား လုပ်မှပေါ့အေ့'

အထုပ်ငါးရာဖိုးဆိုတော့ လုပ်အားခ ငွေတစ်ဆယ်ရမည်။ သို့သော် ဒေါ်ညိုကို ဖိနပ်ဖိုးကြွေးတစ်ဆယ် ဆပ်စရာရှိနေသည်။ ပိုက်ဆံက သူ့လက်ထဲမှာဆိုတော့ သူပေးမှ ရပေတော့မည်။



အလုပ်သိမ်း၍ အိမ်ပြန်တော့မည်ဆိုတော့ နောက်ဖေးလမ်းကြားဘက်ကိုထွက်သည့် တံခါးပေါက်ကြီး၏ အပြင်ဘက်မှာထားသည့် ဖိနပ်ကလေးကို ယူမလို့သွားကြည့်ရာ ဖိနပ်ကလေးမရှိတော့။ မမြတင် မျက်စိတွေပြာဝေသွားသည်။ ဟိုအနား သည်အနား လှည့်ပတ်ရှာကြည့်သည်၊ မတွေ့တော့ပါ။ မမြတင် မျက်ရည်ဝဲလာသည်။ ထွက်ကျလာသည့် မျက်ရည်ပူတွေကို သားလူတွေမမြင်အောင် မြန်မြန် တို့ယူသုတ်ပစ်လိုက်ရသည်။ မမြတင် ဖိနပ်ပျောက်သည့် ကိစ္စကိုလည်း သူဌေးကတော် သိသွားပြန်သည်။

'ဖိနပ်ကို နောက်ဖေးလမ်းကြားထွက်တဲ့ အပေါက်မှာထားပြီး အိပ်နေတာကိုးအေ၊ ပလတ်စတစ်ကောက်တဲ့ ကုလားလေးတွေက ငါးဆယ်သားမပြည့်လို့ ညည်းကို ဆဲတောင်သွားဦးမယ်'

သူဌေးကတော်ကို သံယောင်လိုက်ပြီး ဒေါ်ညိုကပါ မမြတင်ကို ပြစ်တင်ကြိမ်းမောင်းလိုက်ပါသည်။

'ညည်း နက်ဖြန်ကစပြီး ဖိနပ်မစီးဘဲ အလုပ်ဆင်း၊ ထမင်းလဲမစားနဲ့၊ ဘတ်စ်ကားကိုလဲ ကားခမပေးဘဲ နိုးစီးပေတော့'

ဒေါ်ညို၏ စကားအရ ဒီနေ့လုပ်လို့ရတဲ့ လုပ်အားခငွေ တစ်ဆယ်မှာ မျှော်လင့်ဖွယ်မရှိတော့ဘူးဆိုတာ သေချာပြီဟု မမြတင် နားလည်လိုက်ပါတော့သည်။

[မှော။ ဇန်နဝါရီ၊ ၁၉၉၂]

www.burmeseclassic.com

www.burmeseclassic.com

## သင်ရိုးမပြတ် သင်တန်းရပ်

ယနေ့သည် စနေနေ့ဖြစ်၍ ညနေ လေးနာရီတွင် ရေဒီယိုဆက်သွယ်ရေးအရာရှိ ဦးစိုးလှိုင်ကိုယ်တိုင် သင်ကြားပို့ချနေသည့် 'ကြိုက်သည့် မိန်းမကို ရအောင်ယူနည်း' သင်တန်းရှိသည်။ သင်တန်းတက်ခွင့်ရှိသူများမှာ နိုင်ငံခြားသင်္ဘောသားတွေချည်းဖြစ်၍ သင်တန်းအမည်ကို ရုပါစတား အပါတ်စဉ် ၁ ဟု အမည်ပေးထားသည်။

သင်တန်းက တစ်ပတ်မှာ တစ်ရက်တည်းသာရှိ၍ သင်ရိုးကုန်အောင် သုံးလခန့်ကြာလိမ့်မည်ဟု ကျောင်းအုပ်ကြီး ဦးစိုးလှိုင်က ပြောဖူးသည်။ သင်ရိုးညွှန်းတမ်းက ဘယ်လောက်များသည်တော့ မသိ၊ သင်ကြားနည်းစနစ်ကတော့ မူးနေသောဆရာက ယောပြောပို့ချသည်ကို သောက်ရင်းနားထောင်နေသော တပည့်တွေက ပြန်လှန်မေးခွန်းထုတ်ခြင်း၊ ဆွေးနွေးခြင်း နည်းစနစ်သာ ဖြစ်သည်။

'ယောကောင်တွေ လာကြလေကွာ၊ ဟိုမှာ ရွှဲနေပြီ၊ စ တော့မယ်'

သင်္ဘောသားစားသောက်ခန်း crew mess ထဲမှာ ဦးစိုးလှိုင် မူးနေပြီး သင်တန်းစတော့မည်ဟု စားပွဲထိုး အောင်သိန်းက တစ်ခန်းဝင် တစ်ခန်းထွက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လံနှိုးဆော်နေသည်။ သူ့ဆရာကို အမြည်းမျိုးစုံလုပ်ပေးပြီး ကပ်တီးမှုးလဲ လုပ်နေသော အောင်သိန်းတောင် အာသွက်နေလေပြီ။

ဆိပ်ကမ်းမှာ ကုန်ချနေဆဲမို့ အလုပ်အားနေသူများက ရေမိုးချိုးပြီး ဘီယာဘူးလေးတွေ ကိုယ်စီကိုင်၍ ပြုံးစိစိမျက်နှာများဖြင့် စားသောက်ခန်းသို့ ဝင်လာကြသည်။ အလုပ်တာဝန်ကျနေသူများကလည်း အလုပ်ဝတ်စုံ ကိုယ်စီ ချွေးသံတရွှဲရွှဲဖြင့် အမေရိကန်ဘီယာ ဘတ်ဝိုက်ဇာကို စုပ်ရင်း ယနေ့ပို့ချမည့် သင်ခန်းစာသစ်ကို နာယူမှတ်သားရန် အခန်းဝမှာ မတ်တတ် ရပ်ပြီး နားစွင့်နေကြသည်။

သင်တန်းမှူးကတော့ ကျော်နီလမ်းလျှောက် စကော့ဝီစကီ ငါးပက်ခန့် ဝင်နေပြီဖြစ်၍ ခေါင်းနည်းနည်းစိုက်နေသည်။ ဒါပေမယ့် သင်တန်းသားတွေက သူတို့ဆရာအကြောင်း သူတို့သိသည်။ ဒါလောက်နဲ့တော့ ကျောင်းပိတ်လိမ့်မည်မဟုတ်၊ သင်ကြားမှု အထောက်အကူပြု အခြေအနေသာ ဖြစ်သည်။

'စုံပြီလားဟေ့ ဟိုကောင်တွေ'

ဆရာကြီး ခေါင်းထောင်ပြီးမေးလိုက်တဲ့ ဟိုကောင်တွေ ဆိုတာက လူပျိုတွေအားလုံး စုံပြီလားဟု မေးခြင်းဖြစ်သည်။ မလွဲမသွေ မိန်းမယူကြရဦးမည့် လူပျိုတွေကို ဦးစားပေး ပို့ချနေသော သင်တန်းဖြစ်၍ လူပျိုတွေ စုံစုံလင်လင်တက်ရောက်ခြင်း ရှိ မရှိ သိလို၍ မေးလိုက်ခြင်းဖြစ်သည်။

'စုံပါပြီ ဆရာ'

'မလိုချင်ဘူး၊ နာမည်တွေခေါ်စမ်း၊ ကိုယ့်နာမည်ခေါ်ရင် တပ်မှာလို ရှိလို့ တစ်ခွန်းတည်း ကျယ်ကျယ်ထူးတာ လိုချင်တယ်'

သူ့ညဉ်အတိုင်း မူးလာပြီဆိုလျှင် ကျိုင်းပူလာပြီး ဂျိတိုက်စပြုတော့သည်။ လူပျိုစာရင်းဝင်တစ်ဦးဖြစ်သည့် သူ့တပည့်အောင်သိန်းက လူပျိုစာရင်းကို အော်စစ်ရတော့သည်။



'ဝင်းအောင်'

'ရှိ'

'ရဲထွန်း'

'ရှိ'

'ဖက်တီး'

'ရှိ'

'အေးကိုကို'

'ရှိ'

'လန်ဘား'

'ရှိပါတယ် ခင်ဗျာ'

ဝင်းအောင်နှင့် အေးကိုကိုတို့က တက်မ ကိုင်၊ ရဲထွန်းက အလုပ်သင် အင်ဂျင်နီယာ၊ ဖက်တီးခေါ် ခင်မောင်လေးက ဆီလောင်း၊ လန်ဘားခေါ် အောင်ကျော်စိုးက အလုပ်သင်အရာရှိ၊ အောင်သိန်းအပါအဝင် လူပျိုခြောက်ယောက်လုံး စုံညီနေပြီဖြစ်သော်လည်း သင်တန်းဆရာ ဦးစိုးလှိုင်က သဘောမကျသည့် အမူအရာဖြင့် ခေါင်းမော့လာပြီး အောင်ကျော်စိုးကို စိုက်ကြည့်နေသည်။

'ရောက်သီးဆေးပြားသည် အသံမျိုးနဲ့ ရှိပါတယ်ခင်ညာ ဆိုတာကို မလိုချင်ဘူးကွ၊ ရှိ တစ်ခွန်းတည်း ကျယ်ကျယ်ပြန်အော်စမ်း'

'ရှိ'

ဆရာ သဘောကျသွားသည်။ ဖန်ခွက်ကိုမြှောက်ကိုင်ပြီး ရွှေရောင်စကော့ဝီစကီကို တပ်မက်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သေးသည်။ ပြီးတော့ တရှိုက်မက်မက် မော့သောက် မျိုချလိုက်သည်။ အလိုက်သိသော တပည့်အောင်သိန်းက ထပ်ဖြည့်ထားလိုက်သည်။

'ဒီနေ့ သင်ခန်းစာအသစ်ကို မတက်ခင် ပြီးခဲ့တဲ့ သင်ခန်းစာတွေကို ပြန်နွှေးတဲ့အနေနဲ့မေးမယ်၊ အားလုံး မှတ်မိကြသေးရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'မှတ်မိပါတယ် ဆရာ'

'အေးကိုကို၊ လက်ဆင်ဝမ်း'

'သူဌေးသမီး၊ ရုပ်ရှင်မင်းသမီး၊ အဆိုတော်၊ ဆရာဝန်မပင် ဖြစ်ပါစေ၊ တကယ်ကြိုက်ပါက မိမိက ကြိုက်နေကြောင်း သူ သိအောင် လုပ်ပါ'

'ရှင်းတယ်နော်၊ သူသိအောင်သာ လုပ်နိုင်းတာ၊ စာလိုက်ပေးတာတို့၊ စကားလိုက်ပြောတာတို့၊ လက်လိုက်ဆွဲတာတို့ လုံးဝမလုပ်ရသေးဘူး၊ သူ့ကို တွေ့နိုင် မြင်နိုင်မယ့်နေရာမှာ နေ့စဉ်စောင့်ပြီး သူ့ကို သိပ်ကြိုက်၊ သိပ်နိုက်နေပြီဆိုတာ သူ သိအောင် လိမ္မာပါးနပ်စွာ အမူအရာနဲ့ပြဖို့ပဲ ဒီအတွက် ဘာအန္တရာယ်မှ မရှိနိုင်ဘူး၊ ပါးရိုက်ခံရတယ်၊ ခေါက်ဖိနပ်စာ မိတယ်ဆိုတာက ကာယကံရှင်မိန်းကလေးက ဘာမှမသိရသေးဘဲ နသားပါယား သွားလုပ်တော့ သက်သက်မဲ့ စော်ကားတယ်ထင်ပြီး နှာလှတ်လိုက်တာ၊ အဲဒါ သဘောပေါက်'

ကဲ အထင်မကြီးဘဲ နေနိုင်ကြသေးရဲ့လား။ သင်တန်းသားတွေ ခေါင်းချင်း ပူးကုန်ကြသည်။ တချို့က ဟုတ်တယ်နော်ဟု တီးတိုးအသံထွက်လာသည်။ နှစ်ဆယ်ရာစု မြန်မာ့ရုပါစတားတွေကို ကာမရာဂကျူရှင်ပေးနိုင်တဲ့ အဆင့်ဆိုတော့ နည်းတဲ့အရည်အချင်းလားလို့။

မေးစင်းနေသည့် မျက်လုံးအစုံကို အားယူဖွင့်ကြည့်ပြီး နောက်ထပ်နာမည်တစ်ခုကို ခေါ်သည်။

'ဟိုကောင်၊ သောက်ပြင်းဖက်တီး၊ လက်ဆင်တူး'

အစားနဲ့အအိပ်သာ ဝါသနာပါပြီး စာကျက်ရမှာပျင်းတဲ့ ဖက်တီးခေါ် ခင်မောင်လေးခမျာ ဖျာယာခတ်သွားသည်။ ဟိုလူ့မေးရ သည်လူ့မေးရဖြင့် ပြူးတူးပြဲတဲ ဖြစ်နေတော့သည်။

'ဘေးမပြောနဲ့ ဘေးမပြောနဲ့၊ ရုပါစတားဆိုပေမယ့် သင်ခန်းစာမကျေညက်ရင် လက်နှိပ်စက်စာရေးမ ကျောင်းဆရာမလောက်နဲ့ ဓာတ်သိမ်းသွားနိုင်တယ်နော်'



ဓာတ်သိမ်းမကောင်းမှာကြောက်ရှာသည့် ဖက်တီးမှာ ဟိုကတစ်လုံးရ၊ သည်က တစ်ပိုဒ်ရတာလေးတွေကို ဆက်စပ်ပြီး အထစ်ထစ် အငေါ့ငေါ့ ဖြေရတော့သည်။

'နိုင်ငံခြားမှ ရည်းစားစာရေးပါ၊ ရန်ကုန်မှာဆိုရင် စကားလိုက်ပြောပါ၊ အောင်သွယ်ကို အားမကိုးရပါ'

ဦးစိုးလှိုင် အကြီးအကျယ် စိတ်ပျက်သွားသည်။ မျက်နှာကိုရှုံ့မဲ့ပြီး ခေါင်းခါလိုက်သည်။ နောက်တစ်ယောက်ကိုမေးနိုင်ရန် လူရှာသည့်အနေဖြင့် ပရိသတ်ထဲကို မှေးနောက်ကြည့်နေသည်။

'ကိုယ်ကိုကြဲ့ပြီး ခေါင်းငုံ့ထားတဲ့ ရဲထွန်း၊ လက်ဆင်တူး'

ရဲထွန်း ပြုံးစိစိဖြင့် ခေါင်းမော့ပြီး ခါးဆန့်လိုက်ရတော့သည်။

'ပြည်ပရောက်နေလျှင် မိတ်ဆက်စာရေးပါ၊ ပြည်တွင်းမှာရှိနေလျှင် ကြားခံ အောင်သွယ်မထားဘဲ ကိုယ်တိုင်စာပေးပါ၊ ယဉ်ကျေးသိမ်မွေ့စွာ စကားလိုက်ပြောပါ၊ ရက်စက်ကြမ်းကြုတ် ယုတ်မာရိုင်းပျသည့် အမူအရာ လုံးဝမပြပါနှင့်၊ ချောကြောင်း လှကြောင်းကို ပြောခွင့်ရတိုင်း ပြောပေးပါ'

မဆိုးဘူးဆိုသည့် အမူအရာဖြင့် ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

'လူတွေရဲ့ သဘောက မိန်းမဖြစ်စေ၊ ယောက်ျားဖြစ်စေ၊ လှတယ်၊ ချောတယ်၊ ချစ်တယ်၊ ကြိုက်တယ်၊ မေတ္တာရှိတယ်လို့ ပြောသူကို စိတ်မဆိုးကြပါဘူး၊ မလှဘူး၊ ရွဲနေတာပဲ၊ မကြိုက်ဘူး မုန်းတယ်လို့ပြောသူကိုသာ စိတ်ဆိုးကြတာပါ၊ မိန်းမပျိုလေးတစ်ယောက်ကို ယောက်ျားပျိုလေးတစ်ယောက်က ချစ်ပါတယ်၊ ကြိုက်ပါတယ်လို့ပြောတာကို စိတ်ဆိုးတယ်ဆိုတာ အလကား၊ အဲဒါ ဟန်လုပ်တာ၊ ပြောပုံပြောနည်း မှန်ကန်ဖို့တော့ လိုတာပေါ့ကွာ၊ နည်းလမ်းမမှန်ရင် ကာလ၊ ဒေသ၊ ပယောဂကြောင့် ရှက်ပြီး စိတ်ဆိုးသွားနိုင်တယ်၊ ဖန်ပုံ ဖန်နည်း မှန်လို့ကတော့ ရေကောင်ရေ၊ မင်းကို ပြန်မကြိုက်ရင်သာနေမယ် စိတ်မဆိုးဘူးဆိုတာ မြဲမြဲမှတ်ထား၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြိုက်တဲ့လူတစ်ယောက် တိုးလာပြန်ပြီဆိုပြီး ဂုဏ်ယူကျေနပ်နေမှာ သေချာတယ်'

သင်တန်းသားတွေ ခေါင်းချင်းပူးကုန်ကြရပြန်ပြီ၊ ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့ သံသယစိတ်နဲ့ ဘီယာစုပ်ရင်း ပြုံးသူက ပြုံးနေကြသည်။ အမူးသမားစကားတွေကိုယုံပြီး စိတ်ပါဝင်စားစွာ နားယူမှတ်သားနေသူများလည်း ရှိသည်။

'အောင်သွယ်ကတစ်ဆင့် ချဉ်းကပ်တာမျိုးကို လုံးဝ မလုပ်ပါနဲ့၊ ကိုယ်တိုင်စွန့်စားပါ၊ မိန်းကလေးဆိုတာ ရဲရဲဝံ့ဝံ့ ပွင့်ပွင့်လင်းလင်းပြောလာတဲ့သူကို ပိုသဘောကျတယ်၊ နီးစပ်ထိတွေ့မှုဟာ ဆန္ဒပြီးမြောက်မှုကို အထောက်အကူ ဖြစ်စေတဲ့အတွက် ကိုယ်တိုင်လှုပ်ရှားဖို့ လိုအပ်တယ်လို့ ပြောတာ၊ မလွှဲမရှောင်သာလို့ ကြားခံအောင်သွယ်ထားဖို့ လိုအပ်ရင်တောင် ယောကျ်ားအောင်သွယ်ကိုတော့ လုံးဝ စိတ်မကူးပါနဲ့၊ ဒီသင်ခန်းစာမှာ နီးစပ်ထိတွေ့မှုဆိုတဲ့ စကားကို သတိပြုပါ၊ ဟင်း ခံခဲ့ရပြီးပြီကွ၊ ကိုယ့်ညီမရဲ့ရည်းစားယောက်ဖလောင်းသူငယ်ချင်းမို့ အားကိုးတကြီးနဲ့ အကူအညီတောင်းလိုက်မိတာ ဟင်း ငါ့ညီမကိုခေါက်ပြီး ငါ့ကောင်မကို သုတ်သွားပါလေရောတောက်၊ ဒီသင်ခန်းစာတွေကို လက်တွေ့ကျကျဖြစ်အောင် ငါ့ဘဝ ငါ့အသည်းနှလုံးနဲ့ရင်းပြီး မင်းတို့ကို အခမဲ့ ပို့ချပေးနေတာနော်'

နားကျည်းခံခက်သည့် အသံကြီးဖြင့် ပြောပြီး ဖန်ခွက်ကို ဆွဲယူမော့သောက်လိုက်သည်။ တပည့်တွေက ဆရာကို သနားရမည့်အစား ကျိတ်ပြီး ရယ်နေကြသည်။

'ဟေ့ကောင် အောင်သိန်း၊ မျက်စိဖွင့်စမ်းပါဦး၊ ဘာလဲ မူးနေပြီလား'

'အာလေး လျှာလေး အသံကြီးဖြင့် ယောက်မေး မေးလိုက်တာကြောင့် ငိုက်မြည်းနေသော အောင်သိန်းခမျာ လန့်တောင်သွားသည်။

'ဟဲ ဟဲ၊ မမူးပါဘူး ဆရာ'

'မမူးရင် လက်ဆင်သရီး'



မမူးပါဘူးဆိုပေမယ့်လက်ဆင်သရီးကိုတော့ ဝိုးတိုးဝါးတား ဖြစ်နေပုံရသည်။ ရုတ်တရက်ကြောင်နေသေးသည်။ ဒါပေမယ့် အောင်သိန်းက လူလည်။ သင်ခန်းစာတွေကို စာလုံးကြီးကြီးဖြင့်ရေးပြီး အခက်အခဲတွေ့သူတွေကို ထောင်ပြပေးနေသော အားကိုကိုထံ လှမ်းကြည့်လိုက်သည်။ နည်းနည်းအလှမ်းဝေးနေ၍ လုံးစေ့ပုဒ်စေ့ မမြင်ရ၊ ဒါပေမယ့် ဆိုလိုရင်းကို ငုံမိသူဖြစ်သည်။ စားပွဲထိုးလုပ်နေပေမယ့် သချာအဓိကဖြင့် ဘွဲ့ရထားသူ လူငယ်ဖြစ်၍ ခေသူမဟုတ်၊ သူ့ဆရာ ဦးစိုးလှိုင်သာ ရှစ်တန်းတောင် မအောင်။

'ကိုယ်နိုက်နေတဲ့ မိန်းကလေးဟာ၊ ထိုခြား ယောကျ်ားလေးနဲ့ ငြိနေမှန်းသိပေမယ့် လင်မယူမချင်း ဆက်ဖန်နေရမယ်ဆရာ'

ဆရာကြီးသည် အမွှေ့ဝါသီက သော့ကိုင်လက်ရင်းတပည့်ကို အလွန်စိတ်ပျက်စွာ စိုက်ကြည့်လိုက်သည်။

'မင်းဟာ တကယ့်ကို အားတောင်း ဆင်နင်းပါပဲ၊ စာတွေကို သေသေချာချာ ကျက်ပါကွ၊ တစ်ခါတည်း ခေါင်းထဲဝင်သွားအောင် မှတ်ထားစမ်း၊ မိမိ တကယ်ကြိုက်၍ လိုက်နေသော အမျိုးသမီးမှာ ရည်ရွယ်စေ့စပ်ထားသူ ရှိကြောင်းသိသော်လည်း သူတို့ လက်မထပ်မချင်း မိမိက မေတ္တာရှိနေကြောင်း အမြဲပြသနေပါ၊ ဒီလို မဟုတ်လားကွ'

'ဟဲဟဲ၊ အတူတူပါပဲ ဆရာရယ်'

မျက်ထောင့်နီကြီးဖြင့် အောင်သိန်းကို မျက်စောင်းထိုးကြည့်လိုက်သည်။ အောင်သိန်းက ပြုံးပြီး ခေါင်းငုံ့ထားလိုက်ရသည်။

'ရုပ်ရှင်မင်းသမီးပဲဖြစ်ဖြစ်၊ အဆိုတော်ပဲဖြစ်ဖြစ်၊ ဆရာဝန်မပဲဖြစ်ဖြစ် မိန်းမသာဖြစ်ပါစေ၊ လင်မလိုချင်တဲ့ မိန်းမဆိုတာ မရှိဘူးကွ၊ လိုချင်တာမရ သေးလို့ အပျိုကြီးဖြစ်နေတာပဲရှိတယ်၊ သူ့အရှိန်အဝါကြောင့် သူ့ကို မဝံ့ကြတဲ့ ဖိုသတ္တဝါတွေထဲမှာ မင်းကစပြီး စွန့်စားလိုက်ရင် မင်းလက်ထဲ ထမယ်။ သူကြိုက်တဲ့ကောင် မရမချင်း မင်းက နံပါတ်တစ်ပဲဆိုတာ သဘောပေါက်

www.burmeseclassic.com



စမ်းပါကွာ၊ မကြိုက်လို့ တစ်ခါတည်း အပြတ်ကန်ထုတ် လိုက်တယ်ဆိုတာ မရှိပါဘူး၊ သူကြိုက်တဲ့သူ မရနိုင်သေးခင်မှာ မင်းကို အရန်သဘောစတင်ဘိုင် ထားမှာပဲ၊ နောက်ဆုံး မဟန်တော့တဲ့အဆုံးမှာ မင်းကိုပဲဆွဲရတော့မှာပဲ၊ ကဲ အဲဒီတော့ မင်းကြိုက်တဲ့မိန်းမ ရရောပေါ့၊ မဟုတ်ဘူးလား'

ကဲ ဘယ်လောက် မှတ်သားစရာ ကောင်းလိုက်ပါသလဲ။ လူပျို တပည့်တွေ အားတက်ကုန်ကြသည်။ လူအိုသင်တန်းသားတွေပင် နောက်မှ နောင်တကြီးစွာရပြီး သက်ပြင်းချသံတွေ ကြားနေရသည်။ အိမ်ထောင် မကျမီက ဒီလို ဆရာကောင်း သမားကောင်းနဲ့ မတွေ့တာ နာလေခြင်းဟု တွေးမိပြီး စိတ်ပျက်သွားကြလေသည်။

ဆရာကြီး အာခြောက်သွား၍ ကျော်နီလမ်းလျှောက်ဖြင့် အာဆွတ် လိုက်ရသည်။ ပြီးတော့ ဘယ်လ်ဂျီယံနိုင်ငံလုပ် အာလူးကြော်တစ်ဖတ် ကောက်ဝါးလိုက်ရသည်။

'ဟိုကောင် ရဲထွန်း၊ မင်းက ဟို အဆိုတော် ရုပ်ရှင်မင်းသမီးကို ရရင် တကယ်ယူမှာလား၊ မှန်မှန်ပြောစမ်း'

'ဟာ ဆရာကလဲ၊ ရရင် သိပ်ယူတာပေါ့'

သင်တန်းသားတွေ ဝိုင်းရယ်ကြသည်။ တစ်ဦးကိုတစ်ဦး နောက်ပြောင်သံ၊ ဘီယာဘူးဖောက်သံများဖြင့် ဆူညံပြီး သင်တန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်သွားသဖြင့် ဆရာက စားပွဲကိုပုတ်ပြီး ပြန်ထိန်းလိုက်ရသည်။

'ရရင် ယူတာပေါ့ဆိုတော့ ဘာလဲ၊ မင်းက မရနိုင်ဘူး ထင်လို့လား၊ ရ မရ သိရအောင် မင်းဘက်ကကော ကြိုးစားကြည့်ဖူးပြီလား၊ မဂ္ဂဇင်း၊ စာစောင်တွေထဲက သူ့ ဓာတ်ပုံတွေကြည့်ပြီး ညတိုင်း ဟင်း၊ ငါလေ ပြောလိုက်ရ မကောင်းဘဲရှိတော့မယ်၊ မင်းမှာ သတ္တိမရှိလို့ ဟိုမင်းသမီး ခမျာမှာ ရဲထွန်းဆိုတဲ့ ဘွဲ့ရသော်သား လူချောလေး တစ်ယောက်က



ငါ့ကို အသေအလဲကြိုက်နေတယ်ဆိုတာ သိခွင့်မရရှာဘူး ဖြစ်နေတယ်ဆိုတာ မင်း စဉ်းစားမိရဲ့လား'

ရုပါစာရင်းဝင် အဆိုတော် ရုပ်ရှင်မင်းသမီးမို့ အထင်ကြီးပြီး မမှန်းဝံ့ မစဉ်းစားဝံ့ကြသော သင်တန်းသားအချို့ တွေဝေသွားကြသည်။ သဘောပေါက်သွားသူများက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဆရာကြီးကို အထင်တကြီးဖြင့် မော့ကြည့်နေကြသည်။

ဒီတော့ ဆရာကြီးဘက်ကလည်း သင်ကြားပို့ချမှုအားတွေ တက်လာသည်။ စိတ်ပါ လက်ပါ ဖြစ်လာသည်။ တက်ကြွလာသည်။

'မင်းတို့ ငါတို့ဟာ နှစ်ဆယ်ရာစု မြန်မာ့ရုပါစတားတွေပါကွ၊ နိုင်ငံခြားသဘော်သားဆိုတာ မြန်မာပြည်မှာ ရုပ်ရှင်မင်းသမီး၊ အဆိုတော် ဆရာဝန်မ ကြိုက်တာကို အသာလေး ရနိုင်တယ်'

စကော့ဝီစကီအရှိန် အတော်တက်နေပြီဖြစ်သော သင်တန်းဆရာသည် မိမိကိုယ်မိမိ လျှော့တွက်ထားကြသော တပည့်လူပျိုတွေကို အားမရ ဖြစ်နေဟန်တူသည်။ မျက်စိကိုမှိတ်ပြီး ခေါင်းတခါခါ ဖြစ်နေသည်။

'ဆရာ့စနီး ဒေါ်ဖြူတုတ်က ဓေတ်ဟောင်းက ရုပ်ရှင်မင်းသမီးလား၊ အဆိုတော်လား ဆရာ'

ကဲ မှတ်ကရော၊ ခေါင်းငုံ့ပြီး စကော့ဝီစကီ၏ အရသာကို ခံစားနေသော ဆရာကြီး ခေါင်းထောင်လာသည်။ မှေးစင်းနေသည့် မျက်လုံးတွေကို အားယူဖွင့်ကြည့်လိုက်သည်။

'ဘယ်ကောင်လဲကွ၊ အဲဒါမေးတာ'

ခေါင်းငုံ့နေခိုက်မို့ ဘယ်သူ မေးလိုက်မှန်းမသိ၊ မျက်နှာတွေကို လိုက်ကြည့်တော့လည်း အားလုံးက ပြုံးစိစိမျက်နှာတွေကို ဘီယာဘူးဖြင့် ကွယ်ပြီး သောက်ဟန်ပြုနေကြသည်။

ဒါပေမဲ့ ဦးစိုးလှိုင်က လူကဲခပ် ညံ့သူတော့ မဟုတ်၊ အသံနဲ့ အမူအရာကို ပေါင်းစပ်ပြီး အကဲခတ်လိုက်တော့ တွေ့ပြီ၊ ခေါင်းငုံ့ရယ်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခွေးကောင် ဇော်ဝင်း၊ ဖစ်တာခေါ် စက်ကီရိယာတပ်ဆင်သူ၊ ပိုက်ကော်ပီ စက်တွေ ရှားစားပြီး ကြီးပွားနေတဲ့ကောင်၊ လူကြီးမူးရင် အရှိအသေတန် ချင်တဲ့ အကောင်။

'ဒါ မင်းက ငါ့ကို အထင်သေးလို့ ယဉ်ယဉ်ကျေးကျေး ကလိလိုက် တာပေါ့၊ ဟုတ်လား၊ ရိုရိုသေသေ ရိလိုက်တယ်ဆိုပါတော့၊ ဟုတ်လား၊ ဟေ့ကောင်၊ ဟင်း ဟင်း'

မျက်ထောင့်နီကြီးဖြင့် ဟောက်မေး မေးလိုက်ပုံကြီးက အကြောင်း မသိလျှင် ကြောက်စရာပင်ကောင်းသေးတော့သည်။ ဒါပေမယ့် အကြောင်း သိတဲ့ သူ့လူတွေက မကြောက်၊ ဦးစိုးလှိုင် အဲဒီလိုပြစ်လာလေ ပိုသဘော ကျလေ ဖြစ်သည်။

ဦးစိုးလှိုင်က အရာရှိဆိုပေမယ့် အရာရှိရိပ်သာ officer mess မှာ နိုင်ငံခြားသား အရာရှိတွေနှင့် အတူနေလေ့မရှိ၊ ကိုယ့်မြန်မာသင်္ဘောသား တွေနှင့်အတူ ရိုးရိုးသင်္ဘောသား စားသောက်ခန်းမှာသာ နားနေ စားနေလေ့ ရှိသည်။ ဂရိလူမျိုး ကပ္ပတိန်မှာ အလုပ်ကိစ္စရှိလျှင် ဦးစိုးလှိုင်ရှိရာ crew mess သို့ လာရသည်။ ဦးစိုးလှိုင် မူးနေတာတွေ့လျှင် အခန်းဝမှ ဆလန့် ပေးပြီး လှည့်ပြန်ရသည်။ ဒါတွေကြောင့်ပင် မြန်မာသင်္ဘောသားတွေက သူတို့ဆရာကို ကြည်ညိုလေးစားနေကြရသည်။

'ကလေး:ငါး:ယောက်ရပြီး:မှ သင်္ဘောသား ခေတ်ကောင်းလာလို့ပါ ကွ၊ ငါတို့ခေတ်က မင်းတို့ခေတ်လို သင်္ဘောသား လုရာဝင်တာ မဟုတ် ဘူး၊ အလုပ်မရှိလို့ လမ်းဘေးမှာလုံချည်ခြုံပြီးအိပ်နေတဲ့ ကုလားကို ဂေါ်ယာ ကပ္ပတိန်က ခြေထောက်နဲ့ ကန်နိုးပြီး လူကလေး သင်္ဘောသားလုပ်မလား၊ ထမင်းကောင်းကောင်းစားရမယ်၊ ပိုက်ဆံအချို့လဲရမယ်လို့ ချော့ခေါ်ရတဲ့ ခေတ်၊ အဲဒီခေတ်က သင်္ဘောသားကို ရပ်ရှင်မင်းသမီးမပြောနဲ့ အလိမ့်လာက နတ်သမီးကတောင် စိတ်မဝင်စားဘူး၊ ငါ့ယောက္ခမကြီးက ဆိုရင် သူ့သမီးကို



ငါနဲ့ ညားရမလားဆိုပြီး သေခန်းဖြတ်ထားတာ အခုအချိန်အထိပဲ၊ ဒါဆို မင်း သဘောပေါက်၊ ဟင်း ဟင်း'

စီနီယာ စုပါစတားကြီးက ရေသာလျှော့မယ်၊ ငါးတော့ မလျှော့နိုင် ဘူးဆိုတဲ့ လေသံဖြင့် ဇော်ဝင်းကို ဟိန်းဟောက်ပစ်လိုက်သည်။ ဆရာ့ အလိုက်ကိုသိသော တပည့်အောင်သိန်းက ဖန်ခွက်ကို ဆရာ့လက်အနီးသို့ တွန်းရွှေ့ပေးလိုက်သည်။

'အေးဂျင့်လာတယ်၊ စာတွေပါတယ်ကွ၊ ဆရာ့စာလဲ တစ်စောင် ပါတယ်' ရုတ်တရက်ပေါ်ထွက်လာသော အသံတစ်ခုကြောင့် အခန်းဝသို့ လှည့်ကြည့်လိုက်ကြသည်။ စာသုံးစောင်ကို မြှောက်ပြပြီး ဝင်လာသော တက်မကိုင် ကိုရွှေထွန်းကို တွေ့ကြရသည်။ စာရသူတို့ ဝမ်းသာသွားကြ သည်။ ကိုယ့်အခန်းပြန်ပြီး စာဖတ်ချင်ကြသော်လည်း သင်တန်းမပြတ်သေး၍ ခက်နေကြသည်။ ဦးစိုးလှိုင်အတွက်စာကို အောင်သိန်းက လှမ်းယူပြီး သူ့ဆရာကို လက်နှစ်ဘက်ဖြင့် ရိုရိုသေသေပေးသည်။

'ငါ့ မျက်မှန်မပါဘူး၊ ဘယ်ကစာလဲ၊ ဖောက်ပြီး ဖတ်ပြစမ်း'

'ဟာ၊ မလုပ်ပါနဲ့ ဆရာရယ်၊ ဆရာ့ ကိုယ်ရေးကိုယ်တာတွေ အများသိကုန်ပါ့မယ်၊ နောက်မှ ဖြည်းဖြည်းဖတ်ပေါ့'

ဦးစိုးလှိုင်ကို ဒါမျိုးလုပ်လို့ ဘယ်ရလိမ့်မလဲ၊ ကွိုင်ပူနေရင် နည်းနည်းမှ နောက်ဆုတ်တဲ့ လူစားမျိုး မဟုတ်ဘူး။

'ဟေ့ကောင် မရှည်နဲ့၊ မင်းတို့လို အချစ်ရေ၊ အသက်ရေ၊ ချစ်လွမ်း လို့ တုန်နေပြီ၊ အောက်မေ့လွမ်းလို့ဆိုတာတွေ ဘယ်တော့မှ မလာဘူး မှတ်ထား၊လွှန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က လျှောက်ထားတဲ့ တယ်လီဖုန်း ရပြီလား၊ ကားဝယ်ခွင့်ပါမစ်ကျပြီလား၊ ဒါတွေ ငါ သိချင်တယ်၊ ဖတ်ပြစမ်း'

ဖတ်စမ်းဆိုတော့ အောင်သိန်းမှာ စာအိတ်ကို ဖောက်ရတော့သည်။ စာက တစ်ရွက်တည်း၊ လက်ရေးကျဲကျဲဖြင့် အသော့နင်ပြီး ခေါ်သဖြင့် ရေးထားဟန်တူသည်။ စာရွက်အောက်နားမှာ မဖြူဟု လက်မှတ်ထိုးထား

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဆရာကတော်ထံမှစာဆိုတာ သံသယဖြစ်ဖွယ်ရာ မရှိပြီ။ သင်တန်းသား အားလုံးကလည်း နားထောင်ချင်ကြဟန်တူသည်။ ငြိမ်နေကြသည်။

ကိုစိုးလှိုင်၊ ဒီစာကိုရလျှင် ရှင် အမြန်ပြန်လာခဲ့ပါ၊ ရှင်မွေးတဲ့ မီးဟာ ကျုပ်ကို လောင်နေပြီ၊ စာပေ ရုပ်ရှင်နဲ့ ဂီတနယ်ပယ်က အနုပညာရှင်တွေပါဆိုပြီး ရှင် အလွန်အထင်ကြီး လေးစားလွန်းလို့ အိမ်ခေါ်ခေါ်ပြီး အရက်တိုက်နေတဲ့ ရှင့်မိတ်ဆွေတွေထဲက ရုပ်ရှင် မင်းသားဆိုတဲ့ အကောင်လေ၊ ကျုပ်ညီမ နုနုထွတ်ထွတ် ချောချော လေးကို ခိုးပြေးပြီတော်ရေ့၊ ရှင်ဟာ တွေ့ကရာလူတွေနဲ့ပေါင်း။ ပေါက်ကရလူတွေကို အိမ်ခေါ်လာ၊ အရက်တိုက် ထမင်းကျွေး။ ခယ်မအပျို၊ သမီးအပျိုတွေနဲ့ မိတ်ဆက်ပေး၊ အခုတော့ ရုပ်ရှင် မရိုက်ရတော့လို့ အရက်သမားဖြစ်နေတဲ့ ရှင့်မိတ်ဆွေ ဖွတ်ကျားက ကျုပ်ညီမလေးကို ခိုးပြေးပြီလေ၊ ရှင် မြန်မြန်ပြန်လာခဲ့၊ ကြာနေရင် ကျုပ်ပါ ပါသွားလိမ့်မယ်.... အယ် အယ်....

'စတော့ပ်'

ခေါ်သံကြီးဖြင့် Stop ဟု အော်လိုက်သော ဦးစိုးလှိုင်၏ အသံကြီးကြောင့် အောင်သိန်းမှာ ဖြန်းခနဲ ဘရိတ်အုပ်မရနိုင်ဘဲ အယ် အယ် ဟုတောင် ဖြစ်သွားသည်။

ဖန်ခွက်ကိုဆွဲယူပြီး တစ်ချက်တည်း မော့ချလိုက်သည်။ အောင်သိန်း ထည့်ပေးအောင်တောင် မစောင့်တော့ဘဲ ကိုယ့်ဟာကိုယ်ထည့်ပြီး နောက် တစ်ခွက် ဆက်မော့လိုက်သည်။

အခြေအနေအရ စာဆက်သင်လျှင်လည်း သင်၊ မသင်တော့လျှင် လည်း ကိုယ့်အခန်းပြန်ပြီး အိမ်ကစာကိုဖတ်ချင်လှပြီဖြစ်သည့် သင်တန်းသား တစ်ယောက်က မဝံ့မရဲ မေးလိုက်သည်။



'ဆ ဆရာ၊ ဒီနေ့အတွက် သင်ခန်းစာအသစ် ပေးဦးမလား'

'သင်ရိုးတော့ မပြတ်သေးဘူးကွ၊ ဒါပေမယ့် ဒီနေ့ကစပြီး ဒီသင်တန်း ကို ရက်အကန့်အသတ်မရှိ ရပ်ထားလိုက်ပြီ၊ မင်းတို့ သွားကြတော့'

အာလေး လျှာလေး အသံကြီးဖြင့် ပြောပြီး စားပွဲပေါ် မှောက်ချ လိုက်တော့သည်။ တပည့်တွေက ဝိုင်းအုံတွဲယူပြီး သူ့အိပ်ခန်းရှိရာ အပေါ် ထပ်သို့ ထမ်းတင်သွားကြလေသတည်း။

[မြဝတီ ဩဂုတ်၊ ၁၉၉၂]

www.burmeseclassic.com

www.burmeseclassic.com

## ကရုဏာပိ အနိစ္စ

ကိုစိုးလှိုင်သည် လူတစ်ဘက်သားအပေါ်တွင် ကရုဏာတရားဖြင့် သနားကြင်နာတတ်သူဟု သူ့ကိုယ်သူ ထင်နေသည်။ သူ့ထက် နိမ့်ကျ နွမ်းပါးသူများကို ပိုပြီး သနားကြင်နာသည်ဟု ထင်သည်။ ဒုက္ခရောက်နေသူကို တွေ့လျှင် သူ့ကိုယ်ကျိုးကို အလွန်အကျွံ မထိခိုက်နိုင်ပါက ကိုယ်နှင့်ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ ဝင်ရောက်ကူညီလေ့ရှိသည်။ ဒီလိုစိတ်ဓာတ်မျိုး အမြဲရှိသည့်အတွက်လည်း သူ့ကိုယ်သူ ဂုဏ်ယူနေသည်။

တစ်ခါတုန်းက ညရှစ်နာရီလောက်မှာ ကိုစိုးလှိုင် နေထိုင်ရာသာကေတ ခုနစ်ရပ်ကွက်ထဲက ဘုရားဝင်းထဲမှာ လူတစ်ယောက်အရက်မူးပြီး လဲနေတာကို ကိုစိုးလှိုင် လက်ဖက်ရည်ဆိုင်ထိုင်ရာမှအပြန်တွင်တွေ့သည်။ လဲနေသူဝတ်ထားသည့် အင်္ကျီကိုကြည့်ခြင်းဖြင့် ဆိပ်ကမ်း ကုန်တင်ကုန်ချ အလုပ်သမားဆိုတာ သိလိုက်သည်။ ပါးစပ်က ပြောချင်တာတွေ ပြောပြီး ခြေပစ်လက်ပစ် လှဲအိပ်နေခြင်း ဖြစ်သည်။ အလုပ်ဆင်း ထမင်းချိုင့်အလွတ်ကလေးနှင့် လွယ်အိတ်စုတ်ကလေးက သူ့အနီးမှာ ပိုးလိုးပက်လက် လွင့်စင်နေကြသည်။



www.burmeseclassic.com



ကောင်းကင်တွင် မိုးသက်လေ ဆင်လာပြီဖြစ်သဖြင့် မကြာမီ ရွာချပေတော့မည်။ ဒီလူ ဒီအတိုင်းသာ တစ်ညလုံးနေပါက အအေးပတ်ပြီး သေလျှင်သေ၊ မသေလျှင် လေဖြတ်ပေလိမ့်မည်ဟု တွေးမိပြီး ထိုလူ့အိမ်သို့ တွဲပို့ရန် ဆုံးဖြတ်လိုက်သည်။ ဘယ်ရပ်ကွက် ဘယ်လမ်းမှာ နေသလဲဟု မရအရမေးရာ မေးတာကတစ်ခြား၊ ဖြေတာကတစ်မျိုးဖြစ်နေသည်။

သူ့ ဇင်ပြာ အင်္ကျီအိတ်ထဲက နှိုက်ယူတွေ့ရှိရသော အလုပ်သမားကတ်ပြားအရ အမည်နှင့် နေရပ်လိပ်စာတို့ကို သိလိုက်ရသည်။ သူ့အိမ်သည် သူလဲနေသည့် နေရာနှင့် ကားမှတ်တိုင်နှစ်တိုင်လောက် ဝေးနေသည်။ တွဲယူဖို့လည်း မလွယ်၊ ထမ်းယူဖို့လည်း မဖြစ်နိုင်၍ ကိုစိုးလှိုင် စိတ်ညစ်သွားသည်။

ဘုရားဝင်းနှင့် သိပ်ပြီးမဝေးသည့် ခုနစ်ဈေးနားက ဆိုက်ကားဂိတ်ကို သွားပြီး ဘော်ဒါတွေထဲက ဆိုက်ကားစိန်သောင်းကို အကူအညီတောင်းရသည်။ စိန်သောင်းက အတွေ့အကြုံများစွာရှိသူမို့ ဆိုက်ကားကို လဲနေသူနှင့် အနီးဆုံးရောက်အောင် တွန်းယူလာပြီး နှစ်ယောက်သားမွေ့တင်၍ အိမ်တိုင်ရာရောက် လိုက်ပို့လိုက်ကြသည်။

အိမ်ထောင်ဦးစီး အဖေကြီးပြန်လာလျှင် ပါလာမည့် ပိုက်ဆံဖြင့် ဆန်ဝယ်ပြီး ထမင်းချက်စားရန် စောင့်နေကြသည့် မိသားစုကို သုံးဦးတစ်ကွက် မြေပေါ်က အိမ်စုတ်ကလေးထဲမှာ သနားစဖွယ် တွေ့လိုက်ရပါသည်။ ဦးလည်ဆံကျိုးဖြစ်ပြီး သတိလစ်နေ၍ ဆိုက်ကားပေါ်က မွေ့ချလာရသော ဖခင်ကိုမြင်လိုက်ရတော့ သမီးကြီးဖြစ်ဟန်တူသည့် ကလေးမက ‘အမေရေ သမီးသေချင်တယ် အမေရဲ့’ ဟု အော်ငိုပါသည်။ အိမ်ရှင်မ အမျိုးသမီးကြီးက ‘သူ့အိတ်ထဲမှာ ပိုက်ဆံတစ်ပြားမှ မတွေ့ဘူးလား’ ဟု မေး၍ ကိုစိုးလှိုင်နှင့် စိန်သောင်းတို့မှာ အမူးသမားအိတ်ထဲက ပိုက်ဆံကိုနှိုက်ယူသယောင်၊ စေတနာနဲ့ ဆောင်ရွက်မိတာ အမှုပတ်မလိုဖြစ်ကြရတော့သည်။ ‘အလုပ်သမားကတ်ပြားကလွဲပြီး ဘာမှ မတွေ့ရပါဘူးဗျာ’ ဟု ကျိုန်တွယ်ပြောတော့မှ လုပ်ပုံ လူသွေးတွေကိုကြည့်ပြီး ယုံသွားဟန်တူသည်။ ညကိုးနာရီ



ကျော်နေပြီ။ အခုအချိန်ထိ ဆန်ဝယ်စရာပိုက်ဆံမရှိ၍ ထမင်းမချက်ရသေးဟု ဆိုသည်။ အငယ်လေးနှစ်ယောက်က စာလေးခွေတစ်ယောက်တစ်ခွေကိုင်ပြီး ကုန်သွားမှာစိုး၍ နည်းနည်းစီ ဖဲ့ဝါးနေကြသည်။

ကိုစိုးလှိုင် သက်မကြီးချလိုက်သည်။ သူ့အင်္ကျီအိတ်ထဲ နှိုက်စမ်းလိုက်တော့ လက်ဖက်ရည်ဆိုင်ထိုင်ပြီး လက်ကျန် ကျပ်တန် လေး ငါးရွက်နှင့် အကြွေလေးတွေ တွေ့ရသည်။ အကုန်နှိုက်ယူပြီး အမျိုးသမီးကြီးကို ပေးလိုက်သည်။ အမျိုးသမီးကြီးက မျက်ရည်သုတ်ပြီး ပိုက်ဆံကို လက်ခံလိုက်သော်လည်း သူ့ယောကျ်ား၏ တစ်နေ့ လုပ်အားခ အပြည့်အဝမရ၍ သိပ်ကျေနပ်ပုံမရ ဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် ကရုဏာအပြည့်ဖြင့် ပရဟိတ လုပ်ငန်းတစ်ခုကို ဆောင်ရွက်လိုက်ရ၍ ကိုစိုးလှိုင် ဝမ်းသာပီတိ ဖြစ်မိသည်။

ဆိုက်ကားဂိတ်ရောက်တော့ ဆိုက်ကားပေါ်ကဆင်းပြီး အိမ်ပြန်မည်လုပ်သောအခါ စိန်သောင်းက ဆိုက်ကားခ တောင်းသည်။ အခြေအနေကို မြင်တဲ့အတိုင်း သိတဲ့အတိုင်းမို့ မေတ္တာနဲ့ကူညီတယ်လို့ သဘောထားလိုက်ပါကွာ၊ ကုသိုလ်ရပါတယ်ဟု တရားဟောရတော့သည်။

‘စိုးကြီး၊ မောင်ရင့်သောက်ချိုးက ဒါမျိုးချည်းပဲ၊ ငါ့မှာ ဂိတ်အလှည့်နာသွားပြီ၊ အဲဒီအတွက် ဘယ်သူက ပေးမှာလဲ၊ မောင်ရင့်မိန်းမ မိဖြူတုတ်ကို ငါလေ ပြောလိုက်ရမကောင်းဘဲ ရှိတော့မယ်၊ ဟင်း’

တစ်ခါတုန်းက ကိုစိုးလှိုင်က အရက်ဆိုင်လိုက်ပို့ခိုင်းပြီး အရက်တစ်ခွက်တိုက်၍ ဆိုက်ကားခမပေးဘဲ ပြန်လွှတ်တာကို အခဲမကျေ၍ ကြိမ်းမောင်းနေခြင်းဖြစ်သည်။ ‘နောက်နေ့တွေမှာ ကြံလို့ဖန်လို့ရရင် အရက်တိုက်ပါ့မယ်၊ လက်ဖက်ရည် တိုက်ပါ့မယ် သူငယ်ချင်းရာဟု ချော့မော့တောင်းပန်ပြီး အိမ်ပြန်ခဲ့ရသည်။

ကရုဏာရှေ့ထားပြီး ကုသိုလ်ရမည့် ပရဟိတ လုပ်ငန်းတစ်ခုကို ဖွန့်ဖွန့်ထားထား လုပ်ခဲ့တဲ့အကြောင်း သူ့ဇနီးမဖြူတုတ်ကို သာဓုခေါ်ပါရန် ဝမ်းသာအားရ ပြောပြရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သာဓုပါတော်၊ ကျုပ်လဲ ခါးနာနေလို့ရေမထမ်းနိုင်တာနဲ့ အတော်ပဲ၊ မနက်ဖြန် ရှင်အလုပ်သွားစရာ လမ်းစရိတ်မရှိတော့တဲ့အတွက် ရေဘုံဘိုင်မှာ တစ်နေကုန်တန်းစီပြီး ရေထမ်းဖြည့်မယ်တော့၊ ရှင်ပေးပစ်ခဲ့တဲ့ ပိုက်ဆံဟာ အိမ်မှာရှိတာ အကုန်ပဲ'

တစ်ခါတုန်းကတော့ သနားကရုဏာရှေ့ထားပြီး ပြဿနာကြားထဲ ဝင်ပါမိတဲ့အတွက် ကိုစိုးလှိုင် ဒေါသထွက်လိုက်ရဖူးသည်။ အလုပ်သွားရန်အတွက် ဘတ်စ်ကားထိုင်ခုံ နေရာရရန် ဂိတ်မှာ သွားစီးသည်။ အလုပ်ချိန်ရုံးချိန်ဖြစ်၍ ဆက်တိုက်ဂိတ်လွတ်မည့် ကားသုံးလေးစီးမှာ ထိုင်ခုံ လူပြည့်နေသည်။ ဂိတ်နှင့် အတော်လှမ်းသောနေရာမှာ ရပ်ထားသည့် လူမတက်ရသေးသည့် ကားတစ်စီးပေါ် တက်ထိုင်နေလိုက်သည်။

ကိုစိုးလှိုင်တက်ထိုင်နေသည့် ကားအနီးက လမ်းဘေး သစ်ပင်အောက်မှာ ချို့ချို့ငဲ့ငဲ့ အကြော်ဖိုကလေးတစ်ဖို ရှိသည်။ အကြော်ဖိုပိုင်ရှင် အမျိုးသမီးက ကလေးနို့တိုက်ရင်း အကြော်ကြော်နေသည်။ ယောကျ်ားက ကိုးနှစ် ဆယ်နှစ်အရွယ်ခန့်သာရှိသေးသည့် သားကို မေးမေးပြီး ရိုက်နေတာ တွေ့လိုက်ရသည်။ ကိုစိုးလှိုင်ရောက်မလာမီ အချိန်အတော်ကြာကပင် ရိုက်နေဟန်တူသည်။ အလျားသုံးပေခန့်ရှည်၍ ဖျက်နှစ်လက်မခန့်ရှိသော ဝါးခြမ်းပြားမှာ အဖျားကွဲကြေနေပြီ ဖြစ်သည်။ ကလေးငယ်မှာ နာလွန်းကြောက်လွန်း၍ တဆတ်ဆတ်တုန်နေသည်။

'ဟေ့ကောင်၊ မင်း ငါ့အကြောင်း သိတယ်မဟုတ်လား၊ မအေ နှမ ကိုယ်မေကိုယ်၊ နောက် ဒါမျိုးလုပ်ဦးမလား ဟင်'

ကလေးကို မကြားဝံ့ မနာသာအောင် အယုတ္တ အနတ္တ ဆဲဆိုပြီး ကလေးငယ်၏ ကျော၊ တင်ပါး၊ ပေါင်နှင့် ခြေသလုံး နေရာအနှံ့အပြားကို စိမ်ပြေနပြေ ရိုက်နေပါသည်။ ကလေးငယ်ခမျာမှာ နာလွန်း၍ ပျားတုပ်ခံရသူပမာ တွန့်လိမ်ပြီး ပွတ်ရင်း သပ်ရင်း ဆက်ရက်ခုန် ခုန်နေရှာသည်။ မည်သည့်ပြစ်မှုကိုများ ကျူးလွန်မိ၍ ဤမျှ ရက်စက်စွာ အစီရင်ခံနေရသည်



မသိ၊ ရိုက်အားကောင်းနေသူကတော့ အောင်ပွဲရနေသူပမာ ကားပေါ်မှာ ထိုင်နေသော ကိုစိုးလှိုင်ကို လှမ်းကြည့်လိုက်၊ ဆက်ရိုက်လိုက်လုပ်နေသည်။ သားလေးအဖြစ်ကို မကြည့်ရက်ရှာတော့သည့် မိခင်လုပ်သူက ဝင်တားပါသည်။

'ကဲ တော်ပါတော့၊ သားသမီးဆုံးမတာကလဲ လွန်လွန်းမင်းမင်းပဲ၊ မူးလာရင် ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး အိပ်မနေဘူး၊ ကလေးတွေကိုပဲ နှိပ်စက်နေတာပဲ'

ကိုစိုးလှိုင် နည်းနည်းတော့ သဘောပေါက်လာပြီ၊ 'သားသမီးဆုံးမတာကလဲ'ဆိုသည့် စကားအရ ကလေးငယ်မှာ ပြစ်မှုတစ်ခုခု ရှိတာတော့ အမှန်ပင်၊ ဒါပေမယ့် ရိုက်နေသူ ဖခင်သည် မူးနေသူဖြစ်သည်။

'နင် ဘာမှဝင်မပြောနဲ့၊ နင့်ပါးစပ် ပိတ်ထားစမ်း၊ နင့်အသားပါ နာသွားမယ်၊ ဒီကောင်မျိုးကို ဒီလိုလုပ်မှ ရမယ်၊ ဟေ့ကောင် ဘယ်ပြေးမလို့လဲ လာခဲ့၊ ရှေ့ကိုတိုး၊ ဒီနားရောက်အောင်တိုး၊ နောက် ဒါမျိုးလုပ်ဦးမလား'

ကြောက်ရွံ့စွာ ရှေ့တိုးလာရရှာသော ကလေးငယ်ကို အားရပါးရ ရိုက်ပြန်ပါသည်။ ကလေးငယ်မှာ ငိုရလွန်း၍ မျက်ရည်ပင် မထွက်တော့ပါ။ အသံတွေလည်း ပြာနေပြီ၊ 'ဒီကောင်မျိုးကို ဒီလိုလုပ်ရတယ်ဗျ' ဆိုသည့် အမူအရာဖြင့် ကားပေါ်မှာ ထိုင်နေသော ကိုစိုးလှိုင်ကို လှမ်းကြည့်လိုက်၊ ဆက်ရိုက်လိုက် လုပ်နေပြန်ပါသည်။ ကိုစိုးလှိုင် မနေသာတော့၍ ကားပေါ်က ဆင်းပြီး ကလေးငယ်ကို ဆွဲယူဝင်ကူလိုက်ရသည်။

'တော်ပါတော့ ရဲဘော်ကြီးရာ၊ ကလေးကို ဒါလောက်တောင် ရိုက်နှက်နေတာတော့ ခင်ဗျား တရားလွန်ပြီထင်တယ်'

'ဟုတ်တယ်၊ လွန်လွန်းကဲကဲပဲ၊ သားအရင်းမဟုတ်လို့ မတရား နှိပ်စက်နေတာ'

ကိုစိုးလှိုင် ကားပေါ်ကဆင်းလာပြီး ကလေးကိုဝင်ကူတော့ ကလေးမိခင်က အားတက်လာပြီး ဒေါမာန်ပါပါဖြင့် ပြောလာသည်။ လက်စသပ်

www.burmeseclassic.com

www.burmeseclassic.com



တော့ မယားပါသားလေးကို ပထွေး အမှူးသမားက ရိုက်နေတာကိုးဟု သိလိုက်ရ၍ ကိုစိုးလှိုင် ဒေါသထွက်သွားမိသည်။

'ဆရာသမားက ဘာသိလို့လဲ၊ ဒီကောင် သောက်ကျင့်ကောင်းတဲ့ ကောင် မဟုတ်ဘူး၊ မနက်ပိုင်း ကျောင်းပြီးရင် ညနေ အကြော်ရောင်းရမယ် ဆိုတာသိလို့၊ ကျောင်းဆင်းတော့ အိမ်ပြန်မလာဘဲ ဘုန်းကြီးကျောင်းဝိုင်းထဲ သွားကစားနေတယ်'

ကိုစိုးလှိုင်ရင်ထဲမှာ ကျင်ခနဲ ခံစားလိုက်ရပြန်သည်။ မူလတန်း ကျောင်းသားလေးကို အကြော်မရောင်းလို့ အကျင့်မကောင်းဘူးဆိုပြီး အရက် မူးနေသည့် ပထွေးက ရိုက်နှက်ဆုံးမနေခြင်း ဖြစ်သည်။

'ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ သူက မလိမ်မာတဲ့ ကလေးပဲဟာ၊ တော်ရုံ သင့်ရုံ တစ်ချက် နှစ်ချက် ရိုက်နှက်ဆုံးမရင် တော်ပြီပေါ့၊ အခုတော့ ခင်ဗျားက မသေမချင်း ရိုက်တော့မယ့်အတိုင်းပဲ'

အမှူးသမားက လက်ထဲကတုတ်ကိုပစ်ချပြီး ကိုစိုးလှိုင်ကို ရင်ဆိုင် လိုက်သည်။

'ကိုယ့်သားသမီးကို ကိုယ်ရိုက်တာ ဘာဖြစ်လဲ၊ ခင်ဗျားနဲ့ မဆိုင် ပါဘူး'

ဆရာသမားခေါ်နေရာမှ ခါးထောက်ပြီး 'ခင်ဗျား' ဖြစ်သွားလေပြီ၊ မူးနေသူမို့ အားနာရမှန်း ကြောက်ရမှန်းသိမည် မဟုတ်၍ ကိုစိုးလှိုင် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ လောလောဆယ်အကြံရပြီး ကလေးကို လွှတ်ရာသို့ အပြေးခိုင်းလိုက်ရတော့သည်။ မိခင်လုပ်သူက 'နင့်အဘွား အိမ်ကိုပြေး'ဟု အော်ပြောပေးသည်။ ကလေးထွက်ပြေးတော့မှ အမူးသမား က ချထားသည့်တုတ်ကို ပြန်ကောက်ကိုင်ပြီး ကလေးနောက်ကို ပြေးလိုက် မလို့ လုပ်သေးသည်။

ကိုစိုးလှိုင်က အံကြိတ် တောက်ခေါက်ပြီး သူ့ လက်မောင်းကို ခပ်ကြမ်းကြမ်း ဖမ်းကိုင်ဆွဲထားလိုက်သည်။ ဒီကြားထဲကပဲ ကလေးကို အော်ပြောလိုက်သေးသည်။



'ဟေ့ကောင်၊ မင်း လွှတ်မယ်ထင်လို့လား၊ ပြေးနှင့်ဦးပေါ့ကွာ၊ သာကေတမြို့က ကျဉ်းကျဉ်းလေးပါကွ'

ကိုစိုးလှိုင် တက်ထိုင်နေခဲ့သည့်ကား ဂိတ်လှည့်ထိုးတော့မည်ဖြစ်၍ စက်နှိုးသံကြားရသဖြင့် ကိုစိုးလှိုင် ကားပေါ်ပြန်တက်လိုက်သည်။ ကား အောက်က အကြော်သည် အမူးသမားကတော့ ကိုစိုးလှိုင်ကို မကျေမနပ် မော့ကြည့်နေသည်။ ကားထွက်သွားတော့မှ သူ့ကိုယ်မှာရှိသမျှတွေနှင့် နိုင်းနှိုင်းဆဲဆိုပြီး ကိုစိုးလှိုင်ကို ချဲလင်းခေါ် ကျန်ခဲ့သည်။ အနိုက်အတန့် ဖြစ်ပေါ်သွားသော ကိုစိုးလှိုင်၏ ဒေါသတွေလည်း တိုးဝှေ့လုတက်လာ ကြသည့် ခရီးသည် လူအုပ်ကြီးကြားမှာ ပျောက်ကွယ်သွားလေတော့သည်။

အဲဒီ အဖြစ်အပျက်နောက် တစ်လလောက် ကြာပြီးသောအခါ ကိုစိုးလှိုင် အလုပ်က အိမ်အပြန်နောက်ကျသည့်နေ့ တစ်ညနေမှာဖြစ်သည်။ ကိုစိုးလှိုင် ကားပေါ်ကအဆင်း ကားမှတ်တိုင်အနီးတွင် ဆိုက်ကားဆရာ တစ်ယောက်နှင့် သူ့ခရီးသည် ရန်ဖြစ်နေတာ တွေ့လိုက်ရသည်။ ဆိုက်ကား ဆရာက လမ်းပေါ်မှာရပ်လျက် လက်သီးလက်မောင်းတန်းပြီး အော်ဟစ် ပြောဆိုနေသော်လည်း ခရီးသည်ကမူ ဆိုက်ကားပေါ်မှာထိုင်လျက် ခေါင်း ငိုက်စိုက်ကျနေသည်။ အမူးသမား ခရီးသည်မှန်း သိသာလှသည်။

'ခင်ဗျား စောင့်ခိုင်းလို့ စောင့်နေရတာ၊ အရက်က ခင်ဗျားတိုက်လို့ သောက်တာ၊ အဲဒါ ဘာဖြစ်လဲ'

ဆိုက်ကားဆရာက အော်ပြော၍ ကြားရသော်လည်း ဇက်ကျိုးနေ သော အမူးသမားခရီးသည်၏ အသံက တိုးလွန်း၍ ဘာတွေပြောမှန်း မသိရ။ တစ်ခုံတစ်ခုကို ခေါင်းမဖော်ဘဲပြန်ပြောနေသည်။

'ပိုက်ဆံမရှိဘဲ ခင်ဗျား ဘာဖြစ်လို့ ဆိုက်ကားခေါ်ထားလဲ၊ နေ့လယ် သုံးနာရီလောက်ကတည်းက၊ အခု ဘယ်အချိန်ရှိပြီလဲ၊ ခင်ဗျား လူလည် မလုပ်နဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com



အခု မိုးချုပ်နေပါပြီ။ နေ့လယ် သုံးနာရီလောက်ကတည်းက ဆိုတော့ လေးနာရီမျှကြာအောင် မီတာတက်နေပြီဖြစ်သည်။ သာကေတမြို့တွင်း နှန်းအရဆိုလျှင်တောင် အနည်းဆုံး သုံးဆယ်လောက်ပေးမှ ကျေနပ်လိမ့်မည်။ ဆိုက်ကားဆရာက ပြောပြောဆိုဆိုပင် အမှုးသမားခရီးသည်၏ အင်္ကျီအိတ်ကို အတင်းအဓမ္မ နှိုက်ရှာတော့သည်။ တွေ့သမျှ ယူတော့မည့် သဘောဖြစ်သည်။ အမူးသမားလည်း ငြိမ်ပြီး အရှာခံနေပုံထောက်တော့ တစ်ပြားမှမရှိတာ သေချာသည်။ ငါးပြားတစ်စေ့မှ မတွေ့ရသောအခါ ဆိုက်ကားဆရာက အမူးသမားခရီးသည်၏ အင်္ကျီကုတ်ကိုကိုင်ပြီး ဆိုက်ကားပေါ်က ဆွဲချလိုက်သည်။ မှောက်လျက် စောက်ထိုး ဒလိမ့်ကောက်ကွေး ကျသွားသော အမူးသမား၏ မျက်နှာနှင့် ဝမ်းဗိုက်တို့ကို ဖိနပ်မချွတ်ဘဲနှင့် လိမ့်ကန်လေတော့သည်။ အဆက်မပြတ်ပစ်ကန်နေရာ လမ်းဘေးမှ လမ်းလယ်ခေါင်အထိ ရောက်သည့်တိုင် မကျေနိုင် မချမ်းနိုင် ကန်ကျောက်နေတော့သည်။

ကိုစိုးလှိုင် မနေနိုင်တော့၍ မေတ္တာရပ်ခံ တောင်းပန်ရန် အနားကပ်သွားတော့မှ ဆိုက်ကားဆရာက အကန်ရပ်ပြီး ဆိုက်ကားပေါ် တက်နင်းပြေးသွားတော့သည်။ အမူးသမားကတော့ ဆိုက်ကားပေါ်က စောက်ထိုးကျပြီး အလူးအလဲ အကန်ခံလိုက်ရသည့်အပြင် အမူးသမားထုံးစံအတိုင်း လဲတယ်ဆိုလျှင်ပဲ မထတမ်းဆက်အိပ်နေတော့သည်။ ကားလမ်းမကြီးပေါ်မှာ ဖြစ်၍ ကားတက်ကြိတ်သွားနိုင်သည်။ သာကေတ ကားတွေဆိုတာကလည်း သိကြတဲ့အတိုင်း ဂရင်းပရီအဆင့်ထက် မနိမ့်စေရန် ကျော်တက်ပြိုင်မောင်းနေကြသည်။

ကိုစိုးလှိုင်၏ မွေးရာပါ ကရုဏာစိတ်ကလေးက နိုးကြွလာပြီး တတ်အားသရွေ့ ကူညီသည်ပိုးရန် အမူးသမားအနီးသို့ ချဉ်းကပ်သွားသည်။ မှောက်လျက်လဲကျနေသူကို သက်သောင့်သက်သာ ဖြစ်သွားစေရန် ပက်လက်



လှန်လိုက်ရာ ကိုစိုးလှိုင် လန့်ပြီး နောက်တစ်လှမ်း ဆုတ်လိုက်မိလျက်သား ဖြစ်သွားသည်။ ပြီးတော့မှ မျက်နှာနှင့် နဖူးမှာ သွေးသံရဲရဲဖြင့် လဲနေသူ အမူးသမားကို ကားလမ်းမပေါ်မှာ ဒီအတိုင်းထားပစ်ခဲ့ပြီး သူ့လမ်းသူ ဆက်သွားလေတော့သည်။

ကိုစိုးလှိုင်က ဘုန်းကြီးကျောင်းထွက်၊ ကိုရင်ဝတ်ဖြင့် သဒ္ဒါကြီး ရှစ်စောင် စာဝါပေါက်ဖူးသူဖြစ်၍ လမ်းလျှောက်သွားရင်း ကရုဏာဆိုသည့် ပါဠိကို ဝိဘတ်သွယ်၍ ဝိဂြိုဟ်ပြုလိုက်သည်။

ကရုဏာပိ သင်္ခါရ ဓမ္မဝ အနိစ္စ။

ကရုဏာပိ မေတ္တာ ရှေ့ထား၍ သနားကြင်နာတတ်ခြင်းသည်လည်း၊ သင်္ခါရဓမ္မဝ ဖြစ်ပျက်ပြုပြင် အစဉ်ပြောင်းလဲတတ်သော သဘောရှိခြင်းကြောင့်၊ အနိစ္စ မတည် ဖောက်လွဲ၍ အမြဲမရှိပါတကားဟုပင် အနက်ထင်လိုက်သေးသည်။

ဒုက္ခရောက်ပြီး လဲနေသူကို ဆွဲထူ တွဲယူပြီး သူ့အိမ်ရောက်အောင် မဆောင်ကျဉ်းဘဲ ဥပေက္ခာပြု၍ လမ်းပေါ်မှာ ပစ်ထားခဲ့ခြင်းအတွက် ကျမ်းဂန်လာ ပါဠိ ပိဋကတ် အထောက်အထားရှိ၍ တရားသည်ဟု သူ့စိတ်ကို သူ ဖြေနိုင်ရန် ရည်ရွယ်ဟန် တူပါသည်။

ဆိုက်ကားပေါ်က စောက်ထိုးကျပြီး လိမ့်ကန်ခံရ၍ သွေးသံရဲရဲဖြင့် လဲနေသူမှာ လွန်ခဲ့သည့် တစ်လလောက်က ကားဂိတ်မှာ မယားပါသား လူမမယ်ကို အရွယ်နှင့်မလိုက်အောင် ရိုက်နေခဲ့သည့် အမူးသမား ဖြစ်နေသောကြောင့်တည်း။

[မှေား ။စက်တင်ဘာ၊ ၁၉၉၂]

www.burmeseclassic.com

www.burmeseclassic.com

## ဟိုတုန်းက မိဂဒါဝုန်

အန္တရာယ်ကင်းအတွက် သံဃာတော် ငါးပါးပင့်ပြီး ဆွမ်းလေးတစ်နပ် ကျွေးချင်၍ ဇနီးသည်နှင့်အတူ ဈေးခြင်းကူဆွဲရန် ဈေးထဲလိုက်သွားမိသည်။ လိုအပ်သည့် သားငါးနှင့် ဟင်းသီးဟင်းရွက်များဝယ်ပြီးသောအခါကန်တော့ပွဲအတွက် ငှက်ပျောသီး အုန်းသီးနှင့် ကွမ်း ဆေး အစုံဝယ်ရပြန်သည်။

နေ့စဉ် စားနေသော ဆန်၊ ဆီ၊ ဆားနှင့် သား ငါး ဈေးနှုန်းတွေကိုသာ ဇနီးသည်၏ ညည်းသံကြောင့် သိနေသည်။ ငှက်ပျောသီး၊ အုန်းသီးဈေးနှုန်းတွေကိုမူ သိစရာအကြောင်း သိပ်မရှိ၍ မသိပါ။ ကျွန်တော်တို့မျိုးရိုးကိုက အုန်းလည်း မဆွဲ၊ ပွဲလည်း မထိုး၊ နတ်ကိုလည်း မကိုးကွယ်တော့ ငှက်ပျောသီး အုန်းသီးနှင့် သိပ်မရင်းနှီးဖြစ်နေသည်။ အခု အကြောင်းရှိ၍ ဝယ်ကြည့် တော့မှ သိရသည့်ဈေးနှုန်းတွေက ငှက်ပျောတစ်ဖီး ၂၅ ကျပ်၊ ကြွက်မြီး ပါ အုန်းသီးတစ်လုံး ၄၅ ကျပ်၊ ကွမ်းတစ်ပိသာ ၁၀၀ ကျပ်၊ ကွမ်းသီး တစ်ပိသာ ၁၅၀ ကျပ်ဟု သိလိုက်ရသောအခါ ကျွန်တော် ဘုရား တလိုက်မိပါသည်။ ကိုယ့်နားကိုပင် ကိုယ်မယုံ ဖြစ်သွားပါသည်။ ဇနီး မဖြူတုတ်က ယုံပါသည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'မယုံမရှိနဲ့၊ သုံးကျပ်ပြားနှစ်ဆယ်ကနေ သုံးဆယ့်ငါးကျပ်ဖြစ်နေတာရှင် သိတယ်မဟုတ်လား' တဲ့။

မှန်၏။ အကုန်တက်နေတော့ မယုံလို့မဖြစ်၊ တစ်ပက်ကို ပြားသုံးဆယ်ခေတ်တည်းက သောက်လာခဲ့တာ အခု တစ်ကျပ်ခွဲဆိုတော့ ရုံဖန်ရုံခါ သောက်သာ မှိဝံနိုင်တော့သည်။ ဒီကြားထဲ ဆိုင်ဝန်ထမ်းတွေက ပုလင်းခေါင်းချိုး၊ ပက်ချင်နိုးဆိုတော့ အရက်သောက်ရတာ ရင်နာလွန်းလို့ ပြတ်လုနီးပါး ဖြစ်နေပါပြီ။ ငှက်ပျောသီး၊ အုန်းသီးနှင့် စားသုံးကုန်၊ သောက်သုံးကုန်၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့၏ ဈေးနှုန်းတွေကြီးမြင့်နေတာကို သိလိုက်ရသောအခါ ဟိုတုန်းက မိဂဒါဝုန် တရားပွဲကြီးကို ပြန်လည် မြင်ယောင်မိပါတော့သည်။

ကြာတော့ ကြာပါပြီ။ ၁၉၅၀ ခုနှစ်လောက်ကဆိုတော့ ကျွန်တော့်အသက် ရှစ်နှစ်အရွယ်တုန်းက ဖြစ်ပါသည်။ ကျွန်တော့်အဘိုး၏ ဇာတိဖြစ်သော ကြာညိုတောရွာတွင် ကြံတောင်ကြံ့ခဲ ကထိန်ပွဲကြီးတစ်ခု ပြုလုပ်ခဲ့ဖူးသည်။ ကြာညိုတောရွာ ဆရာတော်ဘုရားကြီးသည် မိဂဒါဝုန် တောကြီးထဲတွင် တပည့်ဒါယိကာ ဒါယိကာမများကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူမည် ဆိုသည့် သတင်းစကားကြောင့် မိဂဒါဝုန်တောကြီးဆိုတာ ဘယ်လိုဟာများပါလိမ့်ဟု သိချင်သူများမှာ ကထိန်ပွဲကျင်းပမည့် ရွာဦးကျောင်းဝင်းကြီးထဲတွင် ဆောက်လုပ်ထားသော တရားဟောမဏ္ဍပ်ကြီးကို ပြေးကြည့်ကြရတော့သည်။

ကြာညိုတော ရွာဦးကျောင်းကြီးသည် ဆောလုံးကွင်း ငါးကွင်းစာမျှ ကျယ်သော စားပင် သီးပင် ဥယျာဉ်ကြီးအတွင်းမှာ လည်ပေါ်ဘုံအဆင့်ဖြင့် တင့်တယ်စွာ ဆောက်လုပ်ထားသော နှစ်ထပ်ကျောင်းကြီးဖြစ်ပါသည်။ ကျောင်းကြီး၏ ရှေ့နောက်ဝဲယာမှာတော့ အုန်း၊ ကွမ်း၊ ငှက်ပျော၊ သြဇာ၊ ဥသျှစ်၊ သရက်၊ မာလကာ၊ ရှောက်သံပရာ ပင်ပျိုတို့ဖြင့် စိမ်းစိုညို့မှိုင်းအုပ်ဆိုင်းနေပြီး ရွက်လှ ပွင့်လှ အရောင်မျိုးစုံသည့် ပန်းပင် ပန်းအိုးတို့ဖြင့် ဝေဆာလှပနေပါသည်။



ကျောင်းကြီး၏ ရှေ့မျက်နှာစာရှိ တရားဟော မဏ္ဍပ်ကြီးကို ဆောက်လုပ်ရာတွင် မဏ္ဍပ်တိုင် သီးခြားမစိုက်ဘဲ အုန်းပင်၊ ကွမ်းသီးပင်၊ ငှက်ပျောပင်များကိုပင် မဏ္ဍပ်တိုင်တွေအဖြစ် အသုံးပြုထားပါသည်။ အုန်းပင်၊ ကွမ်းသီးပင်တို့၏ လူတစ်ရပ်ကျော် အမြင့်တွင် ဝါးလုံးရှည်များကို စီတန်းယှက်သွယ် ချည်နှောင်၍ အုန်းလက်များ၊ ငှက်ပျောလက်များ၊ သစ်ကိုင်းသစ်ခက်များ၊ ပန်းချုံ ပန်းနွယ်များကို မဏ္ဍပ်ကြီး၏ အမိုးအဖြစ် အသုံးပြုထားပါသည်။ အမိုးအောက်ရှိ အုန်းပင်မဏ္ဍပ်တိုင်များတွင် အလုံးကြီးပြီး အသီးလှသည့် အုန်းသီးခိုင်ကြီးများကိုလည်းကောင်း၊ ကွမ်းသီးပင် မဏ္ဍပ်တိုင်များတွင် ပြွတ်သိပ်ပြီး သီးနေကြသည့် ကွမ်းသီးခိုင် အစိမ်း အမှည့် ရောင်စုံများကိုလည်းကောင်း ကြိုးဖြင့်စည်းထားသလား၊ သံနဲ့ကပ်ရိုက်ထားသလား မမှတ်မိတော့ပါ။ အနိမ့်လေးမှာ သဘာဝအတိုင်း သီးနေသကဲ့သို့ လှပနေသည်ကိုသာ မှတ်မိပါသည်။ သီးနိုင်ကြီးများ၊ အဖူးကြီးများပါသည့် ငှက်ပျောပင်များကိုလည်း အရင်းမှဖြတ်ယူပြီး မဏ္ဍပ်ကြီး၏ မုခ်ဦးအဝင်နှင့် တရားဟောစင်မြင့် မျက်နှာစာတွင် ညီညာစွာ စီတန်းစိုက်ထူထားသည်။ ရောင်စုံရွက်လှ ပန်းပင် ပန်းအိုးများကိုလည်း မဏ္ဍပ်ကြီးအတွင်း တရားနာသူတို့အကြား နေရာအနှံ့အပြားတွင်ချထားပါသည်။ မဏ္ဍပ်ကြီးကို စီစဉ်ဖန်တီးသူ ဗိသုကာ ပညာရှင်သည် အတော်စိတ်ကူးကောင်းသူဖြစ်သည်။ မဏ္ဍပ်ကြီးကို လာကြည့်သူများမှာ ဗုဒ္ဓမြတ်စွာ တရားဦးဟောတော်မူရာ မိဂဒါဝုန် တောကြီးအတွင်း ရောက်လာသည်သို့ ခံစားရမည် ထင်ပါသည်။ တရားနာသူများမှာလည်း မိဂဒါဝုန်တောကြီးအတွင်း တောပန်း တောင်ပန်းတွေအကြားမှာ တရားနာနေကြရသကဲ့သို့ ခံစားကြရပေလိမ့်မည်။ မိဂဒါဝုန်ဆိုတာက ရှင်တော်မြတ်ရဲ့ ကျေးဇူးတော် အရိပ်အောက်မှာ သားသမင်တို့ကို ဘေးမဲ့ပေးရာ သစ်စုံ ပန်းစုံ ပေါသည့် မေတ္တာတောကြီးပေကိုး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ကျွန်တော်က ငယ်သေးသမို့ ဘာမှ မခံစားတတ်၊ မင်္ဂလာပ်ကြီးလှတာပဲသိသည်။ ငှက်ပျောခိုင်ကြီးတွေက မှည့်လာတဲ့ ငှက်ပျောသီးတွေ ဖြုတ်စားလို့ရတာပဲ သိသည်။ ကိုယ့်ဟာကိုယ်တောင် ခေါင်းတုံးလေးနဲ့လား၊ ဘိုကေနဲ့လား၊ ဆံရစ်ဝိုင်းနဲ့လား မမှတ်မိတော့ပါ။ ဖြစ်နိုင်တာကတော့ ခေါင်းတုံးလေးပြောင်စစ၊ လုံချည်ခါးပုံစ တွဲလောင်းကျ၊ အင်္ကျီလက်တို အဖြူပွပွလေးနဲ့ဟု ထင်ပါသည်။ ခုနစ်ရက်တိုင်တိုင် တရားပွဲကျင်းပရာ ကျောင်းဝင်းကြီးထဲက စေတီသာမင်္ဂလာပ်ကို နေ့တိုင်းသွားပြီး ဝက်သားဟင်းနဲ့ ထမင်းစားခဲ့သော်လည်း ဆရာတော်ဘုရားကြီး ဘာတရားတွေ ဟောတော်မူခဲ့သည်ကို မသိပါ။ သစ္စာလေးပါးနှင့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များဖြစ်မည် ထင်ပါသည်။

အဲဒီတုန်းက ကျွန်တော့်အဘိုးတို့ရွာမှာ ငှက်ပျောတစ်ဖီးကို နှစ်ပြားနဲ့ ငယ်စားမည့်သူမရှိ။ ကျွန်တော့်အဘွားမှာ ခြံထွက်အုန်းသီးတွေကို အခြောက်ခံပြီး လှော်ကုန်အဖြစ်နဲ့ ရောင်းတာတောင် ခြောက်လုံးမှ တစ်ကျပ်ပဲရသည်။ ကွမ်းသီးဆိုတာကတော့ ရောင်းစားလို့ရတဲ့ ပစ္စည်းမဟုတ်၍ စီးပွားရေးလုပ်ငန်းထဲ ထည့်စဉ်းစားလို့ရတဲ့ အသီးလည်းမဟုတ်၊ သရက်သီး၊ မရမ်းသီး၊ မာလကာသီးတွေဆိုတာများ ကျွန်တော်တို့အိမ်နောက်က အပင်တွေအောက်မှာမှည့်ပြီး ကြွေကျနေတာ ဘယ်သူမှ ကောက်စားမည့်သူမရှိ၍ ညစဉ်လာပြီး အားပေးနေကြသည့် လင်းနို့ကြီးတွေကိုပဲ ကျေးဇူးတင်နေရတော့သည်။

အဲဒီတုန်းကပဲ ဆိုပါတော့၊ ငှက်ပျောသီး၊ အုန်းသီးနှင့် ကွမ်းသီးတွေဟာ ဘာတန်ဖိုးမျှ မရှိသလောက် ပေါများလွန်း၍ မိဂဒါဝုန်တောကြီးအဖြစ် မင်္ဂလာပ်ကြီးကို သရုပ်ဖော်ရာမှာ အထောက်အကူပစ္စည်းတွေအဖြစ် ပေါပေါသီသီ အသုံးပြုနိုင်ခဲ့ကြသည်။

ဒြော် ခုများတော့လဲ ရှားပါးပစ္စည်းတွေ ဖြစ်နေပါရောလားဟု သတိထားလိုက်မိသည်။ ကြာလဲကြာခဲ့ပြီကိုး။ အဲဒီတုန်းက မြန်မာနိုင်ငံမှာ



လူဦးရေ သန်းနှစ်ဆယ်ခန့်သာ ရှိဦးမည် ထင်ပါသည်။ အမိမြေပဒေသာက ဝေဆာစွာဖူးပွင့်ပေးနေသည့် သယံဇာတနှင့် သဘာဝစားသုံးသီးနှံတွေက အလျှံပယ်ပေါကြွယ်လွန်း၍ လူသန်းနှစ်ဆယ်အတွက် လုံလောက်ရုံသာမက ပြည်ပသို့ပင် တင်ပို့ရောင်းချပေးနေရသည်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ လူဦးရေ လေးဆယ့်နှစ်သန်းခန့် ရှိရောမည်။ စားသုံးသူလူဦးရေနှင့် သီးနှံသယံဇာတထွက်နှုန်းတို့ အချိုးမညီ မမျှမတဖြစ်နေပြီ ထင်ပါသည်။ ဒီလိုမှ မဟုတ်လျှင်လည်း ဘာကြောင့်များ ကုန်ဈေးနှုန်းတွေ ဤမျှ မြင့်တက်လာပါလိမ့်။

ဒီပြဿနာရဲ့ အကြောင်းရင်းကို စိစစ်ရှာဖွေလိုက်တော့ လူတွေကလဲ လူတွေပဲဗျာ၊ ပြောရတာ ခက်ပါတယ်၊ အားအားယားယားရှိတိုင်း မယားယူကြ၊ လင်ယူကြတော့ လူဦးရေတွေက မတိုးသင့်ဘဲ တိုးလာတော့တာပေါ့။ ကျွန်တော်တို့နေတဲ့ သာကေတများ ဆိုရင် လူဆယ်ယောက်စုမိရင် ကလေးက ခြောက်ယောက်လောက်ကတော့ ပုံမှန်ပါပဲ၊ ပိုမို့သာရှိပါတယ်။ ဆောင်မယ်သူတို့လေးတွေကလဲ အသက် ဆယ့်ခြောက်နှစ်ဆိုရင် အတွဲလေးတွေကိုယ်စီနဲ့ ဖြစ်ကုန်ကြရော ခင်ဗျ။

ကဲ အဲဒီတော့ ဘာများတတ်နိုင်ကြပါဦးမည်နည်း။ ကျွန်တော်သည် ကြွက်မြီးပါသည့် ၄၅ ကျပ်တန် အုန်းသီးကြီးကို ကျွန်တော့်နဖူးပြောင်ကြီးနဲ့ ဆောင့်ဆောင့်ပြီး ဈေးကြီးဦးဟာ ဈေးကြီးဦးဟာဟု အော်ပစ်လိုက်ချင်ပါတော့သည်။

ဒြော် ဟိုတုန်းကတော့ မိဂဒါဝုန်ပါ ခင်ဗျာ။

[ရွှေအမြုတေ။ ။မေလ၊ ၁၉၉၃]

www.burmeseclassic.com

www.burmeseclassic.com

## ဆုံလည်ရွှားကြီး ရထားစီးသော်

ကိုအဏ္ဏဝါသည် အိုးပစ်အိမ်ပစ် သားကွဲ မယားကွဲ စီးပွားရှာရသော သင်္ဘောသားအလုပ်ကို စိတ်ကုန်နေပြီ။ အများနည်းတူပြည်တွင်းမှာပဲ လုပ်ကိုင်စားလိုစိတ် ဖြစ်ပေါ်နေသည်။ ထွက်ကုန်သီးနှံ သယံဇာတနှင့် ရင်းမြစ်သဘာဝတွေ ပေါကြွယ်ဝသည့် အမိမြန်မာနိုင်ငံမှာ ဘာမဆို လုပ်ကိုင်စားလျှင် ဖြစ်နိုင်ပါလျက်နှင့် ဒီနိုင်ငံခြားကိုပဲ သွားသွားပြီး အလုပ်လုပ်ချင်ကြသူတွေကို နားမလည်နိုင်အောင် ဖြစ်နေသည်။ နိုင်ငံတော်ကလည်း ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးနေပြီဖြစ်လို့ ပြည်တွင်းမှာပဲ သင့်ရာတော်ရာ လုပ်ကိုင်စားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ကိုအဏ္ဏဝါကိုဆိုရင် ဘယ်တုန်းကမှ အထင်မကြီးသည့် သူ့ဇနီး မဖြူတုတ်ကတော့ ဘာပညာမှမတတ်ဘဲ ဘာသွားလုပ်စားလို့ရမှာလဲဟု ထိုးနှက်သည်။

ဟုတ်တော့လည်း ဟုတ်ပါသည်။ ကိုအဏ္ဏဝါ သင်္ဘောသားဖြစ်လာခဲ့ပုံက တကယ့်ကိုကျားသားမိုးကြိုးပါ။ တခြားနိုင်ငံတွေမှာ လူကြီးလူကောင်းသားသမီး ခေတ်ပညာတတ် လူငယ်တွေ သင်္ဘောသားမလုပ်ကြသော်လည်း မြန်မာနိုင်ငံတွင်မူ ကိုအဏ္ဏဝါတို့လို လယ်သမားသား၊ ဘုန်းကြီးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်တွေ သင်္ဘောသားဖြစ်လာဖို့ဆိုတာ လွယ်ကူသည့်ကိစ္စမဟုတ်။ ဘွဲ့ရ ပညာတတ် လူငယ်အချို့တောင် ကျောထောက်နောက်ခံ ပံ့ပိုးသူမရှိလျှင် သင်္ဘောသားလုပ်ချင်ပါလျက် မဖြစ်နိုင်၍ လက်မှိုင်ချနေရသူတွေ ရှိနေသည်။

အိုး ဘာပဲဖြစ်ဖြစ် ကိုအဏ္ဏဝါတို့ကတော့ သင်္ဘောသားဘဝကို စိတ်ကုန်နေပြီဖြစ်၍ 'လုပ်ကိုမလုပ်တော့ဘူး' ဟု စိတ်ဆုံးဖြတ်လိုက်သည်။

သင်္ဘောသားဘဝကို လက်စတုံးလိုက်ပြီဆိုတော့ ပြည်တွင်းမှာ ဘာလုပ်ကိုင်စားမလဲဟု စဉ်းစားသည်။ လုပ်ကိုင်စားစရာတွေ အများကြီးကို မြင်တွေ့ရသည်။ စီးပွားရေးလုပ်ငန်း များစွာအနက်မှ အမိမြန်မာနိုင်ငံတွင် ပေါများလှသည့် ဟင်းသီးဟင်းရွက်များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချရေး လုပ်ငန်းကို ရွေးချယ်လိုက်သည်။

ကိုအဏ္ဏဝါသည် နိုင်ငံခြားသင်္ဘောတွင် သင်္ဘောသားများ စားသောက်ရန် ဟင်းလျာဝယ်ရသူဖြစ်၍ နိုင်ငံတကာမှ သားငါးနှင့် အသီးအရွက် ဈေးနှုန်းများကို သူ သိနေသည်။ ဂျပန်နိုင်ငံတွင် သူ့မြေးလေး လက်ဆောင်းခန့်သာရှိသည့် သခွားသီးတစ်လုံးကို ယန်း ၁၀၀၊ ကိုအဏ္ဏဝါ၏ ဆံပင်မွေးမျှသာရှိသည့် ပဲပင်ပေါက် တစ်ဆယ်သား တစ်ထုပ်ကို ယန်း ၁၅၀၊ မဖြူတုတ်၏ ခြေသလုံးခန့်သာရှိသည့် ဘူးသီးတစ်လုံးကို ယန်း ၁၀၀၀ စသည်ဖြင့် ဈေးကောင်းလှသည်။ သင်္ဘောသားလောက ငွေလဲနှုန်းအရ ဂျပန်တစ်ယန်းသည် မြန်မာငွေတစ်ကျပ်နှင့် တန်ဖိုးချင်းညီနေသောကြောင့် ဈေးဝယ်ရတာ ရင်တုန်ပန်းတုန်ဖြစ်ခဲ့ရသည်။

အမေရိကန်နိုင်ငံ အနောက်ဘက်ခြမ်းရှိ ဆီးတယ်လ်မြို့တွင် ၂၇၊ ၁၀၊ ၉၂ နေ့ ဈေးဝယ်စာရင်းအရ ဟင်းသီးဟင်းရွက်ဈေးနှုန်းများမှာ ပဲပင်ပေါက် တစ်ပိဿာကို ၂.၂ဒေါ်လာ၊ ပဲပြားတစ်ပိဿာကို ၄ ဒေါ်လာ၊ ကြက်ဟင်းခါးသီး တစ်ပိဿာကို ၄ ဒေါ်လာ၊ ဂေါ်ဖီထုပ် တစ်ပိဿာကို ၀.၉၀ ဒေါ်လာ၊ ပန်းဂေါ်ဖီတစ်ပိဿာကို ၁.၈၀ ဒေါ်လာ၊ ကြက်သွန်မြိတ် တစ်ဆယ်သားကို ၀.၃၀ ဒေါ်လာ၊ ခရမ်းသီးတစ်ပိဿာကို ၂.၅၅ ဒေါ်လာ၊ ခရမ်းချဉ်သီး တစ်ပိဿာကို ၄.၅၅ ဒေါ်လာ၊ ချင်းတစ်ဆယ်သား ၀.၅၅ ဒေါ်လာ၊ စပါးလင် တစ်ဆယ်သား ၀.၅၀ ဒေါ်လာ၊ သံပရာသီးတစ်ပိဿာ ၁.၆၅ ဒေါ်လာ၊ ကြက်သွန်ဖြူတစ်ပိဿာ ၄.၇၅ ဒေါ်လာ၊ ကြက်သွန်နီ တစ်ပိဿာ ၁.၆၅ ဒေါ်လာ၊ မှိုစ်တစ်ပိဿာ ၄ ဒေါ်လာပါတဲ့ ခင်ဗျာ။



သင်္ဘောသားလောက ငွေလဲနှုန်းအရ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲနှုန်းကို သိနေသော ကိုအဏ္ဏဝါ မျက်လုံးပြူးသွားသည်။ သူ့ထိပ်ပြောင်ကြီးမှ အနည်းအကျဉ်း ကျန်နေသေးသည့် အမွေးလေးတွေတောင် ထောင်သွားသည်။ ဝါးပင် ပေါက်စနလေးဖြစ်သည့် မှိုစ်ဆိုတာများ ကိုအဏ္ဏဝါတို့ဒေသက ရခိုင်ရိုးမ တောင်ကြီးတစ်ကြောမှာ တစ်နေ့ကို တန်တစ်ရာနှုန်းနှင့် အနှစ်တစ်ရာတိုင်အောင် ချိုးယူသော်လည်း ကုန်နိုင်ဖွယ်ရာ မရှိအောင် ပေါများလှသည်။ ကိုအဏ္ဏဝါ အရမ်းဝမ်းသာအားရ တက်ကြွသွားသည်။

ဤစီးပွားရေးလုပ်ငန်းကိုသာ လက်တွေ့ အကောင်အထည်ဖော်နိုင်မည်ဆိုပါက ရခိုင်ပြည်နယ်က ကိုအဏ္ဏဝါ၏ဆွေမျိုးတွေ တစ်နှစ်အတွင်းမှာ တယ်လီဗီးရှင်း ဝယ်နိုင်မည်၊ သုံးနှစ်အတွင်းမှာ အက်စ်အီးကား စီးနိုင်မှာ သေချာသည်ဟု တွေးမိပြီး ဒူးနှစ်ဖက်ကို လက်ဖြင့် ဒိုးတီးသလို တီးလိုက်သည်။

မြန်မာပြည်အနှံ့အပြားရှိ စိုက်ပျိုးရာဒေသများမှ ဟင်းသီးဟင်းရွက်များကို အအေးခန်း တပ်ဆင်ထားသည့် ကွန်တိန်နာ ကားကြီးများဖြင့် ရန်ကုန်သို့ သယ်ယူမည်၊ ရန်ကုန်မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချမည်၊ သို့မဟုတ် သီးနှံထွက်ရာဒေသ ဆိပ်ကမ်းတွေမှာပင် 'ရီဖာ' ခေါ် အအေးခန်းသင်္ဘောများကို ဆိုက်ကပ်စေပြီး ထိုဆိပ်ကမ်းမှ ပြည်ပသို့ တိုက်ရိုက်တင်ပို့ရောင်းချမည်၊ နိုင်ငံခြားငွေတွေ သဲယူသလိုရပြီး တိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com



အတွက်လည်း များစွာအကျိုးရှိမည်၊ ကိုအဏ္ဏဝါ၏ဆွေမျိုးတွေလည်း ဂျပန်တံငါမိသားစုတွေလောက်နီးပါး လူနေမှုအဆင့် မြင့်မားလာတော့မည် ဖြစ်သည်။

ရန်ကုန်မြို့မှ ရခိုင်ကမ်းမြောင်ဒေသသို့ ဟင်းသီးဟင်းရွက်ဝယ်ရန် သွားမည့် လေအေးစက်တပ် ကွန်တိန်နာကားကြီး တစ်ခေါက်အတွက် လောင်စာဆီ ဂါလန် ၅၀ ခန့်လိုမည်။ တစ်ပတ် နှစ်ဂါလန်ပေးသည်ကို စောင့်ပြီးဝယ်ယူစုဆောင်းနေပါက ခြောက်လကျော်မှ ဂါလန် ၅၀ ရမည်။ တစ်နှစ်အတွင်း ခရီးနှစ်ခေါက်သာရမည်။ အပြင်ဈေးဖြင့် ဝယ်ထည့်မည်ဆိုပါက ဓာတ်ဆီတစ်ဂါလန်ကို ၁၅၀၊ ဒီဇယ်တစ်ဂါလန်ကို ၁၃၀ ခန့် ပေးရမည်ဖြစ်၍ လောင်စာဆီအတွက် ကုန်ကျစရိတ် ၇၀၀၀ သို့မဟုတ် ၇၅၀၀ ဖြစ်မည်။ ယာဉ်မောင်းနှင့် စပယ်ယာတို့၏ ဝန်ထမ်းစရိတ်က ၁၅၀၀ မှ ၂၀၀၀ အထိ ဖြစ်နိုင်သည်။

ညောင်လေးပင်မြို့ကလာသော ၁၀ တန် ဖရဲသီးကြီးသည် မော်တင်ကီလီကိုရောက်သောအခါ ၉၀ တန်၊ ၁၀၀ တန် ဖြစ်သွားခြင်းနှင့် ပြလို့ကလာသော ပြား ၅၀ တန် ပြောင်းဖူးလေးသည် သုဝဏ္ဏနှင့် သာကေတသို့ ရောက်သောအခါ ငါးကျပ်တန် ဖြစ်သွားရသည့် အကြောင်းကို အခုမှ ကိုအဏ္ဏဝါ သဘောပေါက်တော့သည်။

နိုင်ငံခြားသို့တင်ပို့မည့် ဟင်းသီးဟင်းရွက်တွေက မဝယ်ရသေး၊ စာရင်းအရ အရင်းကပဲ ၁၀,၀၀၀ ကျော်နေပြီ။ ဘူးသီး၊ ခရမ်းသီးတွေကို ဆွေမျိုးတွေဆီက အလကားရတောင်မှ ပြန်ရောင်းလို့ မြတ်ပါတော့မလားဟု တွေးပူမိသည်။ ဒါတောင် နိုင်ငံခြားသို့သယ်ယူသွားမည့် သင်္ဘော တင်ခနှင့် ထုတ်ကုန်လိုင်စင်ကြေး၊ အမြတ်ခွန်စသည့် ဝန်ဆောင်စရိတ်များမပါသေး။ နိုင်ငံခြားသို့ တရားဝင်တင်ပို့ရောင်းချသည့် ပုဂ္ဂလိက ရောင်းကုန်ပစ္စည်းတွေအပေါ်မှာ နိုင်ငံတော်က သတ်မှတ်ထားသည့် အခွန်အခမျှသာပေးပြီး



မြန်မာနိုင်ငံမှ သက်သောင့်သက်သာနှင့် ထွက်သွားသည်ဆိုသည့် သတင်းမျိုးကိုလည်း မကြားဖူး၍ ကိုအဏ္ဏဝါ စဉ်းစားရတော့သည်။

ပြီးနောက် အရေးအကြီးဆုံးဖြစ်သည့် နိုင်ငံခြားဈေးကွက် ပြဿနာကိုလည်း ထည့်သွင်းစဉ်းစားရပြန်သည်။ အရှေ့တောင်အာရှမှာ စားသုံးသီးနှံကို အဓိက ဝယ်ယူတင်သွင်းနေရသည့် စင်ကာပူနှင့် ဘရူနိုင်းတို့ကလည်း သူတို့အုပ်စုဖြစ်သည့် အာဆီယံနိုင်ငံတွေက သီးနှံတွေကို သာဝယ်ယူကြသည်။ အရှေ့အလယ်ပိုင်း ဈေးကွက်ကြီးကိုလည်း ဩစတြေးလျ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့က လက်ဦးမှုယူကာ အဆက်မပြတ်နိုင်ရန် ခြေကုပ်ရော လက်ကုပ်ပါ ယူထားကြပြီးဖြစ်သည်။ အမေရိကန် ဒေါ်လာတွေကို ဘူးသီး၊ ခရမ်းသီး၊ ငရုတ်သီးစိမ်းတွေနှင့် လဲယူနေကြသည်မှာကြာပြီ ဖြစ်သည်။ ဘူးသီး၊ခရမ်းသီးပေါသည့် မြန်မာနိုင်ငံကို ရေနံသူဌေးတွေ မသိကြသည်မှာ သနားစရာ ကောင်းလှသည်။

အမိနိုင်ငံအတွင်းမှာ စီးပွားရေးလုပ်ကိုင် စားလိုသည့် သင်္ဘောသား ဟောင်းကြီး ကိုအဏ္ဏဝါ သက်ပြင်းချလိုက်သည်။

ထိုအခိုက်တွင် ကိုအဏ္ဏဝါ၏ အိမ်ရှေ့သို့ ဓိမ်ခံကားအဖြူလေးတစ်စီး ထိုးဆိုက်လာပြီး ကားပေါ်မှ လူငယ်တစ်ဦးဆင်းလာသည်။ ကိုအဏ္ဏဝါ မြင်ဖူး တွေ့ဖူး သိကျွမ်းဖူးသည့် လူငယ် ဖြစ်နေပါသည်။ ရှင်းအောင်ပြောရလျှင် နိုင်ငံခြားသင်္ဘော လိုင်းပေါင်းစုံအတွက် သင်္ဘောသားအလုပ်အကိုင် ရှာဖွေရေး ပွဲစားလေးဖြစ်သည်။

'အန်ကယ်၊ နားနေတာကြာပြီဆို၊ ပြန်မလိုက်သေးဘူးလား'

'လိုက်မယ် လိုက်မယ်၊ အလုပ်ပေါ်လို့လား'

'လူလိုနေတယ်၊ ဂရိလိုင်းနော်၊ လစာတော့ သိပ်မကောင်းဘူး'

'ကိစ္စမရှိ၊ ကိစ္စမရှိ၊ ပေးချင်သလောက်သာပေးပါ'

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ သဘော်သားကြီး ကိုအဏ္ဏဝါ သဘော်ပြန်လိုက်ရန် ဆုံးဖြတ်လိုက်ရတော့သည်။

သဘော်ပြန်လိုက်တော့မည်ဆိုတော့မှ ကိုအဏ္ဏဝါသည်

'ဆုံလည်မွှားနှင့် မီးရထားဆိုသည်မှာ စက်ပိုင်းကျဉ်းနှင့် မျဉ်းပြိုင်ရှည်ပါတကား'

ဟူသော ပရင်စီပယ် (principle) ကို ရှာဖွေ တွေ့ရှိသွားလေသည်။

[ဓနု၊ စက်တင်ဘာ၊ ၁၉၉၃]

# ရွှေ နှင့် မြ

သိတင်းကျွတ်ပြီဆိုလျှင် မမျှော်သူ ရောက်လာလေ့ရှိသည်။ မင်္ဂလာဆောင်ဖိတ်စာတွေကိုင်ပြီး အိမ်ထဲဝင်လာသော လင်ရှာပွဲစား ဒေါ်အုန်းတင်ကို မြင်လိုက်ရ၍ ဦးစိုးလှိုင် စိတ်ညစ်သွားရသည်။ အနည်းဆုံး အချိုသောက်ပန်းကန် ငါးလုံးတစ်စုံတော့ ဝယ်ပေးရတော့မည် ဖြစ်သည်။

ဒေါ်အုန်းတင်ဆိုတာက ဦးစိုးလှိုင် ယခင်နေခဲ့သည့် ရပ်ကွက်က ဝတ်အသင်းခေါင်းဆောင်၊ သာရေး၊ နာရေး၊ လူမှုရေးအသင်း၏ အမှုဆောင်၊ အိမ်ပေါင် အိမ်ရောင်း အိမ်ငှားပွဲစား၊ လင်ရှာ မယားရှာပေးသည့် ဂရာဝါသ ပွဲစားဖြစ်သည်။ သူတို့လမ်းထဲက မိညိုဆိုသည့် ဆတ်စလူးမတစ်ကောင်အတွက် သဘော်သားတစ်ယောက်ကိုအမိဖမ်းပြီး တရားရုံးမှာ လက်ထပ်ပြီး၍ မင်္ဂလာရက်တောင် သတ်မှတ်ပြီးပြီဟု ဈေးထဲက ကြားရသည်။ ယခု ဖိတ်စာကိုင်ပြီး အသံစာစာဖြင့် အိမ်ထဲဝင်လာတာ ဒီကိစ္စပဲဖြစ်ရမည်ဟု ဦးစိုးလှိုင် တွေးမိလိုက်သည်။

'သတို့သားက သဘော်သားမို့ သတို့သမီးဖက်က ရှင်းနီးတဲ့ သဘော်သား အသိမိတ်ဆွေတွေကို လိုက်ဖိတ်နေရတယ် ကိုစိုးလှိုင်ရေ့'

www.burmeseclassic.com

www.burmeseclassic.com





သဘော်သားဆိုသည့် ဂုဏ်ပုဒ်ကြောင့် အကုသိုလ် ရာနှင့် ထောင်နှင့် ချီချီပြီး ဝင်နေ၍ ဦးစိုးလှိုင် စိတ်ညစ်သည်။ ရင်းနှီးခင်မင်သူချင်းမို့ ထိုင်ပါဟုပင် ပြောစရာမလို၊ နီးရာကုလားထိုင်မှာ ဖွေ့ခနဲ ထိုင်ချလိုက်သည်။ မင်္ဂလာဆောင်ဖိတ်စာတွေထဲက ဦးစိုးလှိုင်နှင့်ဇနီးဟု ရေးထားသော စာအိတ်အဖြူကြီးကိုကမ်းပေး၍ စိတ်မပါလက်မပါ လှမ်းယူပြီး ဖတ်တောင် မကြည့်ဘဲ စားပွဲပေါ် တင်ထားလိုက်သည်။

'ဒီခေတ်မှာတော့ ကိုစိုးလှိုင်တို့လို သဘော်သားတွေလောက်ပဲ အဆင့်အတန်းမြင့်မြင့် နေနိုင်စားနိုင်ကြတော့တယ်'

ဦးစိုးလှိုင်၏ ဧည့်ခန်းအတွင်း ခင်းကျင်းပြင်ဆင် ချိတ်ဆွဲထားသည့် အသုံးအဆောင်အဆင်အပြင်တွေကို မျက်စိကစားကြည့်ပြီး ပြောလိုက်သည်။

'အဲယားကွန်း၊ ဟီတာနဲ့ အဝတ်လျှော်စက်မရှိသေးလို့ ဂျပန်တံငါသည် မိသားစု အဆင့်အတန်းကို မမီသေးပါဘူးဗျာ'

သဘော်သားလောက် အဆင့်အတန်းကလေးကိုပင် အထင်တကြီး ဖြစ်နေကြရသေးသည့် ပြည်သူတွေအတွက် စိတ်ပျက်ဝမ်းနည်းစွာ ညည်းပြလိုက်ရသည်။

'ကိုစိုးလှိုင်တို့လောက် ချမ်းသာရင် တော်ပါပြီရှင်၊ ကျွန်မတို့လို သာမန် လက်လုပ်လက်စားတွေမှာ တီဗီ၊ ဗီဒီယိုဆိုတာ မစဉ်းစားရဲလို့ ထားလိုက်၊ ငစိန်ဆန်နဲ့ ကန်စွန်းရွက်ချဉ်ရည်ကို နေ့စဉ်စားနိုင်ဖို့အတွက် တစ်နေ့ကို ငါးဆယ်မျိုး တစ်ရာမျိုးရအောင် ရှာရတာသေလုမျောပါးပါပဲ၊ ဒါကြောင့် ညိုမာဦးကို သဘော်သားနဲ့ ညားအောင် မနည်းကြံဖန်လုပ်လိုက်ရတယ် ကိုစိုးလှိုင်ရေ့'

ညိုမာဦး ခေါ် ညိုမ ခေါ် မိညိုဆိုသည့် သတို့သမီးမှာ ဒေါ်အုန်းတင်တို့ လမ်းထဲက အလှပြင် ဆံပင်ကောက်ဆိုင်ပိုင်ရှင်၏သမီးဖြစ်သည်။ ဆယ်တန်းကို ဆယ်ခါလောက်ကျပြီး၍ ဗီဒီယိုမင်းသမီးပဲလုပ်တော့မယ်ပိုလို၊ ရှိုးချပဲ

www.burmeseclassic.com

www.burmeseclassic.com



သွားတော့မလိုလို သတင်းတွေထွက်နေသူဖြစ်သည်။ ယခု သင်္ဘောသားနဲ့ ညားသွားပြီဆိုတော့ ဘာမှ လုပ်စရာမလိုတော့ဘဲ ဘဝကိစ္စ ပြီးသွားပြီ ဖြစ်သည်။

'မနည်း ကြံဖန်လုပ်လိုက်ရတယ်ဆိုတော့ ဘယ်လိုများလုပ်လိုက်တာ တုန်း၊ နည်းကောင်းလေးများရှိရင် ကျွန်တော့်သမီးတွေအတွက်ပါ လုပ်စမ်း ပါဦး'

'ရှင်တို့ သင်္ဘောသားတွေက ရုပ်ရှင်မင်းသမီးတို့ အဆိုတော်တို့ဆိုရင် လိုချင်လွန်းလို့ ညီမာဦးကို အဆိုတော်ပါဆိုပြီး သီချင်းဆိုနေဟန်၊ ဗီဒီယို ရိုက်ပြလိုက်ရတယ်လေ၊ နာမည်ကြီးအဆိုတော်တွေရဲ့ စတိတ်ရှိုးအခွေ ထဲမှာ ရောထည့်ထားလိုက်ရတာပေါ့'

'မီညိုက သီချင်းမှ မဆိုတတ်ဘဲ အဆိုတော်ဖြစ်အောင် ဘယ်လိုလုပ် လိုက်တာလဲ'

'ခက်ပါလား ကိုစိုးလှိုင်ရယ်၊ ဒီလိုပဲကြံဖန်ရပါတယ် ဆိုနေမှ'

နာမည် မကြီးသေးသည့် အဆိုတော်တစ်ဦး၏ အသံဖြင့် ပလေးဘက် လုပ်ပြီး မီညိုကို မိုက်ကရိုဖုန်းကိုင်၍ သီချင်းဆိုနေဟန် ဗီဒီယိုရိုက်ယူပြီး သင်္ဘောသားကို ပြခဲ့သည်ဟု ဆိုပါသည်။ သီချင်းတစ်ပုဒ်တည်းအတွက် တီးဝိုင်းကြေး၊ အဆိုတော်ကြေး၊ သီချင်းရေးခ၊ ကင်မရာမင်း ဗွားခနှင့် အခွေဖိုးအပါအဝင် သဗ္ဗလုံးစုံ ကုန်ကျစရိတ် တစ်သောင်းကျော်သည်ဟု သိရသည်။

'တစ်သောင်းကျော်တာလည်း မပြောနဲ့လေ ကိုစိုးလှိုင်ရဲ့၊ သီချင်း တစ်ပုဒ်တည်းအတွက် သရုပ်ဆောင်ရာမှာ သူ ဝတ်ဖို့ ချုပ်ရတဲ့ ထပ်တစ်ရာ ဇာလက်ဖောင်းအင်္ကျီနဲ့ လက်ဘီပချစ်သူဒီဇိုင်း ထဘီဇာအဖြူ ဝမ်းဆက် ကချည်း သုံးထောင်ကျော်တယ်၊ သူ့အသား ပြာနှမ်းနှမ်းကို ထုံးသက်န်းကပ် သလို ဖို့ရတဲ့ အပေါစား မိတ်ကပ်ကချည်း တစ်ပိသာလောက်ကုန်တယ်'



ဦးစိုးလှိုင် သဘောပေါက်သွား၍ ခေါင်းတဆတ်ဆတ်ညိတ်လိုက် သည်။ ရှဲဒီးစာရေးဆရာလို့သာကြားဖူးသည်။ အခုတော့ ရှဲဒိုးအဆိုတော်ပင် ပေါ်နေပါရောလားဟု တွေးလိုက်မိသည်။

'လုပ်မယ့်လုပ်လည်း ရုပ်ရှင်မင်းသမီးအတုပဲ လုပ်လိုက်ရောပေါ့ ဒေါ်အုန်းတင်ရယ်'

ဒေါ်အုန်းတင်က ဦးစိုးလှိုင်ကို မျက်စောင်းထိုးကြည့်ပြီး နှုတ်ခမ်းကို မဲ့၊ မေးရိုးကိုရှေ့ထိုးပြီး ပြန်ပြောသည်။

'ကိုယ်တိုင် သရုပ်ဆောင်မှရတဲ့ ရုပ်ရှင်မင်းသမီးအလုပ်ကို အတု လုပ်လို့ ရမလားတော့၊ ညီမာဦးတို့က ရုပ်ရှင်မင်းသမီး လုပ်ချင်လိုက်တာမှ တစ်ပိုင်းကို သေနေတာပဲ၊ ဒီခေတ်မှာ ရုပ်ရှင်မင်းသမီးဖြစ်ဖို့ လွယ်တယ်မှတ် လို့လား၊ ညည်ခံပွဲအစားစားနဲ့ ရိုက်ကွင်းဖြတ်လျှောက်ခန်းလေး ပါရဖို့အတွက် တောင် ဒါရိုက်တာနဲ့ အပေးအယူမတည့်ရင်လား ဝေးသေးတယ်၊ ဒါမှမယ့် ညီမာဦးတို့က ရုပ်ရှင်အသိုင်းအဝန်းနဲ့ နီးစပ်ပါတယ်ဆိုတာကို ရုပ်ကွက် ထဲမှာပြချင်လို့ ဘာမှ သွေးသားမတော်စပ်တဲ့ ပြေငြိမ်း အသုဘမှာ ကိုယ့်စရိတ် နဲ့ကိုယ် သွားငိုပြီးကတည်းက ဘဝင်မြင့်နေတာ၊ ရုပ်ရှင်မင်းသမီး အတု လုပ်လို့မရလို့ အဆိုတော်အတုလုပ်လိုက်ရတာ ကိုစိုးလှိုင်ရေ့၊ ရှင်းပြီလား'

ရှင်းပါပြီ၊ ရုပ်ရှင်မင်းသမီးအတုလုပ်မရ၍ ပလေးဘက်အသံဖြင့် အဆိုတော်အတုလုပ်ပြီး သင်္ဘောသားတစ်ယောက်ကို အမိဖမ်းလိုက်ကြပုံမှာ ပိုင်လှသည်။ နောက်ပြဿနာ နောက်မှရှင်း။ လောလောဆယ် သင်္ဘောသား မယား ဖြစ်သွားပြီဖြစ်၍ မီညို၏နောင်ရေး စိတ်အေးသွားရပြီဖြစ်သည်။

'အဲဒီ သင်္ဘောသားနဲ့ ဘယ်လို ဆက်မိတာလဲ၊ ဇာတ်လမ်း အစ အဆုံး လုပ်စမ်းပါဦး'

'ကောင်လေးက ဆွေမျိုးမိဘ မရှိတော့ဘူးလေ၊ ယောက်မ်းလေး အဆောင်မှာနေတယ်၊ သင်္ဘောနားတဲ့အချိန်မှာ အရောင်းအဝယ်လေး ဘာလေး လုပ်တယ်၊ နေ့လယ်နေ့ခင်းဆိုရင် သင်္ဘောသားရုံရှေ့က ညောင်ပင်

www.burmeseclassic.com

www.burmeseclassic.com



အောက်နဲ့ ကားပွဲစားတန်းမှာ အမြဲရှိတယ်၊ ကားအရောင်းအဝယ်ကိစ္စတစ်ခုမှာ ကျွန်မနဲ့ မိတ်ဆွေဖြစ်ပြီး ကျွန်မအိမ် လိုက်လည်ရင်းက ညိုမာဦးတို့ ညီအစ်မတွေနဲ့တွေ့ပြီး ခင်သွားကြတာပါ'

မတော်တဆတွေ့ပြီး ခင်သွားကြတာတော့ မဖြစ်နိုင်၊ ပွဲခလိုချင်လို့ အကွက်ဆင်ပြီး ဆိုင်ပေးတာသာ ဖြစ်ရမည်ဟု ဦးစိုးလှိုင် တွေးလိုက်မိသည်။

'ဒေါ်အုန်းတင်အတွက် လိုင်းကြေးဘယ်လောက်ရလဲ မှန်မှန်ပြော'

'ကောင်လေးဘက်က တစ်ပြားမှ မရပါဘူးတော်၊ ညိုမာဦးက သူတို့ မင်္ဂလာပွဲမှာ ဝတ်ဖို့ဆိုပြီး ဒါးနှစ်လက် ဖိုက်ကာလာ ပါတိတ်ဝမ်းဆက် ကန်တော့တယ်၊ ဒါပါပဲ'

မှန်းချက်နှင့် နှမ်းထွက် မကိုက်၍ မကျေမနပ်ဖြစ်နေဟန်တူသော ဒေါ်အုန်းတင်ကိုကြည့်ပြီး ဦးစိုးလှိုင် ပြုံးလိုက်မိသည်။ ရပ်ဆွေရပ်မျိုး သတို့သမီးနှင့် ဘဝတူသော်သားတို့၏ မင်္ဂလာပွဲကို ကြွရောက်ချီးမြှင့်ပါမည်ဟု ကတိပေးလိုက်တော့မှ နှုတ်ဆက်ပြီး ပြန်သွားပါတော့သည်။

စနေနေ့ နေ့လယ်နှစ်နာရီမှ ညနေလေးနာရီအထိ ရွှေနှင့်မြ မင်္ဂလာ ခန်းမတွင် ကျင်းပသည့် မောင်ကျော်နီ ခေါ် မောင်နီ (အင်တာ နေရှင်နယ် ရှစ်ပင်းလိုင်း၊ စက်ဘ္ဘ)နှင့် စတီရီယို တေးသံရှင် ညိုမာဦး ခေါ် ညိုမ (ရှိုးဂျော့ခန့်စာရှုပြီး)တို့၏ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပါရန် ခင်မင်စွာ ဖိတ်ကြားအပ်ပါသည်ဆိုသော ဖိတ်စာပါ သတို့သားအမည်ကို တွေ့လိုက်ရတော့ ဟိုလွန်ခဲ့သည့် ဆယ်နှစ်လောက်က ဦးစိုးလှိုင် အစိုးရ ဝန်ထမ်းဘဝနဲ့ သာကေတမှာနေစဉ်က တွေ့ကြုံဖူးသည့် လူငယ်တစ်ယောက်ကို ပြန်လည် အမှတ်ရမိသည်။

ထိုစဉ်က ယိုလူငယ်သည် အသက်အရွယ်အားဖြင့် ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်ခန့်သာ ရှိမည် ထင်သည်။ သူ့အမေက နောက်မိန်းမယူပြီး ဦးစိုးလှိုင်တို့ လမ်းထဲက သုံးခန်းတွဲ အိမ်တစ်ခန်းကို လာငှားနေသည်။ သူ့အမေကလည်း သူ့အဖေနဲ့ ကွဲတယ်ဆိုရင်ပဲ လမ်းပေါ်ရောက်ပြီး နောက်ဆုံး ရုပ်ရှင်ရုံတွေအောက် ရောက်သွားသည်ဟု သိရသည်။



ထိုလူငယ်သည် ရန်ကုန်မြို့တွင်းတစ်နေရာမှာနေပြီး တစ်ပတ်တစ်ခါ နှစ်ပတ် တစ်ခါဆိုသလို သူ့အမေရှိရာ ဦးစိုးလှိုင်တို့ ရပ်ကွက်ထဲသို့ လာပြီး ရပ်ကွက်ထဲက လူငယ်တွေနဲ့အတူ ဆေးခြောက်ရှူ၊ ဂစ်တာတီး လုပ်နေလေ့ရှိသည်။ တစ်ခါတစ်ရံမှာတော့ ဆယ်ပြားတန် အချိုမှုန့်ထုပ် အရွယ်ခန့်ရှိသည့် ပလတ်စတစ်ဖြင့်ထုပ်ထားသော ဘိန်းဖြူအထုပ်ကလေး တွေ ယူလာပြီး ဒူးယားစီးကရက်ထဲထည့်၍ ရပ်ကွက်ထဲက လူငယ်တွေကို အခမဲ့ သောက်ရှူ ခိုင်းသည်။ နောက်မှ သိရတာက ဘိန်းဖြူရောင်းသူတစ်ဦးက လူငယ်တွေ ဘိန်းဖြူစွဲသွားစေရန် အခမဲ့ဖြန့်ဖြူးရာတွင် တာဝန်ပေးထားသည့် သေမင်း တမန် လူငယ် ဒလန်တွေထဲက တစ်ဦးဖြစ်သည်ဟု သိရသည်။ နာမည် ကလည်း မောင်နီဆိုလား ကျော်နီဆိုလား တိတိကျကျ မသိလိုက်ရမီ ရဲက ဖမ်းမိသွားပြီး ထောင်ကျသွားသည်ဟု သိလိုက်ရသည်။

ဦးစိုးလှိုင် နိုင်ငံခြားသင်္ဘောလိုက်သည့်အချိန်လောက်မှာတော့ ထို လူငယ်ကို သင်္ဘောသားပစ္စည်း ဝယ်ရောင်းပွဲစားအဖြစ်ဖြင့်လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည် လမ်းပြဂျပိုးအဖြစ်လည်းကောင်း ရန်ကုန်မြို့တွင်း နေရာအနှံ့မှာ တွေ့တွေ့နေရသည်။ ထိုလူငယ်နှင့် အဆက်အစပ် အပတ် အသက် မရှိ၍ မေ့မေ့ပျောက်ပျောက်ပင် ဖြစ်နေခဲ့သည်။

မင်္ဂလာရက်မြတ် လက်ထပ်ကြမည့် စနေနေ့ နေ့လယ် နှစ်နာရီခွဲခန့်တွင် တေးသံရှင်အတုနှင့် သင်္ဘောသားတို့၏ မင်္ဂလာအခမ်းအနားသို့ ဦးစိုးလှိုင်နှင့်ဇနီး ဒေါ်ဖြူတုတ်တို့ ကြွရောက်ချီးမြှင့်ကြသည်။ မင်္ဂလာခန်းမ လှေကားရင်းမှ ဒေါ်အုန်းတင်က ကြိုဆိုနေသည်။ လက်ဖွဲ့ပစ္စည်းလက်ခံ နေသည့် အပျိုနှစ်ယောက်ကြားမှာ ဓားနှစ်လက် ဖိုက်ကာလာ ပါတိတ် ဝမ်းဆက်ဝတ်ပြီး သားသားနားနား ထိုင်နေသည်။

အပေါ်ထပ်ရှိမင်္ဂလာခန်းမကြီးအတွင်းသို့ ဦးစိုးလှိုင်နှင့် ဒေါ်ဖြူတုတ် တို့ ဝင်ရောက်သွားသောအခါ ပရိတ်သတ် အတော်စုံနေပြီဖြစ်သည်။ ပရိသတ်အများစုမှာ သတို့သမီးဘက်ကချည်းလိုလို ဖြစ်နေသည်ကို သတိ

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်မိသည်။ ဦးစိုးလှိုင်နှင့် ဒေါ်ဖြူတုတ်တို့မှာ ဦးစားပေးအဆင့် သတ်မှတ်ခြင်းခံရသည့် အထူးဧည့်သည်တွေဖြစ်၍ မင်္ဂလာစင်မြင့်နှင့် အနီးဆုံး စားပွဲတွင် နေရာချထားပေးခြင်း ခံရသည်။ မင်္ဂလာစင်မြင့် နဖူးစည်းတွင် သတို့သားနှင့် သတို့သမီးတို့၏အမည်တွေကို ရွှေစာလုံးများဖြင့် ရေးသားထားသည်။ ပရိသတ်များစုံပြီဖြစ်၍ သတို့သားနှင့် သတို့သမီးတို့ မကြာမီထွက်လာတော့မည်ဖြစ်ကြောင်း အသံချဲ့စက်မှ ကြေညာပြီး 'အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာ၊ သာသနာ ရောင်လင်း၊ ကောင်းခြင်း ခုချိန်ခါ' လေပြီ။

မင်္ဂလာခန်းမ၏ အလယ်ကြောမှ မင်္ဂလာစင်မြင့်ဆီသို့ ဦးတည်ပြီး ခင်းထားသော ကော်ဇောနီလျှောက်လမ်း၏ ဟိုမှာဘက်ထိပ်ရှိ ကတ္တီပါ ကားခြည်ပိတ်ထားသည့် အခန်းတွင်းမှ သတို့သားနှင့် သတို့သမီးတို့ထွက်လာကြမည်ဖြစ်၍ ရွှေပွဲလာ မင်းပရိသတ်များအားလုံး သမင်လည်ပြန် ကြည့်နေကြသည်။

မကြာမီ ကားခြည်ခန်းစီးကြီး နှစ်ခြမ်းကွဲပြီး ဖြည်းဖြည်းချင်းပွင့်သွားသည်။ သတို့သမီးနှင့် သတို့သားတို့ လက်ချင်းချိတ်၍ ဖြည်းဖြည်းချင်း ထွက်လျှောက်လာပါတော့သည်။ အသင့်စောင့်ကြိုနေသည့် ဗီဒီယို ကင်မရာဆရာနှင့် ရိုးရိုးကင်မရာဆရာတို့က အဆက်မပြတ် တဖျပ်ဖျပ် ရိုက်ယူနေကြလေသည်။ သတို့သားက သဘက်သားဆိုတော့ နီပြာရောင် အနောက်တိုင်းဝတ်စုံကို ဝတ်ထားပြီး နှင်းဆီဖြူတစ်ပွင့်ကို ကုတ်အင်္ကျီအပေါ်အိတ်မှာ ထိုးထားသည်။ သတို့သမီးကတော့ ဒေါ်အုန်းတင်ပြောဖူးသည့် ထပ်တစ်ရာ ဇာဖောင်းနှင့် လက်ဘိဒီပချုပ်သူ ဒီနိုင်းမဟုတ်တော့ဘဲ ပုစွန်ဆီရောင်နှစ်ထပ်ဇာဝမ်းဆက်ကို ရိုးရိုးယဉ်ယဉ်လေး ဝတ်ထားသည်။ ဇာပဝါအရှည်ကြီးကို ဘယ်ဘက်ပခုံးမှာ တွယ်ချိတ်နဲ့ချိတ်ပြီး ထိုင်မသိမ်း တွဲလောင်းချထားသည်။ ခြေအိတ်အဖြူစွပ်ပြီး လေဒီရှူးအဖြူ စီးထား၍ ခြေထောက်မည်းပြာပြာကြီး ပျောက်ပြီး ကြည့်ကောင်းနေသည်။ ဆံပင်နှင့် မိတ်ကပ်ကတော့ သူတို့ဆိုင်က မိသားစုလက်ရာဖြစ်မည်။ ရှိုးခန်းထဲမှာ ပြထားသည့် အမျိုးသမီး ခေါင်းပြတ်



ကြီးတွေ ပုံအတိုင်းပင် ဖြစ်သည်။ မျက်နှာ လည်ပင်းနှင့် လက်ခုံတွေကို ဒေါ်အုန်းတင်ပြောသလို ထုံးသင်္ကန်း မိတ်ကပ် ဘယ်နှစ်ပိသာ ကပ်လျှထားလေသည်မသိ ဖြူဖွေးဝင်းမွတ်နေသည်။

မင်္ဂလာခန်းမကြီး၏ မင်္ဂလာစင်မြင့်ဆီသို့ ဖြည်းဖြည်းချင်း လျှောက်လှမ်းလာကြသည့် မင်္ဂလာစုံတွဲ ဦးစိုးလှိုင်တို့ စားပွဲအနီးသို့ ရောက်သောအခါ ဒေါ်ဖြူတုတ်က 'ဟာ၊ ဒီကောင်လေးကို မြင်ဖူးသလိုပဲ'ဟု ပါးစပ်က လွှတ်ခနဲ အသံထွက်သွားသည်။ ဒီတော့မှ ဦးစိုးလှိုင်က သတို့သားမျက်နှာကို အသေအချာကြည့်လိုက်ရာ ဟာခနဲဖြစ်သွားပြီး ပါးစပ်ဟောင်းလောင်းဖြင့် မျက်လုံးပြူးသွား၍ ဒေါ်ဖြူတုတ်ကို လက်ကုပ်ပြီး သတိပေးလိုက်ရလေတော့သည်။

အဘယ်ကြောင့်ဆိုသော် သတို့သားမှာ အခြားသူမဟုတ်ဘဲ ဦးစိုးလှိုင်နှင့် ဒေါ်ဖြူတုတ်တို့ သာကေတမှာနေစဉ်က မြင်ဖူး တွေ့ဖူးလိုက်သည့် ဘိန်းဖြူဖြန့်ဖြူးသူ လူငယ် မောင်နီခေါ် ရော့ဂ်နီဆိုသူဖြစ်သောကြောင့် ဖြစ်သည်။

မင်္ဂလာအခမ်းအနား အစီအစဉ်အရ ရွှေပွဲလာပရိသတ်တို့ကို တည်ခင်းသည့် သံပရာသီးခန့်ကြီးသော ရေခဲမုန့်နှင့် နှစ်လက်မပတ်လည်ခန့် ကျယ်သော ကိတ်မုန့်အပါးလေးနှစ်ချပ်တို့ကို သုံးဆောင်ပြီးသောအခါ ဦးစိုးလှိုင်နှင့် ဒေါ်ဖြူတုတ်တို့ မင်္ဂလာခန်းမမှ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။ ကားပေါ်မတက်မီ မင်္ဂလာခန်းမဘက်သို့ မော့ကြည့်လိုက်ရာ ရွှေနှင့်မြ ဆိုသော မင်္ဂလာခန်းမအမည် စာလုံးကြီးကိုမြင်လိုက်ရ၍ ဦးစိုးလှိုင် ပြုံးလိုက်မိပါတော့သည်။

ဪ ရွှေနှင့်မြ နေနှင့်လနယ်ပါတကားဟု၍။

[ရှင်ခွင်သစ်၊ နိုဝင်ဘာ၊ ၁၉၉၃]


www.burmeseclassic.com

www.burmeseclassic.com

## မေ့မရသည်သာ

ကိုအဏ္ဏဝါသည် ခါးသီးနာကျည်းစရာကောင်းသည့် သူ့ အတိတ်ကာလကို မေ့ပစ်နိုင်ရန် သို့မဟုတ် ဖုံးကွယ်ရန် အသည်းအသန် ကြိုးစားနေလေသည်။ အတိတ်ပတ်ဝန်းကျင်နှင့် ဝေးရာအရပ်တွင် အိုးသစ်အိမ်သစ် တည်ထောင် အခြေချ၍ စတိုင်ကျကျ နေနိုင်ရန်အတွက် သူ့အကြောင်းကို မသိနိုင်သူများ နေထိုင်ရာ ရပ်ကွက်တစ်ခု၏ လမ်းမကြီးပေါ်မှ နှစ်ထပ်တိုက်ခံအိမ်တစ်လုံးကို ဝယ်ယူလိုက်သည်။

၁၉၈၃ ခုနှစ် တိုယိုတာဟိုက်လက်တစ်စီး ရောင်းပါမှ တစ်သိန်းလေးသောင်းခန့်ရသောအချိန်တွင် ကိုအဏ္ဏဝါသည် တစ်သိန်းခွဲတန်အိမ်ကြီးကို ဝယ်ယူလိုက်သည်။ အိမ်ပေါ် အိမ်အောက် သန့်ရှင်းရေးလုပ်ရန်နှင့် ရေဆေးချရန်အတွက် ထိုရပ်ကွက်ထဲမှ ဆင်းရဲနွမ်းပါးသည့် လူငယ်လေးနှစ်ယောက်ကို ငွေတစ်ရာပေး၍ ငှားရမ်းထားသည်။ ကိုအဏ္ဏဝါသည် အိမ်ရှေ့ဗန်ဒါပင်အရိပ်တွင် ရပ်ထားသော ပတ်ပလစ်ကာ ကားသစ်ကလေးဆားက ပက်လက်ကုလားထိုင်တွင်ထိုင်၍ အိမ်ကြီးရှင်မ၊ မဖြူတုတ်ကိုယ်တိုင် ဦးဆောင်ညွှန်ကြားနေသော သန့်ရှင်းရေးလုပ်သားများကို စောင့်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်လေးတွေ ကောင်းကောင်းလုပ်နော်၊ ငါကြိုက်ရင် နောက်ထပ် ငါးဆယ်ပေးဦးမယ်ကွ'

ဖဆပလခေတ် သွင်းကုန်လိုင်စင်ရ သူဌေးက ဘုတ်ကလပ် ဘိုင်ကုလားကို ပြောသည့်လေသံမျိုးဖြင့် အော်ပြောလိုက်သည်။ လူငယ်လေးနှစ်ယောက်တို့ ကြိုးစားပမ်းစား အားကျုံးမာန်တက် အလုပ်လုပ်ကြသည်။

ကိုအဏ္ဏဝါ ကျေနပ်သွားသည်။ ကုလားထိုင်ပေါ်တွင် နောက်လှန်အိပ်ချလိုက်ပြီး မာဘိုရိုစီးကရက်တစ်လိပ်ကို မီးညှိမှာရှိုက်လိုက်သည်။ သူ ဖုံးကွယ်ရန်ကြိုးစားနေသည့် သူ့ အတိတ်ဘဝ ပုံရိပ်တွေက စီးကရက်မီးခိုးငွေ့များအကြားမှာ ရုပ်ရှင်ပိတ်ကားတစ်ခုသဖွယ် ပေါ်လာသည်။

၁၉၇၅ ခုနှစ်တွင် ရေတပ်သားဘဝမှ အငြိမ်းစားယူလိုက်သော အခါ ပင်စင်လစာငွေလေး တစ်ရာကျော်ဖြင့် မိသားစုငါးယောက် မစားလောက်၍ ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ် ခင်မင်သူများက အကြံအမျိုးမျိုးပေးကြသည်။ ပွဲရုံက အာလူးကိုယူရောင်းပါလား၊ တစ်ခြင်းမှာ တစ်ဆယ်လောက်မြတ်တယ်၊ ငရုတ်သီးယူရောင်းကြည့်ပါလား၊ တစ်အိတ်မှာ တစ်ဆယ် ဆယ့်ငါးကျပ်တော့ ကျန်တယ်၊ ရွှေးကျ အပယ်ခံငါးခြောက်လေးတွေ ယူရောင်းကြည့်ပါလား၊ တစ်ပိဿာမှာ သုံးကျပ်ခွဲလေးကျပ်တောင်မြတ်တယ် စသည်ဖြင့် အကြံဉာဏ်သာပေးကြသည်၊ အရင်းအနှီးတော့ ဘယ်သူမှ ထုတ်မပေးကြ။

အရင်းအနှီးမရှိလို့ ဘာမှ မလုပ်နိုင်တော့ ကိုအဏ္ဏဝါ စိတ်ညစ်သည်။ စိတ်ညစ်တော့ မပြုတုတ်အမေ ပေးလိုက်သည့် ရွှေတိုငွေစလေးတွေကို ရောင်းချပြီး အရက်သောက်သည်။ အရက်ဆိုင်က အမြည်းရောင်းသည့် ဒေါ်တူးကအကြံပေးသည်။ ပွဲရုံနဲ့ ဈေးကြီးတွေက လွှင့်ပစ်ထားတဲ့ အာလူးပုပ်တွေကို အမှိုက်ပုံမှာလိုက်ကောက်ပြီး ကောင်းတဲ့နေရာလေးတွေ လှီးယူ၊ ပါးပါးလှီး ဆားလေးနဲ့ လူးပြီး ပလတ်စတစ်အိတ်ကလေးထဲထည့်ပိတ်ပြီး တို့ အမြည်းဆိုင်တွေနဲ့ ကွမ်းယာဆိုင်တွေကို လိုက်သွင်းပါလားတဲ့။



အရက်ဆိုင်က မိတ်ကောင်း ဆွေကောင်း ဒေါ်တူးအကြံပေးချက်ကို စီးပွားရေးလုပ်ငန်းကို အကောင်အထည်ဖော်ကြည့်တော့ အတော်ဟန်တာ တွေ့ရသည်။ အာလူးက အလကားရတော့ ဆီ၊ ဆားနှင့် ပလတ်စတစ်အိတ်ဖိုး အပါအဝင် တစ်ထုပ်မှ ဆယ့်ငါးပြားခန့်သာ အရင်းရှိသည်။ တစ်ထုပ်တစ်မတ်သွင်းရသဖြင့် ကိုယ့်အတွက် ဆယ်ပြားကျန်သည်။ တစ်နေ့ကို အထုပ်ပေါင်းတစ်ရာငါးဆယ်၊ နှစ်ရာခန့် ပို့ပေးရသဖြင့် ကိုအဏ္ဏဝါ စိတ်ဓာတ်တွေ အရမ်းတက်ကြွသွားသည်။ လုပ်ငန်းအဆင့်မြင့်သည့်အနေဖြင့် 'အဏ္ဏဝါမိသားစုစားသောက်ကုန်လုပ်ငန်း' တံဆိပ်တုံးတစ်ခုကို တစ်ဆယ်ပေး၍ ဆူးလေဘုရားအနီးမှာ အပြေးအလွှား လုပ်နိုင်သည်။

တံဆိပ်တုံးလည်းပြီးရော ကိုအဏ္ဏဝါ အာလူးပုပ်လာလာကောက်တာ မြင်တဲ့ ပွဲရုံနှင့် ဈေးတွေက အာလူးပုပ်တွေကို အမှိုက်ပုံးမှာ မပစ်တော့ဘဲ ခြင်းကြီးနဲ့ထည့်ပြီး ဆိုင်ရှေ့မှာ ချထားသည်။ ခရစ်ယာန်သင်္ချိုင်းက တိုင်ကလေးတွေနှင့်တူသော တုတ်တိုင်လေးနှင့် ကတ်ထူပြားလေးမှာ စာရေးထားသည်။ ရောင်းရန်တဲ့။ အမှိုက်ပုံက လှည့်ပြန်ခဲ့ရသည့်နေ့တွေမှာပဲ အဏ္ဏဝါ စားသောက်ကုန်လုပ်ငန်းကြီး ဖျက်သိမ်းလိုက်ရတော့သည်။

အာလူးပုပ်နဲ့ အဆင်မပြေတော့ အာလူးအကောင်းဘက်လှည့်ကြည့်သည်။ တစ်ခြင်းကုန်လျှင်တစ်ဆယ်ခန့်ကျန်သည်မှန်သော်လည်း လမ်းမတော် ပွဲရုံမှ သာကေတသို့ သယ်ယူရသည့် စရိတ်ကရှိလေတော့ ကိုယ့်အတွက်မကျန်။ ဒီတော့ ကိုအဏ္ဏဝါ အကြံအဖန်လုပ်သည်။ အာလူးခြင်းကို ပခုံးမှာထမ်းပြီး လမ်းမတော်မှ သာကေတအထိ ဘတ်စ်ကားကို တွယ်စီးပြီး တစ်လလောက်သာ ရောင်းရသည်၊ ခုနစ်ရပ်ကွက်ဈေး အပြင်တန်းက နေပူထဲမှာ ထိုင်ရောင်းရသည့် သူ့မယားမဖြူတုတ်လည်း မမည်းပိန်ဖြစ်လာသည်။ ကိုအဏ္ဏဝါလည်း လေးဘက်ခွာနာကျပြီး မလှုပ်နိုင်တော့သဖြင့် လုံး[illegible] အနားယူ လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာလာ၍ ပြန်လည်လှုပ်ရှားနိုင်သောအခါ ပွဲရုံက ဧရာတ်သီး ငါးခြောက်ကိုယူပြီး ရောင်းကြည့်ဦးမည်ဟု စိတ်ကူးမိသည်။ သို့သော် အရင်းအနှီးက မရှိ။ လမ်းမတော်ပွဲရုံက မိတ်ဆွေကြီး ဦးဟုတ်စွမ်ထံသွား၍ ဧရာတ်သီးခြောက်တစ်အိတ်အကြွေးရောင်းပါရန် မေတ္တာရပ်ခံသည်။ အာလူးယူရောင်းစဉ်က အငြိအစွန်းအတင်အကျန်မရှိ၍ ယုံကြည်လို့ပဲလား၊ သနားလို့ပဲလားမသိ အကြွေးပေးလိုက်ပါသည်။

ဧရာတ်သီးခြောက် အိတ်ကြီးကတော့ အာလူးခြင်းတုန်းကလို ပခုံးမှာထမ်းပြီး ကားတွယ်စီး၍ မဖြစ်နိုင်တော့သဖြင့် သာကေတ ဘတ်စ်ကားများဂိတ်ထိုးရာ ၁၄ လမ်းထိပ်သို့ ဧရာတ်သီးအိတ်ကြီးကို ရွက်ယူသွားရသည်။ ဂိတ်ထွက်မည့်ကားက ယာဉ်မောင်းဆရာနှင့် လက်မှတ်ရောင်းရဲဘော်တို့ကို မျက်နှာချိုသွေးပြီး အိတ်တစ်ကျပ်၊ လူတစ်ကျပ်ပေး၍ နေရာယူထားလိုက်သည်။ အတော် စိတ်အေးသွားရပြီ ဖြစ်သည်။

ဧရာတ်သီးအိတ်က ကားငြိမ်နေတုန်းက ဘာမှုမဖြစ်။ ကားလည်းထွက်ရော အနံ့ထွက်လာပြီး မွန်တော့သည်။ ခရီးသည် တစ်ဦး၊ နှစ်ဦး ဟတ်ချိုး ဘုရားတကြသည်။ မဟာဗန္ဓုလလမ်းပေါ် စတက်ပြီး ငါးမိနစ်ခန့်အကြာတွင် ချိုင်ခွက်နှင့်မိ၍ နှစ်ချက်လောက်သာ ဆောင့်လိုက်ရသည်။ ကားပေါ်ပါ ခရီးသည်အားလုံး ဧရာတ်သီးခြောက် ကတိုးနှာကြောင့် တန်းနိုးဖြာကုန်ကြတော့သည်။ ဒရိုင်ဘာပါ အဆက်မပြတ် ဟတ်ချိုးနေသဖြင့် ကြာလျှင် ယာဉ်တိုက်မှုဖြစ်တော့မည်။

'ကဲ ရဲဘော်ကြီး၊ ခင်ဗျား ပိုက်ဆံနှစ်ကျပ်ပြန်ယူပြီး ဆင်းတော့ဗျာ'

မောင်းချခံရပြီဖြစ်၍ ၁၆ လမ်းထိပ်မှာ ဧရာတ်သီးအိတ်ရော လူပါ ကားပေါ်မှဆင်းပြီး သုံးဘီးကား ခေါ်ရတော့သည်။ သာကေတဆိုတော့ ဆယ့်ငါးကျပ်ယူပါရန် တောင်းတောင်းပန်ပန် လိုက်ပို့ခိုင်းရသည်။ ဦးဟုတ်စွမ်ကို ဧရာတ်သီးကြွေးဆပ်နိုင်ရန်အတွက် မဖြူတုတ်နေပူထဲမှာ သုံးရက်လောက် ထိုင်လိုက်သောအခါ အရင်းနီးပါး ပြန်ရသည်။ နေပူထဲမှာထိုင်ရောင်း



ရတော့ ဧရာတ်သီးကလျော့သွားသည်။ အမြတ်ကတော့ သုံးဘီးကားဆရာကို ပေးလိုက်ရသည်။

အဲဒီမှာတင်ပဲ ဧရာတ်သီးခြောက်ဇာတ်လမ်းတစ်ခန်းရပ်ပြီး ကိုအဏ္ဏဝါလည်း စီးပွားရေးအကြံပေးအရာရှိများရှိရာ အရက်ဆိုင်သို့ ပြန်ရောက်သွားလေတော့သည်။

အရက်ဆိုင်မှာ အမဲအူပြုတ်၊ အမဲအူသုပ်ရောင်းသော မိတ်ဆွေကြီး၏ ပြောပြချက်က အားရစရာကောင်းလှသည်။ အမဲအူ တစ်ပိဿာငါးဆယ်ဆိုလျှင် ကိုယ့်အတွက် တစ်ဆယ်ခန့်ကျန်သည်ဟု ဆိုသည်။ ဆီ၊ ဆား၊ ကြက်သွန်၊ အချိုမှုန့် အိမ်စားအတွက် သီးခြားဝယ်စရာမလိုတော့ဘဲ လုပ်ငန်းထဲကပဲ နှိုက်စား၍ရသည်။ အမဲအူကို ဈေးထဲက ကုလားကြီးဆီမှာ မဝယ်ဘဲ မအူကုန်း အမဲဈေးမှာ တိုက်ရိုက်သွားဝယ်ပါက ဈေးသက်သာသည့်အပြင် ပိုပိုသာသာလည်းရသည်။ လွှင့်ပစ်ထားသည့် အကြော အရွတ်ကလေးတွေလည်း ကောက်ယူလာလို့ရသေးသည်ဟု အကြံပေးပါသည်။

ကိုအဏ္ဏဝါ စိတ်ဓာတ်တွေ တအားတက်သွားပြန်သည်။ နောက်ဆုံးအဖြစ် ကျန်နေသေးသော မဖြူတုတ်၏ နားနှစ်ဘက်မှ အရောင်တလက်လက် ထွက်၍ မျက်စပစ်ပြနေတာလေးတွေကို ဖြုတ်ယူပြီး ရောင်းလိုက်သည်။ ရသည့်ပိုက်ဆံဖြင့် အိမ်ရိုက်သံနှင့် လေလံကျွန်းထင်း အစအနလေးတွေ ဝယ်ပြီး ဈေးခုံလေးရိုက်သည်။ အစစ ပြင်ဆင်ပြီးသောအခါ 'အဏ္ဏဝါအမဲအူပြုတ်' ဆိုင်းဘုတ်ကို သုံးထပ်သားပြားပေါ်မှာ ကိုယ့်ဟာကိုယ်ရေးပြီး ခုနစ်ဈေးထောင့်က ညောင်ပင်အောက်မှာ ဆိုင်စထွက်သည်။

ပထမနေ့က ကိုအဏ္ဏဝါ တစ်နေကုန် ထိုင်သည်။ ဈေးဦးဇွတောင်မပေါက်။ ညနေအလုပ်မှပြန်လာသော ဆိပ်ကမ်းလုပ်သား ကြိုပို့ဖယ်ရီကားကြီးပေါ်က သောက်ဖော်စားဘက်တွေက ဆော်ဟစ်နှုတ်ဆက်သွားကြသည်။

'ရဲဘော်ကြီး ရောင်းကောင်းတယ် ထင်တယ်၊ လက်တွေ့မလည်ဘူး၊ ယင်မောင်းနေရလို့' တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းမှာ မဖြူတုတ် သနုပ်ခါးလိမ်းပြီး လာထိုင်တော့မှ ဈေးဦးပေါက်တော့သည်။

ကိုအဏ္ဏဝါနှင့်မဖြူတုတ်တို့ ခုနစ်ရပ်ကွက်ဈေးထောင့်က လမ်းဘေးညောင်ပင်အောက်မှာ အမဲအူပြုတ်ရောင်းနေပြီဆိုသည့် သတင်းကို ကြားသွားကြသည့် ကိုအဏ္ဏဝါ၏ အပေါင်းအသင်းတွေ လာရောက်အားပေးကြသည်။ စားပြီးပိုက်ဆံပေးတော့ မဖြူတုတ်က အားနာပြီးမယူ၊ ရပါတယ် ဆရာရယ် မပေးပါနဲ့၊ နေပါစေ အစ်ကိုရယ် ရပါတယ်ဆိုတော့ အမြတ်ထဲက ပါပြန်ရော။ ဒီကြားထဲ ကိုအဏ္ဏဝါက အရက်ဖိုးနိုက်၊ ညနေစောင်း ရောင်းကောင်းချိန်၊ လူကျချိန်မှာ ကိုအဏ္ဏဝါက မူးပြီးရောက်လာ။ ပါးစပ်က တွေ့ကရာတွေပြော၊ မြင်သမျှလူတွေကို လိုက်နှုတ်ဆက်။ မဖြူတုတ် စိတ်ညစ်သည်။ အရက်သမားတို့ထုံးစံအတိုင်း အရက်နံ့မနံ့အောင် ဝါးလာသော ကွမ်းတံတွေးတွေက မဖြူတုတ် ဝယ်ယူဆင်မြန်းပေးထားသည့် လေဘား အပေါင်းထည်စပို့ရှပ်ပေါ်မှာ စီးကျစွန်းထင်းနေသည်သာမက လူကပါ ဦးလည်ဆံကျိုးဖြစ်နေ၍ မဖြူတုတ်ရှက်သည်။ ‘ရှင်မလာနဲ့ အိမ်မှာနေပါ’ လို့ ပြောတော့ ‘နင့်ကို ကူဖို့ လာတာပါကွာ’ တဲ့။ ကူဖို့ လာတဲ့လူက ရပ်လို့မငြိမ်၊ ယိုင်တိယိုင်တိုင် ဖြစ်နေ၍ မြေပေါ်မှာထိုင်ချပြီး ညောင်ပင်ကိုမှီနေရသည်။ ခုနစ်ဈေးလေဟာပြင် ကွက်လပ်ကြီးမှာ ညဈေးချပေးတော့ အပေါင်းအသင်းတွေ ကျေးဇူးကြောင့် မဖြူတုတ်နာမည်ဖြင့် စားသောက်တန်းမှာ ဆိုင်ခန်းတစ်နေရာ ရသည်။ အမဲအူပြုတ်၊ အမဲအူသုပ်သာမက ကြာဆံဟင်းခါးနှင့် ခေါက်ဆွဲသုပ်ပါ တိုးချဲ့လိုက်သည်။ ဆိုင်ချင်းယှဉ်ကပ်နေသော ဦးပြုံးချို လက်ဖက်ရည်ဆိုင်၏ အရှိန်အဝါနှင့် ပရိသတ်အင်အားကြောင့် မဖြူတုတ်၏ အမဲအူပြုတ်၊ ခေါက်ဆွဲသုပ်ပါ ရောယောင်ပြီး ရောင်းကောင်းနေတော့သည်။ လက်ဖက်ရည်ဆိုင်ထိုင်သူများက လက်ခုပ်ရိုက်၍ လက်ညှိုးထောင်ပြလိုက်လျှင် မဖြူတုတ်ကိုယ်တိုင် သွားပို့သည့်အခါပို့၊ လက်ဖက်ရည်ဆိုင်လုပ်သား ကောင်လေးတွေက လာယူသည့်အခါ ယူဖြင့် အလုပ်ဖြစ်နေသည်။



မဖြူတုတ် စိတ်ဓာတ်တွေတက်ကြွပြီး အသားအရေတောင် စိုစိုပြေပြေ ပြန်ဖြစ်လာသည်။ သူ့ကို ရုပ်ရှင်မင်းသမီး ချိုပြုံးနှင့်တူသည်ဟု မြှောက်ပင့်ပေးပြီး အရည်ပိုတောင်းလိုက်၊ အဖတ်ပိုတောင်းလိုက်လုပ်နေသော နှုတ်ကတော် မိန်းမလျှာတွေ စကားကိုယုံပြီး ‘ဒေါ်ချိုပြုံး အမဲအူပြုတ်၊ ခေါက်ဆွဲသုပ်’ဟု ဆိုင်းဘုတ်ရေးပြီး ချိတ်သည်။ မူလလက်ဟောင်းအဏ္ဏဝါဆိုင်းဘုတ်ကတော့ ညောင်ပင်အောက်က ဆိုက်ကားဆရာများအတွက် ကျားကွက်ဖြစ်သွားလေပြီ။ ဒီတော့မှ ဦးပြုံးချို လက်ဖက်ရည်ဆိုင်နှင့် ဒေါ်ချိုပြုံး အမဲအူပြုတ်တို့ လိုက်ဖက်ညီသွားလေတော့သည်။

ရာထူးချခံလိုက်ရသော ကိုအဏ္ဏဝါက ညနေစောင်းလျှင် အရက်သောက်သည်။ မူးမူးဖြင့် စောစောအိပ်သည်။ မိုးမလင်းမီထပြီး အမဲဈေးကိုပြေးသည်။ အမဲဈေးက ပြန်ရောက်သည်နှင့် ဖျင်သင် ဆေးကြောပြီး တစ်နေကုန်အောင် အမဲအူပြုတ်သည်။ ညနေစောင်း၍ မဖြူတုတ်ကို ဈေးလိုက်ပို့ပြီးသည်နှင့် အရက်ဆိုင်သွားသောက်ဖြင့် သံသရာလည်နေတော့သည်။

တစ်နေ့အမဲအူပြုတ်နေစဉ် ရေတပ်ထွက် သူငယ်ချင်းတစ်ယောက်ရောက်လာပြီး ကိုအဏ္ဏဝါကို ပစ်ဟောက်ပါလေတော့သည်။

‘ဟေ့ကောင်၊ မင်း ဘာမှမသိဘူး မဟုတ်လား၊ ဘယ်သိမလဲ၊ သောက်လုပ်မဟုတ်တဲ့ အမဲအူပဲ ပြုတ်နေတာပဲ၊ သင်္ဘောသားရုံးဘက်လည်း လာစမ်းပါဦး၊ တန်းစီဖယား တို့အလှည့်ရောက်နေပြီ၊ မနက်ဖြန် လူရွေးပွဲရှိတယ်၊ သင်္ဘောဆယ်စီးစာ လူငါးဆယ်လောက်ယူမှာတဲ့’

အဲဒီလိုနဲ့ပဲ နောက်တစ်နေ့ နေ့လယ်ဟု ဆိုအပ်သော ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ နောင်းတန်ခူးလဆန်း ၅ ရက်၊ အင်္ဂါနေ့ ပြိဿရာသီ၏ စက်နာရီတစ်ချက်တီးအချိန်တွင် ကိုအဏ္ဏဝါ၏ ဇာတာခွင်ဝယ် သောကြာဂြိုဟ်၏ အရှင် ပုးမင်းသခင်သည် လေးနှစ်ခန့်ဝင်ရောက်နေ လျှပ်စံနေတော်မူသောကာလ၊ သူရိယရာဇာ ဒေါင်းမင်းစကြာသည် အနောက်

www.burmeseclassic.com

www.burmeseclassic.com



ဂေါယာကျွန်းသို့ ထိုးပြီးအကျတွင် သာကေတက အမဲအုပြွတ်သည် တစ်ယောက်၏ စာတာစန်းလက် ဆောင့်အတက်နှင့်ကြုံသဖြင့် အမဲအုပြွတ် သည် ကိုအဏ္ဏဝါသည် မြန်မာနိုင်ငံ၏ ရုပါစတား သဘော်သားဖြစ်သွားလေ သတည်း။

ကိုအဏ္ဏဝါသည် ခါးသီးနာကျည်းစရာကောင်းသည့် သူ့ဘဝ အတိတ်ကာလ၏ အရိပ်မည်းကြီးကို ဖျက်သိမ်းချေမှုန်းပစ်သည့် သဘောဖြင့် ပါးစပ်ထဲမှာ ငုံထားဆဲဖြစ်သော စီးကရက်မီးခိုးများကို လွင့်ပါးပျောက်ပြယ် သွားအောင် တအားမှုတ်ထုတ်ပစ်လိုက်သည်။ လက်ထဲကစီးကရက်အတိုကို လည်း မြေကြီးပေါ်ပစ်ချပြီး နင်းချေ ငြိမ်းသတ်ပစ်လိုက်သည်။

'မဖြူရေ ဓာနားကြဦးကွာ၊ ကောင်လေးတွေလည်း ဆာလှရော့ မယ်၊ ဒီအနီးအနားမှာ လက်ဖက်ရည်ဆိုင် မရှိဘူးလား ဟေ့'

ကိုအဏ္ဏဝါက သန့်ရှင်းရေးလုပ်သားလေးနှစ်ယောက်ကို လက်ဖက် ရည် တိုက်လို၍ မေးလိုက်သည်။

'ဟိုထောင့်က ကက်ဆက်ဖွင့်နေတဲ့အိမ်ဟာ လက်ဖက်ရည်ဆိုင်ပေါ့ ဦးလေးရ'

ဟုတ်သေသားပဲ။ ကိုအဏ္ဏဝါဝယ်ထားသည့်အိမ်နှင့် သုံးအိမ်သာခြား သည့် လမ်းထောင့်အိမ်မှာ ဆိုင်းဘုတ်တင်မထားသော်လည်း လူစည်ကား သည့် လက်ဖက်ရည်ဆိုင်ကြီး ဖြစ်နေပါသည်။

'ချာတိတ်တွေ ကားပေါ်တက်ကြကွာ၊ လက်ဖက်ရည်ဆိုင် သွား သောက်ကြရအောင်၊ ငါ့ကားက အမိုးမတင်ရသေးတော့ အားတော့နာပါ တယ်၊ အဆင်ပြေသလိုသာ ထိုင်ကြကွာ'

ငါ့ကားက-အသစ်ဟု လီမွှာပါးနပ်စွာ ကြွားလိုက်ခြင်း ဖြစ်သည်။ သုံးအိမ်သာခြားသည့် ခရီးကို လျှောက်သွားလျှင်ရပါလျက်သားနဲ့ လက်ဖက် ရည်ဆိုင်က ပရိသတ်ရှေ့မှာ ကားပေါ်ကဆင်းပြီး ဆိုင်ထဲ ဝင်ထိုင်ချင်၍ တမင်ထွင်လိုက်ခြင်း ဖြစ်သည်။



လက်ဖက်ရည်ဆိုင်ရှေ့ ကားထိုးရပ်လိုက်သည်နှင့် ဟိုအိမ်ကြီးကို ဝယ်လိုက်သည့် သဘော်သားဆိုတာ သိနေကြ၍ ထင်သည်။ ဆိုင်ထဲက လူတွေ ဝိုင်းကြည့်နေကြသည်။ အထူးသဖြင့် နံပြားရိုက်သည့် ကုလားက ရိုက်လက်စနံပြားကိုရပ်ထားပြီး ခေါ်တောအကောင် တစ်ထောင်အားရှိသော မျက်လုံးအစုံဖြင့် မဖြူတုတ်ကို ကြည့်နေသည်။ ကြည့်ရုံနဲ့ အားမရသေးဘဲ သူ့ဆိုင်ရှင်ကို တစ်စုံတစ်ခုသွားပြောပြီး ပြုံးစိစိ လုပ်နေသည်။

ကိုအဏ္ဏဝါတို့လေးယောက် လူရှင်းသည့် စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး လက်ဖက်ရည်လေးခွက်နှင့် ရှိသမျှ မုန့်မျိုးစုံအောင် ချပေး ရန် မှာလိုက်သည်။ နံပြားကုလားကတော့ ဟိုစားပွဲဝင်ထိုင်လိုက် တိုးတိုး ပြောလိုက်၊ သည်စားပွဲဝင်ထိုင်လိုက် တိုးတိုးပြောလိုက်၊ မဖြူတုတ်ကို ကြည့်လိုက် ပြုံးလိုက်လုပ်နေသည်။ ဒီနေ့ကျမှ မဖြူတုတ်ကလည်း နိုင်ငံခြား ဖျင် အဝတ်အထည်တွေ၊ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေနဲ့ အစွမ်းကုန် ဝတ်ဆင် ခြယ်သထား၍ အခါတိုင်းထက် ပိုပြီး လှနေသယောင် ဖြစ်နေသည်။ ကိုအဏ္ဏဝါ စိတ်ပျက်သွားသည်။ ဒီလို အောက်တန်းကျသည့် ပတ်ဝန်းကျင် မျိုးနှင့်ဆိုလျှင် ဒီနေရာ ကြာကြာနေလို့မှ ဖြစ်ပါ့မလားဟု တွေးလိုက်မိ၍ ဖြစ်သည်။

ကိုရွှေကုလားကတော့ အတင့်ရဲ၍ ကဲသထက် ကဲလာသည်။ ကိုအဏ္ဏဝါတို့ စားပွဲအနီးရှိ ထိုင်ခုံလွတ်တစ်လုံးမှာ လာထိုင်ပြီး ပြုံးစိစိဖြင့် ကြည့်နေသည်။ ကိုအဏ္ဏဝါ အတော်ခံပြင်းနေလေပြီ။ မကြာမီ ပေါက်ကွဲ တော့မည့် အခြေအနေတွင် ကိုရွှေကုလား၏ နှုတ်ဖျားမှ စကားတစ်ခု ထွက်လာသည်။

'အစ်မ၊ သာကေတ ခုနစ်ဈေးထဲမှာ အမဲအုပြွတ်ရောင်းတဲ့ အစ်မကြီး မဟုတ်လား ဟင်' တဲ့။

ကိုအဏ္ဏဝါ၏ ကေသာနတ္ထိ အမွေးမရှိသည့် ဦးခေါင်းရတနာ မြတ်အင်္ဂါကို မိုးကြိုးဆယ်စင်း တစ်ပြိုင်တည်း ပစ်ခွင်းခံလိုက်ရသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



နာကျင်သွားလေသည်။ မဖြူတုတ်ကတော့ လက်ဖက်ရည် ပုပုကြီးကို ယောင်ရမ်းပြီး ငုံလိုက်မိသဖြင့် လျှာကို အပူလောင်သွားလေသည်။ ကိုအဏ္ဏဝါရော မဖြူတုတ်ပါ ကိုရွှေကုလား၏ မျက်နှာကို တအံ့တသြ ကြည့်လိုက်ကြသည်။ သိသလိုလို မသိသလိုလို ဖြစ်နေကြသည်။

'အစ်မ ကျွန်တော့်ကို မမှတ်မိတော့ဘူး ထင်တယ်၊ ဦးပြုံးရို့ လက်ဖက်ရည်ဆိုင်က အောင်ဝင်းလေ'

'ဟာ'

'ဟင်'

ကိုအဏ္ဏဝါနှင့် မဖြူတုတ်တို့ ပါးစပ်တွေ ဟာခနဲ ဟယ်ခနဲ ဖြစ်သွားကြသည်။

သေသေချာချာကြည့်တော့မှ ဦးပြုံးရို့လက်ဖက်ရည်ဆိုင်က ပလာတာ၊ နံပြားရိုက်သည့် ကုလားလေးအောင်ဝင်းကို မှတ်မိသွားကြတော့သည်။ ဦးပြုံးရို့ လက်ဖက်ရည်ဆိုင်ဆောင်းမှာ ဒေါ်နို့ပြုံးဘဝဖြင့် အမဲအူပြုတ် ရောင်းနေခဲ့စဉ်က မဖြူတုတ်၏ မိတ်ဆွေရင်းချာဖြစ်ခဲ့သူကိုး။ အဲဒီတုန်းက သူ့အသံလေးတစာစာဖြင့် 'အစ်မရေ၊ ပြုတ်ဝမ်း၊ သုပ်ဝမ်းမယ်၊ အစ်မရေ ကြာမယ်၊ ခေါက်မယ်' စသည်ဖြင့် အော်ပေးခဲ့ရသူ ဖြစ်သည်။ ပြုတ်ဝမ်း၊ သုပ်ဝမ်းဆိုတာက အမဲအူပြုတ်တစ်ခွက်နှင့် အမဲအူသုပ်တစ်ခွက်ဟု ဆိုလိုသည်။ ကြာမယ် ခေါက်မယ်ဆိုတာက ကြာဆံ ဟင်းခါးတစ်ခွက်နှင့် ခေါက်ဆွဲသုပ်တစ်ပွဲဟု အဓိပ္ပာယ်ရသည်။ မဖြူတုတ် သွားမပို့နိုင်လျှင် သူကိုယ်တိုင် ခြေသွက် လက်သွက်ဖြင့် လာယူပြီး စားပြီး ပန်းကန်နှင့် ပိုက်ဆံပါ လာပြန်ပို့သူဖြစ်သည်။

တစ်ခေါင်းမိတော့မှ မဖြူတုတ်မှာ သူ့မိတ်ရင်းကို မမျှော်လင့်သော နေရာမှာ လာပြန်တွေ့နေရ၍ ဝမ်းနည်းဝမ်းသာ ဖြစ်နေတော့သည်။

'ဟယ် မောင်အောင်ဝင်း၊ နင့် အသားတွေ မည်းသွားပါလား၊ မှတ်တောင် မမှတ်မိဘူး ဟယ်'

'ဟဲ ဟဲ၊ အစ်မကလည်း အရင်ကောဖြူလို့လား'



'သာကေတမှာတုန်းက ဒါလောက် မမည်းပါဘူးဟယ်'

ဒီတော့ အောင်ဝင်းက သူ လုပ်ရှားရုန်းကန်ခဲ့ရသည့် ကာလ အစိတ်အပိုင်းတစ်ခုကို ပြောပြသည်။ ဦးပြုံးရို့ဆိုင် အရောင်းကျလာသောအခါ အလုပ်ဖြုတ်ခံလိုက်ရသည်။ ဆွေမျိုးရှိရာ ညောင်လေးပင်ကို ပြန်သွားနိုကပ်ခဲ့ရသည်။ တစ်နှစ်ခန့်အကြာတွင် ရန်ကုန်ပြန်လာပြီး အလုပ်ရှာပါသော်လည်း မရ၍ ရရာ အလုပ်ကို ဝင်လုပ်သည့်အနေဖြင့် သဲသင်္ဘောနှမှာ လှေထိုးသား လုပ်ခဲ့ရသည်။ ဒီဆိုင်မှာအလုပ်ရတာ သုံးလမျှသာရှိသေးသည်ဟု ပြောပြသည်။

ကိုအဏ္ဏဝါမှာ သူ့ဘဝ သူ့အကြောင်းကို တိတိကျကျ အစအဆုံး သိသူနှင့်မှ တည့်တည့်ကြီး လာတိုးပြီး အိမ်နီးပါးချင်း ဖြစ်ရတော့မှာမို့ စိတ်ဓာတ်ကျပြီး အကြီးအကျယ် မော်တာခေါင်းသွားသည်။ မဖြူတုတ်ကတော့ သူ့မိတ်ဆွေဟောင်းနှင့် ပြန်တွေ့ရ၍ ဝမ်းသာနေပုံရသည်။

'တို့ ဟိုအိမ်ကြီးကိုဝယ်လိုက်တယ်ဟဲ့၊ အတော်ပဲနင်နဲ့ပြန်တွေ့တော့ ငါလဲ ဒီအနားမှာ အမဲအူပြုတ်ဆိုင် ပြန်ထွက်ဦးမယ်' တဲ့။

မဖြူတုတ်ထံမှ မမျှော်လင့်သော စကားကို ကြားလိုက်ရသည့် ကိုအဏ္ဏဝါခမျာ သူ့နှုတ်ခမ်းပြောင်ကြီးကို သူ့လက်ဝါးပြင် ဖြန်းခနဲမြည်အောင် ရိုက်ချလိုက်လေသတည်း။

[ရွှေအမြုတေ၊ ဒီဇင်ဘာ၊ ၁၉၉၄]

www.burmeseclassic.com

www.burmeseclassic.com

## အမတေချိုးဥ အကျိုးပြုသည်

၁၉၈၇ ခုနှစ်၊ ဇူလိုင်လထုတ် ရှုမဝ မဂ္ဂဇင်းတွင် ဆောင်းဝင်းလတ်၏ 'မတေချိုး' ဝတ္ထုတိုကို ဖတ်ရပါသည်။ မိစိန်းဆိုသော ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း မိန်းကလေးတစ်ယောက်က အကာအကွယ် အဆောင်သဘောမျိုး ဆောင်ထားလို၍ ချိုးအမတေဥ (ချိုးအမြှုတေဥ) လိုချင်သောကြောင့် ညသန်းခေါင်ယံတွင် ကူ (မြည်)သော ချိုးကိုစောင့်ရာ မတေချိုးဥကို မတွေ့ရဘဲ အရက်မူးသမားနှင့် တွေ့ရပုံကို ဖော်ပြထားပါသည်။ ဆောင်းဝင်းလတ်သည် သင်္ဘောသားတစ်ဦးဖြစ်ကြောင်း ဆရာမောင်ဆွေတင့်၏ စာတစ်ပုဒ်ထဲတွင် ဖတ်ရဖူးသည်။ သင်္ဘောသားဖြစ်၍ ခေတ်မီ သိပ္ပံအမြင်ရှိသူပီပီ ချိုးအမတေဥ ရှိသည်ဆိုသော ပုံပြင်ဆန် အယူအဆကို မယုံချင်ပုံရသည်။ နှစ်ဆယ်ရာစု သင်္ဘောသားတစ်ဦး၏ အယူအဆမို့ သဘာဝကျပါသည်။ ကျွန်တော်သည်လည်း သင်္ဘောသားဘဝဖြင့် ကမ္ဘာကို သုံးပတ်ခန့်ပတ်ပြီး မရောက်ဘူးသည့် နိုင်ငံဟူ၍လည်း မရှိသလောက်ဖြစ်နေသဖြင့် စိတ်ကူးယဉ်ဆန်သော ချိုးအမတေဥ ကိစ္စကို မယုံသည့်နေရာတွင် ဆောင်းဝင်းလတ်ထက် ပိုကဲမည်လား မသိ။ သို့သော် မယုံသည့် ကြားကပင် ကြုံလာဆုံလာသည့် အကြောင်းတရား



www.burmeseclassic.com

www.burmeseclassic.com



တွေက သိပ်ပွဲခေတ် ကမ္ဘာလှည့်သင်္ဘောသား ကျွန်တော့်ကို အကြီးအကျယ် အံ့သြတွေဝေ သွားစေခဲ့ပါသည်။ ယခု ဤစာကိုရေးနေသည့် အချိန် ၁၉၈၈ ခု၊ ဇူလိုင်လတွင် ကျွန်တော့် အသက် ၄၅ နှစ်နှင့် နှစ်လ ရှိပါပြီ။

လွန်ခဲ့သည့် အနှစ်လေးဆယ်ခန့်ကစ၍ ကျွန်တော်တို့ ဆွေမျိုးစု အတွင်းတွင် မယုံချင်စရာ ပုံပြင်ပမာ ဒဏ္ဍာရီလေးတစ်ခုကို မကြာခဏ ကြားခဲ့ရပါသည်။ ကျွန်တော့်အဘွား၏အဖေ (ကျွန်တော့်အဖေ၏ အဘိုးသည်) တိုက်နယ်သူကြီးဖြစ်သည်။ ရွာသူကြီးများထက် အဆင့်မြင့်သူဖြစ်၍ သူ့တိုက်နယ်အတွင်းရှိ ကျေးရွာဆယ့်ကိုးရွာမှ ရွာသူကြီးများကို ညွှန်ကြားအုပ်ချုပ်ရသူဖြစ်သည်။ လက်အောက်ခံကျေးရွာ တောင်သူလယ်သမားများထံက သစ်တောထွက်ပစ္စည်းလေးများဖြင့် မျက်နှာလိုအားရ လာရောက်ဆက်သခြင်းကို ခံရသူလည်း ဖြစ်သည်။

တစ်ခါတွင်မူ တပည့်တပန်းတွေထဲမှ တောင်ယာလုပ်ကိုင်စားသူ ချင်းအမျိုးသားကြီးတစ်ဦး ရောက်လာပြီး စပျစ်သီးလေးနှင့်တူသော ကျောက်လုံးမည်းမည်းလေးတစ်လုံးကို လာရောက်ဆက်သသည်။ သူသည် မနှစ်ရာသီက ခုတ်လှဲထားသော တောင်ယာသစ်ကို မိုးဦးကျတွင် မီးရှို့စဉ် သစ်ငုတ်တိုတစ်ခုကို ဝန်းရံပေါက်နေသော ချုံပုတ်ငယ်တစ်ခုသည် မီးမလောင်ဘဲ မီးကွင်း၍ ကွက်ကျန်နေသည်ဟု ဆိုသည်။ ချုံပုတ်ငယ်ကို ခုတ်ထွင်ပြီး မီးထပ်ရှို့ရန် အနီးသို့ကပ်သွားစဉ် ထိုချုံပုတ်ငယ်အတွင်းမှ ချိုးတစ်ကောင် ထွက်ပျံသွားသည်ကို မြင်လိုက်ရသည်။ ချုံပုတ်ငယ်ကို ရှင်းလင်းကြည့်ရာ ချိုးဥလေးသုံးလုံးရှိသော ချိုးသိုက်ကလေးကို တွေ့ရတော့သည်။ ချိုးဥလေးသုံးလုံးအနက် နှစ်လုံးမှာ သာမန်ဥဖြစ်သော်လည်း တစ်လုံးမှာမူ စပျစ်သီးကဲ့သို့ မည်းနက်သောအရောင်ရှိပြီး ကျောက်ခဲလေး ဖြစ်နေသည်ကို အံ့သြဖွယ်ရာတွေ့ရသဖြင့် နားစွန်နားဖျား ကြားဖူးသော ချိုးအမတေဆိုတာ ဖြစ်မှာပဲဆိုပြီး အသိုက်ထဲက နှိုက်ယူလာခဲ့သည်။ ယာသမား ချင်းအမျိုးသားကြီးသည် မီးကွင်း ချိုးသိုက်ထဲမှ ရလာခဲ့သော



အမည်းရောင်ကျောက်လုံးလေးကို သူ့ဆရာတိုက်နယ်သူကြီးမင်း (ကျွန်တော့် အဘေးကြီး)အား ဆက်သခဲ့ပါသည်။ ကျွန်တော့် အဘေးကြီးက ထိုခေတ် အင်္ဂလိပ်ငွေဒင်္ဂါးသုံးပြား ပေးခဲ့သည်။

ကျွန်တော့်အဘေးကြီးတွင် သမီးလေးယောက်ထွန်းကားခဲ့ပါသည်။ အကြီးဆုံးက ဒေါ်သူဇာဖြစ်ပြီး အငယ်ဆုံးက ဒေါ်ညို၊ အဘေးကြီးကွယ်လွန်သောအခါ ချိုးအမတေဥလေးအပါအဝင် အတွင်းပစ္စည်းမှန်သမျှကို အတူနေ သမီးကြီးဖြစ်သူ ကျွန်တော့်အဘွား ဒေါ်သူဇာက ရလိုက်သည်။

အဘိုးက ၁၉၅၇ ခုနှစ်ခန့်တွင် ကွယ်လွန်ပြီး ၁၉၅၉ ခုနှစ်တွင် အဘွား ကွယ်လွန်သောအခါ ရက်လည် ဆွမ်းသွတ်သည့်နေ့မှာပင် ချိုးအမတေဥကိစ္စက ပေါ်လာတော့သည်။ ဘိုးဘွားပိုင်ပစ္စည်းဖြစ်၍ ဆွေမျိုးစုအားလုံးက ကြည့်လို မြင်လို ပိုင်ဆိုင်လိုကြသည်။ အဘွား မကွယ်လွန်မီက ဘယ်မှာထားခဲ့သလဲ၊ ဘယ်သူ့ကိုပေးခဲ့သလဲ၊ အဘွားဆုံးသည့်နေ့က ဘယ်သူ လက်ဦးရယူသွားခဲ့သလဲစသော မေးခွန်းများဖြင့်လည်းကောင်း၊ တစ်ဦးကို တစ်ဦး မယုံကြည်သော သံသယမျက်လုံးများဖြင့် ကြည့်၍လည်းကောင်း ဆွေမျိုးစုအတွင်း ပြဿနာတက်တော့သည်။ အဘွား၏ သားကြီး ဖြစ်သူ ကျွန်တော့် ဘကြီးက မျက်ထောင့်နီကြီးဖြင့်ကြည့်၍ သူ အလွန်ချစ်သော တစ်ဦးတည်းသော သူ့ညီမဖြစ်သူ ကျွန်တော့် ဒေါ်လေးကို ယောက်မေးမေးတော့သည်။

'ညီမ၊ မေမေ နင့်ကိုပေးခဲ့သလား မှန်မှန်ပြော' တဲ့။

အဘွား ကွယ်လွန်ချိန်အထိ အနီးကပ်ပြုစုနေခဲ့ရသော ကျွန်တော့် အဒေါ်က ဘူးကွယ်ငြင်းသည်။ သူ ကြားလည်း မကြားဘူး၊ မြင်လည်း မမြင်ဘူး၊ ရလည်း မရလိုက်ပါဟု ပိတ်ပြောလိုက်သောအခါ ချိုးအမတေဥ ဇာတ်လမ်း တစ်ခန်းရပ်သွားလေတော့သည်။

သို့သော် ဒီကိစ္စကို သခွတ်ပင်က မီးတကျည်ကျည်ဖြင့်ယနေ့တိုင် အောင် မကျေနိုင်မချမ်းနိုင် ဖြစ်နေသူမှာ ကျွန်တော့် အဖကို အကြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အဘွား ကွယ်လွန်သည့်အချိန်တွင် သူက မြေးကြီးပီပီ အနားမှာ ရှိနေခဲ့သည်။ အဘွားဆုံးပြီဟု ရပ်ဝေး ရပ်နီးနေ ဆွေမျိုး မိတ်သင်္ဂဟများကို အကြောင်းကြားလိုက်သောအခါ အုယားဖားယား ရောက်လာကြသူများ ထဲတွင် သံတွဲမြို့မှ ခြေသွက်လက်သွက် ဘွားလေး ဒေါ်ညဲ့လည်းပါလာသည်။ ဘွားလေးဒေါ်ညဲ့သည် ခရီးရောက်မဆိုင်းပင် အိမ်ကြီးပေါ်က ရှေးဟောင်း ပစ္စည်းအပုံကို ဖွတော့သည်ဟုဆိုပါသည်။ ဘာတွေဖွ၍ ဘာတွေ ရသွားသည် ဆိုသည်ကိုမူ ဘယ်သူမှ တိတိကျကျ လက်ဆုပ်လက်ကိုင် မပြနိုင်ကြ။ သူ့မိဘပစ္စည်းလက်ကျန်တွေပဲ သူလဲဆိုင်တော့ ဘယ်သူတားလို့ ရနိုင်မှာလဲ၊ ဒီတော့ အဘွားကို ရက်လည်ဆွမ်းသွတ်သည့်နေ့က ချိုးအမတေဥကိုမှ အစရှာမရသောအခါ ကျွန်တော့် အစ်ကိုကြီးသည် ဘွားလေး ဒေါ်ညဲ့ကိုပဲ မသင်္ကာသည့်မျက်စိဖြင့် မျက်စောင်းထိုးကြည့်နေခဲ့သည်။

အဘွားကွယ်လွန်ပြီး ၂၅ နှစ်ကြာသောအခါ အဘွား၏ ဒုတိယ သားဖြစ်သူ ကျွန်တော့် အဖေသည် ၁၉၈၄ ခုနှစ်ပိုင်း၌ သာကေတမြို့နယ် နေအိမ်တွင် ကင်ဆာဟု မသင်္ကာဖွယ်ရာရောဂါဖြင့် အိပ်ရာထဲမှာ လဲတော့ သည်။ နောက်ဆုံးအခြေအနေမဟန်သောအခါ တောမှာနေသော ကျွန်တော့် ဒေါ်လေးသည် အဖေ့ကိုတွေ့နိုင်ရန် ရန်ကုန်သို့လာခဲ့သည်။ ကျွန်တော် လည်း အဖေ့သတင်းကိုရ၍ နိုင်ငံခြားမှ ပြန်လာခဲ့သည်။ ဒေါ်လေးသည် သူ့ အစ်ကိုလတ် (ကျွန်တော့်အဖေ)၏ အလောင်းကို သင်္ဂြိုဟ်ရန် တစ်လ ကျော်ကျော်ခန့် စောင့်နေခဲ့သော်လည်း အဖေက တော်တော်နဲ့ မကွယ်လွန် နိုင်သောအခါ လယ်သမား ချောင်းသမားပီပီ ကြာကြာ မနေနိုင်တော့ဘဲ ရွာသို့ပြန်ရန် ပြင်ဆင်ရတော့သည်။ မပြန်မီ တစ်နေ့က ဒေါ်လေးသည် နိုင်ငံခြားပြန် ကျွန်တော့်ကို လူရှင်းရာသို့လက်ကုတ်ခေါ်ပြီး တိုးတိုးစကားပြော ပါသည်။

'ညီလေး၊ ချိုးအမတေဥကို နင် ကြားဖူးသလား' တဲ့။



ကျွန်တော့်ကို ဆွေမျိုးစုအတွင်းမှာ ညီညီလေးဟု ခေါ်ကြသည်။ ကျွန်တော့်အဒေါ်ကမူ ကျွန်တော့်ကိုချစ်၍ အဖျားဆွတ်ခေါ်သည်။ ညီလေး တဲ့။

'ကြားဖူးတာပေါ့၊ ကျွန်တော်တို့ မိသားစုပိုင် ချိုးအမတေဥတစ်လုံး ဘဘတို့ အမေတို့ မသေခင်က အိမ်ကြီးပေါ်က မီးခံသေတ္တာထဲမှာ ရှိခဲ့ဖူး တယ်လို့တောင် ပြောတာ ကြားဖူးတယ်'

(ကျွန်တော်တို့ညီအစ်ကိုတွေက အဘိုးကို ဘဘ၊ အဘွားကို အမေဟု ခေါ်ကြသည်။ အမေ့ကိုကျတော့ အစ်မ၊ ဒေါ်လေးကိုတော့ မမလေးတဲ့။)

'အေး ဟုတ်တယ်၊ အဲဒီ ချိုးမတေဥလေးကို မေမေ မသေမီလေးတင် ငါ့ကို ပေးသွားခဲ့တယ်၊ အခု ငါ့ဆီမှာပါလာတယ်၊ နင် ဘယ်သူ့ကိုမှ လျှောက်မပြောနဲ့၊ အဲဒါမျိုးကို တစ်သိန်း နှစ်သိန်းပေးပြီး ဝယ်တဲ့သူရှိတယ်လို့ ပြောကြတယ်၊ ရောင်းလို့ရရင် နင်နဲ့ငါ တစ်ယောက်တစ်ဝက် ယူကြရအောင်'

ကျွန်တော် မမျှော်လင့်သောစကားကို ကြားလိုက်ရ၍ အတော် အံ့သြသွားပါသည်။ နှစ်ပေါင်း သုံးဆယ်နီးပါးမျှ တစ်ဆွေလုံးတစ်မျိုးလုံး လိုက်လံစုံစမ်းနေသောပစ္စည်း လက်ဝယ်ရှိထားသူနှင့် ပက်ပင်းလာတိုးနေပြီ ဖြစ်သည်။ ဒေါ်လေးသည် အတွင်းခံအင်္ကျီအိတ်ထဲတွင် တရိုတသေ ထည့်ယူလာသော ချိုးမတေဥကို ကျွန်တော့်အား ပြသရန်အတွက်နှိုက်ယူ လိုက်ပါသည်။ ပိုးပဝါစအဟောင်းလေးဖြင့် ချည်နှောင်ထုပ်စည်းထားသော စပျစ်သီးငယ်ငယ်အရွယ် အရာဝတ္ထုကလေးတစ်ခု သူ့လက်ထဲမှာ ပါလာ ပါသည်။

နှစ်ပေါင်း ခုနှစ်ဆယ်ကျော်က အမြတ်တနိုး ထိန်းသိမ်းလာခဲ့ကြ သည့် ဘိုးဘွားပိုင် ရှေးဟောင်းပစ္စည်းလေးကို မြင်တွေ့ရတော့မည်ဆိုသည့် အသိဖြင့် ဝမ်းသာရင်ခုန်နေသလို စိတ်ကူးယဉ်စီးပွားရေးသမားအချို့၏ ပါးစပ်သတင်းလွှင့်မှုကို ယုံပြီး ချိုးအမတေဥကို ရောင်းချင်နေသည့် ဒေါ်လေး ကိုကြည့်ပြီး ကျွန်တော် ရယ်လည်း ရယ်ချင်နေသည်။ သနားလည်း သနား နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဉ် စီးပွားရေးသမားများက သိန်းနှစ်ဆယ် သုံးဆယ် ပေးဝယ်မည်ဟု ပါးစပ်သတင်းလွှင့်၍ မက်လုံးပေးထားခြင်းခံရသော ချိုးအမတေဥလေးကို မည်းနက်သောအရောင်လေးဖြင့် တည်ငြိမ်ဣန္ဒြေရစွာ ဒေါ်လေး၏ လက်ဝါးပေါ်မှာ မြင်တွေ့လိုက်ရပါတော့သည်။

ကျွန်တော်သည် သိပ္ပံနည်းမကျသော စိတ်နယ်လွန်ကိစ္စများကို မယုံကြည်သော်လည်း တုန်ယင်သောလက်များဖြင့် ကိုင်ကြည့်မိလျက်သား ဖြစ်သွားပါသည်။ ချိုးဥလေးသည် အရိပ်ထဲတွင် မည်းနေသော်လည်း နေရောင်တွင် ထောင်ကြည့်လိုက်သောအခါ အရစ်အရစ်ထ၍ ထူးခြားသည့် အသွင်သဏ္ဌာန်ရှိနေသည်ကို အံ့ဩဖွယ်ရာ တွေ့ရပါတော့သည်။ ပုလဲနက် ရတနာကဲ့သို့ ကလလရည်ကြည် သန္ဓေတည်ပြီး နှစ်ရှည်လများ အဆင့်ဆင့် ကြီးထွားလာခဲ့ရသော အသွင်သဏ္ဌာန်မှာ ထင်ရှားစွာ ပေါ်လွင်နေပါသည်။ ယောက်ျားကြီး လက်သန်းများ အရွယ်မျှသာရှိသော အရာဝတ္ထုလေးသည် အရွယ်နှင့် မမျှအောင်လေးပြီး အနှစ်ရှိနေသည်ကိုလည်း သတိပြုမိလိုက်ပါသည်။

ဒေါ်လေးသည် ကျွန်တော့်ကို ယုံကြည်စိတ်ချစွာဖြင့် ချိုးအမတေ ဥကလေးကို ပေးအပ်ထားခဲ့ပြီး ရွာသို့ပြန်သွားပါသည်။ ဒေါ်လေးပြန်သွားပြီး တစ်လခန့်ကြာမှ အဖေ ကွယ်လွန်ပါသည်။ ဒေါ်လေးသည် အဖေ့အလောင်းကို မမြင်လိုက်ရတော့ပါ။ အဖေ့ အသုဘသို့လာကြသည့် ရန်ကုန်မြို့ရောက် ဆွေမျိုးတွေကိုလည်း ချိုးအမတေဥကိစ္စ လုံးဝအသိမပေးဘဲ ကျွန်တော် လျှို့ဝှက် ထားခဲ့ပါသည်။

ဤချိုးအမတေဥနှင့်ပတ်သက်ပြီး မိတ်ဆွေ ဦးမြမောင် (ကုန်သွယ် လယ်ယာ) အား ဖွင့်ပြောတိုင်ပင်ကြည့်ရာ ဦးမြမောင်က မျက်လုံးပြူး၊ မျက်ဆံပြူးဖြင့် တအံ့တဩ ပြောပါသည်။

'ဟာ ခင်ဗျား၊ အဲဒါရှိတဲ့အကြောင်းသာ လူတွေကို လျှောက်ပြော မနေနဲ့၊ ခင်ဗျားကိုသတ်ပြီး အဲဒီပစ္စည်းကို ယူသွားလိမ့်မယ်၊ ခင်ဗျားနဲ့ ထိုက်တန်လို့ ရောက်လာတာ၊ ရိုရိုသေသေသိမ်းထား၊ ရောင်းဖို့လဲမစဉ်းစားနဲ့၊ ဝယ်ယူတဲ့သူ၊ လုယူတဲ့သူ၊ ခိုးယူတဲ့သူမှာလဲ သူနဲ့မထိုက်တန်ဘဲ လက်ဝယ် ပိုင်ဆိုင်ထားရင် ဆေားဆိုး အန္တရာယ်ဆိုးတွေနဲ့ ရင်ဆိုင်ရတတ်တယ်၊ ကျွန်တော်တော့ ယုံတယ်' တဲ့။



အားကိုးတကြီးမေးမိမှ ကြားရသည့်စကားကြောင့် ဖျားချင်သလို ကျောထဲက စိမ့်သွားသည်။ ဒုက္ခပါပဲဟု စိတ်ထဲက ညည်းလိုက်မိပြီး ဤ ပစ္စည်းကို နှစ်ပေါင်း ခြောက်ဆယ်နီးပါးမျှ ဆက်ခံထိန်းသိမ်းလာခဲ့ကြသော ကျွန်တော့် အဘွားနှင့် ကျွန်တော့် ဒေါ်လေးတို့ကို ပြန်လည် သတိရလိုက် မိသည်။

အဘွားသည် ဂျပန်အပြေး အင်္ဂလိပ်ပြန်အလာတွင် အဘွားနှင့်အတူ နေသော ကျွန်တော့်အဖေ၏ ဆိုးသွမ်းမှုဒဏ်ကိုလည်း အလူးအလှိမ့် ခံခဲ့ရ သည်။ အဖေ့ ရမ်းကားမှုများကြောင့် ကျွန်တော့် အဘွား မျက်ရည်ပေါက် ကြီးငယ် ကျခဲ့ရသည်။ အဘွားသည် ကွယ်လွန်သည်အထိ အဖေ့ကို စကား မပြောတော့ပါ။

တစ်ခါတုန်းက ကတ္တီပါဖိနပ်စီးပြီး ငွေရိုးတပ်ပုသိမ်ပိုးထီးကိုဆောင်း ခဲ့သော တိုက်နယ်သူကြီး သူဌေးသမီးကြီးသည် မတည်မငြိမ်ဖြစ်လာပြီး စီးပွားရေးကျဆင်းလာသဖြင့် ၁၉၅၀ ခုနှစ်၊ ဒီဘက်ပိုင်းတွင် ဈေးခံတောင်း ခေါင်းရွက်၍ ရွာစဉ်လျှောက် ဈေးရောင်းစားရတော့သည်။ နှစ်ညအိပ် သုံးညအိပ်ခရီးဖြင့် တစ်ရွာဝင် တစ်ရွာထွက် ဈေးရောင်း၊ ကြွေးတောင်းရသို့ ခုနစ်နှစ်၊ ရှစ်နှစ်သားအရွယ် ကျွန်တော်က အဘွား၏ ထဘီအင်္ကျီများနှင့် ကျွန်တော့် အင်္ကျီ လုံချည်လေးများထည့်ထားသော လွယ်အိတ်ကလေးကို လွယ်၊ ဦးထုပ်နားကုပ်ကလေးကိုဆောင်းပြီး အဘွား၏နောက်က လိုက်ခဲ့ရ ပါသည်။

ရွာမျက်နှာဖုံး ဘုရားဒါယကာ၊ ကျောင်းဒါယကာကြီးဖြစ်သူ အဘိုး သည်လည်း မျက်နှာပန်း မလှတော့သည့် ဘဝအခြေအနေကြောင့် အကြီး

www.burmeseclassic.com

www.burmeseclassic.com



အကျယ် ရှက်သွားပြီး အိမ်ထဲက အိမ်ပြင်မထွက်၊ ဘုရားသွား ကျောင်းတက်ပင် မလုပ်တော့ဘဲ အိမ်ထဲမှာပင် ဆယ်နှစ်ကျော်ကျော်နေ၍ အိမ်ရှေ့ညောင်ခန်းက ပက်လက်ကုလားထိုင်ပေါ်မှာပင် လူ့ဘဝကို စာတ်သိမ်း သွားခဲ့ရပါသည်။

အဘိုးနှင့် အဘွားတို့ ကွယ်လွန်ပြီးနောက် ဤချိုးအမတေဥလေးကို တိတ်တဆိတ်ဆက်ခံထားသူကျွန်တော့်ဒေါ်လေးသည်လည်း ဘိုးဘွားပိုင်အိမ်နှင့် လယ်ယာဥယျာဉ်ခြံမြေ စသည့် မိဘအမွေအားလုံးကို သူတစ်ဦးတည်း ရပါကြားသော်လည်း စီးပွားရေးမှာ ပရုပ်လုံးကဲ့သို့ ပါးပါးသွားခဲ့သည်။ သူ့ခင်ပွန်း ကျွန်တော့် ဦးလေးသည် လူရိုးလူဖြောင့်တစ်ဦး ဖြစ်ပါလျက် လေ့လော့ရှင်း နစ်နေရှာသည်။ လုပ်သမျှ စီးပွားရေး အကျိုးမပေး အရာမထင် ဖြစ်ခဲ့ရသည်။ မိဘအမွေ အိမ်ရာခြံမြေနှင့် ပတ်သက်၍ တရားတဘောင် ဖြစ်ရသည်။

ဒေါ်လေး၏ဆန္ဒအရ ချိုးအမတေဥလေးရောင်းချရေးနှင့် ပတ်သက်ပြီး ဦးမြမောင်နှင့်တိုင်ပင်၍ အဆင်မပြေသောအခါ တောင်ဥက္ကလာမှာနေသော သူငယ်ချင်းတစ်ယောက်၏ အကူအညီကိုရယူ၍ ဝယ်မည့်သူနှင့် ဆက်မိသည်။ စမ်းသပ်ကြည့်၍ မှန်ကန်လျှင် အလုပ်ဖြစ်မည်ဟု ဆိုသည်။ ဘယ်ပုံဘယ်နည်းဖြင့် စမ်းသပ်မှာလဲဟု မေးကြည့်ရာ ချိုးအမတေဥလေးကို အဝတ်နဲ့ထုပ် သစ်ပင်မှာကြိုးနဲ့ တွဲလွဲဆွဲထားပြီး သေနတ်ဖြင့် သုံးချက်ပစ်မည်၊ သုံးချက်တိတိပစ်၍ ကျည်မထွက်လျှင် တောင်းသည့်ငွေကြေး အရေအတွက်ကို ဈေးမဆစ်ဘဲ ပေးမည်ဟု ဆိုပါသည်။

ကဲကိုယ့်ပြီး ဆူးပုံပေါ်ခုန်ချသော အလုပ်မျိုးကို ကျွန်တော် မလုပ်ချင်ပါ။ ထုံးမန်းအားကိုးဖြင့် ခေါင်းထိုးပေးပြီး အရိုက်ခံသည့် အလုပ်မျိုးလည်း မလုပ်ဝံ့ပါ။

ယုံကြည်မှုတစ်ခုဖြင့် ကာလကြာရှည်စွာ စောင့်ရှောက်ထိန်းသိမ်းလာခဲ့ကြသည့် ရှေးဟောင်းအမွေအနှစ်တစ်ခုကို သံသယစိတ်ဖြင့် အစာအစစ်



ခွဲခြားလို၍ စမ်းသပ်သော အလုပ်မျိုးကိုလုပ်ရန်လည်း ကျွန်တော် ဝါသနာမပါပါ။

ယခုကိစ္စတွင် သေနတ်နှင့်သုံးချက်ပစ်၍ ကျည်မထွက်ပါက ဤပစ္စည်းလေးသည် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိသွားမည်ကား မှန်၏။ သို့သော် ဒိုင်းခနဲ ကျည်ထွက်သွားခဲ့သော် ဘာဖြစ်မည်နည်း။ နှစ်ပေါင်းခုနစ်ဆယ်နီးပါး ဘိုးဘွားအဆက်ဆက် အမြတ်တနိုး သိမ်းဆည်းလာခဲ့သော ရှေးဟောင်းပစ္စည်းလေးသည်လမ်းဘေးက ကျောက်စရစ်ခဲလောက်တောင် တန်ဖိုးမရှိ ဖြစ်သွားပေတော့မည်။

အဲဒီ တော့ ဒီစာတ်လမ်းကို ဒီမှာတင် တစ်ခန်းရပ်လိုက်ပါတော့ဟု သူငယ်ချင်းကို တောင်းပန်ပြီး ချိုးအမတေဥလေးကို ရွှေ ငွေ ရတနာများနှင့် အတူ သေတ္တာထဲတွင် ထည့်သိမ်းထားလိုက်ပါတော့သည်။

၁၉၈၇ ခု၊ နှစ်ဆန်းပိုင်းတွင် ကျွန်တော် နိုင်ငံခြားမှ ပြန်ရောက်နေပြီဟု သတင်းကြားသောအခါ ကျွန်တော့် သူငယ်ချင်းသည် ပုဂ္ဂိုလ်တစ်ဦးကို ကျွန်တော့် အိမ်သို့ ခေါ်လာပြန်ပါသည်။ ပစ္စည်းကိုကြည့်ချင်ပါသည်ဟု မေတ္တာရပ်ခံပါသည်။ ထိုပုဂ္ဂိုလ်၏ ဝတ်စားပြင်ဆင်ပုံနှင့် ပြောစကားများကို နားထောင်ကြည့်ခြင်းဖြင့် စိတ်ကူးယဉ် စီးပွားရေးသမားများ၏ ကြားပွဲစားတစ်ဦးသာဖြစ်ကြောင်း သိသာလှသည်။ ရောင်းရန် ရည်ရွယ်ချက် မရှိတော့၍ ပစ္စည်းကိုမပြချင်သော်လည်း အတူပါလာသည့် သူငယ်ချင်းကို အားနာသဖြင့် ပစ္စည်းကိုပြရန် စကားပလ္လင်ခံရတော့သည်။

'ဒီပစ္စည်းလေးဟာ ကျွန်တော်တို့ ဘိုးဘွားစဉ်ဆက် အမြတ်တနိုး ထိန်းသိမ်းလာခဲ့ကြတဲ့ ရှေးဟောင်းပစ္စည်းလေးမို့ မရောင်းဘူးလို့ ဆုံးဖြတ်ထားပြီးပါပြီ၊ ဒီတော့ အရောင်းအဝယ်ကိစ္စသက်သက်ဆိုလျှင်ဖြင့် ပြစရာမလိုတော့ပါဘူး၊ ဗဟုသုတအနေနဲ့ မြင်ဖူးတယ်ရှိအောင် ကြည့်ချင်တယ်ဆိုရင်တော့ ကျွန်တော် ပြပါမယ်၊ ဒါနဲ့ လက်နဲ့ မထိမကိုင်ဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်သည် အောင်သက်သက်ဖြင့်ပင် သဘောတူလိုက်ရဟန် တူသည်။ ကျွန်တော်သည် စိတ်မပါ လက်မပါဖြင့် ထိုင်ရာမှထ၍ သူငယ်ချင်းနှင့် ထိုပုဂ္ဂိုလ်၏ရှေ့မှာပင် အိမ်ရှေ့စည့်ခန်းမှာရှိသည့် မီးခံသေတ္တာကိုဖွင့်၍ ရွှေ ငွေ လက်ဝတ်လက်စားများထားသည့် သံမဏိအံဆွဲလေးထဲက ချိုးအမတော့ဥလေးထည့်ထားသော ဘူးလေးကို ထုတ်ယူလိုက်ပါသည်။

ပလတ်စတစ်ဘူးလေးကို ထိုပုဂ္ဂိုလ်၏ ရှေ့တည့်တည့်ရှိ ဆက်တီစားပွဲပေါ်တွင်တင်ပြီး အသာအယာ ဖွင့်ပြလိုက်ပါသည်။ လက်ဖြင့် မထိမကိုင်ရန်ကိုလည်း ထပ်မံ သတိပေးလိုက်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးသည် သူ၏ အားကောင်းလှသော ပါဝါမျက်မှန်ကို မှန်သုတ်ပြီး သေသေချာချာ ကြည့်သွားပါသည်။

လက်ရှိ အလုပ်အကိုင်က သဘော်သား။ ကိုယ်ပိုင်ကားနဲ့၊ တိုက်ခံအိမ်နဲ့၊ တီဗွီ၊ ဗွီဒီယိုနဲ့ (ပြီးတော့ မီးခံသေတ္တာကြီးနဲ့ ရေခဲသေတ္တာကို မလိုအပ်ဘဲဧည့်ခန်းမှာ လူတကာမြင်သာအောင် ပြထား၍) အခန့်သားနေပြီး ချိုးအမတော့ဥကို အစမ်းသပ်လည်း မခံနိုင်ဘူး၊ ရောင်းလည်းမရောင်းနိုင်ဘူးလို့ ရင်ကော့ပြီး ပြောလိုက်တော့ မီးခံသေတ္တာထဲက ချိုးအမတော့ဥလေး၏ တန်ဖိုးသည် သေကြာဂြိုဟ်နားရောက်အောင် ထိုးတက်သွားတော့သည်။ သူငယ်ချင်းခေါ်လာသော ပုဂ္ဂိုလ်က 'စဉ်းစားပါဦး' ဟု လေသံဖြင့် ပြောသည်။ ကျွန်တော်က မစဉ်းစားဟု ပြောလွှတ်လိုက်သည်။ ချိုးအမတော့ဥ အရောင်းအဝယ်ကိစ္စ စာတ်လမ်း တစ်ခန်းရပ်သွားတော့သည်။

၁၉၈၄ ခုနှစ်၊ ဩဂုတ်လအတွင်းက အဲဒီ ချိုးအမတော့ဥကလေး ကျွန်တော့် လက်ထဲ ရောက်ရှိလာပြီးတဲ့နောက်ပိုင်းမှ ယနေ့အထိ ကျွန်တော် ကော ဘာတွေဖြစ်ခဲ့သလဲ။

ချိုးအမတော့ဥလေးကို လက်ခံရရှိသည့်အချိန်မှာ ကျွန်တော်သည် သဃ်န်းကျွန်းမြို့နယ် ကျူးကျော်ရပ်ကွက်ရှိ အစ်ကို့ အိမ်နောက်ဘက်က



မြေကွက်လပ်တွင် အပိုးဆွယ်၍ နေခဲ့ရသည်။ သို့သော် ကျွန်တော့်လက်ထဲတွင် ကားရောင်းထားသောငွေ အပါအဝင် စုစုပေါင်း တစ်သိန်း ခုနစ်သောင်း ရှိနေသည်။ သင့်ရာတော်ရာ အိမ်တစ်လုံးကိုဝယ်ရန် သို့မဟုတ် ငှားရန် ရှာနေသည်။

ထိုအချိန်တွင် သဃ်န်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်းမတန်းပေါ်မှာ တိုက်ခံအိမ်တစ်လုံး ရောင်းရန်ရှိသည်ဟု သတင်းကြား၍ ကျွန်တော်တို့ လင်မယားနှစ်ယောက် သွားကြည့်ကြသည်။ အိမ်ရောင်းမည်ဟု ဆိုင်းဘုတ်ချိတ်ထားသော ထိုအိမ်ကို တွေ့ပါသည်။ အိမ်ရှေ့မှာ နပါတ် ၃၉၊ ၄၀ ကားမှတ်တိုင်၊ တားလွယ်ခုတ်စောင်းစောင်းလေးမှာ အထက်တန်းကျောင်း၊ အိမ်ဘေးက လမ်းထဲမှာ ညဈေးတန်းကလေးနှင့် သမဆိုင်၊ အရုံမီးသတ်တပ်ဖွဲ့ရုံး၊ အိမ်ထဲမှထွက်ပြီး လမ်းဖြတ်ကူး၍ ငါးမိနစ်မျှလျှောက်လိုက်ရုံဖြင့် ကျွန်တော်တို့ နေ့စဉ်သွားနေရသော နံနက်ပိုင်းဈေးကို ရောက်သွားနိုင်သည်။

အိမ်ရှင်နှင့် စကားပြောကြည့်သည်။ ပွဲခမပါ တစ်သိန်းနှစ်သောင်း ခေါ်ထားသည်။ ဒါပေမယ့် နောက်ကျသွားပြီဟု ဆိုသည်။ ဆေးခန်းဖွင့်မည့် ဆရာဝန်တစ်ဦးက လက်ဦးသွားပြီး တောင်ကြီးက ဆွေမျိုးတွေဆီမှာ ငွေသွားယူနေပြီဟု ဆိုသည်။ သို့သော် မျှော်လင့်ချက်ကလေးတစ်ခုတော့ ရှိပါသေးသည်။ လာမည့် စနေနေ့တွင်မှ ငွေလာမချေနိုင်လျှင် ဦးရာလူကို ရောင်းမည်ဟု ကတိပေးလိုက်ပါသည်။

ရက်သတ္တပတ်တစ်ပတ်ခန့်စောင့်ပြီး တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ကျွန်တော်တို့ ဧနီးမောင်နှံ ဈေးသွားရင်းလှည့်ဝင်ကြည့်ကြသည်။ အိမ်ရှင် အမျိုးသားကြီးက ဝမ်းသာအားရ ဆီးပြောသည်။

'ခင်ဗျားနဲ့ ထိုက်တယ်ထင်တယ်ဗျ၊ ဟိုလူ မနေ့က မလာဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကျွန်တော်တို့ ဇနီးမောင်နှံ အိမ်အတွင်းအပြင်နှင့် အပေါ်ထပ်ကို တက်ကြည့်ကြသည်။ ကျွန်တော့်ဇနီးက ဈေးနှင့်နီးလို့ ကောင်းတာတစ်ခုက လွဲပြီး ကျန်တာ ဘာမျှ နားမလည်သော်လည်း ကျွန်တော်က လက်သမား မျက်စိဖြင့် ကြည့်သည်။ အလျား ပေ ၄၀၊ အနံ ၁၈ ပေ၊ အုတ်ပတ်ကားခဲထား သော နှစ်ထပ်အိမ်၊ ပျဉ်းကတိုးငါးပတ်လည်တိုင် အပေါ်ထပ် လေးငါးမူး လျှောထိုးခင်း၊ ခြောက်သုံးမတ်ပတ်လည်ကာ ဆောက်ထားသော ဆယ်နှစ် ကျော်မျှသာရှိသေးသော အိမ်၊ တစ်သိန်းနှစ်သောင်း တန်တယ်ကွဆိုပြီး အိမ်ရောင်းမည်ဆိုင်းဘုတ်ကို ဖြုတ်နိုင်းလိုက်တော့သည်။

အဲဒီအိမ်ကို တစ်သိန်းနှစ်သောင်းနဲ့ဝယ်ပြီး သည့်ထက်ကောင်းအောင် မွမ်းမံလိုက်တော့ သုံးသောင်းလောက်ထပ်ကုန်သွားသည်။ အထွေထွေ တစ်သိန်းခွဲဖြစ်သွားသည်။ ကျွန်တော့်လက်ထဲရောက်ပြီး တစ်နှစ်လောက် အကြာမှာ အဲဒီလမ်းပေါ်က အိမ်တစ်လုံးချင်း၏ တန်ဖိုးသည် ငါးသိန်းနှင့် အထက် ဖြစ်သွားကြပါတော့သည်။

၁၉၈၄ ခု၊ နိုဝင်ဘာလတွင် တစ်သိန်းကျော်တန် အိမ်သစ်ယာသစ်နှင့် ဖြစ်သွားသော်လည်း လက်ထဲမှာ ပိုက်ဆံတစ်ပြားမှ မရှိတော့၍ အိမ်သုံး ရန် ဝယ်လာခဲ့သော နောက်ဆုံးပေါ်မှန်နှစ်ထပ်နှင့် နေရှင်နယ်လက်မ နှစ်ဆယ် တီဗွီအသစ်ကြီးကို ချရောင်းရတော့သည်။ ဗိုက်နာနေမှန်းသိ၍ ဝယ်သူက နှစ်သောင်းခုနှစ်ထောင်ပဲပေးတာ ခံလိုက်ရသည်။ ငွေကို မြို့ထဲကဆိုင်မှာ လိုက်ယူပါဆိုသဖြင့် ကိုယ့်စရိတ်နဲ့ကိုယ် လိုက်ယူရသေး သည်။ နေ့စဉ် ရောင်းရငွေထဲက အစိတ်တန်၊ ဆယ်တန်၊ ငါးကျပ်တန်၊ ကျပ်တန်တောင်ပါသည့် ငွေလေး နှစ်သောင်းခုနှစ်ထောင်မှာ ပလတ်စတစ် ကြွပ်ကြွပ်အိတ်နှင့် တစ်လုံးကြီး ပြည့်ဖောင်းနေတော့သည်။ ရာတန်မရှိ ဘူးလားဗျာလို့ မေးတော့ မရှိဘူး၊ လိုချင်ရင် နက်ဖြန်မှရမယ်လို့ ပြောတာနဲ့ မကျေမနပ်နဲ့ပဲ ငွေထုပ်ဖောင်းပွပွကြီးပိုက်ပြီး ပြန်ခဲ့ရသည်။ မကြာပါဘူး၊ ရာတန်တွေ တရားမဝင်ကြေညာပါလေရော၊ ဒီတော့မှ မောင်မင်းကြီးသားကို



ကျေးဇူးတင်မိတော့သည်။ တီဗွီရောင်းရငွေလေး မကုန်မီ သင်္ဘောပြန်လိုက်ရန် လှုပ်ရှားရတော့သည်။ ၁၉၈၀ ခုနှစ် လောက်တုန်းက သင်္ဘောလိုက်ရဖို့ အတွက် ဟိုလူ့ကပ်ရ၊ ဒီလူ့ဖားရဖြင့် ခွေးရူးသန်းကိုက်သလို ဖြစ်ခဲ့မှုး၍ သွေးလန့်နေသည်။ သို့သော် ယခုတော့လည်း ကံအားလျော်စွာပါပဲ သင်္ဘောသားရုံးနားသွားပြီး မျက်နှာပြလိုက် သည်နှင့် 'ပိုသီးတိုး' ကုမ္ပဏီပိုင် သင်္ဘောတစ်စီးမှာ လောလောဆယ် လူလိုနေ၍ ပြင်သစ်နိုင်ငံ မာဆေးမြို့ကို ချက်ချင်းထွက်ခွာနိုင်ရန် အသင့်ပြင်ပါဟု အမိန့်ချလာပါတော့သည်။

ထွက်ခွာသွားမည့်အချိန်တွင် ဇနီးသည်မှာ ကိုယ်ဝန်ခြောက်လ ရှိနေပါသည်။ သည်တစ်ခါ ဘာလေးမွေးမလဲ သိသွားချင်ရင် ဓာတ်မှန် ရိုက်ကြည့်သွားပါလားဟု ဇနီးသည်က အကြံဉာဏ်ပေးပါသည်။

'တော်ပြီကွာ၊ ငါ စိတ်ချမ်းသာ ကိုယ်ချမ်းသာ သွားပါရစေ'

မိန်းမလေးပဲ မွေးဦးမှာပဲဆိုတာ သေချာပေါက်သိနေ၍ စိတ်ပျက် လက်ပျက် ပြောလိုက်ခြင်းဖြစ်သည်။ သမီးချည်းသုံးယောက်ဆက်တိုက် မွေးပြီး၍ စိတ်ဓာတ်ကျ၍ နှစ်အတော်ကြာအောင် ကလေးမယူဘဲနေလာခဲ့ ကြသည်။ ကျွန်တော်နှင့် ကျွန်တော့် ဇနီးတို့ နှစ်ဘက်မျိုးသည် မိန်းမချည်း မွေးသော အမျိုးဖြစ်သည်။ ကျွန်တော့် အမေတို့က ညီအစ်မ ငါးယောက် ကျွန်တော့် ယောက္ခမ အဘွားကြီးတို့က ညီအစ်မချည်း လေးယောက်။ ဒီတော့ မျိုးရိုးအရကို မျှော်လင့်ချက်မရှိဖြစ်နေသည်။ သားယောကျ်ားလေး လိုချင်ပါသော်လည်း မရတတ်၍ ကံတရားကိုပဲအပြစ်ပုံချပြီး စိတ်ပျက် လက်ပျက် နေလာခဲ့သည်မှာ ကြာပေပြီ။

နိုင်ငံခြားကိုရောက်သွားပြီး လေးလခန့်အကြာ ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဇနီး မီးဖွားကြောင်း သတင်းရသည်။ ယောကျ်ားလေးတဲ့ဗျား။ အဲဒီနေ့က ကျွန်တော် အာဂျင်တီးနားနိုင်ငံ၊ ရိုဆားရီးရိုးမြို့တွင် ရောက်နေခဲ့သည်။ သင်္ဘောမှာ ပါတီပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှားရှားပါးပါး ရတတ်သည့်သားကလေးကို တွေ့ချင် မြင်ချင်တာနဲ့ တစ်နှစ် ကန်ထရိုက်ပြည့်အောင် မနည်းအောင့်နေပြီး တစ်နှစ်ပြည့်တာနဲ့ အယ်လ်ကျိုးရီးယားနိုင်ငံမှ ပြန်ပြေးလာခဲ့သည်။ ဘန်ကောက်ကို ရောက်သောအခါ ဂျပန်မှာရှိသည့် ကားကုမ္ပဏီသို့ ကားပိုးငွေလှမ်းသွင်းရန် အကြိမ်ကြိမ် ကြိုးစားကြည့်သေးသည်။ သို့သော် စိတ်ထဲမှာ ဧနီးကလိုလို၊ မိတ်ဆွေတစ်ယောက်ကလိုလို တစ်စုံတစ်ယောက်က တားမြစ်နေသလို ခံစားနေရသည်။ ချီတုံချတုံဖြင့် နောက်ဆုံး ငွေမသွင်းဘဲ ရန်ကုန်ပြန်ရောက်ခဲ့သည်။ ရန်ကုန်ပြန်ရောက်မှ အိုင်အေစီ (စစ်ဆေးရေးအေဂျင်စီ ကော်ပိုရေးရှင်း) မှ တစ်ဆင့် ငွေသွင်းပြီး ကားဝယ်လိုက်ရသည်။

၁၉၈၇ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်နေ့တွင် ကျွန်တော့်ကားရောက်လာပြီး မကြာမီ ငွေမသွင်းဖြစ်ခဲ့သော ဂျပန်မှ ကားကုမ္ပဏီ ပျက်သွားပြီဖြစ်ကြောင်း ကြော်ငြာတော့သည်။ ကျွန်တော် အလျှင်က ၎င်းကားကုမ္ပဏီသို့ နိုင်ငံခြားမှနေ၍ ကားပိုးငွေသွင်းခဲ့ကြသော ကျွန်တော့် သူငယ်ချင်းအချို့ အပါအဝင် ကားဝယ်ထားသူအားလုံး ကားလည်းဆုံး ငွေလည်းဆုံးသွားကြတော့သည်။

သားဦးလေးကို တွေ့ချင် မြင်ချင်၍ နိုင်ငံခြားမှ ပြန်ပြေးလာခဲ့သော ကျွန်တော်သည် ၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ကုန်ကို ရောက်လာခဲ့သည်။ လိုလိုမယ်မယ်ဆိုပြီး နိုင်ငံကူးလက်မှတ် ပြန်လျှောက်ထားလိုက်မိသည်။ နိုင်ငံကူးလက်မှတ်ကိစ္စ၊ နိုင်ငံခြားဘဏ် ငွေအပ်သည့် ကိစ္စ၊ ကားပါမစ်ကိစ္စ စသည့်ကိစ္စများဖြင့် သင်္ဘောသားရုံးရှေ့ လမ်းဘေး လက်ဖက်ရည်ဆိုင်မှာ ကျွန်တော့်ကို အမြဲတွေ့နိုင်ပါသည်။

မေလ အလယ်လောက်တွင်တော့ အလုပ်မရှိဘဲ ယောင်လည်လည် လုပ်နေသော ကျွန်တော့်ကို ရုံးက လူကြီးတွေက မျက်ထိုးတည့်သွားပြီး နဗရွန်းကုမ္ပဏီပိုင် သင်္ဘောတစ်စင်းတွင် ချက်ချင်းသွားရောက်အမှုထမ်းရန် ခေါ်ဆွဲခံလိုက်ရတော့သည်။ ငြင်းလည်း မငြင်းရဲ၊ ထွက်ပြေး၍လည်း



မလွတ်နိုင်မှန်းသိသဖြင့် 'ဟုတ် ဟုတ်ကဲ့ပါ' ဆိုပြီး ခေါင်းညိတ်လိုက်ရတော့သည်။ နိုင်ငံခြားက ပြန်လာတာ ငါးလပဲရှိသေးသည်၊ ဝယ်ထားသည့်ကားလည်း မရောက်သေး၊ သားလေးနဲ့လည်း ဝအောင်တောင် မနေရသေးဟု ဝမ်းနည်းနေတော့သည်။ ဧနီးသည်ကတော့ ဖျောင်းဖျစကား ဆိုပါသည်။

'အလုပ်အကိုင်ဆိုတာ အဆင်ပြေချင်ရင် ဒီလိုပဲ၊ သူများတွေမှာ လိုချင်လို့တောင် မလိုက်ကြရရှာဘူး၊ စီးပွားရှာတယ်ဆိုတာ အသက်အရွယ် ငယ်တုန်း၊ ကျန်းမာတုန်းရှာကြရတာ၊ သွားရမယ့်ကိစ္စ သွားသာသွား၊ နောက်ပိုင်း ဘာမှ မစိုးရိမ်ပါနဲ့'

'မင်းပဲ အပြောကောင်း၊ မသွားလို့မှ မရဘဲ၊ သွားရတော့မှာပေါ့၊ လာ ဒီမှာကြည့်၊ မီးခံသေတ္တာက ဟောဒီလိုဖွင့်ရတယ်၊ ဒါက ကားရောက်လာရင် ရွေးဖို့နဲ့ ကားဘော်ဒီတင်ဖို့အတွက် သတ်သတ်ဖယ်ထားတဲ့ ငွေနှစ်သောင်း၊ ချိုးအမတော်ဥကလေးက နှင့်ရွှေတွေနဲ့အတူ ဟောဒီ အံဆွဲလေးထဲမှာ၊ ဒါက ကားဝယ်တဲ့ဘောက်ချာ၊ ဒါက ပါမစ်၊ ဒါက အရင် သွားထားတဲ့ ဘီအယ်စာရွက်၊ ဒါက အမြတ်ခွန်ဆောင်ထားတဲ့ ဖြတ်ပိုင်းတွေ၊ ကားရောက်လာရင် ဒီစာရွက်စာတန်းတွေဟာ အရေးကြီးတယ်၊ သေသေချာချာ မှတ်ထား'ဟု မှာခဲ့ပြီး မီးခံသေတ္တာ ဖွင့်နည်းပိတ်နည်းပါ သင်ခဲ့သည်။ ကားရောက်လာလျှင်ရွေးရန် ခုနစ်ဆယ့်ငါးကျပ်တန်၊ သုံးဆယ့်ငါးကျပ်တန်နှင့် အစိတ်တန်ချည်းပါသော ငွေနှစ်သောင်းထုပ်ကိုပြ၍ အခြားကိစ္စအတွက် လုံးဝ ထုတ်မသုံးရန်ပါမှာပြီး နိုင်ငံခြားသို့ ထွက်ခဲ့သည်။

ကျွန်တော်လည်း အိမ်ကထွက်ပြီးရော နောက်တစ်နေ့မှာ မိန်းမက ငွေနှစ်သောင်းကို မီးခံသေတ္တာထဲက ထုတ်ယူပြီး ပုဇွန်တောင်ဘဏ်မှာ သူ့နာမည်နဲ့ရှိနေတဲ့ ငွေစုစာအုပ်ထဲထည့်လိုက်တော့သည်။ ရည်ရွယ်ချက်ကတော့ ကျွန်တော့်သူငယ်ချင်းတွေနဲ့ ကျွန်တော့် ဆွေမျိုးတွေလာချေးမှာ ကြောက်တာရယ်၊ သူ့ ငွေစုစာအုပ်မှာ အတိုးတက်လာအောင်ရယ်ဆိုတဲ့ ရည်ရွယ်ချက်ပါပဲ။ သူလဲ ဘဏ်မှာ ငွေအပ်ပြီး မကြာပါဘူး ကြေညာတော့

www.burmeseclassic.com

www.burmeseclassic.com



တာပဲတဲ့။ ကျွန်တော်သာ အိမ်မှာရှိနေလို့ကတော့ မီးခံသေတ္တာကြီးအားကိုးနဲ့ ငွေနှစ်သောင်းထိဦးမှာ သေချာသည်။

အခု ဖော်ပြခဲ့တာတွေက စီးပွားဥစ္စာ သားသမီးရတနာတွေနဲ့ ပတ်သက်လို့ ထူးခြားမှုရှိခဲ့တာတွေပါပဲ။ နောက်ထပ်ဖော်ပြချင်တဲ့ အကြောင်း တစ်ခုက ဒီတစ်ခါတော့သေပြီဟု ထင်ထားမိသည့် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့သည့် ကိစ္စတစ်ခုကိုလည်း ပြောပြချင်ပါသေးသည်။

၂၈၊ ၆၊ ၈၇ နေ့က အာဖရိကနိုင်ငံမှာ ကြုံခဲ့ရတာ ဖြစ်ပါတယ်။ ကျွန်တော်နဲ့ အပေါင်းအပါ မြန်မာသင်္ဘောသား လေးယောက်တို့သည် ဒေသခံ တိုင်းရင်းသား လမ်းပြတစ်ယောက်နှင့်အတူ အဲဒီနိုင်ငံ မြို့တော် အတွင်းမှာ လှည့်ပတ်ကြည့်ပြီး အမှတ်တရဓာတ်ပုံတွေ ရိုက်ကြပါသည်။

တစ်နေရာရောက်ပြီး ရှေးဟောင်း ရဲတိုက်ကြီးအနီး သောင်ပြင် ကမ်းစပ်မှာ အမှတ်တရ ဓာတ်ပုံတွေ ရိုက်နေကြစဉ် ကလေးတစ်ယောက်က လက်ဟန်ခြေဟန်ဖြင့် ဓာတ်ပုံမရိုက်ရကြောင်း ပြောပါသည်။ ကျွန်တော်တို့က ကလေးဟုအမှုမထားဘဲ ဆက်လျှောက်သွားနေကြစဉ်မှာ ဘောင်းဘီတို အကျီကိုယ်ကျပ်နှင့် ခြောက်လုံးပြူးခါးထိုးပြီး မှန်ပြောင်းကိုင်ထားသော ကွန်မန်ဒိုသုံးယောက်တို့ ကျွန်တော်တို့နောက်က ပြေးလိုက်လာပါသည်။ ဓာတ်ပုံမရိုက်ရဟု ပြောသောကလေးပါ ပါလာသည်။ ကျွန်တော်တို့အနီးသို့ ရောက်သောအခါ ဓာတ်ပုံရိုက်သလားဟု မေးပြီး ကျွန်တော့်လက်ထဲက ကင်မရာကို ဆွဲယူလိုက်ပါသည်။ ကျွန်တော်တို့က နိုင်ငံခြားသင်္ဘောသားတွေ ဖြစ်ကြောင်း၊ မသိ၍ ရိုက်မိကြောင်း ရှင်းပြသော်လည်း မကျေနပ်ဘဲ နားရင်း ပိတ်တီးပါလေတော့သည်။ ကျွန်တော်တို့ကို လမ်းပြသည့်ဒေသခံ တိုင်းရင်းသားကိုမူ လမ်းမပေါ်မှာပင် သေလုမျောပါးဖြစ်အောင် လှိမ့်ရိုက်တော့သည်။

နောက် ကျွန်တော်တို့ကို လင့်ရိုဗာကားတစ်စီးဖြင့် တင်သွားကာ ကုန်းမြင့်လေးပေါ်က ရဲတိုက်ကြီး၏ ခြံဝင်းထဲသို့ခေါ်သွားပါသည်။ ဘာတွေ



ဖြစ်၍ ဘာတွေ အလုပ်ခံရမည်လဲ မသိဘူးဟု တွေးကြောက်ပြီး လမ်းတစ်လျှောက်လုံး ဣတိပိသောရွတ်ပြီး လိုက်ခဲ့ရပါသည်။ ကြောက်စိတ်ဖြင့် အားကိုးရာရှာသောအခါ အနမ္တော အနန္တ ငါးပါးနှင့် အတူ အိမ်မှာကျွန်ခဲ့သည့် မီးခံသေတ္တာထဲက ချီးအမေတော်ဥလေးသည်လည်း အမြင်အာရုံထဲမှာ အလိုအလျောက် ပေါ်လာပါသည်။

ရဲတိုက်ကြီး၏ လုံခြုံရေးစခန်းရုံးသို့ ရောက်သောအခါ တာဝန်ကျ အရာရှိ၏ ပဏာမစစ်ဆေးမေးမြန်းခြင်း ခံရပါသည်။ မကြာမီ အကြီးအကဲ တစ်ဦး ရောက်လာပြီး ကင်မရာပိုင်ရှင် ကျွန်တော့်ကို အဓိက စစ်မေးပါသည်။ မရောက်ဖူး၍ ရိုးရိုးသားသားလာလည်သော သင်္ဘောသားများဖြစ်ကြောင်း သိသွားသောအခါမှ ကင်မရာထဲက ဖလင်လိပ်ကို ထုတ်ယူထားလိုက်ပြီး ဆောရီးဟု ပြော၍ ပြန်လွှတ်လိုက်ပါသည်။ (နောက်မှ သိရသည်မှာ ကျွန်တော်တို့ ရောက်သွားသော ရဲတိုက်ကြီးသည် ထိုနိုင်ငံ၏ သမ္မတအိမ်တော် ဖြစ်ကြောင်း သိရပါတော့သည်။)

အကြီးအကျယ်ကြောက်သွားပြီး သင်္ဘောဆိပ်ရှိရာသို့ အမြန်ဆုံး ပြန်ပြေးခဲ့ကြပါသည်။ သင်္ဘောဆိပ်အနီးရှိ ဘားဆိုင်တစ်ဆိုင်ဝင်၍အကြောက်ဖြေကြသည်။ ဘားဆိုင်က အရက်ရောင်းသည့်အမျိုးသမီးကတော့ အားပေးစကား ပြောပါသည်။

'ရှင်တို့ သိပ်ကံကောင်းတယ်၊ အဲဒီ ရဲတိုက်ထဲ အသွင်းခံရပြီးရင် ပြန်ထွက်လာတယ်ဆိုတာ မရှိဘူး' တဲ့။

ချီးအမေတော်ဥလေးနှင့် ပတ်သက်၍ လောလောဆယ်တော့ ကျွန်တော်သိသမျှ ကြုံသမျှ ပြောပြနိုင်သည်မှာ ဤမျှသာရှိပါသေးသည်။

နောက်တစ်ခုကတော့ ချီးအမေတော်ဥကပဲ အကျိုးပြုလေသလား၊ ဒါမှမဟုတ် ကျွန်တော်၏ အသက်အရွယ် အချိန်အခါအရ ဖြစ်ချိန်တန်၍ ဖြစ်လာတာလား မဝေခွဲတတ်သော စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတစ်ခု သိသိသာသာကြီး ဖြစ်ပေါ်လာပါသည်။ ယခုကဆိုလျှင် ကျွန်တော်သည်

www.burmeseclassic.com

www.burmeseclassic.com



အရက်သေစာကို အလွန်ကြိုက်သော ရုပ်ကြမ်းဝါဒသမားတစ်ဦး ဖြစ်ပါသည်။ Theosophic ခေါ်မလား Non-Religious ခေါ်မလား၊ မိရိုးဖလာ ဗုဒ္ဓဝါဒကိုလက်မခံသော ငါသိ ငါတတ်သမားလိုလို၊ ဘုရားမဲ့ ဝါဒသမားလိုလို ပေါက်တောက်တောက် ကြောင်တောင်တောင် ကိုယ့်ကိုယ်ကို ဘာကောင်မှန်းမသိ ဖြစ်နေခဲ့သည်။

၁၉၈၅ ခုနှစ် နောက်ပိုင်းမှစ၍ ဘယ်လိုကနေ ဘယ်လို ဘုရားတရား ကြည်ညိုလေးစားလာမိသည် မသိပါ။ အရက်သေစာ ပြတ်မှန်းမသိ ပြတ်သွားလေတော့သည်။ ဆေးလိပ်ကတော့ အမေ မွေးကတည်းက မသောက်တတ်၍ ဆေးပြင်းလိပ်အနံ့နှင့် အရက်ဖြူ သောက်ထားသူ၏ ပါးစပ်က အနံ့ကို လုံးဝ မခံနိုင် ဖြစ်သွားပါသည်။

လူလူချင်း နိုက်ရန်ခေါသဖြစ်လိုသောစိတ်၊ သတ်ပုတ်ထိုးခုတ်လိုသောစိတ်၊ တိရစ္ဆာန်များကို ညှဉ်းဆဲသတ်ဖြတ်လိုသောစိတ်တွေ ဘယ်အချိန်က ကုန်ခန်းနေသည်ကိုပင် သတိမထားလိုက်မိပါ။ သတ္တဝါတိုင်းကို ကြင်နာသနား၍ လူချင်တန်းချင် ပေးချင်ကမ်းချင်သော ဆန္ဒတွေ ဖြစ်ပေါ်လာသည်ကိုသာ သတိထားမိနေပါသည်။

ဆင်းရဲနွမ်းပါးသူများနှင့် ဒုက္ခရောက်နေသူများကိုမြင်လျှင် သနားသည့်စိတ်၊ မျှဝေကမ်းပေးချင်သည့် စိတ်တွေ ဖြစ်ပေါ်နေပါသည်။

[အတ္ထုပ္ပတ္တိစွင်း၊ အမှတ် ၂]

### စာရေးသူ ၏
### စာပေ နှင့် ဘဝဖြစ်စဉ် မှတ်တမ်း

၁၉၅၂ ။အဖ ဦးဘအေး၊ အမိ ဒေါ်စိန်ဥ တို့မှ ရခိုင်ပြည်နယ်၊ ဗွမြို့နယ်၊ ကျိန္ဒလီရွာ၌ ဖွားမြင်။ မွေးချင်း သုံးယောက်အနက် အငယ်ဆုံးဖြစ်သည်။
။မူလတန်းပညာကို ကျိန္ဒလီရွာ၌ သင်ယူသည်။ အလယ်တန်းနှင့် အထက်တန်းပညာကို ရန်ကုန်မြို့၊ တာမွေ အလွှတ်ပညာသင်ကျောင်းတွင် သင်ယူသည်။

၁၉၆၂ ။ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်မြင်သည်။

၁၉၆၃ ။တပ်မတော်(ရေတပ်)သို့ ဝင်ရောက် အမှုထမ်းခဲ့သည်။

၁၉၇၀ ။တပ်တွင်းပညာရေးကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။ လုပ်သားကောလိပ်တွင် မြန်မာစာအဓိကဖြင့် ဆက်လက်ပညာသင်ခဲ့သည်။

၁၉၇၅ ။တပ်မတော်(ရေတပ်)မှ အငြိမ်းစားယူခဲ့သည်။
။မြန်မာ့ကမ်းလွန် ရေနံရှာဖွေရေးဌာနတွင် ဝါယာလက်စ် အော်ပရေတာအဖြစ် ၆ နှစ် အမှုထမ်းခဲ့သည်။

၁၉၈၀ ။စစ်ပြန်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် သတင်းစာအဟောင်းနှင့် မီးချောင်းအကျွမ်း ဝတ္ထုတိုမှာ ပထမဦးဆုံး ဖော်ပြခံခဲ့ရသည့် ဝတ္ထုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၀–၂၀၀၀ ။ နိုင်ငံခြားသင်္ဘောလိုင်းမျိုးစုံတွင် ရေဒီယိုဆက်သွယ်ရေးအရာရှိ အဖြစ် အမှုထမ်းခဲ့သည်။

။စာရေးသက် နှစ်ပေါင်း ၂၃ နှစ် အတွင်း ဝတ္ထုတို၊ ဝတ္ထုလတ်နှင့် ဆောင်းပါး အပုဒ်ရေ ၄၀၀ ခန့် ပုံနှိပ်ဖော်ပြခဲ့ပြီးဖြစ်သည်။

၁၉၉၈ ။ပန်းပန်မှ နန်းဆန်တော့သည်၊ ဒုက္ခရသဝတ္ထုတိုများ ရေးသားထုတ်ဝေခဲ့သည်။

၂၀၀၀ ။အိပ်ဆောင်အာအိုရ် သင်္ဘောသားပညာပေး စာအုပ် ရေးသား ထုတ်ဝေခဲ့သည်။

၂၀၀၁ ။နှုတ်ဆက်ခဲ့ပါတယ် စင်ကာပူနှင့် အခြားဝတ္ထုတိုများ စာအုပ် ရေးသား ထုတ်ဝေခဲ့သည်။

၂၀၀၂ ။ချစ်ခရီးက ရှည်နေဦးမည်နှင့် အခြားဝတ္ထုတိုများ စာအုပ် ရေးသား ထုတ်ဝေခဲ့သည်။

၂၀၀၂ ။ခရီးဆောင်ဟာသများစာအုပ် ရေးသား ထုတ်ဝေခဲ့သည်။

၂၀၀၃ ။ပျားတစ်စက် စာအုပ် ရေးသား ထုတ်ဝေခဲ့သည်။

။အမှတ် ၃၅၇၊ ပြည်သာယာလမ်း၊ ၁၆ ရပ်ကွက်၊ အပိုင်း ၃၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် မိသားစုနှင့်အတူ နေထိုင်လျက် စာပေ ရေးသားနေဆဲဖြစ်သည်။




မိုးမိုး (အင်းလျား)
ဝတ္ထုတိုများ ၁

မိုးမိုး(အင်းလျား)၏ အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆုရ စာအုပ်ဖြစ်သည်။ ၁၉၅၂–၅၃ မှ ၁၉၈၉ ခု ဝန်းကျင်တစ်ပိုက်တွင် ငွေတာရီ၊ တိုင်းရင်းမေ၊ စံပြန်း မြေပြအေသား၊ သံလွင်ဦး၊ ဝါထိဂွမဂ္ဂဇင်းများတွင် အလျဉ်းသင့်သလို ရေးသားခဲ့သည့် ဝတ္ထုတိုများစုစည်းချက်ဖြစ်သည်။

အိမ်နီးချင်း၊ စပ်သားမယား၊ ဘဝအမှောင်၊ စကားမဆိုဝံ့အောင် စသော ဝတ္ထုတိုပေါင်း ၁၄ ပုဒ် ပါဝင်သည်။ အိမ်ရှင်မတို့သဘာဝနှင့် ဘဝဖြတ်သန်းမှု၊ ဆင်ခြေဖုံးရပ်ကွက် အိမ်နီးချင်းတို့၏ ဝေလေ့စရိုက်၊ ရွှေစင်ရုပ်ဆုရ သရုပ်ဆောင်မင်းသမီး၏ ခံစားချက်၊ ရုံးသူရုံးသားစသည့် ဝန်ထမ်းတို့၏ ဘဝ၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ လူမှုဆက်ဆံရေး ခံစားမှုများဖြင့် ယက်ယှယ်ထားသော ဘဝသရုပ်ဖော် ဝတ္ထုတိုများဖြစ်ပါသည်။

စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း၊ ရေးသားပြီး စာအုပ်စာရင်းများ ပူးတွဲပါရှိသည်။

[တမ္ဘူဝင်ပြန်တမ်း အမှတ် ၈၄၅/၉၆ (၁၁)]

www.burmeseclassic.com

www.burmeseclassic.com





## မိုးမိုး(အင်းလျား)
## ကြွေမလိုနဲ့ဝေ
## ဝေမလိုနဲ့ကြွေ

မိုးမိုး(အင်းလျား)၏ ၁၄ အုပ်မြောက် လုံးချင်းဝတ္ထုရှည် ဖြစ်သည်။

ကလေးဆန်သော အပျိုဖြန်းမလေး လင်း နှင့် လင်းထက် အသက်လည်းကြီး၊ လူကြီးလည်းဆန်သော ကိုကိုကြီးတို့၏ ဖွင့်ဟ မပြောဘဲ တစ်ရစ်ချင်း သိမ်မွေ့စွာတင်းပတ်လာသည့် သံယောဇဉ် နှောင်ကြိုး အထုံးအဖွဲ့။

နောက်ဆုံးတွင် ကိုကိုကြီး ဆုံးသွားသည်တိုင် ချစ်သူဝိုင်းလည် နေပါလျက် ချစ်စိတ်မတုန့်ပြန်နိုင်တော့သည့် အပျိုဖြန်းမလေးတစ်ဦး ၏ ခံစားချက်။ ရှင်းသန့်သော အရေးအသားဖြင့် ဖမ်းစားထားသည့် ဝတ္ထုတစ်ပုဒ်။ နေမျိုးဆွေး၏ လမ်းကလေး ပန်းချီကားကို ဖေညွန့်ဝေ က ဒီဇိုင်းဖွဲ့စည်းကာ မျက်နှာဖုံးတင်ထားသည်။ အထီးကျန်ငှက်ကလေး တစ်ကောင်၏ ခံစားမှုကား ဤဝတ္ထုနှင့် ဟပ်လှပါပေ၏။

စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း ပူးတွဲပါရှိသည်။

[စာမူခွင့်ပြုချက် အမှတ် ၉၂၆/၉၉ (၁၀)]



## မိုးမိုး(အင်းလျား)
## မဂ္ဂဇင်း ဝတ္ထုရှည်များ ၁

လူမှုဝန်းကျင်ကို ပုံဖော်ဖွဲ့နွဲ့ရာတွင် မှုတသောအမြင်ဖြင့်သာ ရေးဖွဲ့လေ့ ရှိသော ဆရာမ မိုးမိုး (အင်းလျား)၏ ၁၉၈၀ မှ ၁၉၈၉ ခုနှစ်အတွင်း မဂ္ဂဇင်းအသီးသီးတွင် ပုံနှိပ်ဖော်ပြခဲ့သော မဂ္ဂဇင်းဝတ္ထုရှည် ၁၀ ပုဒ် စုစည်းမှုဖြစ်ပါသည်။

အများစု၏ ပတ်ဝန်းကျင်တွင် မြင်တွေ့ရှိနေတတ်သော ကြေကွဲ ဖွယ်ရာ၊ ကျေနပ်ဖွယ်ရာ၊ ကြည်နူးဖွယ်ရာအဖြစ်ကလေးများကိုပင် မြင်တတ် ယူတတ် တွေးတတ်သောရှုထောင့်မှ စာနာစိတ်၊ မျှဝေခံစားလိုစိတ် ပေါ်အောင် ရေးဖွဲ့မှုဖြင့် ဤဝတ္ထုများ ဖြစ်ပေါ်စေခဲ့ပါသည်။

ဆရာမသည် ဝတ္ထုအဖြစ် ရေးသားသောအခါတွင် ဝတ္ထုထဲက ဇာတ်ဆောင်တို့၏ စိတ်နေသဘာဝကိုသာ မှုတမှန်ကန်အောင် အားပြု ပုံဖော်တတ်ခြင်းကြောင့် ယခုချိန်အထိ ဝတ္ထုများကပေးသော 'အာ ဘော်' ခေါ် အမြင်နှင့် ခံစားမှုများမှာ စာဖတ်သူကို လတ်ဆတ်စွာပေး နေဆဲဖြစ်သည်ကို တွေ့ရပါမည်။

ဤစာအုပ်တွင် လရောင်လွှမ်းလည်း ကမ်းနှင့်ဝေးဆဲ၊ အချစ်သည် ဘဝ၏ အစိတ်အပိုင်းတစ်ခု၊ အကိုင်းအခက်တို့သည်လည်း အတို အရှည် ရှိကြကုန်၏၊ ပုစဉ်းပြာတောင်ပံကားရယ်၊ အပြန်တစ်ရာမိုက် ဦးမှာ၊ လေးဘက်နံရံ အချစ်ပွင့်ဦး၊ ဒုက္ခကိုပဲ ရှာနေရတယ်၊ ကြေကွဲ သွားသောမှန်စများ၊ ပြည်တာရာမှအစပြု၍ ဝတ္ထုများပါဝင်ပါသည်။

[စာမူခွင့်ပြုချက် အမှတ် ၅၇၆/၉၂ (၁၁)]

www.burmeseclassic.com